www.dhammadownload.com

ရွှေတိဂုံစေတီတော်

## နှစ် ၂၆၀၀ ပြည့်

# ဗုဒ္ဓပူဇနီယပွဲတော်

သာသနာနှစ် ၂၅၅၅ ကောဇာသက္ကရာဇ် ၁၃၇၃ ခရစ်နှစ် ၂၀၁၂

www.dhammadownload.com

ABLE
DESIGN & PRINTING SERVICES

www.dhammadownload.com

# ရွှေတိဂုံစေတီတော်

# နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်

သာသနာနှစ် ၂၅၅၅

ကောဇာသက္ကရာဇ် ၁၃၇၃

ခရစ်နှစ် ၂၀၁၂ ခုနှစ်



www.dhammadownload.com

www.dhammadownload.com

# မာတိကာ


၁။ နိဒါန်း ၅

၂။ အခန်း(၁) ၇

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်ပြီ

- ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူ
- လမ်းညွှန်မှုခံယူ
- သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အကြံပြုလမ်းညွှန်
- ဗဟိုကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်း

၃။ အခန်း(၂) ၁၁

ဗဟိုကော်မတီကိုယ်စား ဂေါပကအဖွဲ့က ဆောင်ရွက်ရသောလုပ်ငန်းများ

- ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ပြည့် အထိမ်းအမှတ်တံဆိပ်ရေးဆွဲပြိုင်ပွဲ
- ဓာတ်ပုံပြိုင်ပွဲ
- စာစီစာကုံးပြိုင်ပွဲ
- ပန်းချီပြိုင်ပွဲ
- လျှပ်စစ်မီးရောင်စုံများ ထွန်းညှိပူဇော်
- ပန်းပင်ပေါင်း ၅၄၀၀၀၀ ကျော်စိုက်ပျိုးပူဇော်
- ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွါးရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်နားလည်မှု စာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်း
- ရွှေတိဂုံစေတီတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း
- အမှတ်တရလက်ဆောင်ပစ္စည်း
- နှစ် ၂၆၀၀ပြည့်အထိမ်းအမှတ်စာတမ်းဖတ်ပွဲ

၄။ အခန်း(၃) ၂၃

ကျင်းပခဲ့သောအခမ်းအနားကြီးများ

၅။ အခန်း(၄) ၃၁

လုပ်ငန်းဆပ်ကော်မတီအလိုက်ဆောင်ရွက်ချက်များ

- ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူရေးဆပ်ကော်မတီ
- လှည့်လည်ပူဇော်ခံရေးဆပ်ကော်မတီ
- ဆွမ်းတော်ကြီးဆက်ကပ်ရေးနှင့် ဓမ္မဒေသနာတော်များရွတ်ဆိုပူဇော်ရေးဆပ်ကော်မတီ
- ပျော်ပွဲရွှင်ပွဲကျင်းပရေးဆပ်ကော်မတီ
- တရားပွဲကျင်းပရေးဆပ်ကော်မတီ
- ပြန်ကြားရေးနှင့်မှတ်တမ်းပြုစုရေး ဆပ်ကော်မတီ
- လုံခြုံရေး၊ မီးဘေးကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆပ်ကော်မတီ
- ဘဏ္ဍာရေးဆပ်ကော်မတီ
- အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ

၆။ နိဂုံး ၁၂၉

၇။ နောက်ဆက်တွဲစာရင်းများ ၁၃၁

(က) ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ပြည့် ဗုဒ္ဓပူဇနိယပွဲတော် ပန်းပင်ပေါင်း (၅၄၀၀၀၀) စိုက်ပျိုးပူဇော်ပွဲ နှင့် ဆံတော်ကြို စေတီများသို့ စတင်လှည့်လည်ပူဇော်ခံပွဲအခမ်းအနားအစီအစဉ်။ (နောက်ဆက်တွဲ "က")

(ခ) ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ပြည့် ဗုဒ္ဓပူဇနိယပွဲတော် ပန်းပင်ပေါင်း(၅၄၀၀၀၀) စိုက်ပျိုးပူဇော်ပွဲ နှင့် ဆံတော်ကြိုစေတီများသို့ စတင်၍ လှည့်လည်ပူဇော်ခံပွဲအခမ်းအနားတွင် ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဒေါက်တာတင်သိန်းလွင် ပြောကြားအပ်သော အဖွင့်မင်္ဂလာစကား။ (နောက်ဆက်တွဲ "ခ")

www.dhammadownload.com

(ဂ) ရွှေတိဂုံစေတီတော် နှစ်၂၆၀၀ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားအစီအစဉ်။ (နောက်ဆက်တွဲ "ဂ")

(ဃ) ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးဖွင့်ပွဲအခမ်းအနားတွင် ပွဲတော်ကျင်းပရေးဗဟိုကော်မတီကိုယ်စား ဂေါပကအဖွဲ့အလှည့်ကျသဘာပတိဒါယကာတင်သိန်းလွင် ဖတ်ကြားလျှောက်ထားအပ်သော ဗုဒ္ဓပူဇ နီယအဖွင့်မင်္ဂလာ လျှောက်ထားလွှာ။ (နောက်ဆက်တွဲ "ဃ")

(င) ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော် လျှပ်စစ်မီးရောင်စုံပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပွဲတော်ကျင်းပရေးဗဟိုကော်မတီကိုယ်စား ဂေါပကအဖွဲ့ဝင်ဦးသိန်းလင်း ပြောကြားသော အဖွင့်မင်္ဂလာစကား။ (နောက်ဆက်တွဲ "င")

(စ) ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော် အနေကဇာတင်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်း အနားအစီအစဉ်။ (နောက်ဆက်တွဲ "စ")

(ဆ) ရွှေတိဂုံစေတီတော် နှစ်၂၆၀၀ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ရေစက်ချအနုမောဒနာ မင်္ဂလာအခမ်းအနားနှင့် ဘွဲ့တံဆိပ် တော်ဆက်ကပ်ခြင်း မဟာမင်္ဂလာအခမ်းအနားအစီအစဉ်။ (နောက်ဆက်တွဲ "ဆ")

(ဇ) ရွှေတိဂုံစေတီတော် နှစ်၂၆၀၀ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ရေစက်ချအနုမောဒနာ မင်္ဂလာအခမ်းအနားနှင့် ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းမင်္ဂလာအခမ်းအနားတွင် ဩဝါဒါစရိယဆရာတော်ကြီး(၃)ပါးတို့အား ဆက်ကပ်သော သိင်္ဂုတ္တရပဝရသီရိမဟာဓမ္မရာဇာ ဘွဲ့တံဆိပ်တော်မိတ္တူများ။ (နောက်ဆက်တွဲ "ဇ")

(ဈ) ရွှေတိဂုံစေတီတော် နှစ်၂၆၀၀ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ရေစက်ချအနုမောဒနာမင်္ဂလာအခမ်းအနားနှင့် ဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲအခမ်းအနားတွင် ဗဟိုကော်မတီကိုယ်စား ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဒါယကာစိန်ဝင်းအောင် ဖတ်ကြားလျှောက်ထားသော ဇေယျမင်္ဂလာ ဂုဏဝိသေဒ္ဓပူဇာ စာတမ်းလွှာ။ (နောက်ဆက်တွဲ "ဈ")

(ည) ရွှေတိဂုံစေတီတော် နှစ်၂၆၀၀ပြည့် ဗုဒ္ဓပူဇနီယပွဲတော်အောင်ပွဲအခမ်းအနား နိုင်ငံကျော်သဘင်ပညာရှင် မန္တလေးသိန်းဇော် ဖတ်ကြားပူဇော်သော မင်္ဂလာကေပိုဒ်ရတု။ (နောက်ဆက်တွဲ "ည")

(ဋ) ပြည်ထောင်စုသမ္မတနိုင်ငံတော်ရန်ကုန်မြို့ရွှေတိဂုံစေတီတော်ကြီးနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့လင်ကွန်းဗုဒ္ဓစွယ်တော်တိုက်တို့ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာ (MoU) မိတ္တူ။ (နောက်ဆက်တွဲ "ဋ")

(ဌ) ဆံတော်ကြိုစေတီတည်ရှိရာဒေသများသို့ ရွှေတိဂုံစေတီတော်၏ ပုံတော်၊ ရွှေသားစေတီ၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေသင်္ကန်းတော်များ ကရဝိတ်ဖောင်ယာဉ်ဖြင့် လှည့်လည်ပူဇော်ခံရာတွင် လေ့လှော်ယိမ်းအဖွဲ့ သီဆိုကရန် ဦးအောင်သောင်းရေးသား၍ နိုင်ငံကျော်တေးသံရှင်ရီရီသန့် သီဆိုသောဖောင်တော်သံဓမ္မတေး။ (နောက်ဆက်တွဲ "ဌ")

(ဍ) ရွှေတိဂုံစေတီတော် နှစ်၂၆၀၀ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကာလအတွင်း နိုင်ငံကျော် ဂီတပညာရှင်ဘိုကလေးတင့်အောင် ရေးသားပူဇော်သော ဓမ္မတေး။ (နောက်ဆက်တွဲ "ဍ")

(ဎ) ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော် အောင်မြင်ပြီးမြောက်ခြင်းအထိမ်းအမှတ် ရေစက်ချအနုမောဒနာမင်္ဂလာအခမ်းအနားနှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား၌ လှုရတနာ ဆရာတော်ရေးသား၍ ရုံးအဖွဲ့မှူး ဦးဝင်းကြိုင် ရွတ်ဖတ်ပူဇော်သော အောင်ဩဘာစာတမ်း။ (နောက်ဆက်တွဲ "ဎ")

(ဏ) ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်တွင် ပြုခဲ့သမျှကောင်းမှုကုသိုလ်အဖို့အစုစုတို့အား မြန်မာ၊ အင်္ဂလိပ်၊ ပါဠိ၊ သက္ကတစသော ဘာသာလေးမျိုးဖြင့် ရေးသား၍ အနောက်ဘက်မုခ်ဦးဆောင် (၂၃) အကြား၌ စိုက်ထူသော ကမ္ပည်းမော်ကွန်းကျောက်စာ။ (နောက်ဆက်တွဲ "ဏ")

(တ) နှစ် ၂၆၀၀ ပြည့်အထိမ်းအမှတ်စာတမ်းဖတ်ပွဲ အခမ်းအနားအစီအစဉ်။ (နောက်ဆက်တွဲ "တ")

www.dhammadownload.com

# နိဒါန်း

ဤဘဒ္ဒကပ်ကမ္ဘာ၌ ပွင့်တော်မူပြီးသည့် ဘုရားရှင်လေးဆူတို့၏ ဓာတ်တော်၊ မွေတော်များ ကိန်းဝပ်စံပျော်တော်မူသော ဗုဒ္ဓသာသနာတော်၏ ဥသျှောင်အလံတံခွန်ဖြစ်သည့် ရွှေတိဂုံစေတီတော်မြတ်ကြီးကို မဟာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် စတင်တည်ထားပူဇော်ခဲ့ရာ ယခုသာသနာတော်နှစ် ၂၅၅၅၊ ကောဇာသက္ကရာဇ် ၁၃၇၃ ခုနှစ်တွင် နှစ်ပေါင်း ၂၆၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်သောကြောင့် ရွှေတိဂုံစေတီတော်နှစ် – ၂၆၀၀ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်များ၏ လမ်းညွှန်ဩဝါဒကိုခံယူပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီးဖြစ်ပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် တိုင်းရင်းသားဗုဒ္ဓဘာသာဝင်အားလုံးတို့၏ ကြည်ညိုအားထားရာသာသနာ့မဏ္ဍိုင်ကြီးဖြစ်သည်သာမက ကမ္ဘာ့အံ့ဖွယ်တစ်ပါးဖြစ်သောကြောင့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သက်တမ်းတော် နှစ်ပေါင်းနှစ် ၂၆၀၀ ပြည့်မြောက်ခဲ့သည်ကို သတိပြုအမှတ်ရစေကာ မြတ်ဗုဒ္ဓ၏ အဆုံးအမဒေသနာတော်များကို လိုက်နာကျင့်ကြံပွားများနိုင်စေရန် ရည်ရွယ်ချက်ထားရှိပြီး ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် တိုင်းရင်းသားဗုဒ္ဓဘာသာဝင် အားလုံးပါဝင်ဆင်နွှဲနိုင်စေရန် စီမံဆောင်ရွက်ခဲ့ပါသည်။ နှစ် ၂၆၀၀ ပြည့် အထိမ်းအမှတ် တံဆိပ်တော်ရေးဆွဲပြိုင်ပွဲ၊ ဓာတ်ပုံပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဆောင်းပါးရေးပြိုင်ပွဲ၊ စာတမ်းဖတ်ပွဲစသည်များ ကျင်းပပေးကာ ဆုများချီးမြှင့်ခြင်း၊ နှစ် – ၂၆၀၀ ပြည့် ပြက္ခဒိန်၊ ဓမ္မစာစောင်၊ နံရံကပ်ပိုစတာ၊ လက်ကမ်းစာစောင်များထုတ်ဝေခြင်း၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၊ မြန်မာ့ရုပ်မြင်သံကြား၊ ရေဒီယိုစသည်တို့မှ လှုံ့ဆော်ဖိတ်ခေါ်စည်းရုံးဆောင်ရွက်ခဲ့ပါသည်။

ပွဲတော်အကြိုကာလဖြစ်သော တပို့တွဲလပြည့်ကျော်(၄)ရက်မှ တပို့တွဲလကွယ်နေ့အထိ (၁၀) ရက်တိုင်တိုင် ဆံတော်ကြွစေတီများ တည်ရှိရာဒေသများသို့ ရွှေတိဂုံစေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေပြားသင်္ကန်းတော်၊ ရွှေတိဂုံစေတီတော်ကိုယ်စား ကိုယ်ပွားတော်ဖြစ်သော ရွှေသားပုံတူစေတီတော်ကို လှည့်လည်ပူဇော်ခံသော အစီအစဉ်ကို ဆောင်ရွက်ခဲ့ပါသည်။

ထိုမျှသာမက ပွဲတော်ကာလအတွင်း၌ သိင်္ဂုတ္တရကုန်းတော်ကြီးတစ်ခုလုံးတွင် အပွင့်ပွင့်နေသော ပန်းပင်ပေါင်း (၅၄၀၀၀၀) ကို စိုက်ပျိုးပူဇော်ခြင်း၊ စေတီပုထိုး၊ တန်ဆောင်း၊ ဇရပ်များ၊ သစ်ပင်ပန်းပင်များ၌ လျှပ်စစ်မီးရောင်စုံများ ထွန်းညှိပူဇော်ခြင်းကိုလည်း စေတနာရှင် ဝါသနာရှင်၊ ပညာရှင်များ၏ ပေါင်းစုသော သဒ္ဓါတရားဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပွဲတော်စတင်ကျင်းပသော တပေါင်းလဆန်း (၁) ရက်မှ တပေါင်းလပြည့်နေ့အထိ ညစဉ်ညတိုင်း ဓမ္မကထိကဆရာတော်ကြီးများကိုပင့်လျှောက်ပြီး ထေရဝါဒတရားအလှူပွဲများကျင်းပ၍လည်းကောင်း၊ သံဃာတော်အရှင်သူမြတ်တို့က အသံမစဲမဟာပဋ္ဌာန်းပူဇော်၍လည်းကောင်း၊ အသင်းအဖွဲ့များက နေ့စဉ်

www.dhammadownload.com



ဓမ္မဒေသနာတော်များ ရွတ်ဆို၍လည်းကောင်း ဘာသာရေးဆိုင်ရာအနှစ်သာရပြည့်ဝစွာ ဓမ္မပူဇာအနေဖြင့် ပူဇော်ခဲ့ပါသည်။ ထို့ပြင်သာမက သံဃာတော် ၂၆၀၀ ပါးတို့ဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီး စောင်းတန်းလေးသွယ်နှင့် ရင်ပြင်တော် အင်္ဂါထောင့်တို့တွင် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပခြင်း၊ ကမ္ဘာအေးကုန်းမြေ၌ သံဃာဥသျှောင် အစည်းအဝေးကျင်းပသော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုဝန်ဆောင် ဆရာတော်ကြီး (၃၈၀) ပါးတို့ဖြင့် ရွှေတိဂုံစေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ကာ ရင်ပြင်တော်ပေါ်၌ ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကျင်းပခြင်းတို့ကိုလည်း စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့ပါသည်။

နှစ် – ၂၆၀၀ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ဘုရားဖူးပြည်သူများ အပန်းတော်ပြေစေရန်၊ ပျော်ပွဲရွှင်ပွဲများအနေဖြင့် အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ ရာမယနဇာတ်၊ ရုပ်သေး၊ ခြင်းအလှစတ်ပွဲစသည်များ စီစဉ် ဖြေဖျော်ခဲ့ပါသည်။

အချုပ်အားဖြင့် ကြံ့တောင့်ကြံ့ခံလှသော ရွှေတိဂုံစေတီတော် နှစ် – ၂၆၀၀ပြည့်ပွဲတော်ကြီး ကျင်းပသော ကာလအတွင်း၌ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာပူဇာဟု ဆိုအပ်သော ပူဇော်ခြင်းအမျိုးမျိုးတို့ဖြင့် အားပါးတရ ပူဇော်ခဲ့ပြီးဖြစ်ပါသည်။

အထူးသဖြင့် ရွှေတိဂုံစေတီတော် နှစ် – ၂၆၀၀ပြည့်ပွဲတော် စတင်ကျင်းပသော ၁၃၇၃ – ခုနှစ်၊ တပေါင်းလဆန်း(၁)ရက် (၂၂.၂.၂၀၁၂)နေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ လင်ကွမ်း (စွယ်တော်တိုက်) ဘုရားကျောင်း ထိန်းသိမ်းရေးအဖွဲ့တို့သည် ဗုဒ္ဓ သာသနာတော်ဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခြင်းဖြင့် ထေရဝါဒဗုဒ္ဓသာသနာ ကမ္ဘာသို့ပြန့်ပွားရေးအတွက် အခြေခံ အုတ်မြစ်ချနိုင်ခဲ့ပါသည်။

ထို့ပြင်သာမက ဗုဒ္ဓပူဇနီယပွဲတော် အောင်ပွဲ(သို့မဟုတ်) ရေစက်ချအနုမောဒနာ မဟာမင်္ဂလာ အခမ်းအနား၌ ရွှေတိဂုံစေတီတော်နှစ် – ၂၆၀၀ပြည့်ပွဲတော် အထိမ်းအမှတ်အနေဖြင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့အား ဗုဒ္ဓသာသနာတော်ဆိုင်ရာ ရွှေတိဂုံစေတီတော်ဆိုင်ရာလုပ်ငန်းများ၌ မလွဲမမှားစေရန် မေတ္တာရှေ့ထား ဂရုဏာပွားကာ စဉ်ဆက်မပြတ် ဦးဆောင်လမ်းညွှန်မှုပြုခဲ့ကြသော ရွှေတိဂုံစေတီတော် သြဝါဒါစရိယဆရာတော်ကြီး(၃)ပါးတို့အား “သိင်္ဂုတ္တရပဝရသိရီမဟာဓမ္မရာဇာ” ဘွဲ့တံဆိပ် တော်ကြီးအား ဆက်ကပ်လှူဒါန်းပူဇော်နိုင်ခဲ့ပါသည်။

နှစ် – ၂၆၀၀ပြည့်ပွဲတော်ကြီးကို အကြောင်းပြုကာ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့်တကွ ဗုဒ္ဓမြတ်စွာသာသနာတော်အား ထိန်းသိမ်းစောင့်ရှောက်သွားစေခြင်းအလို့ငှါ နောင်လာနောင်သားများ စဉ်ဆက်မပြတ် တွေ့မြင်သတိရစေရန် ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ကမ္ပည်းမော်ကွန်းကျောက်စာပါသော ရွှေတိဂုံစေတီတော် ပရိဝုဏ်သို့ အနောက်မုခ်မှအဝင် မုခ်ဦးဆောင်ကြီးတစ်ခုကို မျက်မှောက်ကာလ၏ မြန်မာမှုအနုပညာလက်ရာများစွာဖြင့် တန်ဆာဆင်ကာ တည်ဆောက်လှူဒါန်းမည်ဖြစ်ပါသည်။

ရွှေတိဂုံစေတီတော် နှစ် – ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် ဂေါပကအဖွဲ့ကို ဦးဆောင်လမ်းညွှန်မှုပြုခဲ့သော သြဝါဒါစရိယဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာအကြီးအကဲများ မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသော အသိပညာရှင်၊ အတတ်ပညာရှင်၊ စေတနာရှင်၊ ဝါသနာရှင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဝန်ထမ်းများအစရှိသည့် ကုသိုလ်ပြုဘက်အားလုံးတို့က ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအားထုတ် ပြုလုပ်ခဲ့သော ရွှေတိဂုံစေတီတော် နှစ် – ၂၆၀၀ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးသည် အောင်မြင်စွာပြီးမြောက်ခဲ့ပြီ ဖြစ်သောကြောင့် မိမိတို့၏ ကောင်းမှုကုသိုလ်အဖို့တို့အား ပြန်လည်သတိရကာ သာဓုအနုမောဒနာပြုလျက် ပီတိသောမနဿ မျှဝေခံစားနိုင်စေရန် ရွှေတိဂုံစေတီတော်သမိုင်းတွင် မော်ကွန်းတင်၍ ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀)ပြည့်ပွဲတော် လုပ်ငန်း အစီရင်ခံစာ ရေးသားထားရှိခြင်း ဖြစ်ပါ သည်။

www.dhammadownload.com



# အခန်း (၁)

# ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်ပြီ



ဂေါတမဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ် ကိုယ်တော်တိုင်ချီးမြှင့်သော ဆံတော်မြတ်များအား ပွင့်တော်မူပြီးသော ဘုရားသုံးဆူတို့၏ ဓာတ်တော်မွေတော်များနှင့်အတူ ဥာပနာထားကာ မဟာသက္ကရာဇ် ၁၀၃ - ခုနှစ်၌ပင် ရွှေတိဂုံစေတီတော်ကို စတင်တည်ထားပူဇော်ခဲ့ခြင်းကြောင့် သက်တော်ထင်ရှားမြတ်စွာဘုရား၏ ဝါတော်(၄၅)ဝါနှင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူသည်မှစ၍ ရေတွက်သော သာသနာတော်နှစ်မှာ ယခု ၁၃၇၃ - ခုနှစ်တွင် ၂၅၅၅ နှစ်သို့ရောက်ရှိခဲ့ပြီဖြစ်၍မြတ်စွာဘုရား၏ဝါတော် (၄၅)ဝါနှင့် သာသနာတော်နှစ် ၂၅၅၅ တို့အားပေါင်းစပ်ရေတွက်သောအခါ ၄၅ + ၂၅၅၅ = နှစ်ပေါင်း ၂၆၀၀ ပြည့် မြောက်ပါသည်။ သို့ဖြစ်၍ သာသနာတော်နှစ် ၂၅၅၅၊ ကောဇာသက္ကရာဇ် ၁၃၇၃ - ခုနှစ်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သက်တမ်းတော် နှစ်ပေါင်း ၂၆၀၀ ပြည့်မြောက်ပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ဗုဒ္ဓဘာသာနွယ်ဝင်သူတော်စင်အပေါင်းတို့၏အလေးအမြတ် ကိုးကွယ်ဆည်းကပ်ရာ သာသနာ့အလံတံခွန်ဖြစ်သောကြောင့် ရွှေတိဂုံစေတီတော်၌ မြတ်ဗုဒ္ဓ၏ နေ့ထူးနေ့မြတ်အခါတော်နေ့ အခမ်းအနားများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်များအား စဉ်ဆက်မပြတ် ကျင်းပပူဇော်လျက်ရှိရာ သက္ကရာဇ် - ၁၃၇၃ ခုနှစ်၊ တပေါင်းလတွင်ကျင်းပမည့် ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကြီးအား ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ပွဲတော်ကြီးအနေဖြင့် ထူးထူးခြားခြား စည်စည်ကားကား ဘာသာရေးအနှစ်သာရပေါင်းများစွာဖြင့် ကျင်းပပူဇော်နိုင်ရန် လွန်ခဲ့သော (၂) နှစ်ခန့်ကပင် ကြိုတင်စီမံ ဆုံးဖြတ်ထားခဲ့ပါသည်။

## ဩဝါဒါစရိယဆရာတော်ကြီးများထံ ဩဝါဒခံယူ

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန်အတွက် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ(၁၄) ရက်နေ့တွင် ကျင်းပသော ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲအခမ်းအနားတွင် ပထမဦးစွာ မူဝါဒရေးရာများ တင်ပြလျှောက်ထား ဩဝါဒခံယူခဲ့ပါသည်။

၂၀၁၁ - ခုနှစ်၊ ဇူလိုင်လ(၁၂)ရက်တွင် ကျင်းပသော ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲအခမ်းအနားတွင် ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာပူဇာဟုဆိုအပ်သော ပူဇော်ခြင်းအမျိုးမျိုးဖြင့် ပူဇော်ရန် အစီအစဉ်များအား တတိယအကြိမ်အနေဖြင့် တင်ပြလျှောက်ထား ဩဝါဒခံယူခဲ့ပါသည်။

www.dhammadownload.com



## လမ်းညွှန်မှုခံယူ

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရမည့်ကာလသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်မှ အများပြည်သူ ရွေးချယ်တင်မြှောက်သော ဒီမိုကရေစီအစိုးရလက်ထက်သို့ ကူးပြောင်းပြီးစ အချိန်ကာလတွင် အစိုးရသစ်၏ ဦးဆောင်မှုအောက်တွင် ကျင်းပရမည်ဖြစ်သော်လည်း ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့အနေဖြင့် အစိုးရသစ်မဖွဲ့မီ ကြိုတင်ပြင်ဆင်ဆဲကာလဖြစ်သည့် (၃၁-၁-၂၀၁၁)နေ့တွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့လည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးထံသို့လည်းကောင်း၊ ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်ပွဲတော်ကြီးကို ခမ်းနားထည်ဝါစွာကျင်းပမည့် အစီအစဉ်များကိုတင်ပြခဲ့ပါသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ကျက်သရေဆောင်ပုံရိပ်ဖြစ်သောကြောင့် နိုင်ငံတော်အစိုးရမှ ဦးဆောင်ဦးရွက်ပြုပေးပါရန်လည်း အပ်နှံခဲ့ပါသည်။

## သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အကြံပြုလမ်းညွှန်

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်ပွဲတော်အကြိုကာလနှင့် ပွဲတော်ကျင်းပနေဆဲကာလများတွင် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ရွှေတိဂုံစေတီတော်ရင်ပြင်တွင် ကျောက်ပြားအခင်းများ အဆင့်မြင့်မွမ်းမံပြုပြင်ရေးလုပ်ငန်း မဟာဗုဒ္ဓဝင်ပြခန်းနှင့် ပြတိုက်၊ ပိဋကတ်တိုက် အဆောက်အဦးတို့အား တစ်ဆက်တစပ်တည်း ကူးသန်းသွားလာနိုင်သော လှေကားလမ်းတည်ဆောက်ရန် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရွှေတိဂုံစေတီတော်သို့ မကြာခဏ လာရောက်ပြီး လိုအပ်သည်များ စစ်ဆေးခြင်း၊ လမ်းညွှန်ခြင်းများ ဆောင်ရွက်ပါသည်။ ယင်းသို့လာရောက်ရာ၌ တည်ဆောက်ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများကိုသာမက ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေး ကိစ္စများနှင့်စပ်လျဉ်း၍ အကြံပြုလမ်းညွှန်မှုများ ဆောင်ရွက်ပါသည်။ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အချို့မှာ အောက်ပါတို့ဖြစ်ပါသည်။

(က) ပွဲတော်ကျင်းပသောကာလအတွင်း၌ ရွှေတိဂုံစေတီတော် ပုရိဝုဏ်အတွင်းရှိ စေတီရံများ၊ တန်ဆောင်းပြာသာဒ်များ၊ စောင်းတန်းများ၊ ဓာတ်လှေကားများသာမက ဥယျာဉ်တော်များနှင့် ဝတ္တကမြေအတွင်းသို့ ဝင်ပေါက်၊ ထွက်ပေါက်များအနီးအနားရှိ သစ်ပင်များတွင် လျှပ်စစ်မီးရောင်စုံများ ထွန်းညှိပူဇော်ရန်၊

(ခ) ပွဲတော်ကာလအတွင်း ဝတ္တကမြေတစ်ခုလုံး၌ ပန်းများလှပဝေဆာစွာ ဖူးပွင့်ဝေဆာနေစေရေး စိုက်ပျိုးပူဇော်ရန်၊

(ဂ) တောင်ကြီးမီးပုံးပျံပွဲကဲ့သို့ မီးပုံးပျံများလွှတ်ရန်၊

(ဃ) တရားပွဲများကျင်းပရာ၌ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး၌ ပါမောက္ခချုပ်ဆရာတော်ကြီးတို့အား ဖြည့်စွက်ပင့်လျှောက်ရန်၊

(င) ရွှေတိဂုံစေတီတော် နှစ်၂၆၀၀ပြည့် အထိမ်းအမှတ်အနေဖြင့် ရွှေတိဂုံစေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများအနက် ရွှေတိဂုံစေတီတော်အတွက် အများဆုံးအကျိုးပြုသော ဆရာတော်ကြီး(၂)ပါး (၃)ပါးတို့အား ဘွဲ့တံဆိပ်တော်တီထွင်ဆက်ကပ်ရန်၊

(စ) ရွှေတိဂုံစေတီတော် နှစ်၂၆၀၀ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပခြင်းအထိမ်းအမှတ်အနေဖြင့် သာသနိကအဆောက်အဦတစ်ခုဆောက်လုပ်ရန်၊ ကမ္ပည်းကျောက်စာတိုင်စိုက်ထူရန်၊

(၉-၂-၂၀၁၁)နေ့တွင် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး တိုင်းအထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွန်းက ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့အား တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ဖိတ်ကြားပြီး ယခုကာလသည် အစိုးရသစ်ဖွဲ့စည်းရန်အတွက် ကြိုတင်ပြင်ဆင်နေသော ကာလဖြစ်သောကြောင့် ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ပြည့်ပွဲတော်ကြီး သည်လာမည့်အစိုးရသစ်လက်ထက်တွင် ကျင်းပရမည့်ပွဲဖြစ်ကြောင်း၊ အစိုးရသစ်အနေဖြင့်လည်း ရွှေတိဂုံနှစ် ၂၆၀၀ ပွဲကို ဦးဆောင်စီစဉ်ပေးမှာဖြစ်ကြောင်း၊ လုပ်ငန်းစီမံချက်များ လုပ်ငန်းအစီအစဉ်များ အသေးစိတ်ရေးသားပြီးနောက် အစိုးရလက်ထက်၌ ပြန်လည်တင်ပြရန် ဂေါပကအဖွဲ့အား ဆွေးနွေးလမ်းညွှန်ခဲ့ပါသည်။

www.dhammadownload.com







ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀) ပြည့်
ဗုဒ္ဓပူဇနီယပွဲတော်အကြိုကာလတွင်
သာသနာရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးက
ရွှေတိဂုံစေတီတော်သို့ လာရောက်ပြီး
ဘက်စုံပြုပြင်ရေးလုပ်ငန်းများနှင့်
ပွဲတော်ဆိုင်ရာလုပ်ငန်းများကို
အကြံပြုလမ်းညွှန်ပါသည်။

www.dhammadownload.com

www.dhammadownload.com



အထက်ဖော်ပြပါအကြံပြုချက်နှင့်အညီ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သည် ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည့် လုပ်ငန်းစီမံချက်မူကြမ်းအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ရုံးသို့ ၁၄-၇-၂၀၁၁ နေ့တွင် ထပ်မံတင်ပြခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မူအားဖြင့် သဘောတူကြောင်း လုပ်ငန်းအမျိုးအစားအလိုက် ပါဝင်သင့်သော ပုဂ္ဂိုလ်များအမည်စာရင်း နှင့်တကွ ထည့်သွင်းဖွဲ့စည်းရေး မူကြမ်းတင်ပြရန် ထပ်ဆင့်ညွှန်ကြားခဲ့ပါသည်။

(၅-၈-၂၀၁၁) နေ့တွင် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က လုပ်ငန်းစီမံချက်မူကြမ်း၊ ဆပ်ကော်မတီအလိုက် ပါဝင်သင့်သူများနှင့် ဆောင်ရွက်ရန်လုပ်ငန်းတာဝန်များကို မူကြမ်းရေးဆွဲပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ပြန်လည် တင်ပြခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် (၁၁-၈-၂၀၁၁) နေ့တွင် ကျင်းပသောအစည်းအဝေးအမှတ်စဉ် ၁၀/၂၀၁၁ ဆုံးဖြတ်ချက်အရ (၂၂-၈-၂၀၁၁) နေ့တွင် စာအမှတ် ၂/၄-၃(၆)/လူမှုဖြင့် ပွဲတော်ကျင်းပရေး ဗဟိုကော်မတီ နှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။

## ဗဟိုကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်း

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေး ဗဟိုကော်မတီ၊ ဆပ်ကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ပါသည် -

(၁) ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်ပွဲတော် ကျင်းပရေးဗဟိုကော်မတီ
(၂) ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲကျင်းပရေးနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရေး ဆပ်ကော်မတီ
(၃) လှည့်လည်ပူဇော်ခံရေးဆပ်ကော်မတီ
(၄) ဆွမ်းတော်ကြီးဆက်ကပ်ရေးနှင့် ဓမ္မဒေသနာတော်များ ရွတ်ဆိုပူဇော်ရေးဆပ်ကော်မတီ
(၅) ပျော်ပွဲရွှင်ပွဲကျင်းပရေးဆပ်ကော်မတီ
(၆) တရားပွဲများ ကျင်းပရေးဆပ်ကော်မတီ
(၇) ပြန်ကြားရေးနှင့် မှတ်တမ်းပြုစုရေးဆပ်ကော်မတီ
(၈) လုံခြုံရေး/မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆပ်ကော်မတီ
(၉) ဘဏ္ဍာရေးဆပ်ကော်မတီ
(၁၀) အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ

## လုပ်ငန်းတာဝန်များခွဲဝေ

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးအား ဘာသာရေးဆိုင်ရာ အနှစ်သာရပြည့်ဝပြီး ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရန် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သည် အဓိကအခြေခံအဖွဲ့အစည်းဖြစ်သည်နှင့်အညီ ပွဲတော်ကြီးတွင် ဆောင်ရွက်ရမည့်လုပ်ငန်းပေါင်းများစွာတို့အား အကျဉ်းချုပ်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်သောကြောင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဖွဲ့စည်းပေးသော ကော်မတီများက စနစ်တကျ ဆောင်ရွက်နိုင်ရန် ကော်မတီအလိုက် လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း ခွဲဝေဆောင်ရွက်စေရပါသည်။

## ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် ဆောင်ရွက်ရန်လုပ်ငန်းတာဝန်

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေးဗဟိုကော်မတီကို တစ်ဖက်ပါအတိုင်း ဖွဲ့စည်း ပါသည် -

www.dhammadownload.com



(က) ဖွဲ့စည်းပုံ

| | | | |
|---|---|---|---|
| (၁) | ဒေါက်တာမြင့်သိန်း | တိုင်းဒေသကြီးဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (၂) | ဦးသောင်းညွန့် | ဂေါပကအဖွဲ့ဝင် | အဖွဲ့ဝင် |
| (၃) | ဦးမျိုးကျော် | ဂေါပကအဖွဲ့ဝင် | အဖွဲ့ဝင် |
| (၄) | ဒေါက်တာတင်သိန်းလွင် | ဂေါပကအဖွဲ့ဝင် | အဖွဲ့ဝင် |
| (၅) | ဦးစိန်ဝင်းအောင် | ဂေါပကအဖွဲ့ဝင် | အဖွဲ့ဝင် |
| (၆) | ဦးကျော်ထွန်း | ဂေါပကအဖွဲ့ဝင် | အဖွဲ့ဝင် |
| (၇) | ဦးကျင်အောင် | ဂေါပကအဖွဲ့ဝင် | အဖွဲ့ဝင် |
| (၈) | ဦးစံလင်း | ဂေါပကအဖွဲ့ဝင် | အဖွဲ့ဝင် |
| (၉) | ဦးသိန်းလင်း | ဂေါပကအဖွဲ့ဝင် | အဖွဲ့ဝင် |
| (၁၀) | ဦးမောင်ပီ | ဂေါပကအဖွဲ့ဝင် | အဖွဲ့ဝင် |
| (၁၁) | ဦးဝင်းကြိုင် | ရုံးအဖွဲ့မှူး | အဖွဲ့ဝင် |
| (၁၂) | ဦးကျော်သူဇော် | ခရိုင်အုပ်ချုပ်ရေးမှူး အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဦးကျော်စိန်ဝင်း | ညွှန်ကြားရေးမှူး၊ သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၄) | ဦးဇော်ဇော်ဦး | အတွင်းရေးမှူး၊ တိုင်းဒေသကြီးသာသနာရေးမှူး | အဖွဲ့ဝင် |

(ခ) ဆောင်ရွက်ရန်လုပ်ငန်းတာဝန်

(၁) ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် ဆောင်ရွက်ရန် အစီအစဉ်များ လျာထားသတ်မှတ်ပေးခြင်း၊ ကျင်းပမည့် အခမ်းအနားများ သတ်မှတ်ပေးခြင်း၊ ပင့်လျှောက်ရန် သံဃာတော်များ၊ ဖိတ်ကြားရန် ပုဂ္ဂိုလ်များ လျာထားသတ်မှတ်ပေးခြင်း

(၂) ဆပ်ကော်မတီအချင်းချင်း ပေါင်းစပ်ညှိနှိုင်းပေးခြင်း

(၃) နိုင်ငံတော်အစိုးရဌာနအသီးသီးနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း

(၄) အသုံးစရိတ်လျာထားငွေများသတ်မှတ်ပေးခြင်း

www.dhammadownload.com





ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဘာသာရေးအနှစ်သာရ အပြည့်အဝဖြင့် ခမ်းနားထည်ဝါစွာ ကျင်းပသောလုပ်ငန်းမှာ ကြီးမားကျယ်ပြန့်များပြားသော လုပ်ငန်းကြီး ဖြစ်ပါသည်။ လုပ်ငန်းအားလုံးကိုခြုံငုံသိမြင်ပြီး လုပ်ငန်းစီမံချက်တွင် ထည့်သွင်းရေးဆွဲ၍ ဆပ်ကော်မတီအလိုက် တာဝန်ပေးရန်မှာ အလွန်ခက်ခဲသောလုပ်ငန်းဖြစ်ပါသည်။ ဗဟိုကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းပြီး လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးသည့်အခါ လုပ်ငန်းစီမံချက်တွင် မပါဝင်သော်လည်း ဆောင်ရွက်ရမည့် လုပ်ငန်းပေါင်းများစွာ ပေါ်ပေါက်လာပါသည်။

မိမိတို့ဂေါပကအဖွဲ့ထက် အတွေ့အကြုံပေါင်းများစွာရှိပြီး ဂေါပကအဖွဲ့အား ဦးဆောင် ဦးရွက်ပြုနေသော သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပွဲတော်ကြီး၌ ဆောင်ရွက်သင့်သောလုပ်ငန်းများ အကြံပြုလာသောအခါ မူလစီမံချက်တွင် မပါဝင်သော်လည်း ဖြည့်စွက်ဆောင်ရွက်ရသော လုပ်ငန်းများလည်း ပေါ်ပေါက်လာပါသည်။

ဆပ်ကော်မတီများဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များခွဲဝေပြီးနောက် ထပ်မံပေါ်ပေါက်လာသော လုပ်ငန်းများအား ဆပ်ကော်မတီ၏လုပ်ငန်းတွင် ထပ်မံဖြည့်စွက်ရန်မှာ အခက်အခဲများစွာရှိပါ သည်။

ဆပ်ကော်မတီတစ်ခုတွင် အဖွဲ့ဝင်တိုးခြင်း၊ အဖွဲ့ဝင်အမည်ပြောင်းလဲခြင်းကိုပင် ဗဟိုကော်မတီနှင့် ဆပ်ကော်မတီတို့၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်းမရှိဘဲ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ရပါသည်။ သို့ဖြစ်၍ ဆပ်ကော်မတီအလိုက် ခွဲဝေထားသော လုပ်ငန်းတာဝန်၌ မပါဝင်သောလုပ်ငန်းများအား ဂေါပကအဖွဲ့၏လုပ်ငန်းအဖြစ် ဂေါပကအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ရပါသည်။

နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဗဟိုကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့က ညှိနှိုင်းအစည်းအဝေးများကျင်းပသည့်အခါ အဖွဲ့ဝင်ပညာရှင်များ၏ အတွေ့အကြုံဗဟုသုတများဖြင့် ပိုမိုကောင်းမွန်စေရန် အကြံပြုလာကြသောကြောင့် ပွဲတော်ကြီးတွင် ဆောင်ရွက်သင့်လုပ်ငန်းပေါင်းတိုးတက်များပြားလာသော လုပ်ငန်းများအား အနီးစပ်ဆုံး ဆပ်ကော်မတီ၏လုပ်ငန်း၌ ပေါင်းစပ်ဆောင်ရွက်စေခဲ့ပါသည်။

သို့ရာတွင် ဆပ်ကော်မတီဥက္ကဋ္ဌအများစုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသောကြောင့် မူလတာဝန်ဖြင့် မအားလပ်ကြသောကြောင့် ဥက္ကဋ္ဌကိုယ်တိုင်တက်ရောက်သော အစည်းအဝေးတွင် တင်ပြညှိ နှိုင်းရန် အခက်အခဲများသောကြောင့် ဆပ်ကော်မတီ၏ တာဝန်များတွင် ထည့်သွင်းခြင်းမပြုဘဲ ဂေါပကအဖွဲ့၏လုပ်ငန်းတာဝန်အနေဖြင့် ဂေါပကအဖွဲ့အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်ရပါသည်။

www.dhammadownload.com



## ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်အထိမ်းအမှတ် ပြက္ခဒိန်၊ စာအုပ်၊ စာစောင်များထုတ်ဝေ

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ပြည့်ပွဲတော် အကြိုကာလဖြစ်သော ၂၀၁၁ - ခုနှစ်မှစတင်၍ ရွှေတိဂုံစေတီတော် နှစ်ပေါင်း ၂၆၀၀ပြည့်မြောက်သည်ကို ဗုဒ္ဓဘာသာဝင် ပြည်သူအများသတိပြု အမှတ်ရစေရန် ရွှေတိဂုံစေတီတော်၌ နှစ်စဉ်ထုတ်ဝေနေကြဖြစ်သော ပြက္ခဒိန်၊ မဟာပဋ္ဌာန်း စသည်များကိုသာမက အခြားစာအုပ်စာစောင်များကိုလည်း နှစ် ၂၆၀၀ ပြည့် အထူးထုတ်အနေဖြင့် ဂေါပကအဖွဲ့က အောက်ပါအတိုင်းထုတ်ဝေခဲ့ပါသည် -

### ပြက္ခဒိန်

ရွှေတိဂုံစေတီတော် ၂၀၁၂ - ခုနှစ်၊ ပြက္ခဒိန်ကို နှစ် ၂၆၀၀ပြည့် အထူးထုတ်အနေဖြင့် စောင်ရေ (၈၀၀၀၀) ရိုက်နှိပ်ထုတ်ဝေခဲ့ပါသည်။

### မဟာပဋ္ဌာန်း

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ထုတ်ဝေသော မဟာပဋ္ဌာန်းစာအုပ်ငယ်တွင်နှစ် ၂၆၀၀ပြည့်အကြောင်း သိကောင်းစရာများ ဖြည့်စွက်ရိုက်နှိပ်၍ စာအုပ်ပေါင်း (၂၀၀၀၀) အုပ် ရိုက်နှိပ်ဖြန့်ချီခဲ့ပါသည်။

### တိဂုမ္ဗစေတိယထောမနာကျမ်း

မောင်းထောင်သာသနာပိုင်ဆရာတော်ဘုရားကြီးက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ချီးကျူးဖွဲ့ဆိုသော တိဂုမ္ဗစေတိယထောမနာကျမ်းအားမျက်မှောက်ကာလစကားပြေဖြင့်ပြန်လည်ရေးသားလျက်အင်္ဂလိပ်ဘာသာသို့ ပြန် ဆိုပြီး အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့် အုပ်ရေ (၁၀၀၀၀)အုပ် ရိုက်နှိပ်ပြီး နှစ် ၂၆၀၀ပြည့် အထိမ်းအမှတ်အနေဖြင့် ဖြန့်ချိခဲ့ပါ သည်။

### မြတ်ရွှေတိဂုံဓမ္မစာစောင်

ရွှေတိဂုံစေတီတော်ဆိုင်ရာ သိမှတ်ဖွယ်အကြောင်းအရာများစွာတို့ကို နိုင်ငံကျော် စာရေးဆရာကြီး/ ဆရာမကြီးများအားဖိတ်ခေါ်စည်းရုံးရေးသားစေပြီး နှစ် ၂၆၀၀ပြည့်အထူးထုတ် မြတ် ရွှေတိဂုံဓမ္မစာစောင်အနေဖြင့် ပထမအကြိမ်အုပ်ရေ (၅၀၀၀)ရိုက်နှိပ် ဖြန့်ချိခဲ့ပါသည်။

### ကမ္ဘာ့အလယ် အံ့ဖွယ်မကုန် မြတ်ရွှေတိဂုံ

ရွှေတိဂုံစေတီ၌ ခေတ်အဆက်ပြောင်းလဲတိုးတက်လာပုံများအား အကျဉ်းချုပ်စုစည်း ရေးသားထားသော ရွှေတိဂုံစေတီတော်သမိုင်းအကျဉ်း စာအုပ်ငယ်ကို "ကမ္ဘာ့အလယ် အံ့ဖွယ်မကုန် မြတ်ရွှေတိဂုံ" အမည်ဖြင့် ရေးသားပြုစုပြီး ပထမအကြိမ်အနေဖြင့် အုပ်ရေ(၅၀၀၀) ရိုက်နှိပ်ဖြန့်ချီခဲ့ပါသည်။

### ရွှေတိဂုံစေတီတော် ဗိသုကာပုံစံများ မှတ်တမ်း

၁၉၉၉ - ခုနှစ် ရွှေထီးတော်သစ်တင်လှူပြီးနောက် ရွှေတိဂုံဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီး ကော်မတီက ရိုက်နှိပ်ခဲ့သော ရွှေတိဂုံစေတီတော် ဗိသုကာပုံစံများမှတ်တမ်းစာအုပ်အား မူလအရွယ် (၁၂လက်မ × ၁၆.၅လက်မ)မှ ကိုင်တွယ်သုံးစွဲ သယ်ဆောင်မှုလွယ်ကူသည့် (၈.၂၅လက်မ × ၁၁.၂၅လက်မ) အရွယ်သို့ပြောင်း လဲပြီး အုပ်ရေ(၁၀၀၀)အုပ် ရိုက်နှိပ်ဖြန့်ချီခဲ့ပါသည်။

www.dhammadownload.com



ရွှေတိဂုံနံရံကပ်ပိုစတာ

ရွှေတိဂုံနှစ် ၂၆၀၀ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကာလအတွင်း ရွှေတိဂုံစေတီတော်ကြီးပုံ၊ ရွှေတိဂုံစေတီတော်အား ကကုသန်၊ ကောဏဂုဏ်၊ ကဿပ၊ ဂေါတမနှင့် ပတ္တမြားမျက်ရှင်၊ ဘုရား (၅) ဆူရှိထားသောပုံ၊ ရွှေတိဂုံစေတီတော်ကြီးအား ဆံတော်ကြိုစေတီ(၁၀)ဆူ ဝန်းရံထားသောပုံစသော နံရံကပ်ပိုစတာများ၊ နံရံကပ်ပိုစတာကြီးများ ၂၀ လက်မ × ၃၀ လက်မအရွယ် (၂၂၀၀၀) ချပ်၊ ၁၅ လက်မ × ၂၀ လက်မအရွယ် (၁၀၀၀၀) ချပ်တို့ကိုလည်း ရိုက်နှိပ်ဖြန့်ချိ ရောင်းချခဲ့ပါသည်။

လက်ကမ်းစာစောင်

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ဆိုင်ရာ သိမှတ်ဖွယ်ရာများစွာတို့အား စုစည်းထားသော ၅ လက်မ × ၁၀ လက်မအရွယ် (၃) ရွက်ခေါက်လက်ကမ်းစာစောင် (၅၀၀၀) ရွက်ကို အခမဲ့ရိုက်နှိပ်ဖြန့်ချိခဲ့ပါသည်။

ထိုမျှသာမက တပေါင်းလဆန်း (၁) ရက်မှ (၁၅) ရက်အထိ ရွှေတိဂုံစေတီတော်၌ ကျင်းပမည့် ထေရဝါဒတရားအလှူပေးပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများကိုစုစည်းပြီး ၄.၅ လက်မ × ၉.၅ လက်မအရွယ် (၃) ရွက်ခေါက်ရွက်ရေ(၅၀၀)နှင့် ၄ လက်မ × ၈ လက်မအရွယ် (၂) ရွက်ခေါက် ရွက်ရေ (တစ်သိန်း)ကို ရိုက်နှိပ်ဖြန့်ချိခဲ့ပါသည်။

## အကြိုလှုပ်ရှားမှုပြိုင်ပွဲများ

ရွှေတိဂုံစေတီတော်မြတ်ကြီးအား စတင်တည်ထားပူဇော်ခဲ့သည်မှာ နှစ်ပေါင်း ၂၆၀၀ ပြည့်မြောက်ကြောင်း၊ နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာဝင်အားလုံးသိရှိပြီး ပါဝင်ဆင်နွှဲနိုင်ရန် ရည်ရွယ်ပြီး ပွဲတော်အကြိုကာလတွင် အကြိုလှုပ်ရှားမှုပြိုင်ပွဲများကို အောက်ပါအတိုင်းကျင်းပခဲ့ပါသည်။

## နှစ် ၂၆၀၀ ပြည့် အထိမ်းအမှတ်တံဆိပ် Logo ရေးဆွဲပြိုင်ပွဲ

ဂေါပကအဖွဲ့နှင့် ပြန်ကြားရေးဆပ်ကော်မတီ၏ ဦးဆောင်မှုဖြင့် ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော် အကြိုကာလမှစတင်၍ ပွဲတော်တစ်ခုလုံးတွင် အသုံးပြုနိုင်ရန် ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် အထိမ်းအမှတ်တံဆိပ်တော် ရေးဆွဲပြိုင်ပွဲကို သတင်းစာတွင် ကြော်ငြာဖိတ်ခေါ်ပြီး ယှဉ်ပြိုင်စေခဲ့ပါသည်။ (၃၁.၁၀.၂၀၁၁) နေ့ နောက်ဆုံးထား၍ နှစ်သက်ရာနည်းစနစ်ဖြင့် ရေးဆွဲစေခဲ့ပါသည်။ အထိမ်းအမှတ်တံဆိပ်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကိုလည်း ဖော်ပြစေခဲ့ပါသည်။ ပြိုင်ပွဲဝင်ပေါင်း (၁၀၉) ဦးတို့က ပုံပေါင်း(၁၅၄)ပုံ တင်သွင်းယှဉ်ပြိုင်ခဲ့ပါသည်။

ပထမအဆင့်အနေဖြင့် ဂေါပကအဖွဲ့ဝင် ဦးသောင်းညွန့် ဦးဆောင်သော ပြန်ကြားရေးအဖွဲ့ငယ်က ရွေးချယ်ပြီး ဒုတိယနောက်ဆုံးအဆင့်ကို ဂေါပကအဖွဲ့က ရွေးချယ်ခဲ့ပါသည်။

ရွေးချယ်ခံရသော ပြိုင်ပွဲဝင်ပညာရှင်မှာ ဦးထွန်းထွန်းဝင်း၊ မှတ်ပုံတင်အမှတ် (၁၂/ဒဂတ (နိုင်) ၀၁၉၇၁၈)၊ အမှတ် (၂၆၆)၊ သုစိတ္တာလမ်းသွယ်(၈)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်ဖြစ်ပါသည်။

## ဓာတ်ပုံပြိုင်ပွဲ

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ပြည့်အထိမ်းအမှတ် ဓါတ်ပုံပြိုင်ပွဲကို အောက်ဖော်ပြပါ ခေါင်းစဉ်(၂)မျိုးဖြင့် ယှဉ်ပြိုင်စေခဲ့ပါသည်။

(က) ကြည်ညိုဖွယ်အဖုံဖုံ နှစ် ၂၆၀၀ ပြည့် ရွှေတိဂုံ

(ခ) ဆယ်ပွင့်ပန်းတို့ လန်းဆန်းဝေဆာ နှစ် ၂၆၀၀ ပြည့် ရွှေတိဂုံမှာ

မည်သူမဆို မည်သည့်ကင်မရာဖြင့်မဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း လက်ရှိရွှေတိဂုံစေတီတော်၏ ကြည်ညိုဖွယ်မှတ်တမ်းဓါတ်ပုံများ ရိုက်ကူးယှဉ်ပြိုင်ရန်နှင့် ယနေ့ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် တည်ဆောက်တပ်ဆင်ထားသော

www.dhammadownload.com



မြန်မာမှုအနုပညာလက်ရာများကို မှတ်တမ်းဓါတ်ပုံရိုက်ကူးယှဉ်ပြိုင်ရန်ဖြစ်ကြောင်း၊ ပထမဆု (၇) သိန်း၊ ဒုတိယဆု (၅) သိန်း၊ တတိယဆု (၃) သိန်း စသည်ဖြင့် အဆင့်ဆင့် ဆုချီးမြှင့်မည်ဖြစ်ကြောင်း၊ သတင်းစာဂျာနယ်၊ မဂ္ဂဇင်းများ၊ မြန်မာ့ရုပ်သံတို့မှ ဖိတ်ခေါ်ကြော်ငြာခဲ့ပါသည်။ ပြိုင်ပွဲပိတ်ရက်ဖြစ်သော (၃၁.၁.၂၀၁၂) နေ့တွင် "ကြည်ညိုဖွယ်အဖုံဖုံ နှစ် ၂၆၀၀ပြည့် ရွှေတိဂုံ" ခေါင်းစဉ်ဖြင့် ပြိုင်ပွဲဝင်ပေါင်း (၆၈) ဦးတို့က ဓါတ်ပုံပေါင်း (၂၇၆) ပုံကို ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။

အလားတူ "ဆယ်ပွင့်ပန်းတို့လန်းဆန်းဝေဖြာ နှစ် ၂၆၀၀ပြည့် ရွှေတိဂုံမှာ" ခေါင်းစဉ်ဖြင့် ပြိုင်ပွဲဝင်ပေါင်း (၆၅) ဦးတို့က ဓာတ်ပုံပေါင်း (၂၁၄) ပုံကို ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။

ပထမအဆင့်အနေဖြင့် ဂေါပကအဖွဲ့ဝင် ဦးသောင်းညွန့်၊ ဂေါပကအဖွဲ့ဝင် ဦးမြင့်အုန်း၊ ပြင်ပမှ ဓာတ်ပုံကျွမ်းကျင်သူ ဦးမောင်မောင်လှမြင့်၊ ဦးသန်းအောင်နှင့် ရုံးအဖွဲ့မှူး ဦးဝင်းကြိုင်တို့က ပထမအဆင့်အနေဖြင့် ဓာတ်ပုံပေါင်း (၂၀) ပုံခန့် စိကျန်သည်အထိရွေးချယ်ပြီး နောက်ဆုံးအဆင့်ကို ဂေါပကအဖွဲ့က ရွေးချယ်ခဲ့ကြပါသည်။

## စာစီစာကုံးပြိုင်ပွဲ

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို အမှတ် (၃) အခြေခံပညာဦးစီးဌာနက ထိုဌာန၏အစီအစဉ်ဖြင့် ပြိုင်ပွဲကျင်းပခြင်း ဆုရွေးချယ်ကပ်ခြင်း ဆောင်ရွက်ခဲ့ပါသည်။

ပြိုင်ပွဲဝင်များဖိတ်ခေါ်၊ ကြော်ငြာခြင်းကိုလည်း ထိုပညာရေးဌာနက ဆောင်ရွက်ပေးပါသည်။ မြို့နယ်အဆင့်၊ တိုင်းအဆင့်စသည်ဖြင့် အဆင့်ဆင့်ယှဉ်ပြိုင်စေကာ ဆုအဆင့်ဆင့်ကို ရွေးချယ်ပေးပါသည်။ အဖွဲ့က ပထမဆု (၇) သိန်း၊ ဒုတိယဆု (၅) သိန်း၊ တတိယဆု (၃) သိန်း ချီးမြှင့်ပေးပါသည်။

စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်ဟူ၍ အဆင့် (၂) မျိုး ခွဲခြားယှဉ်ပြိုင်စေပြီး ဆုများပေးခဲ့ပါသည်။

## ပန်းချီပြိုင်ပွဲ

ပန်းချီပြိုင်ပွဲကို မြန်မာနိုင်ငံပန်းပညာရှင်အစည်းအရုံးနှင့်ညှိနှိုင်း၍ ကျင်းပခဲ့ပါသည်။ ပန်းပညာရှင်အစည်းအရုံးမှ ပညာရှင်များက စည်းကမ်းသတ်မှတ်ချက်များ အရွယ်အစားအမျိုးမျိုး စသည်တို့ကို သတ်မှတ်ပေးခဲ့ပါသည်။

ဂေါပကအဖွဲ့က ပြိုင်ပွဲခေါင်းစဉ် သတ်မှတ်ပေးပါသည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ မြန်မာ့ရုပ်သံစသည်တို့မှ ကြော်ငြာဖိတ်ခေါ်ပေးခဲ့ပါသည်။

ပန်းချီပြိုင်ပွဲကို အောက်ပါအတိုင်း အဆင့်ဆင့်ဖြင့် ယှဉ်ပြိုင်စေပါသည်။

(က) အလွတ်တန်းပညာရှင်အဆင့် - ဆီဆေးပန်းချီ

(ခ) ပညာသင်အဆင့် - ရေဆေး

ပညာရှင်အဆင့်အတွက် ပထမဆု (၇) သိန်း၊ ဒုတိယဆု (၅) သိန်း၊ တတိယဆု (၃) သိန်း၊ နှစ်သိမ့်ဆု (၁) သိန်းကျပ်စီ သတ်မှတ်ချီးမြှင့်ပါသည်။

ပညာသင်အဆင့်တွင် ပထမဆုကျပ် (၁) သိန်း၊ ဒုတိယဆုကျပ် (၈) သောင်း၊ တတိယဆု ကျပ် (၅) သောင်း သတ်မှတ်ချီးမြှင့်ပါသည်။

ပန်းချီပြိုင်ပွဲတွင် ဆုအဆင့်ဆင့် ရွေးချယ်ခြင်းကို မြန်မာနိုင်ငံပန်းပညာရှင်အစည်းအရုံး (ပန်းချီ) မှ တာဝန်ယူ၍ ရွေးချယ်ပေးပါသည်။

www.dhammadownload.com



## လျှပ်စစ်မီးရောင်စုံများ ထွန်းညှိပူဇော်

လျှပ်စစ်မီးရောင်စုံများထွန်းညှိပူဇော်သောအစီအစဉ်သည်မူလကလုပ်ငန်းစီမံချက်ရေးဆွဲပြီးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့တင်ပြရာ၌ ပါဝင်ခြင်းမရှိသော လုပ်ငန်းဖြစ်သောကြောင့် ဂေါပကအဖွဲ့၏ ကြီးကြပ်မှုဖြင့် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီအောက်တွင် လုပ်ငန်းဌာနက တာဝန်ယူ၍ဆောင်ရွက်ခဲ့ပါသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့်တကွ အရံသာသနိကအဆောက်အဦး ပေါင်းများစွာတို့အား ရေးယခင်အစဉ်အဆက်ကပင် လျှပ်စစ်မီးများထွန်းညှိပူဇော်ထားပါသည်။ ရွှေရောင်ရွှေသားလင်းလက်တောက်ပြောင်မှုနှင့်လိုက်လျောညီထွေဖြစ်စေပြီး တည်ငြိမ်ခန့်ငြား၍လုံလောက်သောအလင်းရောင်ရရှိစေသည်။ Sodium မီးများ၊ Metal Halide, Zenon စသည်တို့ဖြင့် ပူဇော်ပါသည်။ သို့ရာတွင်ပွဲတော်ကာလအတွင်း၌ ထူးခြားဆန်းပြားစွာ အလေးအမြတ်ပြု၍ ပူဇော်သောအားဖြင့် လျှပ်စစ်မီးရောင်စုံများ ဖြည့်စွက်ပူဇော်ခြင်းဖြစ်ပါသည်။

ပွဲတော်ကာလအတွင်း၌ လျှပ်စစ်မီးရောင်စုံများ၊ ထွန်းညှိပူဇော်ခြင်းအပါအဝင် အများပြည်သူတို့ ပါဝင်လှူဒါန်းနိုင်သောအကြောင်းအရာပေါင်းစုံတို့အား သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ မြန်မာ့ရုပ်မြင်သံကြားတို့မှ ကြော်ငြာနှိုးဆော်ထားသဖြင့် အများပြည်သူတို့က မွန်မြတ်ထက်သန်စွာဖြင့် ပါဝင်လှူဒါန်းကြပါသည်။

ထို့ပြင်တမဟ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ရွှေတိဂုံစေတီတော်သို့ မကြာခဏလာရောက်၍ကုသိုလ်ကောင်းမှုပြုလျက်ရှိရာ ဝန်ကြီးအား လျှပ်စစ်မီးရောင်စုံထွန်းညှိရေးကိစ္စအပါအဝင်အခြားလျှပ်စစ်ဓါတ်အားရရှိရေးကိစ္စများကို ကူညီဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံရာ ဝန်ကြီးက အဖက်ဖက်မှ ကူညီဆောင်ရွက်ပေးပါသည်။ အထူးသဖြင့် လျှပ်စစ်မီး ရောင်စုံများ ထွန်းညှိပူဇော်ခြင်းလုပ်ငန်းတွင် လျှပ်စစ်လုပ်ငန်း နှင့်ဆက်စပ်သော ကုမ္ပဏီကြီးများက ပေါင်းစပ်လှူဒါန်းနိုင်စေရန် စီမံကူညီပေးခဲ့ပါသည်။

ဂေါပကအဖွဲ့သည်ပွဲတော်ကာလအတွင်း လျှပ်စစ်ပစ္စည်းတင်သွင်းသော ကုမ္ပဏီများ၊ ရောင်းချသောကုမ္ပဏီများ၊ ထုတ်လုပ်သောကုမ္ပဏီများစသည် လျှပ်စစ်နှင့်ပတ်သက်သော ကုမ္ပဏီများသို့ နှိုးဆော်စာများ၊ လက်ကမ်းစာစောင်များ ဝေငှဖိတ်ကြားပြီး လျှပ်စစ်မီးထွန်းညှိရာ၌ ပါဝင်ကုသိုလ်ပြုစေခဲ့ပါသည်။ ထို့အပြင် ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူအများ ပါဝင်လှူဒါန်းနိုင်ရန် ရင်ပြင်တော်ပေါ်၌ လျှပ်စစ်ပစ္စည်း အလှူခံဌာန ဖွင့်လှစ်အလှူခံခဲ့ပါသည်။

ထို့ပြင်တမဟ ဘာသာရေးအသင်းအဖွဲ့များကိုလည်း မိမိတို့အသင်း တည်ရာတန်ဆောင်းများ၌လည်းကောင်း၊ အလှူရှင်များအား မိမိတို့လှူဒါန်းသော ကုသိုလ်တော်အဆောက်အဦးများ၌လည်းကောင်း၊ လျှပ်စစ်မီးရောင်စုံများ ထွန်းညှိပူဇော်ရန် နှိုးဆော်ခဲ့ပါသည်။ လျှပ်စစ်မီးရောင်စုံ ထွန်းညှိခြင်းကြောင့် မူလတပ်ဆင်ထားသော မီးလုံးမီးချောင်းများကို ထိခိုက်ခြင်းမရှိစေရန် လျှပ်စစ်မီးရောင်စုံထွန်းခြင်းအတွက် သီးခြားယာယီလျှပ်စစ်မီးကြိုးလိုင်းများ တပ်ဆင်ဆက်သွယ်ဆောင်ရွက်ရပါသည်။ ဂေါပကအဖွဲ့ရုံး လုပ်ငန်းဌာနမှ လျှပ်စစ်ဝန်ထမ်းများဖြင့် နိုင်နင်းစွာဆောင်ရွက်နိုင်ခြင်း မရှိသောကြောင့် လျှပ်စစ်ဝေယျာဝစ္စအကျိုးဆောင်အဖွဲ့၏ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ၏အကူအညီများကို ရယူဆောင်ရွက်ရပါသည်။ အဘက်ဘက်မှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သောကြောင့် ပွဲတော်ကာလအတွက် ဝတ္တကမြေတစ်ခုလုံး အောက်ဖော်ပြပါနေရာများတွင် လျှပ်စစ်မီးရောင်စုံများ လှပဝေဆာစွာ ထွန်းညှိပူဇော်နိုင်ခဲ့ပါသည်။

(က) အထက်ပစ္စယံ စေတီရံငယ် (၆၄) ဆူနှင့် မုခ်ဦးစေတီကြီး (၄) ဆူ

(ခ) ဆီမီးခုံစေတီရံဘေးနှင့် ဆီမီးခုံအတွင်းရှိ ရုပ်ထီး၊ ကျောက်ထီးစသည်များ

(ဂ) ပိတောက်ပိုင်းစေတီရံအားလုံး

(ဃ) အာရုံခံမုခ်ဦးတန်ဆောင်းကြီး (၄) ခု

(င) စောင်းတန်း(၄)သွယ်ရှိ ရင်ပြင်တော်မုခ်ဦးဆောင်နှင့် အောက်ခြေအဝင် မုခ်ဦးဆောင်ကြီးများ

(စ) ရင်ပြင်တော်ပေါ်ရှိ တန်ဆောင်းကြီးများ ရေကြည်တော်၊ လေးတိုင်စင်၊ သာယာဝတီမင်းခေါင်းလောင်း၊ ဦးဘရီတန်ဆောင်း၊ ကန္နားဈေးတန်ဆောင်း၊ ဒေါ်စောမြတန်ဆောင်း၊ ရခိုင်တန်ဆောင်း၊ အောင်ရွှေထီးတန်ဆောင်း၊ ရွှေတောင်ငွေတောင်တန်ဆောင်း၊ ပုညကုသလအသင်းတန်ဆောင်း

(ဆ) မြေစိုက်စေတီများ၊ စေတီအမှတ်(၆) အောင်ရွှေထီး၊ အမှတ်(၇) အမှတ်(၁၁) အမှတ်(၁၄) သခင်ပုစေတီ၊ ထီးတော်စေတီများ၊ စေတီအမှတ်(၄၅)(၄၇)(၄၈)(၄၉)

www.dhammadownload.com



(ဇ) တံခွန်တိုင်များ၊ ဂူပြာသာဒ် (၈) ခု၊ အောင်မြေဗဟိုမဏ္ဍပ်ဝန်းကျင်
(ဈ) ဓာတ်လှေကား (၃) ဘက် (တောင်၊ အရှေ့၊ မြောက်)
(ည) သိင်္ဂုတ္တရဥယျာဉ်အတွင်းမှ သစ်ပင် အကြီး၊ အလတ်၊ အငယ်များ၊
(ဋ) တောင်ကားကွင်း၊ အရှေ့ကားကွင်း၊ မြောက်ကားကွင်းတို့မှ သစ်ပင်ကြီးငယ်များ

၁၃၇၃ - ခုနှစ်၊ တပေါင်းလဆန်း(၁)ရက် (၂၁.၂.၂၀၁၂)နေ့ နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀) ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲအခမ်းအနားကြီးကို စည်ကားသိုက်မြိုက်စွာကျင်းပပြီးနောက် ညနေ (၆း၃၀) နာရီတွင် ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော် လျှပ်စစ်မီးရောင်စုံ ပူဇော်မှုဖွင့်ပွဲအခမ်းအနားနှင့် ပြိုင်ပွဲအသီးသီးတို့တွင် ဆုရရှိခဲ့သူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ရင်ပြင်တော် ရာဟုထောင့်ရှိ ဒေါ်စောမြတန်ဆောင်း၌ ကျင်းပခဲ့ပါသည်။

## ပန်းပင်ပေါင်း (၅၄၀၀၀၀) ကျော် စိုက်ပျိုးပူဇော်

ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပနေသော ကာလတစ်လျှောက်လုံး၌ ရွှေတိဂုံ သိင်္ဂုတ္တရကုန်းတော်ကြီးတစ်ခုလုံးတွင် ပန်းများဖူးပွင့်ဝေဆာနေစေရေးမှာ အလွန်ကြီးမားကျယ်ပြန့်သောလုပ်ငန်း ကြီးဖြစ်ပါသည်။ အပွင့်ပန်းပေါင်းများစွာကိုဝယ်ယူပြီး လှူဒါန်းခြင်းမဟုတ်ဘဲ အပွင့်ပွင့်နေသော ပန်းပင်ပေါင်းများစွာကို စိုက်ပျိုးလှူဒါန်းရမည်ဖြစ်ပါသည်။ မိမိတို့ရိုးရာ အစဉ်အလာအရ ဗုဒ္ဓမြတ်စွာဘုရားအား လှပလန်းဆန်းသော ပန်းပွင့်များဖြင့် ဆက်ကပ်လှူဒါန်းရခြင်းကို အလွန်နှစ်သက်ဝမ်းမြောက်ကြပါသည်။ သို့ဖြစ်၍ အထူးသဖြင့် ကြုံတောင့်ကြုံခဲလှသော နှစ် (၂၆၀၀) ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် ပါဝင်လှူဒါန်းလိုကြမည်ဖြစ်ပါသည်။ သို့ဖြစ်၍ အများပြည်သူတို့က ပန်းပင် များလှူဒါန်းနိုင်ရန် စီမံဆောင်ရွက်ပေးရပါသည်။ တစ်နည်းအားဖြင့် ဂေါပကအဖွဲ့ရန်ပုံငွေမှ ငွေကြေးစိုက်ထုတ်သုံးစွဲမှု နည်းပြီး အလှူရှင်လှူဒါန်းငွေကို ကျခံသုံးစွဲခြင်းဖြင့် မိမိတို့၏ရည်မှန်းချက်ဖြစ်သော ပွဲတော်ကာလအတွင်း ဖူးပွင့်နေ သော ပန်းပင်များစိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရပါသည်။ မိမိတို့၏ စေတီတော်ဂေါပကအဖွဲ့ရုံးတွင် ဝတ္တကမြေသာယာ ရေးဌာနအမည်ဖြင့် ဌာနကြီးတစ်ခု သီးခြားဖွဲ့စည်းတာဝန်ပေးလျက် ရွှေတိဂုံဝတ္တကမြေအတွင်းနှင့် ဥယျာဉ်ပန်းခြံများကို စိုက်ပျိုးထိန်းသိမ်းလျက်ရှိသောကြောင့် ပန်းပင်များစိုက်ပျိုးရေးမှာ မိမိတို့ ရွှေတိဂုံဂေါပကအဖွဲ့နှင့်စိမ်းသော လုပ်ငန်း မဟုတ်ပါ၊ ဂေါပကအဖွဲ့က လက်လှမ်းမီသောလုပ်ငန်း ဖြစ်ပါသည်။ သို့ရာတွင် ဗုဒ္ဓဘာသာဝင် ပြည်သူအားလုံး ပါဝင်သင့် သောပွဲတော်ကြီးဖြစ်သော အများပြည်သူတို့ပါဝင်စိုက်ပျိုးလှူဒါန်းနိုင်ရေးမှာ အထူးကျွမ်းကျင်သော ပန်းစိုက်ပျိုးသူများမှသာ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ပွဲတော်ကာလအတွင်း ကုန်းတော်တစ်ခုလုံး ပန်းများဖူးပွင့်ဝေဆာနေစေရန် စီစဉ်ဆောင်ရွက်ရာ၌ ကန့်သတ် ချက်များစွာရှိပါသည်။ အဓိကပွဲတော်ကာလမှာ ၁၃၇၃ - ခုနှစ်၊ တပေါင်းလဆန်း(၁)ရက်မှ တပေါင်းလပြည့်နေ့အထိ (၁၅)ရက် (၂၂.၂.၂၀၁၂ မှ ၇.၃.၂၀၁၂)ဖြစ်ပါသည်။ ပွဲတော်အကြိုကာလ သို့မဟုတ် ဆံတော်ကြိုစေတီများသို့ လှည့်လည် ပူဇော်သောကာလမှာ ၁၃၇၃ - ခုနှစ် တပို့တွဲလပြည့်ကျော်(၄)ရက်မှ တပို့တွဲလကွယ်နေ့အထိ (၁၀.၂.၂၀၁၂ မှ ၂၁.၂.၂၀၁၂) အထိဖြစ်ပါသည်။ ပန်းပင်အားလုံးသည် ပွဲတော်ကာလတွင် ဖူးပွင့်နေရမည်ဖြစ်ပါသည်။ ပန်းပင်များသည် အမြင့်ဆုံး ၃၀" မှ ၁၂" အတွင်းဖြစ်ရပါမည်။ ကုန်းတော်တစ်ခုလုံး၌ အောက်ပစ္စယာဗရိယာအများစုသည် ဥယျာဉ်တော်များအဖြစ် တည်ဆောက်ထားသည်ဖြစ်သောကြောင့် ရင်ပြင်တော်နှင့် အလယ်ပစ္စယံတို့တွင်သာ စိုက်ပျိုးရမည် ဖြစ်ပါသည်။ ရင်ပြင် တော်တစ်ခုလုံးသည် ကျောက်ပြားများ၊ ကွန်ကရစ်များခင်းထားသည်ဖြစ်သောကြောင့် တူးဆွစိုက်ပျိုးရန်မဖြစ်နိုင်ပါ။ သို့ ဖြစ်၍ ပျိုးအိတ်၊ ပျိုးခွက်များဖြင့် စိုက်ပျိုးနိုင်သော ရာသီပန်းပင်များကို စိုက်ပျိုးရန်သာ ရွေးချယ်ရပါသည်။

ပွဲတော်ကာလအတွင်း ကုန်းတော်တစ်ခုလုံး ပန်းပင်များဖူးပွင့်ဝေဆာနေစေရေး စိုက်ပျိုးနိုင်ရန်အတွက် ဂေါပက အဖွဲ့သည် ဝတ္တကမြေသာယာရေးဌာန တာဝန်ခံဂေါပကအဖွဲ့ဝင် ဦးသိန်းလင်း ဦးဆောင်သော ပန်းပင်များစိုက်ပျိုးပူဇော် ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။ ပထမအဆင့်အနေဖြင့် ပန်းစိုက်ပျိုး ထုတ်လုပ်သူများ၊ ပျိုးပင်ရောင်းချသူများ၊ ပန်းဝါသနာရှင်များဖြစ်သော ရန်ကုန်မြို့တော်ရှိပျိုးခြံအားလုံးကိုဖိတ်ခေါ်နှိုးဆော်စာများဖြန့်ချီထုတ်ဝေရပါသည်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၌ ထည့်သွင်းကြော်ငြာဖိတ်ခေါ်ရပါသည်။ ဒုတိယအဆင့်အနေဖြင့် ပန်းဝါသနာရှင်အသင်း၊ ရန်ကုန်မြို့

www.dhammadownload.com



တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်ဌာန SPA ကုမ္ပဏီမှပညာရှင်များကို (၂၄.၁၀.၂၀၁၂) နေ့တွင် ဖိတ်ကြားပြီး ပဏာမညှိနှိုင်းတိုင်ပင်ခဲ့ပါသည်။ ယင်းသို့ ညှိနှိုင်းပြီး ဓမ္မခန္ဓာပေါင်း(၈၄၀၀၀) ကိုရည်မှန်း၍ ပန်းပင်ပေါင်း (၈၄၀၀၀) စိုက်ပျိုးရန် ပဏာမညှိနှိုင်းခဲ့ပါသည်။ ဝတ္တကမြေအတွင်း စိုက်ပျိုးနိုင်သော ဧရိယာအားလုံး ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။ ထိုသို့ညှိနှိုင်းချက်အရ ပန်းပင်ပေါင်း(၈၄၀၀၀) သည် ကုန်းတော်ကြီးတစ်ခုလုံးနှင့် နှိုင်းဆပါက အလွန်နည်းသော ပမာဏ သာဖြစ်ကြောင်း ပန်းပင်ပေါင်း(၅)သိန်း၊ (၆)သိန်းမှသာ လှပဝေဆာမည်ဖြစ်ကြောင်း သိရှိရပါသည်။ တတိယအဆင့် အနေဖြင့် ပန်းဝါသနာရှင်အသင်း၏ ဆက်သွယ်ညှိနှိုင်းပေးမှုဖြင့် သစ်ပင်ပန်းပင်များစိုက်ပျိုးရောင်းချသော ပျိုးခြံပိုင်ရှင် များကို (၂၇.၁၀.၂၀၁၂)နေ့တွင်ဖိတ်ကြားပြီး နှီးနှောစည်းရုံးခဲ့ပါသည်။ ပန်းစိုက်ပျိုးသူ ပညာရှင်များအနေဖြင့် ဝမ်းမြောက် ဝမ်းသာ ပါဝင်ကုသိုလ်ပြုကြပါသည်။ ထိုနေ့တွင် ညှိနှိုင်းချက်အရ တစ်ကုန်းတော်လုံး၌ ပန်းပင်ပေါင်းများစွာ စိုက်ပျိုးနိုင် သောနေရာများ ရှာဖွေစိုက်ပျိုးရန် နည်းလမ်းများ သတ်မှတ်ခဲ့ပါသည်။

နည်းလမ်း (၁) စိုက်ပျိုးရေးနည်းပညာကျွမ်းကျင်သူ အလှူရှင်၊ စေတနာရှင်၏အကူအညီဖြင့် ဝတ္တကမြေ သာယာရေးဌာနက ကိုယ်တိုင်စိုက်ပျိုးခြင်း၊

နည်းလမ်း (၂) စိုက်ပျိုးရေးကျွမ်းကျင်သူများအား ဝတ္တကမြေအတွင်းနေရာပေး၍ စိုက်ပျိုးစေပြီး စိုက်ပျိုးထား သောပန်းပင်အား တန်ဘိုးသင့်၍ အလှူရှင်များ လှူဒါန်းနိုင်ရန် စီစဉ်ပေးခြင်း၊

နည်းလမ်း (၃) ပန်းစိုက်ပျိုးထုတ်လုပ်သူများထံသို့ နှီးနှောစာများကြိုတင်ဝေငှပြီးစိုက်ပျိုးစေကာ ဂေါပကအဖွဲ့ က လှည့်လည်သယ်ဆောင်ခြင်း၊

အထက်ဖော်ပြပါ နည်းလမ်း(၁)အရ ဂေါပကအဖွဲ့ရုံး ဝတ္တကမြေသာယာရေးဌာနသည် ပန်းပင်များစိုက်ပျိုးရေး စီမံချက်တစ်ခု ရေးဆွဲတင်ပြပြီး ခန့်မှန်းကုန်ကျငွေ ကျပ်(၁၁၀)သိန်းခန့် တောင်းခံလျက် သိင်္ဂုတ္တရဥယျာဉ်တောင်ဘက် ခြမ်း၌လည်းကောင်း၊ ဗုဒ္ဓဝင်ပြခန်းရှေ့၌လည်းကောင်း၊ တောင်ဘက်ဓါတ်လှေကားအနီး ရေကန်ကြီးပေါ်၌လည်းကောင်း၊ သတ်မှတ်ကာလအတွင်း ဖူးပွင့်နိုင်သော ရာသီပန်း (၁၀) မျိုး စိုက်ပျိုးခဲ့ပါသည်။ ပန်းပင်ပေါင်း(၁၄၅၀၀၀) စိုက်ပျိုးထုတ် လုပ်နိုင်ခဲ့ပါသည်။

ဧရိယာအလိုက်တာဝန်ယူ၍ စိုက်ပျိုးသူအလှူရှင်(၃)ဦးပေါ်ပေါက်ခဲ့ပါသည်။ အရှေ့ဘက်စောင်းတန်း၏ မြောက် ဘက်ရှိ မြေခင်းအလှ လှေကားဝဲယာ၌လည်းကောင်း၊ မြောက်ဘက်စောင်းတန်း၏ အနောက်ဘက်မြေအလှ လှေကား ဝဲယာ၌လည်းကောင်း၊ ဥယျာဉ်အတွင်း နဂါးရေပန်းအဝိုင်းပတ်လည်၌လည်းကောင်း၊ ဧရိယာသတ်မှတ်၍ အလှူရှင် (၃) ဦးက ကိုယ်တိုင်စိုက်ပျိုးလှူဒါန်းပါသည်။

အပွင့်ပွင့်နေသောပန်းပင်ပေါင်း(၅၄၀၀၀၀) စိုက်ပျိုးရေးလုပ်ငန်းအစီအစဉ်၌ သစ်ပင် ပန်းပင်စိုက်ပျိုးရောင်းချခြင်း၊ မြေယာရှုခင်းပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်သော မိုးသောက်ပန်းကုမ္ပဏီနှင့် မြန်မာသီရိကုမ္ပဏီတို့က ပန်းပင်ပေါင်း (၄၅၀၀၀) စီ မတည်လှူဒါန်းပြီး ရွှေတိဂုံစေတီတော် ဝတ္တကမြေအတွင်း အရှေ့ဘက်ထန်းပင်ကုန်းကွင်းနှင့်နှင့် အုန်းပင် ကွင်းတို့တွင် ရာသီပန်းအမျိုးပေါင်း (၁၅) မျိုးကို စနစ်တကျပျိုးထောင်စိုက်ပျိုးခဲ့ပါသည်။ လုပ်သားအင်အား (၁၅၀)ကျော် ခန့်၊ ပညာရှင် (၁၀)ဦးခန့်ဖြင့် ဝတ္တကမြေအတွင်း အခြေပြုနေထိုင်ပြီး ပန်းပင်များစိုက်ပျိုးထုတ်လုပ်ခဲ့ပါသည်။ ထိုကုမ္ပဏီ (၂)ခုက စိုက်ပျိုးထားသော ပန်းပင်များသည် ပွဲတော်အကြိုကာလများ၌စတင်၍ ဖူးပွင့်လာပြီဖြစ်သောကြောင့် ရင်ပြင် တော်ပေါ်ရှိ ဆီမီးခုံများအတွင်း၌ ပန်းပျိုးပင်များ စီစဉ်ခင်းကျင်း၍ စတင်လှူဒါန်းခဲ့ပါသည်။ ပန်းပင်များအား ရင်ပြင်တော်၌ ပျိုးအိပ်အတိုင်း စိုက်ပျိုးထားခြင်းသည် ရှေးယခင်က တစ်ကြိမ်တစ်ခါမျှ တွေ့မြင်ဘူးခြင်းမရှိသောကြောင့် ထိုကာလအတွင်း ရွှေတိဂုံစေတီတော်သို့ လာရောက်သော ဘုရားဖူးများ လွန်စွာနှစ်သက်ကျေနပ်ကြပါသည်။ ပူပြင်းလှသောနွေရာသီတွင် ကွန်ကရစ်အခင်း၊ ကျောက်ပြားအခင်းများဖြင့် မာကျောသော စေတီပုထိုးအဆောက်အဦးများအကြား၌စိမ်းစိုပြီး အပွင့် ပန်းများဖြင့် လန်းဆန်းဝေဆာသော မြင်ကွင်းမှာ ထူးခြားလှပါသည်။ ဆွဲဆောင်မှု အလွန်ကောင်းကြောင်း တွေ့ရပါသည်။

အထက်ဖော်ပြပါပန်းစိုက်ပျိုးရေးအဖွဲ့များသည် နေ့ဆိုင်းညဆိုင်းဖြင့် ပန်းပင်များအား ပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကိုသာမက ပျိုးများကိုသယ်ဆောင်၍ ရင်ပြင်တော်ပေါ်၌ ခင်းကျင်းပြင်ဆင်ပြသသောလုပ်ငန်း များကို ဆောင်ရွက်ရပါသည်။

www.dhammadownload.com



(၆.၁.၂၀၁၂)နေ့မှစတင်၍ တောင်ဘက်ဓာတ်လှေကားအနီး၌လည်းကောင်း၊ ရင်ပြင်တော်မြောက်ဘက်တွင် ပန်းအလှူခံဌာနတစ်ခု သီးခြားဖွင့်လှစ်ခဲ့ပါသည်။ ပန်းပင်ဈေးနှုန်းမှာ သယ်ဆောင်ခြင်း၊ ထိန်းသိမ်းခြင်းအပါအဝင် တစ်ပင်လျှင် ၅၀၀/ - နှင့် ၃၀၀/ - (၂)မျိုးဖြစ်ပါသည်။ တန်ဘိုးသင့်၍ အလှူခံရရှိသောငွေဖြင့် အထက်ဖော်ပြပါ ကုမ္ပဏီများမှ လက်ငင်းငွေချေစနစ်ဖြင့် ချက်ချင်းဝယ်ယူပြီး ပန်းပင်များကို အလှူရှင်ဆန္ဒအတိုင်း သတ်မှတ်နေရာများ၌ ချထားပေးခဲ့ပါသည်။ ပန်းလှူဒါန်းလိုသော အလှူရှင်များ လွန်စွာနစ်သက်ဝမ်းမြောက်ကြပါသည်။ (၆.၁.၂၀၁၂)မှ (၁၃.၂.၂၀၁၂) အထိ ကာလ အတွင်း၌ ပန်းပင်ပေါင်း(၁၅၄၈၄၇)ပင် အလှူခံရရှိပြီး တန်ဘိုးငွေမှာ ၆၈၅၀၀၈၀၀/ - ဖြစ်ပါသည်။ ထိုကာလ အတွင်း၌ ရွှေတိဂုံနှစ် (၂၆၀၀)ပွဲအတွက်ကြိုတင်စီစဉ်စိုက်ပျိုးထားသော မင်းဓမ္မပန်းခြံများ၊ နွယ်ခွေပျိုးခြံများတွင်လှည့်လည်၍အလှူခံသယ်ဆောင်ခဲ့ရာပန်းပင်ပေါင်း(၁၉၅၀၀) အလှူခံရရှိပါသည်။ ထို့ပြင်သာမက (၁၅.၂.၂၀၁၂)နေ့မှ (၅.၃.၂၀၁၂)နေ့ အထိ ပန်းပင်များအလှူခံဌာနဖွင့်၍ဆက်လက် အလှူခံ စိုက်ပျိုးခဲ့ရာ ပန်းပင်ပေါင်းတန်ဘိုးငွေ (၉၃၃၄၆)ထပ်မံရရှိပါသည်။

ပွဲတော်အကြိုကာလမှ ပွဲတော်ပြီးဆုံးသည်အထိ အောက်ဖော်ပြပါနေရာအသီးသီးတို့တွင် အပွင့်ပွင့်နေသော ရာသီပန်းအပင်ပေါင်း (၅၆၀၈၃၀)ကို စိုက်ပျိုးနိုင်ခဲ့ပါသည်။

| | | | |
|---|---|---|---|
| (၁) | ဆီမီးခုံအတွင်းပိုင်း | - | ၁၆၂၀၀ |
| (၂) | အလယ်ပစ္စယံစနေထောင့် | - | ၂၂၅၀၀ |
| (၃) | အလယ်ပစ္စယံအရှေ့ဘက် | - | ၉၂၅၀ |
| (၄) | အလယ်ပစ္စယံအနောက်ဘက် | - | ၈၃၄၀ |
| (၅) | ရင်ပြင်တော်အနောက်မြောက်အုတ်ပြာသာဒ်<br>စေတီများနှင့်ပထမ မဟာရံတံတိုင်း | - | ၂၅၂၀၀ |
| (၆) | ရင်ပြင်တော်အရှေ့မြောက် | - | ၁၉၂၅၀ |
| (၇) | ရင်ပြင်တော်အနောက်တောင် | - | ၈၂၀၀ |
| (၈) | ရင်ပြင်တော်အရှေ့တောင် | - | ၆၅၄၀ |
| (၉) | အောက်ပစ္စယံတောင်ဘက် | - | ၉၆၃၅၀ |
| (၁၀) | အောက်ပစ္စယံဗုဒ္ဓဝင်ပြခန်းရှေ့/ကုန်းစောင်း | - | ၁၃၂၅၀၀ |
| (၁၁) | သိင်္ဂုတ္တရဥယျာဉ်အတွင်း | - | ၂၁၆၅၀၀ |
| | | | ၅၆၀၈၃၀ |

ထို့ပြင်သာမက တောင်ဘက်ဓာတ်လှေကားလျှောက်လမ်းဝဲယာတစ်လျှောက်နှင့်အရှေ့ဘက် ဓာတ်လှေကားဝဲယာ တစ်လျှောက်တို့တွင်လည်းကောင်း၊ အင်္ဂါထောင့် မဟာဗောဓိညောင်ပင်ကြီးတွင်လည်းကောင်း၊ ဖူးပွင့်ဝေဆာနေသော သစ်ခွပန်းအပင်ပေါင်း (၂၀၂)ကိုစိုက်ပျိုးနိုင်ခဲ့ပါသည်။

## ပန်းစေတီ

သိင်္ဂုတ္တရဥယျာဉ်တော်အလယ်ကျွန်းတွင် သံချောင်းများဖြင့် ပန်းပင်များတင်၍ စိုက်ပျိုးနိုင်သော အမြင့် ၁၈' ခန့်ရှိသည့် စေတီပုံတစ်ခုပြုလုပ်ပြီး အပွင့်ပွင့်နေသော ပန်းပျိုးပင်များတင်၍ ပန်းစေတီအဖြစ် တည်ဆောက်စိုက်ပျိုးခဲ့ပါသည်။ ထိုစေတီကိုရံ၍ ပန်းပင်ပေါင်းများစွာကို ဒီဇိုင်းပုံဖော်၍ စိုက်ပျိုးလှူဒါန်းခဲ့ပါသည်။

www.dhammadownload.com



ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကာလအတွင်း ရင်ပြင်တော်နှင့်တကွ
ဝတ္တကမြေတစ်ခုလုံး လျှပ်စစ်မီးရောင်စုံများ ထွန်းညှိပူဇော်ခဲ့ပါသည်။









www.dhammadownload.com

www.dhammadownload.com







ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်

ဗုဒ္ဓပူဇနီယပွဲတော်ကာလအတွင်း

ရာသီပန်းပင်ပေါင်း ၅၄၀၀၀၀ ကျော်ကို

ရွှေတိဂုံစေတီတော်

သိင်္ဂုတ္တရကုန်းတော်ကြီးတစ်ခုလုံး၌

စိုက်ပျိုးပူဇော်ခဲ့ပါသည်။






www.dhammadownload.com



နှစ် (၂၆၀၀) ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲကျင်းပသော (၂၂-၂-၂၀၁၂) ရက်နေ့ နေ့လည် (၁) နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ လင်ဂွမ်းဗုဒ္ဓစွယ်တော်တိုက်တို့ ဗုဒ္ဓသာသနာတော်ဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ (MoU) ကို ရွှေတိဂုံစေတီတော်၌ လက်မှတ်ရေးထိုးပါသည်။

(ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ကိုယ်စား ဩဝါဒါစရိယဆရာတော်၊ ခြောက်ထပ်ကြီး သီဟိုဠ်ဦးဆရာတော် ဘဒ္ဒန္တနန္ဒောဘာသက လက်မှတ်ရေးထိုးပါသည်။)



နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်ချီးမြှင့်ပါသည်။

www.dhammadownload.com





နှစ် (၂၆၀၀) ပြည့်အခမ်းအနားဖွင့်လှစ်သော
(၂၂-၂-၂၀၁၂) ရက်နေ့၊
မွန်းလွဲ (၁) နာရီတွင်
ရွှေတိဂုံစေတီတော်နှင့်
တရုတ်နိုင်ငံ၊ လင်ဂွန်းဘုရားကျောင်းတို့
ဗုဒ္ဓသာသနာတော်ဆိုင်ရာလုပ်ငန်းများ
ပူးပေါင်းဆောင်ရွက်ရန်
နားလည်မှု စာချွန်လွှာ (MoU)
လက်မှတ်ရေးထိုးပါသည်။



www.dhammadownload.com



## ပန်းပင်ပေါင်း (၅၄၀၀၀၀) စိုက်ပျိုးပူဇော်ပွဲအခမ်းအနား

၁၃၇၃ - ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၃)ရက် (၁၀.၂.၂၀၁၂)နေ့တွင် ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ပန်းပင်ပေါင်း(၅၄၀၀၀၀)စိုက်ပျိုးပူဇော်ပွဲနှင့် ဆံတော်ကြိုစေတီများသည် စတင်လှည့်လည်ပူဇော်ခံပွဲ အခမ်းအနားကို ရွှေတိဂုံစေတီတော် အနောက်ဘက်အောက်ပစ္စယံ သိင်္ဂုတ္တရဉယျာဉ်တော်အတွင်း၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ ပထမပိုင်းတွင် ဗဟိုကော်မတီဝင်လူကြီးများက ပန်းစေတီတွင် ဖူးပွင့်ဝေဆာလှပနေသော ပန်းပင်များကို တင်လှူဆက်ကပ် စိုက်ပျိုးပေးပြီး ရေစင်ရေသန့်များ၊ အမွှေးနံ့သာရည်များ ပက်ဖြန်းပေးပါသည်။ ဒုတိယပိုင်းတွင် ရွှေတိဂုံစေတီတော်၊ ပုံတူရွှေသားစေတီ၊ ရွှေတိဂုံစေတီတော်၌ ရှေးယခင်ကတင်လှူခဲ့သော စိန်ဖူးတော်ငှက်မြတ်နားတော်နှင့် ရွှေတိဂုံစေတီတော်၌ ကပ်လှူခဲ့ပြီးသော ရွှေပြားသင်္ကန်းတော်များအား ကရဝိတ်ဖောင်ယာဉ်ကြီးများဖြင့် ပင့်ဆောင်၍ ဆံတော်ကြိုစေတီများ တည်ရှိရာဒေသများသို့ စတင်လှည့်လည်ပူဇော်ခံခြင်းအခမ်းအနားကို ဗဟိုကော်မတီလူကြီးများက ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးပါသည်။

ပန်းပင်ပေါင်း(၅၄၀၀၀၀)စတင် စိုက်ပျိုးပူဇော်ပွဲအခမ်းအနားကျင်းပသော ၁၀/၂/၂၀၁၂ မှ ၃၁/၃/၂၀၁၂ အထိ ရွှေတိဂုံကုန်းတော်ကြီးတစ်ခုလုံး၌ လှပလန်းဆန်းဝေဆာသော ရာသီပန်းပင်များဖြင့် မွန်မြတ်ထက်သန်စွာ စိုက်ပျိုးပူဇော်နိုင်ခဲ့ပါသည်။

## ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှု စာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်း

ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရန် အကြိုကာလတွင် နိုင်ငံတော်အစိုးရသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ပင့်ဆောင်ပြီး မြန်မာဗုဒ္ဓဘာသာဝင်များ ကြည်ညိုပူဇော်နိုင်ရန် စီစဉ်ပေးခဲ့ပါသည်။ တရုတ်ပြည်မှ ဗုဒ္ဓမြတ်စွယ်တော်သည် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၌လည်းကောင်း၊ မန္တလေးမြို့၌လည်းကောင်း၊ နေပြည်တော်ဥပ္ပါတသန္တိစေတီတော်၌လည်းကောင်း (၁၅) ရက်ခန့်စီ ကိန်းဝပ်၍အများပြည်သူတို့၏ပူဇော်ခြင်းကို ခံယူခဲ့ပါသည်။ ဗုဒ္ဓမြတ်စွယ်တော်အား တိုင်းရင်းသားပြည်သူများက ဖူးမြော်ကြည်ညိုရှိခိုးမှုသာမက အလှူတော်ငွေများနှင့် အဖိုးတန်လက်ဝတ်ရတနာများ၊ ကျောက်မျက်ရတနာများကို လှူဒါန်းခဲ့ပါသည်။

ဗုဒ္ဓမြတ်စွယ်တော် မြန်မာနိုင်ငံသို့ ကြွရောက်ပူဇော်ခံခြင်းကို အကြောင်းခံ၍ ချစ်ကြည်ရင်းနှီးမှု ပိုမိုလာသည်နှင့်အမျှ ဗုဒ္ဓသာသနာတော်ဆိုင်ရာလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ လင်ဂွန်း ဗုဒ္ဓစွယ်တော်တိုက် ထိန်းသိမ်းရေးအဖွဲ့တို့ နားလည်မှုစာချွန်လွှာတစ်ရပ် လက်မှတ်ရေးထိုးရန်နှင့် စွယ်တော်တိုက် ထိန်းသိမ်းရေးအဖွဲ့မှ ဆရာတော်များအား ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀) ပြည့် ဗုဒ္ဓပူဇနီယပွဲတော်သို့ ပင့်လျှောက်ရန် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဦးဆောင်စီစဉ်ခဲ့ပါသည်။

နားလည်မှုစာချွန်လွှာရေးထိုးပွဲအခမ်းအနားကိုနှစ်(၂၆၀၀)ပြည့်ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲအခမ်းအနားကျင်းပသော ၁၃၇၃ - ခုနှစ် တပေါင်းလဆန်း(၁)ရက်၊ (၂၂.၆.၂၀၁၂)နေ့ မွန်းလွဲ(၁၄း၀၀) နာရီတွင် ကျင်းပခဲ့ပါသည်။

နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်နိုင်ငံ သာသနာရေးဗျူရိုမှ ဒုတိယဝန်ကြီး Mr Zhang Le Bin တို့ တက်ရောက်ချီးမြှင့်ပါသည်။

နားလည်မှုစာချွန်လွှာအား ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကိုယ်စား ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဘဒ္ဒန္တ နန္ဒောဘာသ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော်ဩဝါဒါစရိယ ခြောက်ထပ်ကြီး သီဟိုဠ်ဆရာတော်ဘုရားကြီးက လက်မှတ်ရေးထိုးပါသည်။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပေကျင်းမြို့ လင်ဂွန်းဗုဒ္ဓစွယ်တော်တိုက်ကိုယ်စား ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဆရာတော် Ven. Chan Zang ကလက်မှတ်ရေးထိုးပါသည်။

ထိုနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီး(၃)ပါး၊

www.dhammadownload.com



သာသနာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနှင့် သာသနာရေးဝန်ကြီးဌာနမှ အကြီးအကဲများ၊ ဂေါပကအဖွဲ့ဝင်လူကြီးများ တက်ရောက်ကြပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ စွယ်တော်တိုက် ဆရာတော်(၅)ပါး၊ သာသနာရေးဗျူရိုမှ ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံတရုတ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပါသည်။ ထိုနေ့က ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာအား နောက်ဆက်တွဲစာရင်းဖြင့် ဖော်ပြထားပါသည်။

## ရွှေတိဂုံစေတီတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ပွဲတော်ကျင်းပခြင်း အထိမ်းအမှတ်အနေဖြင့် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီး(၁၀)ပါး အနက်(၃)ပါးခန့်ကို ရွေးချယ်ပြီး ဘွဲ့တံဆိပ်တော်တစ်မျိုးတွင် ဆက်ကပ်ရန် အကြံပြုလမ်းညွှန်ပါသည်။ သာသနာရေးဆိုင်ရာ အမှတ်တရအခမ်းအနားကြီးများ ကျင်းပသည့်အခါတွင် ထိုကဲ့သို့ ချီးမြှောက်သင့်သောပုဂ္ဂိုလ်များ ချီးမြှောက်လေ့ရှိကြောင်းလည်း သိရှိရပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့သည် ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းနှင့်စပ်လျဉ်း၍ အကျွမ်းဝင် ရင်းနှီးခြင်း မရှိသောကြောင့် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဗိုလ်ငွေကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသ ကလေးဝတောရကျောင်း စာသင်တိုက် အရှင်သူမြတ်ထံ လျှောက်ထားခဲ့ရာ ဆရာတော်ဘုရားက အောက်ဖော်ပြပါဘွဲ့တံဆိပ်တော် အမည်များရွေးချယ်ပေးပါသည်။

- သိင်္ဂုတ္တရမဟာဓမ္မရာဇာ
- သိင်္ဂုတ္တရပဝရမဟာဓမ္မရာဇာ
- သိင်္ဂုတ္တရသိရီမဟာဓမ္မရာဇာ
- သိင်္ဂုတ္တရရာဇာဓိရာဇာ
- သိင်္ဂုတ္တရပဝရရာဇာဓိရာဇာ
- သိင်္ဂုတ္တရသိရီရာဇာဓိရာဇာ
- သိင်္ဂုတ္တရပဝရသိရီမဟာဓမ္မရာဇာ
- သိင်္ဂုတ္တရပဝရသိရီရာဇာဓိရာဇာ

(ပထမ ၃ ခု - } အဆင့်မြင့်)

ထိုဘွဲ့တံဆိပ်တော်များအနက် သိင်္ဂုတ္တရပဝရသိရီမဟာဓမ္မရာဇာ ဘွဲ့တံဆိပ်တော်ကို ရွေးချယ်သတ်မှတ်ပါသည်။ ဘွဲ့တံဆိပ်တော်ဆက်ကပ်ရန် ရွေးချယ်ရာတွင် ရွှေတိဂုံစေတီတော်၌ဆောင်ရွက်သော သာသနာရေးဆိုင်ရာ အခမ်းအနားများတွင် ဦးဆောင်ပါဝင်သော အခြေအနေကိုလည်းကောင်း၊ ရွှေတိဂုံစေတီတော်၌ ဩဝါဒါစရိယ ဆရာတော်အဖြစ် ဆောင်ရွက်သောကာလကို အခြေခံ၍လည်းကောင်း၊ ဝါတော်ကိုအခြေခံ၍လည်းကောင်း၊ နိုင်ငံတော်ကဆက်ကပ်သော ဘွဲ့တံဆိပ်တော်များကိုအခြေခံ၍လည်းကောင်း အောက်ဖော်ပြပါ ဩဝါဒါစရိယဆရာတော်ကြီး (၃) ပါးကို ဘွဲ့တံဆိပ်တော်ဆက်ကပ်ရန် ဂေါပကအဖွဲ့က ပဏာမရွေးချယ်ပါသည်။

- ဆရာတော်ဘဒ္ဒန္တနန္ဒောဘာသ
  (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
  နိုင်ငံတော်ဩဝါဒါစရိယ
  သီဂီဦးကျောင်းတိုက်၊ ခြောက်ထပ်ကြီး၊ ဗဟန်းမြို့နယ်။
- ဆရာတော်ဘဒ္ဒန္တသောဘဏ
  (အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု)
  နိုင်ငံတော်ဩဝါဒါစရိယ
  ညောင်တုန်းကျောင်းတိုက်၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။
- ဆရာတော်ဘဒ္ဒန္တသောဘန
  (အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)
  နိုင်ငံတော်ဩဝါဒါစရိယမြသိန်းတန်ကျောင်းတိုက်၊ ပုဇွန်တောင်မြို့နယ်။

www.dhammadownload.com



ဂေါပကအဖွဲ့က ပဏာမရွေးချယ်သော ဆရာတော်ကြီးများစာရင်းကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့တင်ပြပြီး အတည်ပြုချက်ရယူခဲ့ပါသည်။

ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော် အောင်မြင်ပြီးမြောက်ခြင်း၊ ရေစက်ချ အနုမောဒနာ အခမ်းအနားကျင်းပသော တပေါင်းလပြည့်နေ့တွင် ထိုဆရာတော်ကြီး(၃)ပါးတို့အား သိင်္ဂုတ္တရပဝရသိရီမဟာဓမ္မရာဇာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပါသည်။ နဝကမ္မအလှူငွေ (၁၀)သိန်းကျပ်စီကို လှူဒါန်းခဲ့ပါသည်။ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းလုပ်ငန်းသည် မိမိတို့နှင့် အကျွမ်းတဝင်မရှိသောကြောင့် ဆရာတော်ကြီးများထံသို့ လှည့်လည် လျှောက်ထားပြီး လမ်းညွှန်ဩဝါဒခံယူကာ ဘွဲ့တံဆိပ်တော်ခံယူမည်ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိစာတမ်းရိုက်နှိပ်ရပါသည်။ ဘွဲ့တံဆိပ်တော်ခံယူမည် ညောင်တုန်းဆရာတော်ကြီးသည် ကျန်းမာရေးမကောင်းသဖြင့် ရွှေဂုံတိုင်အထူးကုဆေးခန်းတွင် ဆေးကုသမှု ခံယူနေဆဲဖြစ်၍ ဆရာတော်ဘုရားကြီး၏ဓါတ်ပုံကြီးကို ပူဇော်ခံပလ္လင်၌ ဆရာထားပြီး ချီးကျူးပူဇော်ခြင်းပြုလုပ်ရပါသည်။ ဘွဲ့တံဆိပ်တော်နှင့် နဝကမ္မအလှူငွေကို ဆေးရုံသို့သွားရောက်ပြီး ဆက်ကပ်လှူဒါန်းရပါသည်။

## အမှတ်တရ လက်ဆောင်ပစ္စည်း

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သည် ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ ပြည့်ပွဲတော်ကာလအတွင်း၌ ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးရောက်ရှိလာကြသော အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများအနေဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သက်တမ်းတော်နှစ်ပေါင်း ၂၆၀၀ပြည့်သောကြောင့် နှစ် ၂၆၀၀ ပြည့်ပွဲတော်ကြီးကို ဘာသာရေး အနှစ်သာရပြည့်ဝစွာဖြင့် ကျင်းပမည်ကို သတိပြုအမှတ်ရစေရန်အတွက် ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ ထုတ်လုပ်ရောင်းချခဲ့ပါသည်။ လက်ဆောင်ပစ္စည်းများပြုလုပ်စီစဉ်ရောင်းချနိုင်ရန်အတွက် ဂေါပက အဖွဲ့ဝင် ဦးသောင်းညွန့် (စက်မှု)၊ ဂေါပကအဖွဲ့ဝင် ဦးမြင့်အုန်းတို့ ဦးဆောင်ပြီး ရုံးအဖွဲ့မှူးနှင့် ဌာနမှူးများ ပါဝင်သောအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။

ထိုအဖွဲ့သည် သတင်းစာ၊ ဂျာနယ်များတွင် ကြော်ငြာထည့်သွင်း၍ လက်ဆောင်ပစ္စည်း ပြုလုပ် တင်သွင်းရောင်းချလိုသူများကို ဖိတ်ခေါ်ခဲ့ပါသည်။ တင်သွင်းလာသော ပစ္စည်းများကို စီစစ်ပြီး သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်၌ အရောင်းဆိုင်(၂)ဆိုင်ဖွင့်လှစ်ပြီး ဂေါပကအဖွဲ့ရုံးမှ အလှည့်ကျထုတ်နုတ်သော ဝန်ထမ်းအင်အားဖြင့် ရောင်းချခဲ့ပါသည်။ ပွဲတော်အကြို ကာလတွင် ဆံတော်ကြိုစေတီတည်ရှိရာဒေသများသို့ လှည့်လည်ပူဇော်ခံရာ၌ နှစ် ၂၆၀၀ ပြည့် အထိမ်း အမှတ်လက်ဆောင်ပစ္စည်းများ ရောင်းချခဲ့ပါသည်။ ရောင်းချခဲ့သော လက်ဆောင်ပစ္စည်းအမျိုးအမည်ပေါင်း (၆၁) မျိုးရှိပြီး ဝယ်ယူခဲ့သော အရင်းတန်ဘိုးမှာ (၁၀၆၅၁၄၃၁၅/ -)ဖြစ်ပါသည်။ အမြတ်ရငွေပေါင်း (၂၉၃၈၅၀၈၅/ -) ဖြစ်ပါသည်။ (ရောင်းချခဲ့သော ပစ္စည်းစာရင်းနှင့် အရေအတွက်တို့ကို နောက်ဆက်တွဲ စာရင်းဖြင့် ဖော်ပြထားပါသည်။)



www.dhammadownload.com



## နှစ် ၂၆၀၀ ပြည့်အထိမ်းအမှတ်စာတမ်းဖတ်ပွဲ

ပွဲတော်အကြိုကာလတွင် ရွှေတိဂုံစေတီတော်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို အများပြည်သူတို့ ကျယ်ကျယ်ပြန့်ပြန့် သိရှိပြီး ရွှေတိဂုံစေတီတော်အား ပိုမိုမြတ်နိုးကြည်ညိုနိုင်စေရန် ၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၃) ရက်၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ (၂၁) ရက်နေ့တွင် ရွှေတိဂုံစေတီတော် ရင်ပြင်ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်မြောက်ခဲ့သဖြင့် နှစ် ၂၆၀၀ ပြည့်ပွဲတော်ကြီး ကျင်းပကြောင်း ဗုဒ္ဓဘာသာဝင် ပြည်သူများ၏နှလုံးအိမ်တွင် စွဲထင်စေကာ ရွှေတိဂုံစေတီတော်၏ကြီးမြတ်သော ဂုဏ်တော်များကို ပိုမိုသက်ဝင်ယုံကြည်ကာ ကုသိုလ်တရားများတိုးပွါးရရှိစေပြီး ဗုဒ္ဓသာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ကြစေရန် ရည်ရွယ်၍ အောက်ဖော်ပြပါ သမိုင်းပညာရှင်ကြီးများက မိမိတို့လေ့လာ ရေးသားထားသော စာတမ်းများကို ဖတ်ကြားပူဇော်ကြပါသည် -

(၁) စဥ့်ကူးမင်းခေါင်းလောင်းတော်ကမ္ဗည်းစာတမ်း - ဒေါက်တာခင်မောင်ညွန့် စည်သူခင်မောင်ညွန့် - မဟာသဒ္ဓမ္မဇောတိကဓဇ

(၂) ခေတ်ပြိုင်မှတ်တမ်းများက ပြောသော မြတ်ဘုရား ရွှေတိဂုံစာတမ်း - ဒေါက်တာတိုးလှ ဒုတိယဥက္ကဋ္ဌ - မြန်မာသမိုင်းအဖွဲ့

(၃) ရွှေတိဂုံဓမ္မစေတီကျောက်စာပါ ရွှေတိဂုံစေတီတော်မြတ်သမိုင်း - ဒေါက်တာကျော်ဝင်း၊ ပါမောက္ခဌာနမှူး (ငြိမ်း) သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ် အတွင်းရေးမှူး - မြန်မာသမိုင်းအဖွဲ့

(၄) ရွှေတိဂုံစေတီတော် ရင်ပြင်ပေါ်ရှိ အနုပညာ လက်ရာမြောက် တန်ဆောင်းများ - ဒေါက်တာစံပယ် - တွဲဖက်ပါမောက္ခ သမိုင်းဌာန - ပဲခူးတက္ကသိုလ်

ထိုစာတမ်းဖတ်ပွဲအခမ်းအနား၌ ဦးအုံ့မောင် - နိုင်ငံတော်အကြံပေး (မောင်အုံ့၊ မဟာဝိဇ္ဇာ ဘုံဘေ) က အခမ်းအနား သဘာပတိအဖြစ်ဦးဆောင်ပြီး ဒေါက်တာအောင်မြင့်ဦး (ရန်ကုန်တက္ကသိုလ်) က အခမ်းအနားမှူးအဖြစ် ပါဝင်ကုသိုလ်ပြု ကြပါသည်။

ရွှေတိဂုံစေတီတော်ရင်ပြင်ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်းနှင့် ဦးဘိုးသောင်းတန်ဆောင်း (၂) ခုတို့တွင် ကျင်းပရာ တန်ဆောင်း (၂) ခုလုံးသာမက ပတ်ဝန်းကျင်တွင် ပရိသတ်များပြည့်လျှံခဲ့ပါသည်။ စာတမ်းဖတ်သူပညာရှင်များက ၎င်းတို့ ဖတ်ကြားသောစာတမ်းပါ အထောက်အထားဓါတ်ပုံများကို ဆလိုက်ပရိုဂျက်တာများဖြင့် ရှင်းလင်းတင်ပြခဲ့ပါသည်။ စာတမ်းဖတ်သူဆရာကြီးများနှင့် အခမ်းအနားမှူး၊ အခမ်းအနားသဘာပတိတို့အား ဂေါပကအဖွဲ့က ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများနှင့် ဉာဏ်ပူဇော်ခ ငွေတစ်သိန်းကျပ်စီ ချီးမြှင့်ပူဇော်ပြီး ဂေါပကအဖွဲ့ရုံး၌ ဂုဏ်ပြုနေ့လည်စာဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။ ထိုအခမ်းအနားတွင် ပညာရှင်များ ဖတ်ကြားသော စာတမ်းအကျဉ်းချုပ်များကိုစုစည်း၍ သီးခြားမှတ်တမ်းတင်ထားရှိပါသည်။ ထိုစာတမ်းဖတ်ပွဲ အခမ်းအနားအစီအစဉ်ကို နောက်ဆက်တွဲစာရင်းဖြင့် ဖော်ပြထားပါသည်။ ပညာရှင်အသီးသီးတို့ ဖတ်ကြားသော အကျဉ်းချုပ်စာတမ်းများကိုစုစည်း ပြီး စာတမ်းတစ်စောင်အဖြစ်မှတ်တမ်းထားပါသည်။ (စာတမ်းဖတ်ပွဲ အခမ်းအနားအစီအစဉ်ကို နောက်ဆက်တွဲစာရင်းဖြင့် ဖော်ပြထားပါသည်။)

www.dhammadownload.com





# အခန်း (၃)

## ကျင်းပခဲ့သော အခမ်းအနားကြီးများ

ရွှေတိဂုံစေတီတော်နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် အချိန်ကာလအလိုက် ဘာသာရေး အနှစ်သာရ ပြည့်ဝစွာဖြင့် ခမ်းခမ်းနားနားသိုက်သိုက်မြိုက်မြိုက် အောက်ဖော်ပြပါအတိုင်း အခမ်းအနားပေါင်းများစွာကို ကျင်းပခဲ့ပါသည်။

(က) ပန်းပင်ပေါင်း(၅၄၀၀၀၀)ကျော် စိုက်ပျိုးပူဇော်ပွဲနှင့် ဆံတော်ကြွစေတီများသို့ စတင်လှည့်လည်ပူဇော်ပွဲ အခမ်းအနား

(၁၀-၂-၂၀၁၂)နေ့ နံနက်(၇)နာရီတွင် ရွှေတိဂုံစေတီတော် အနောက်ဘက် အောက်ပစ္စယံသိင်္ဂုတ္တရ ဥယျာဉ်အလယ်ကျွန်း၌ ပန်းပင်ပေါင်း (၅၄၀၀၀၀)ကျော် စိုက်ပျိုးပူဇော်ပွဲနှင့် ဆံတော်ကြွစေတီများသို့ စတင် လှည့်လည်ပူဇော်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပပြီး (၂၆၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီး စတင် ခဲ့ပါသည်။

ထိုအခမ်းအနားတွင် ပထမပိုင်းအနေဖြင့် ပန်းပင်ပေါင်း(၅၄၀၀၀၀)ကျော် စိုက်ပျိုးပူဇော်ပွဲကြီးကျင်းပရာ လှည့်လည်ပူဇော်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင် နှင့်ဂေါပကအဖွဲ့ဝင်လူကြီးများ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ပန်းစိုက်ပျိုးသူများ၊ ဂေါပကအဖွဲ့ရုံး ဝန်ထမ်းများနှင့် လှည့်လည်ပူဇော်ခံရေးလုပ်ငန်းတွင် ပါဝင်ကြမည့် ကုသိုလ်ရှင်များ တက်ရောက်ကြပါသည်။ အခမ်းအနားသဘာပတိအဖြစ် ဂေါပကအဖွဲ့အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင်ဒေါက်တာတင်သိန်းလွင်က ဦးဆောင်ပြီး အခမ်းအနားမှူးအဖြစ် ရုံးအဖွဲ့မှူး ဦးဝင်းကြိုင်က ဆောင်ရွက်ပါသည်။

ပထမဦးစွာ အခမ်းအနားကို နမောတဿ(၃)ကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီးနောက် သဘာပတိဂေါပကအဖွဲ့ဝင် ဒေါက်တာတင်သိန်းလွင်က အဖွင့်မင်္ဂလာစကားပြောကြားပါသည်၊ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော အကြီးအကဲများက ဖူးပွင့်လှပဝေဆာနေသော ပန်းပင်များအား ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဆက်ကပ်လှူဒါန်းပါသည်။ ပန်းပင်များ ဆက်ကပ်လှူဒါန်းရာ၌ ညီညွတ်စေရန် ရုံးအဖွဲ့မှူးက အသံချဲ့စက်ဖြင့် ဦးဆောင်တိုင်ကြားပေးပါသည်၊ ဆက်လက်၍ ဦးဆောင်သူ အကြီးအကဲများက ပန်းပင်များအား ပန်းစေတီတွင် ပန်းပင်များစိုက်ပျိုးပူဇော်ပေးပြီး ရေစင်ရေသန့်များဖြင့် သွန်းလောင်းပေးပါသည်။ ထို့နောက် အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြပြီး အခမ်းအနားပထမပိုင်းကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းကြပါသည်။

www.dhammadownload.com



အခမ်းအနားအစီအစဉ် ဒုတိယပိုင်းမစတင်မီ လှည့်လည်ပူဇော်ခံရာတွင် ပါဝင်မည့် အဆောင်အယောင် မော်တော်ယာဉ်ကြီးများဖြစ်သော

- မင်္ဂလာစည်တော်တင်သော နဖူးစီးစာတမ်းဆင်ထားသည့် မော်တော်ယာဉ်ကြီး
- ရွှေစေတီတင် ဒေဝါဝင်းရံသော ပန်းအလှယာဉ်ကြီး
- စိန်ဖူးငှက်မြတ်နားတင် လေ့ရော့ယိမ်းရံသော ကရဝိတ်ယာဉ်ကြီး
- ရွှေပြားသင်္ကန်းများတင် ရာဇာဝင်းရံသော ကြိုးကြာငှက်ယာဉ်ကြီး

တို့အား အခမ်းအနားကျင်းပမည့်နေရာသို့ ပြောင်းရွှေ့နေရာယူရပ်နားပြီး ထိုယာဉ်ကြီးများကို ဝန်းရံကာ ပရိသတ်များက အသင့်နေရာယူကြပါသည်။

ထို့နောက် ဆံတော်ကြိုစေတီများသို့ စတင်လှည့်လည်ပူဇော်ခံခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ပထမဦးစွာ "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပါသည်။ ထို့နောက် ပရိသတ်အားလုံးတို့က ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ မျက်နှာမူ၍ လက်အုပ်ချီ အာရုံပြုလျက် "ဣတိပိသောဘဂဝါ" အစရှိသောဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်များရွတ်ပွားပူဇော်ပါသည်။ ဆက်လက်၍ ဆံတော်ကြိုစေတီများသို့လှည့်လည်ပူဇော်ခံရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိတို့က လှည့်လည်ပူဇော်ခံရာတွင်ပါဝင်မည့် ရွှေတိဂုံပုံတူရွှေသားစေတီအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ပါသည်။ ထို့နောက် ရွှေစေတီယာဉ်ကြီးရှေ့တွင် အကြီးအကဲများ အသင့်နေရာယူပြီး မင်္ဂလာအခါကျရောက်ချိန်တွင် မိုးပျံပူဖေါင်းများကို ပြင်ဆင်ထားသော ရတနာရွှေကြိုးကို ရွှေကပ်ကြေးများဖြင့်ဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးပါသည်။ ပရိသတ်များလက်တွင် ကိုင်ဆောင်ထားသော မိုးပျံပူဖောင်းများကို တစ်ပြိုင်တည်းလွှတ်တင်ပါသည်။ ထိုအချိန်တွင် စေတနာသမ္မာရမင်္ဂလာစည်တော်အဖွဲ့က အောင်စည်အောင်မောင်းများတီးခတ်၍ မင်္ဂလာကရဝိတ် ဖောင်ယာဉ်တန်းကြီး စတင်ထွက်ခွာသွားပါသည်။

လှည့်လည်ပူဇော်ခံရာ၌ပါဝင်သော ရွှေစေတီ၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေပြားသင်္ကန်းတော်များ တင်ဆောင်သောယာဉ်တန်းကြီးသည် ယင်းနေ့ညနေပိုင်းတွင် ကွမ်းခြံကုန်းမြို့သို့ရောက်ရှိပြီး မြို့လယ်ဓမ္မာရုံကြီးတွင် တစ်ညတာ ကိန်းဝပ်ရပ်နားပါသည်။ (၁၁.၂.၂၀၁၂) မှစတင်ကာ ဆံတော်ကြိုစေတီများသို့ လှည့်လည်ပူဇော်ခံပါသည်။

ဖွင့်ပွဲအခမ်းအနားအစီအစဉ်နှင့်အလှည့်ကျသဘာပတိပြောကြားသော အဖွင့်မင်္ဂလာစကားကို နောက်ဆက်တွဲစာရင်းဖြင့် ဖော်ပြထားပါသည်။

(ခ) ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနား

၁၃၇၃ - ခုနှစ် တပေါင်းလဆန်း(၁)ရက် (၂၂.၂.၂၀၁၂)နေ့တွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့် အောင်မြေ၌ဆောက်လုပ်ထားသော ဗဟိုမဏ္ဍပ်ကြီးတွင် နှစ်(၂၆၀၀)ပြည့်ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

မိမိတို့ရွှေတိဂုံစေတီတော်၌ နှစ်စဉ်တပေါင်းလဆန်း(၆)ရက်မှ တပေါင်းလပြည့်နေ့အထိ (၁၀)ရက် တိုင်တိုင် ဗုဒ္ဓပူဇနီယပွဲတော်တွင် ထည့်သွင်းကျင်းပလေ့ရှိသော အစီအစဉ်အားလုံးသည် ဘာသာရေးဆိုင်ရာ အနှစ်သာရကို ဖော်ဆောင်သောကြောင့် ထိုအစီအစဉ်အားလုံးကို အခြေခံကျောရိုးအနေဖြင့် သတ်မှတ်၍ နှစ်(၂၆၀၀) ပြည့်ပွဲကြီးတွင် ပိုမိုသိုက်မြိုက်စေရန်ပေါင်းစပ်စီစဉ်ခြင်းဖြစ်ပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် သံဃာပရိသတ်၊ လူပရိသတ်ပိုမိုများပြားစွာ တက်ရောက်နိုင်ရန် အောင်မြေနေရာကြီးတစ်ခုလုံးကို ဗဟိုမဏ္ဍပ်ကြီးအဖြစ် ယာယီဆောက်လုပ်ရပါသည်။ ထီးတော်ရုံတန်ဆောင်းကိုကျောပေး၍ သံဃာစင်ဆောက်လုပ်ရပါသည်။ အောင်မြေမဏ္ဍပ်ကြီးနှင့် ချမ်းသာကြီးတန်ဆောင်း၊ ဦးဘိုးသောင်းတန်ဆောင်း တို့ကို တစ်ဆက်တည်းဖြစ်စေရန် ခင်းကျင်းပြင်ဆင်ရပါသည်။ အောင်မြေမဏ္ဍပ်ကြီးအတွင်း သံဃာစင်ရှေ့တွင်

www.dhammadownload.com



ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်အကြို
ဆံတော်ကြိုစေတီတည်ရှိရာ ဒေသများသို့
ရွှေတိဂုံစေတီတော် (ကိုယ်ပွား) ရွှေသားစေတီ၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့်
ရွှေပြားသင်္ကန်းတော်များအား လှည့်လည်အပူဇော်ခံရန် စတင်ထွက်ခွာခြင်းအခမ်းအနား။
(၁၀-၂-၂၀၁၂)



www.dhammadownload.com



လှည့်လည်ပူဇော်ခံခြင်း အစီအစဉ်၌ ပါဝင်သော ရွှေဟောင်းစိန်ဖူးတော်၊ ငှက်မြတ်နားတော်များနှင့် ရွှေပြား သင်္ကန်းတော်များကို အခမ်းအနားမရှိသောအချိန်၌ ပူဇော်ခံထားရှိရပါသည်။ ချမ်းသာကြီးတန်ဆောင်းအတွင်း သံဃာစင်ပေါ်တွင် နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များ၊ ပဋ္ဌာန်းပွဲ၊ ပဋ္ဌာန်းပရိတ်ချည်၊ ပဋ္ဌာန်းရေ၊ ပန်းဆီမီးစသည်တို့ ထားရှိပူဇော်ပြီး၊ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ရန် ရတနာယရစ်အိမ်တော်ကိုလည်း ထားရှိရပါသည်။

နှစ်စဉ်ကျင်းပမြဲ အခမ်းအနား၌ပါဝင်သော သံဃာတော်၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီးစသော ပရိသတ်အမျိုးလေးပါးတို့အား အရေအတွက် (၂၆၀) ပါးစီ စီစဉ်ရပါသည်။

ဖွင့်ပွဲ အခမ်းအနားကျင်းပသည့် တပေါင်းလဆန်း (၁) ရက်နေ့ နံနက် (၈) နာရီတွင် ရွှေတိဂုံဘာသာ ရေးအသင်းအဖွဲ့များ၊ ဝန်ထမ်းများနှင့်အလှူရှင်များတို့သည် စေတီတော်ရင်ပြင်တောင်ဘက် ရွှေဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းရှေ့တွင် စုစည်းပြီး နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များအား ခမ်းနားထည်ဝါသော အဆောင်အယောင်များဖြင့် ရင်ပြင်တော်၌ လှည့်လည်ပူဇော်ခံ၍ ချမ်းသာကြီးတန်ဆောင်း သံဃာစင်ပေါ်ရှိ ပလ္လင်ပေါ်သို့ ပင့်ဆောင်ကြပါသည်။ နံနက် (၉) နာရီတွင် ပင့်လျှောက်ထားသော သံဃာတော် (၂၆၀) ပါးနှင့် သီလရှင် (၂၆၀) ပါး၊ အမျိုးသား (၂၆၀) ဦး၊ အမျိုးသမီး (၂၆၀) ဦးတို့သည် ကြိုတင်သတ်မှတ်ထားရှိသော တန်ဆောင်းများသို့ ရောက်ရှိနေရာယူကြပါသည်။ ပင့်လျှောက်ထားသော နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ အထူးပင့်လျှောက်ထားသော တရုတ် ပြည်သူ့သမ္မတနိုင်ငံတော် ပေကျင်းမြို့ လင်ကွမ်းစွယ်တော်တိုက်မှ သံဃာတော် (၅)ပါး စုစုပေါင်း သံဃာတော် (၄၁)ပါးတို့သည် ရာဟုထောင့်အောင်မြေ ဗဟိုမဏ္ဍပ်ကြီးရှိ သံဃာစင်သို့ ကြွရောက်ကြပါသည်။ ထိုနည်းတူစွာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသူရဦးမြင့်မောင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီး ချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရွှေတိဂုံဂေါပကအဖွဲ့ဝင် လူကြီးများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘာသာရေးအသင်းများသည် အောင်မြေအရပ်ရှိ ဗဟိုမဏ္ဍပ်ကြီးတွင် ရောက်ရှိနေရာယူကြပါသည်။ အခမ်းအနားမစတင်မီ သဘင်အနုပညာရှင် မန္တလေးသိန်းဇော် နှင့်အဖွဲ့က ဓမ္မတေးများ၊ ရွှေတိဂုံဘုန်းတော်ဘွဲ့တေးများဖြင့် ပူဇော်ကြပါသည်။ ထိုအခမ်းအနားတွင် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးဝင်းကြိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပါသည်။

ဗဟိုမဏ္ဍပ်အတွင်း၌ ဦးဆောင်သံဃာတော်များ၊ အကြီးအကဲများနှင့် ပရိသတ်များ စုံညီစွာရောက်သည့် အခါ နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို “နမောတဿ” သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီးနောက် ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဒေါက်တာတင်သိန်းလွင်က အခမ်းအနား ကျင်းပခြင်းနှင့် စပ်လျဉ်း၍ အဖွင့်မင်္ဂလာစကား လျှောက်ထားအပ်ပါသည်။ ဆက်လက်၍ စိန့်ပေါလ်ကျောင်းသား ဟောင်းအသင်းမှ ဦးအောင်ဆန်းက မြတ်စွာဘုရားအား ပင့်ပန်လျှောက်ထားပြီး ဂေါပကအဖွဲ့ရုံးမှ ဦးအောင်မြင့်ထွန်း က ကုသိုလ်တော်အတူပြုရန် နတ်ပြဟ္မာများကိုဖိတ်ကြားပါသည်။ ထို့နောက်သဘင်အနုပညာရှင် မန္တလေး သိန်းဇော်က ဓမ္မပူဇာတေးဖြင့် ပူဇော်ပါသည်။ ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တ ကုမာရာဘိဝံသ အရှင်သူမြတ်ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ပြီးနောက် မြတ်ဗုဒ္ဓ၏ သဗ္ဗညုတ ဉာဏ်ရောင်မြတ်တန်ဆောင်ကို  လေးမြတ်ကော် ရော် ပူဇော်သောအားဖြင့် ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီး၊ သာသနာ ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမြင့်မောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပွဲတော်ကျင်းပ ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ လူမှုရေးဝန်ကြီးဒေါက်တာမြင့်သိန်းတို့က ချမ်းသာကြီးတန်ဆောင်း ဘုရားစင်ရှေ့တွင် အသင့်ပြင်ဆင်ထားသော ဆီမီးဖယောင်းတိုင်ကြီးများကို ထွန်းညှိပူဇော်ကြပါသည်။ ထို အချိန်တွင် ရွှေတိဂုံကုန်းတော်ကြီးတစ်ခုလုံးရှိ ကြေးစည်၊ မောင်း၊ ခေါင်းလောင်း၊ စည်တော် စသည်တို့အား ကိုး ချက်စီ ရိုက်ခတ်တီးလျက် အထက်ဘဝဂ် အောက်အဝီစိတိုင်ကြားသိစေရန် ရွှေတိဂုံဗုဒ္ဓပူဇနီယပွဲတော်ကြီး ဖွင့်လှစ်ခြင်းကို ကောင်းချီးသြဘာပေးကြပါသည်။ ထို့နောက်ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပါသည်။ ဆက်လက်၍ ဗဟိုမဏ္ဍပ်ကြီးအတွင်းရှိဦးဆောင်သံဃာတော်များ၊ လူပရိသတ်များ

www.dhammadownload.com



ရင်ပြင်တော်ပေါ်ရှိတန်ဆောင်းအသီးသီးတို့တွင်အသင့်နေရာယူထားကြသော သံဃာတော်(၂၆၀၀) ပါး၊ သီလရှင် (၂၆၀) ပါး၊ အမျိုးသား (၂၆၀) ဦး၊အမျိုးသမီး (၂၆၀) ဦးတို့က မဟာပဋ္ဌာန်းပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသတို့ကို ပြိုင်တူညီညာစွာ ရွတ်ဆိုပူဇော်ကြပါသည်။ ပြီးသည့်အခါ ရတနာယရစ်အိမ်၌ အသင့်သီတင်းသုံးလျက်ရှိသော သံဃာတော်တစ်ပါးက မဟာပဋ္ဌာန်းဒေသနာတော်ကို ဆက်လက်ရွတ်ဖတ်ပူဇော်ပါသည်။ ထိုမှဆက်၍ပွဲတော်ကြီး ပြီးသည်အထိ တစ်နေ့လျှင် သံဃာတော်(၁၂)ပါးတို့က အလှည့်ကျ အသံမစဲရွတ်ဖတ်ပူဇော်ကြပါသည်။

ထိုနောက်ဦးဆောင်သံဃာတော်များအား ထီးတော်ရုံတန်ဆောင်းသို့ ပင့်ဆောင်ပြီး နေ့ဆွမ်းဆက်ကပ်ခြင်းနှင့်အတူ ဧည့်သည်တော်များကိုနေ့လည်စာဖြင့် ဧည့်ခံကျွေးမွေးပါသည်။ အလားတူ အခြားတန်ဆောင်းများ၌ မဟာပဋ္ဌာန်းရွတ်ဖတ်ကြသော ၂၆၀ ပါးစီသော ပရိသတ်အမျိုး (၄)ပါးတို့အား နေ့ဆွမ်းဆက်ကပ်ကြပါသည်။ (ဖွင့်ပွဲအခမ်းအနားအစီအစဉ်များနှင့် အလှည့်ကျသဘာပတိ၏ လျှောက်ထားလွှာကို နောက်ဆက်တွဲစာရင်းဖြင့် ဖော်ပြထားပါသည်။)

## (ဂ) ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော် လျှပ်စစ်မီးရောင်စုံပူဇော်ပွဲဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်ဗုဒ္ဓပူဇနိယပွဲတော်ကြီးကျင်းပရာ၌ ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်ရှိ အထက်ပစ္စယံ၊ စေတီရံများ၊ တန်ဆောင်းဇရပ်များ၊ ဆီမီးခုံစေတီရံများ၊ စောင်းတန်းမုခ်ဦးများ၊ ဓာတ်လှေကားများ သာမက ဥယျာဉ်ပန်းခြံများနှင့် သစ်ပင်ကြီးငယ်ပေါင်းများစွာတို့အား လျှပ်စစ်မီးရောင်စုံများ ထွန်းညှိပူဇော်သော ကုသိုလ်တော်အစီအစဉ်တစ်ရပ် ထည့်သွင်းကျင်းပခဲ့ပါသည်။

လျှပ်စစ်မီးရောင်စုံများကို လှပဝေဆာစွာ ထွန်းညှိပူဇော်ထားရှိပြီး ဗုဒ္ဓပူဇနိယပွဲတော် စတင်ဖွင့်လှစ်သော ၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း (၁) ရက်၊ ၂၂.၂.၂၀၁၂ ရက်နေ့၊ ည (၆) နာရီတွင် လျှပ်စစ်မီးရောင်စုံပူဇော်ပွဲဖွင့်ပွဲ အခမ်းအနားကို ကျင်းပခဲ့ပါသည်။

ရွှေတိဂုံစေတီတော် နှစ်၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော် အကြိုကာလလှုပ်ရှားမှုများအနေဖြင့် ပြိုင်ပွဲပေါင်းများစွာကျင်းပခဲ့ရာ ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကိုလည်း လျှပ်စစ်မီးရောင်စုံပူဇော်ပွဲ ဖွင့်ပွဲနှင့်အတူ ပေါင်းစပ်ကျင်းပခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားကိုရွှေတိဂုံစေတီတော်ရင်ပြင်တော်ရာဟုထောင့်ဒေါ်စောမြတန်ဆောင်းတွင်းကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအမှူးပြုသော အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းတရားသူကြီးနှင့် တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ဂေါပကအဖွဲ့ဝင်လူကြီးများ၊ ဆုရရှိသူများ၊ ပြိုင်ပွဲကျင်းပပေးသော ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပန်းပညာရှင်အစည်းအရုံးမှတာဝန်ရှိသူများ၊ ဆုရရှိသူများ ဘာသာရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြပါသည်။ ထိုအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ရုံးအဖွဲ့မှူးဦးဝင်းကြိုင်ကဆောင်ရွက်ပါသည်။

အခမ်းအနားကို နမောတဿ (၃) ကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပါသည်။ ထို့နောက် လုံခြုံရေး ဆပ်ကော်မတီနှင့် ပျော်ပွဲရွှင်ပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးသိန်းလင်းက အခမ်းအနားဖွင့် မင်္ဂလာစကားပြောကြားပါသည်။ ဆက်လက်၍ပရိသတ်အပေါင်းတို့က စေတီတော်မြတ်ကြီးသို့မျက်နှာမူလက်အုပ် ချီအာရုံပြုကာ လျှပ်စစ်မီးရောင်စုံများအား သဒ္ဓါစွက်ရဝဖြင့် ရိုရိုသေသေ လေးလေးစားစား ဆက်ကပ် ပူဇော်နိုင်ရန် အခမ်းအနားမှူးက ဦးဆောင်တိုင်ကြားပေးပါသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးမြင့်ဆွေက သာသနိကအဆောက်အဦများ၌ တပ်ဆင်ထားသော လျှပ်စစ်မီးရောင်စုံများကို စက်ခလုပ်နှိပ်၍ ဖွင့်လှစ်ပေးသည့်အခါကုန်းတော်တစ်ခုလုံး၌ တပ်ဆင်ထားသောလျှပ်စစ်မီးရောင်စုံအားလုံးလှပဝေဆာစွာလင်း၍လာပါသည်။ ထိုအချိန်တွင်ပရိသတ်အပေါင်းတို့က သာဓုအနုမောဒနာပြုကြပါသည်။

www.dhammadownload.com



နှစ် (၂၆၀၀) ပြည့် ဗုဒ္ဓပူဇနီယပွဲတော်
စတင်ဖွင့်လှစ်သော
(၂၂-၂-၂၀၁၂) ရက်နေ့ညတွင်
လျှပ်စစ်မီးရောင်စုံ ပူဇော်ပွဲကို
ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်
စက်ခလုပ်နှိပ်၍ ဖွင့်လှစ်ပေးပါသည်။







မီးရောင်စုံပူဇော်ပွဲ၊ ဖွင့်ပွဲနှင့်အတူ
နှစ် (၂၆၀၀) ပြည့် အထိမ်းအမှတ်
လှုပ်ရှားမှုပြိုင်ပွဲများတွင် ဆုရရှိသူများအား
ဆုချီးမြှင့်ပြီးနောက် ဆုရပန်းချီကားများအား
ကြည့်ရှုအားပေးစဉ်။

www.dhammadownload.com





နှစ် (၂၆၀၀) ပြည့် ဗုဒ္ဓပူဇနိယပွဲတော်
လျှပ်စစ်မီးရောင်စုံ ထွန်းညှိပူဇော်ပွဲနှင့်
လှုပ်ရှားမှုပြိုင်ပွဲ အသီးသီးတွင်
ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို
(၂၂-၂-၂၀၁၂) ရက်နေ့၊
ညနေ (၆း၃၀) နာရီတွင်
ရင်ပြင်တော် ရာဟုထောင့်
ဒေါ်စောမြတန်စောင်း၌ ကျင်းပစဉ်။





www.dhammadownload.com



ထို့နောက် ဆုရိုးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ အမှူးပြုသော အကြီးအကဲများက ဆုများရိုးမြှင့်ကြပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" (၃)ကြိမ် ရွတ်ဆိုဆုတောင်း၍ ရုတ်သိမ်းကြပါသည်။

အခမ်းအနားရုပ်သိမ်းပြီးနောက် ပန်းချီပြိုင်ပွဲတွင် ဆုအဆင့်အသီးသီးရရှိကြသော ဆုရပန်းချီကားများကို အကြီးအကဲများက လှည့်လည်ကြည့်ရှုအားပေးကြပါသည်။

(အခမ်းအနားအစီအစဉ်များနှင့် အဖွင့်မင်္ဂလာစကားတို့အား နောက်ဆက်တွဲစာရင်းများဖြင့်ဖော်ပြထားပါသည်။)

ထိုနေ့ည ထိုအချိန်မှစတင်၍ ရွှေတိဂုံစေတီတော် အောက်ပစ္စယံ တပ်မတော်ဓမ္မာရုံကြီး၌တရားပွဲများ ညစဉ်ကျင်းပပါသည်။ ပျော်ပွဲရွှင်ပွဲများလည်း ညစဉ်ကျင်းပပါသည်။

(ယ) ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနား

ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀) ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကျင်းပရာ၌ ဗုဒ္ဓပူဇနီယအနေဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော် (၂၆၀၀)ပါးတို့ဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ မူလစီမံချက်အရ တပေါင်းလဆန်း (၁၄) ရက် သို့မဟုတ် (၆.၃.၂၀၁၂)နေ့တွင် ကျင်းပရန်လျာထားခဲ့သော်လည်း တပေါင်းလပြည့်နေ့တွင် နေပြည်တော်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပမည်ဖြစ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ဆရာတော်ကြီးများနှင့် ဗဟိုဝန်ဆောင် ဆရာတော်ကြီးများက ထိုအခမ်းအနားများသို့ တက်ရောက်ရမည်ဖြစ်၍ ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲသို့ကြွရောက်နိုင်ခြင်းမရှိသောကြောင့် (၂၅.၂.၂၀၁၂) နေ့တွင် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲကို ပြောင်းလဲကျင်းပရပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးအားသံဃာတော်(၂၆၀၀)ပါးတို့ဖြင့်ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီးနောက် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရခြင်းသည် အချိန်တိုကာလအတွင်းသံဃာတော် (၂၆၀၀)ပါးတို့ အား ပင့်ဆောင်စုစည်းခြင်း၊ အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ ရင်ပြင်တော်သို့ ပင့်ဆောင်ခြင်း၊ စနစ်တကျ ကြည်ညိုဖွယ်ဖြစ်စေရန် နေရာချထားသီတင်းသုံးစေခြင်း၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ သတ်မှတ်နေရာများ၌ ဆွမ်းဆန်တော်များ အလှူခံခြင်း၊ သက်ဆိုင်ရာကျောင်းတိုက်များသို့ အလှူခံရရှိသော ပစ္စည်းများနှင့်အတူ ပြန်လည်ပို့ဆောင်ပေးခြင်းအစရှိသော လုပ်ငန်းပေါင်းများစွာတို့အား အချိန်တိုကာလအတွင်း၌ စနစ်တကျ လူအင်အားများစွာပေါင်းစပ်၍ ဆောင်ရွက်ခဲ့ရပါသည်။ အလွန်ကြီးကျယ်ခမ်းနားသော ဗုဒ္ဓပူဇာ၊ သံဃပူဇာပွဲတော်ကြီးအဖြစ် ရွှေတိဂုံစေတီတော်သမိုင်းတွင် မော်ကွန်းတင်နိုင်ခဲ့ပါသည်။

(ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနား ကျင်းပခဲ့ခြင်းကို သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် ရေးသားထားသော အစီရင်ခံစာများအား မူရင်းအတိုင်း နောက်ဆက်တွဲစာရင်းဖြင့် ဖော်ပြထားပါသည်။)

(ရ) ဆဋ္ဌအကြိမ် သံဃအစည်းအဝေးသို့ တက်ရောက်တော်မူသော သံဃာဥသျှောင်ဆရာတော်များက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းနှင့် ဆွမ်းဆန်တော်လောင်းလှူခြင်း

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲအခမ်းအနား (၂၂.၇.၂၀၁၂) ကျင်းပရာ၌ ကြွရောက်လာကြသော ရွှေတိဂုံသြဝါဒါစရိယဆရာတော်ကြီးများက (၂၅.၂.၂၀၁၂) နေ့တွင် ကျင်းပမည့် သံဃာတော် (၂၆၀၀)ပါးဖြင့် ရွှေတိဂုံစေတီတော်ကြီးကို ဗုဒ္ဓါဘိသေကအနေကဇာတင်ရာ၌ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၌ ကျင်းပသော ဆဋ္ဌအကြိမ် သံဃမဟာနာယကအဖွဲ့အစည်းအဝေးကြီးသို့ ကြွရောက်တော်မူကြမည့်မြန်မာနိုင်ငံတော်တစ်ဝှမ်းလုံးမှ နိုင်ငံတော်ဗဟိုဝန်ဆောင်ဆရာတော်ကြီးများအားပင့်ဖိတ်သင့်ကြောင်း အနယ်နယ်အရပ်ရပ်မှ ဦးဆောင်ဆရာတော်ကြီးများဖြစ်ကြ၍ ရွှေတိဂုံနှစ်(၂၆၀၀)ပွဲကြီးပိုမိုခမ်းနားသွားမည်ဖြစ်

www.dhammadownload.com



ကြောင်း ဩဝါဒပြုတော်မူကြပါသည်။ သို့ရာတွင် ဆဋ္ဌအကြိမ်သံဃာအစည်းအဝေးကြီးသည်ဖေဖော်ဝါရီလ (၂၇) (၂၈) (၂၉)ရက်များတွင် ကျင်းပမည်ဖြစ်ပြီး (၂၆) ရက်မှ ဗဟိုဝန်ဆောင် ဆရာတော်ကြီးများ ရန်ကုန်မြို့သို့ အစုံအညီရောက်ရှိကြမည်ဖြစ်သောကြောင့် (၂၅.၂.၂၀၁၂) နေ့တွင် ကျင်းပမည့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲသို့ ပင့်လျှောက်၍ မရနိုင်ပါ။

သို့ဖြစ်၍ (၂၉.၂.၂၀၁၂) နေ့တွင် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုဝန်ဆောင်အစည်းအဝေးသို့ ကြွရောက်တော်မူသော ဗဟိုဝန်ဆောင်ဆရာတော်ကြီး(၃၈၀)ပါးတို့အား ရွှေတိဂုံစေတီတော်သို့ ပင့်လျှောက်ပြီး အထက်ပစ္စယံမှ စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူခဲ့ပါသည်။ (၂၅.၂.၂၀၁၂)နေ့တွင် ကျင်းပသော သံဃာတော်(၂၆၀၀)ဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲကဲ့သို့ စောင်းတန်းများ၌ ဆွမ်းဆန်တော် လောင်းလှူခြင်းမရှိပါ၊ သို့ရာတွင် ဖော်ပြပါ ဆရာတော်ကြီး(၃၈၀)ပါးတို့အား စေတီတော် ဂေါပကအဖွဲ့က တစ်ပါးလျှင်တစ်သိန်းကျပ်စီမတည်လှူဒါန်းခဲ့ပါသည်။ ထိုနေ့တွင် နှစ်စဉ်ကျင်းပသော ရွှေတိဂုံဗုဒ္ဓပူဇနီယတပေါင်းပွဲ၌ ပင့်ဆောင်နေကြဖြစ်သောသီလရှင် (၂၇) ပါးကိုလည်းပင့်ဖိတ်၍ ဆွမ်းဆန်တော်များလောင်းလှူခဲ့ပါသည်။ သံဃာ့ဥသျှောင်ဆရာတော်ကြီး(၃၈၀)ပါးနှင့် သီလရှင်(၂၇)ပါးတို့အား ဆွမ်းဆန်တော်လောင်းလှူရာတွင် ရဟန်းရှင်လူပြည်သူအများပါဝင်၍ ဆွမ်းဆန်တော်လောင်းလှူနိုင်ရန်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ မြန်မာ့ရုပ်သံ၊ ရေဒီယို စသည်တို့မှ နှိုးဆော်ဖိတ်ခေါ်ထားရှိရပါသည်။ သို့ဖြစ်၍ ဆွမ်းဆန်တော်လောင်းလှူပွဲသည်များစွာ စည်ကားသိုက်မြိုက်ခဲ့ပါသည်။

(စ) ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ပြည့်ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းခြင်းအခမ်းအနား

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ၁၃၇၃ခုနှစ်၊ တပေါင်းလဆန်း (၁) ရက်နေ့မှ တပေါင်းလပြည့်နေ့ (၂၂.၂.၂၀၁၂ မှ ၇.၃.၂၀၁၂ ထိ) စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာတွင် ပွဲတော်ကြီး၏ နောက်ဆုံးနေ့ဖြစ်သော တပေါင်းလပြည့်နေ့ နံနက်အရုဏ်တက်ချိန်တွင် စေတီတော်ကြီးအား ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပြီး နံနက် (၉) နာရီတွင် ဗုဒ္ဓပူဇနီယပွဲတော်ကြီးအောင်မြင်ပြီးမြောက်ခြင်း အထိမ်းအမှတ် ရေစက်ချအနုမောဒနာ မဟာမင်္ဂလာအခမ်းအနားနှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကိုကျင်းပခဲ့ပါသည်။

တပေါင်းလပြည့်နေ့ အရုဏ်တက်ချိန်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး နံ့သာများဖြင့် ဆက်ကပ်လှူဒါန်းခြင်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင် (၄) ခုတို့မှ သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးက ဦးဆောင်ပြီး အများပြည်သူတို့ပေါင်းစုကုသိုလ်ပြုခဲ့ကြပါသည်။ ထိုသို့စီစဉ်ရာ၌ ရင်ပြင်တော်ပတ်လည်တွင် ဇရိယာ (၄) ခုခွဲခြား၍ သတ်မှတ်ဇရိယာတစ်ခုလျှင် ခရိုင်အလိုက် ဆွမ်းနှင့် ဆီမီး ၂၆၀၀၊ သစ်သီး ၂၆၀၀၊ ပန်း ၂၆၀၀၊ ရေတော် ၂၆၀၀ တို့ကို အောက်ပါအတိုင်း ပေါင်းစုကုသိုလ်ပြုခဲ့ကြပါသည် -

(က) အနောက်ဘက်အာရုံခံမုခ်ဦးတန်ဆောင်းနှင့် စနေထောင့်ဇရိယာ အနောက်ပိုင်းခရိုင်
(ခ) မြောက်ဘက်အာရုံခံမုခ်ဦးတန်ဆောင်းနှင့် ရာဟုထောင့်ဇရိယာ မြောက်ပိုင်းခရိုင်
(ဂ) အရှေ့ဘက်အာရုံခံမုခ်ဦးတန်ဆောင်းနှင့် တနင်္ဂနွေထောင့်ဇရိယာ အရှေ့ပိုင်းခရိုင်
(ဃ) တောင်ဘက်အာရုံခံမုခ်ဦးတန်ဆောင်းနှင့် အင်္ဂါထောင့်ဇရိယာ တောင်ပိုင်းခရိုင်

အထက်ပါ ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းခြင်း အစီအစဉ်တွင် ဂေါပကအဖွဲ့က ရင်ပြင်တော်ပတ်လည်၌ ဆွမ်းတော်တင်ခုံများ စီစဉ်ပေးပြီး ပန်းအိုးအရွယ်မျိုးစုံ(၂၅) လုံးစီ စီစဉ်ချထားပေးခဲ့ပါသည်။ အခြားလိုအပ်သော ဆွမ်းတော်တင်ပစ္စည်းများ၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီးစသည်တို့ကို ခရိုင်အလိုက် အလှူရှင်များက လှပဝေဆာစွာ မွမ်းမံပြင်ဆင်ကြပြီး နံနက် (၅) နာရီခွဲအချိန်တွင် မိမိတို့လှူဒါန်းသော ဆွမ်းတော်ပွဲများရှေ့တွင် ခရိုင်အလိုက် အလှူရှင်များ စုစည်း၍လည်းကောင်း၊ ဗဟိုမဏ္ဍပ်တွင်ပွဲတော်ကျင်းပရေး ဗဟိုကော်မတီနှင့်ဘာသာရေးအသင်းအဖွဲ့များ စုဖွဲ့၍လည်းကောင်း၊ သဏ္ဍာန်စွဂါရဝဖြစ်အောင် ကိုယ်တိုင်ကိုယ်ကျ ဆွမ်းတော်ကြီး ကပ်လှူခဲ့ကြပါသည်။

www.dhammadownload.com



(ဆ) ဗုဒ္ဓပူဇနိယပွဲတော်ကြီးအောင်မြင်ပြီးမြောက်ခြင်း အထိမ်းအမှတ် ရေစက်ချအနုမောဒနာမဟာမင်္ဂလာ အခမ်းအနားနှင့်ရွှေတိဂုံစေတီတော်နှစ်၂၆၀၀ပြည့်အထိမ်းအမှတ်ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်း

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီး အောင်မြင်ပြီးမြောက်ခြင်းအထိမ်းအမှတ် ရေစက်ချအနုမောဒနာ မဟာမင်္ဂလာအခမ်းအနားနှင့် ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ ပြည့်အထိမ်းအမှတ်ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတို့ကို တပေါင်းလပြည့်နေ့ နံနက် (၉) နာရီအချိန်တွင် ရင်ပြင်တော်ရာဟုထောင့်အောင်မြေဗဟိုမဏ္ဍပ်တွင် တပေါင်းတည်းကျင်းပခဲ့ပါသည်။ ရေစက်ချအနုမောဒနာ မဟာမင်္ဂလာ အခမ်းအနားနှင့် ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိုင်းသံဃနာယကအဖွဲ့မှ ဆရာတော်ကြီးများ စုစုပေါင်း (၄၀) ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပွဲတော်ကျင်းပရေးဗဟိုကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ အစိုးရဌာန၊ လုပ်ငန်းအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့ရှိစေတီ၊ ပုထိုးများမှ ဂေါပကအဖွဲ့ဝင်များ၊ စာတမ်းဖတ်ပွဲတွင် ပါဝင်ခဲ့ကြသည့် ပညာရှင်များ၊ စာတမ်းရှင်များ၊ အထိမ်းအမှတ်ပြိုင်ပွဲများတွင်ဆုရရှိသူများ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်များနှင့် ဘုရားဖူးပြည်သူများ စုံညီစွာ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရှေးဦးစွာ ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးအောင်မြင်ပြီးမြောက်ကြောင်းဇယမင်္ဂလာ၊ အနုမောဒနာနှင့် ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ ပြည့်အထိမ်းအမှတ် ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းဆိုင်ရာထောမနာ စာတမ်းကို ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့အလှည့်ကျသဘာပတိဂေါပကအဖွဲ့ဝင် ဦးစိန်ဝင်းအောင်က ဖတ်ကြားလျှောက်ထားခြင်း၊ သဘင်အနုပညာရှင် မန္တလေးသိန်းဇော်က ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ ပြည့်ဗုဒ္ဓပူဇနိယပွဲတော်ကြီး အောင်မြင်ပြီးမြောက်ခြင်းဆိုင်ရာဇယမင်္ဂလာကေပိုဒ်ရတုဖြင့် ပူဇော်ခြင်း၊ ပရိသတ်အပေါင်းတို့က ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး သီဟိုဠ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ)အရှင်သူမြတ်ထံမှ နဝင်္ဂသီလခံယူဆောက်တည်ခြင်း၊ ဆရာတော်ကြီးများက မေတ္တာသုတ်ပရိတ်တော်များရွတ်ဖွား ချီးမြှင့်ခြင်းများ ဆောင်ရွက်တော်မူကြပါသည်။

ထို့နောက် ရွှေတိဂုံစေတီတော်နှစ်၂၆၀၀ပြည့် အထိမ်းအမှတ်အနေဖြင့် ဂေါပကအဖွဲ့အား ဗုဒ္ဓသာသနာတော်ဆိုင်ရာ ရွှေတိဂုံစေတီတော်ဆိုင်ရာလုပ်ငန်းများ၌မလွဲမမှားစေရန်မေတ္တာရှေ့ထား၊ ဂရုဏာပွားကာစဉ်ဆက်မပြတ် ဦးဆောင်လမ်းညွှန်မှုပြုခဲ့သော ရွှေတိဂုံစေတီတော်ဩဝါဒါစရိယဆရာတော်(၃)ပါးတို့အား ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲကိုကျင်းပရာတွင်ရှေးဦးစွာဆရာတော်ကြီးများအားပူဇော်ခံပလ္လင်များသို့ပင့်ဆောင်ကြပါသည်။ ၎င်းနောက်ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဆရာတော်ကြီးတစ်ပါးစီ၏ ထေရုပ္ပတ္တိကို ဖတ်ကြားတော်မူရာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၊ ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်၊ သီဟိုဠ်ကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒောဘာသမဟာထေရ်၏ထေရုပ္ပတ္တိကိုဦးအောင်မြင့်ထွန်း (ပြတိုက်၊ ပြခန်းဌာန)ကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးဗဟန်းမြို့နယ် ပါဠိတက္ကသိုလ်၊ ညောင်တုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောဘဏမဟာထေရ်၏ ထေရုပ္ပတ္တိကိုဦးဝင်းကြိုင် (ရုံးအဖွဲ့မှူး)ကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်၊ မြသိန်းတန် ပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တသောဘနမဟာထေရ်၏ထေရုပ္ပတ္တိကို ဦးဟန်တင်(ဘဏ္ဍာရေးဌာန)ကလည်းကောင်း အသီးသီး ဖတ်ကြားကြပါသည်။

ဆက်လက်၍ ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်း ခံရသည့်ဆရာတော်ကြီး (၃) ပါးအနက် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသောဘဏ မဟာထေရ်သည် ကျန်းမာရေးအခြေအနေအရ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲသို့ ကြွရောက်နိုင်ခြင်းမရှိသဖြင့် ကိုယ်တိုင်ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးနှစ်ပါးဖြစ်သည့် ခြောက်ထပ်ကြီး

www.dhammadownload.com



ဘုရားကြီးကျောင်းတိုက်၊ သီဂိဦးကျောင်းဆရာတော်ဘဒ္ဒန္တနန္ဒောဘာသမဟာထေရ်နှင့် မြသိန်းတန် ပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တသောဘနမဟာထေရ်တို့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက "သိင်္ဂုတ္တရပဝရသိရီမဟာဓမ္မရာဇာ" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ပါသည်။ ထို့နောက် ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့် ဆရာတော်ကြီးများအတွက် လှူဖွယ်ဝတ္ထုများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ဂေါပကအဖွဲ့ဝင်များက ဆက်ကပ် လှူဒါန်းကြပါသည်။ ၎င်းနောက် ပရိသတ်အပေါင်းတို့က ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ၊ မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဇာဂရာဘိဝံသထံမှ အနုမောဒနာ တရားနာကြားပြီး ရေစက်ချ အမျှပေးဝေကြပါသည်။

ထို့နောက်ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီး စတင်ကျင်းပစဉ်က ကုသိုလ်တော်အတူ ပြုရန် ဖိတ်ကြားခဲ့သော နတ်ပြဟ္မာများအား ဂါထာပါး၍ ပြန်ပို့ခြင်းကို ဦးအောင်မြင့်ထွန်း (ပြတိုက်၊ ပြခန်းဌာန) က လည်းကောင်း၊ ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီး အောင်မြင်ပြီးမြောက်ကြောင်း အောင်ဩဘာစာဖတ်ကြားခြင်းကို ဦးဝင်းကြိုင် (ရုံးအဖွဲ့မှူး) ကလည်းကောင်း ဆောင်ရွက်ကြပြီး "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

(အခမ်းအနားအစီအစဉ်များနှင့် အလှည့်ကျသဘာပတိဂေါပကအဖွဲ့ဝင် ဦးစိန်ဝင်းအောင် ဖတ်ကြားလျှောက်ထားသော အနုမောဒနာစာတမ်းကို နောက်ဆက်တွဲစာရင်းဖြင့် ဖော်ပြထားပါသည်)

www.dhammadownload.com



# အခန်း (၄)

# လုပ်ငန်းဆပ်ကော်မတီအလိုက်ဆောင်ရွက်ချက်များ

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယ ပွဲတော်ကြီး ကျင်းပသော အချိန်ကာလသည် နိုင်ငံတော်အနေဖြင့် ဒီမိုကရေစီစနစ်သို့ စတင်ကူးပြောင်းစ အချိန်ကာလဖြစ်ပါသည်။ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်၏ အရေးကြီးတာဝန်များကြားမှပင် နိုင်ငံတော်၏ ကျက်သရေဆောင် ပုံရိပ်ဖြစ်သော ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်ပွဲတော်ကြီးကို မွန်မြတ်ထက်သန်သော စေတနာဖြင့် ကြီးကြပ်ဦးဆောင်ပေးခဲ့ပါသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေဦးဆောင်သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးတစ်ခုလုံး စည်ကားသိုက်မြိုက် အေးချမ်းစွာ ကျင်းပနိုင်ရေးအတွက် ကြီးကြပ်ဦးဆောင်မှုပေးခဲ့ပါသည်။ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဖွဲ့စည်းတာဝန်ပေးသော လုပ်ငန်းဆပ်ကော်မတီ အများစုတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများကို ဥက္ကဋ္ဌများအနေဖြင့် တာဝန်ပေးခဲ့ပါသည်။ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်လူကြီးများကို ဒုဥက္ကဋ္ဌများအနေဖြင့် လည်းကောင်း၊ ဂေါပကအဖွဲ့ရုံးဌာန အသီးသီးရှိ ရုံးအဖွဲ့မှူး၊ ဒုရုံးအဖွဲ့မှူးနှင့် ဌာနမှူးများအား အတွင်းရေးမှူးများအနေဖြင့် လည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်ပြီး တိုင်းအဆင့်၊ ခရိုင်အဆင့် တာဝန်ရှိသူများအား အဖွဲ့ဝင်များ၊ အဖွဲ့ငယ်ခေါင်းဆောင်များအနေဖြင့် ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့သည် ရွှေတိဂုံနှစ် ၂၆၀၀ပြည့်ပွဲတော်ကြီးကျင်းပရာ၌အဓိကအခြေခံဖြစ်သောကြောင့်ပွဲတော်အကြိုကာလ ၂၀၁၁ ခုနှစ်မှစတင်၍ဘာသာရေးဆိုင်ရာ အနှစ်သာရပေါင်းများစွာ ပါဝင်သော အခမ်းအနားကြီးဖြစ်စေရန် ခမ်းနားသိုက်မြိုက်စေရန် ကြိုတင်ပြင်ဆင်မှုများစွာ ပြုလုပ်ကြရပါသည်။

ပွဲတော်အကြိုကာလမှသည် ပွဲတော်ကာလ၊ ပွဲတော်ပြီးဆုံး၍ ငွေစာရင်းပစ္စည်းစာရင်းများ ပိတ်သိမ်းပြီးသည်အထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေအရပ်ရပ်ကို ဆပ်ကော်မတီအလိုက် လုပ်ငန်းအစီရင်ခံစာများ ရေးသားမှတ်တမ်းတင်ထား ရှိပါသည်။ သက်ဆိုင်ရာလုပ်ငန်းဆပ်ကော်မတီအလိုက် လုပ်ငန်းအစီရင်ခံစာများကို မူရင်းအတိုင်းဖော်ပြထားပါသည်။

www.dhammadownload.com



# ရွှေတိဂုံစေတီတော်
# နှစ် (၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်
# ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူရေး ဆပ်ကော်မတီ
# လုပ်ငန်းဆောင်ရွက်ပြီးစီးမှု
# အစီရင်ခံစာ

## နိဒါန်း

၁။ မဟာသက္ကရာဇ် ၁၀၃ - ခုနှစ်တွင် စတင်တည်ထားပူဇော်ခဲ့သော လေးဆူဓါတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးသည် သာသနာတော်နှစ် ၂၅၅၅၊ ကောဇာသက္ကရာဇ် ၁၃၇၃ - ခုနှစ်၊ ခရစ်နှစ် ၂၀၁၂ - ခုနှစ်တွင် နှစ်ပေါင်း ၂၆၀၀ ပြည့်မြောက်ခဲ့ပါသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ဗုဒ္ဓသာသနာတော်၏ မီးရှူးတန်ဆောင်ဖြစ်သည့်သာမကပြည်ထောင်စုမြန်မာနိုင်ငံတော်၏ကျက်သရေဆောင် ပုံရိပ်လည်းဖြစ်ရာ ကြုံတောင့်ကြုံခဲလှသော ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်ပွဲတော်ကြီးအား ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ၏ လမ်းညွှန်ဩဝါဒကိုခံယူပြီး သာသနာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသ ကြီး အစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် ၁၃၇၃ - ခုနှစ်၊ တပေါင်းလဆန်း(၁)ရက်မှ တပေါင်းလပြည့်နေ့ (၂၂ - ၂ - ၂၀၁၂မှ ၇ - ၃ - ၂၀၁၂နေ့)အထိ (၁၅) ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

၂။ ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကျင်းပရေးဗဟိုကော်မတီနှင့် ဆပ်ကော်မတီ (၉)ခုကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရာတွင် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူရေး ဆပ်ကော်မတီသည်လည်း ဆပ်ကော်မတီတစ်ခုအနေဖြင့် ပါဝင်ခဲ့ပါသည်။

## ရည်ရွယ်ချက်

၃။ ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် စေတီတော်ကြီးအား ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာဟုဆိုအပ်သော ပူဇော်ခြင်း အမျိုးမျိုးတို့ဖြင့် ပူဇော်ရာ၌ ဗုဒ္ဓပူဇာအနေဖြင့် ၁၃၇၃ - ခုနှစ်၊ တပေါင်းလဆန်း (၄) ရက် (၂၅-၂-၂၀၁၂)နေ့ အရုဏ်တက်တွင် ဝတ္တကမြေအတွင်းရှိ ဇရပ်ဓမ္မာရုံများတွင် သံဃာတော်(၂၆၀၀)ပါးတို့အား အရုဏ်ဆွမ်းဆက်ကပ်ပြီးနောက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော်အပါး(၂၆၀၀)ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် ဆွမ်းဆန်တော်လောင်းလှူခြင်း၊ တပေါင်းလဆန်း (၈) ရက် (၂၉ - ၂ - ၂၀၁၂) တွင် စေတီတော်ကြီးအား ဒုတိယအကြိမ် သံဃာတော်အပါး (၃၈၀) ဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းနှင့် ဆွမ်းဆန်တော်လောင်းလှူခြင်း လုပ်ငန်းများကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီးဖြစ်သောကြောင့် ကုသိုလ်တော်လုပ်ငန်းကြီး၌ အဘက်ဘက်မှ ပါဝင်ခဲ့ကြသော ကုသိုလ်ရှင်များ ပီတိသောမနဿပွားများနိုင်စေရန် လုပ်ငန်းအစီရင်ခံစာ ရေးသားရခြင်းဖြစ်ပါသည်။

## ဆပ်ကော်မတီ ဖွဲ့စည်းခြင်း

၄။ ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ပွဲတော်ကျင်းပရေး ဗဟိုကော်မတီ၊ ဆပ်ကော်မတီများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရာတွင် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူရေး ဆပ်ကော်မတီကို တစ်ဖက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည် -

www.dhammadownload.com



| | | | |
|---|---|---|---|
| (က) | ဦးသန်းမြင့် | တိုင်းဒေသကြီးဝန်ကြီး<br>စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးစိန်ဝင်းအောင် | ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင် | ဒု-ဥက္ကဋ္ဌ |
| (ဂ) | ဦးမြင့်အုန်း | ဂေါပကအဖွဲ့ဝင် | အဖွဲ့ဝင် |
| (ဃ) | ဦးထွန်းညွှန့် | ညွှန်ကြားရေးမှူး၊ အပြည်ပြည်ဆိုင်ရာ<br>ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် | အဖွဲ့ဝင် |
| (င) | ဦးလှိုင်စိုးသန့် | ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေ<br>အုပ်ချုပ်ရေးဦးစီးဌာန၊ ရန်ကုန်အရှေ့ပိုင်းခရိုင် | အဖွဲ့ဝင် |
| (စ) | ဦးကျော်သူဇော် | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊<br>ရန်ကုန်အနောက်ပိုင်းခရိုင် | အဖွဲ့ဝင် |
| (ဆ) | ဦးစိုင်းသော်ဝင်း | ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေ<br>အုပ်ချုပ်ရေးဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင် | အဖွဲ့ဝင် |
| (ဇ) | ဦးနေလင်း | ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေ<br>အုပ်ချုပ်ရေးဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင် | အဖွဲ့ဝင် |
| (ဈ) | ဦးညာဏ်ဒွေး | ခရိုင်သာသနာရေးမှူး (အရှေ့/တောင်) | အဖွဲ့ဝင် |
| (ည) | ဦးဆန်းထွန်းအောင် | ခရိုင်သာသနာရေးမှူး (အနောက်ပိုင်း) | အဖွဲ့ဝင် |
| (ဋ) | ဦးသိန်းဇော် | ခရိုင်သာသနာရေးမှူး (မြောက်ပိုင်း) | အဖွဲ့ဝင် |
| (ဌ) | ဦးတင်ထွဋ် | ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး<br>မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ<br>ထိန်းသိမ်းရေးကော်မတီ (မြို့တွင်း) | အဖွဲ့ဝင် |
| (ဍ) | ဦးခင်မောင်ဦး | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊<br>ဒဂုံမြို့နယ် | အဖွဲ့ဝင် |
| (ဎ) | ဦးဇော်ဝင်းဒွေး | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊<br>ဗဟန်းမြို့နယ် | အဖွဲ့ဝင် |
| (ဏ) | ဒုတိယရဲမှူးကြီး မျိုးအောင် | ခရိုင်ရဲတပ်ဖွဲ့မှူး<br>(ရန်ကုန်အနောက်ပိုင်းခရိုင်) | အဖွဲ့ဝင် |
| (တ) | ဦးခင်ဇော် | ဘာသာရေးအသင်းများ<br>ဝေယျာဝစ္စအကျိုးဆောင်အဖွဲ့ | အဖွဲ့ဝင် |
| (ထ) | ဒေါ်လှလှသိန်း | ဌာနမှူး(ရွှေနှင့်ရတနာဌာန) | အဖွဲ့ဝင် |
| (ဒ) | ဒေါ်အုန်းအုန်းထွေး | ဌာနမှူး (အုပ်ချုပ်ရေးဌာန) | အဖွဲ့ဝင် |
| (ဓ) | ဦးကံမြင့် | ဒု-ဌာနမှူး (အတွင်းရေးမှူးဌာန) | အဖွဲ့ဝင် |
| (န) | ဦးဝင်းကြိုင် | ရုံးအဖွဲ့မှူး<br>ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး | အတွင်းရေးမှူး |
| (ပ) | ဦးကျော်ဝင်းစိုး | ဒု-ရုံးအဖွဲ့မှူး<br>ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး | တွဲဖက်အတွင်းရေးမှူး |

www.dhammadownload.com



## လုပ်ငန်းတာဝန်ခွဲဝေခြင်း

၅။ ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းနှင့် ဆွမ်းဆန်တော်လောင်းလှူခြင်းလုပ်ငန်းမှာ ရန်ကုန်တိုင်းဒေသကြီးခရိုင် (၄) ခုမှ သံဃာတော်အပါး (၂၆၀၀)အား ပင့်ဆောင်ခြင်း၊ စုရပ်နေရာ၌ စုစည်းခြင်း၊ စုရပ်မှ ဆွမ်းစားဆောင် (ဇရပ်၊ ဓမ္မာရုံများ) သို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ခြင်း၊ ဆွမ်းစားဆောင်တွင် အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ ဆွမ်းစားဆောင်မှ အနေကဇာတင်ရန် သတ်မှတ်နေရာများသို့ လမ်းကြောင်း (၅) ခုမှ ပင့်ဆောင်ပြီး နေရာချထားခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ နေရာ(၅)ခုတွင် ဆွမ်းဆန်တော်လောင်းလှူခြင်းစသော ကြီးမားများပြားသည့် လုပ်ငန်းများကို တိုတောင်းလှသော သတ်မှတ်ချိန်အတွင်း အံဝင်ခွင်ကျဖြစ်စေရန် စီစဉ်ဆောင်ရွက်ရခြင်းဖြစ်သောကြောင့် ဖော်ပြပါလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်စေရန်အတွက် အောက်ဖော်ပြပါ အဖွဲ့ငယ် (၄)ဖွဲ့ကို ဖွဲ့စည်း၍တာဝန်ခွဲဝေ ပေးအပ်ခဲ့ပါသည် -

- (က) သံဃာတော်များ ပင့်လျှောက်စုစည်းရေးအဖွဲ့ငယ်
- (ခ) ကြိုဆိုပို့ဆောင်ရေးအဖွဲ့ငယ်
- (ဂ) အရုဏ်ဆွမ်းဆက်ကပ်ရေးနှင့် သံဃာတော်များအား ကြိုဆိုနေရာချထားရေးအဖွဲ့ငယ်
- (ဃ) ဆွမ်းဆန်တော်လောင်းလှူရေးအဖွဲ့ငယ်

## သံဃာတော် ပင့်လျှောက်စုစည်းရေးအဖွဲ့ငယ်

၆။ သံဃာတော် ပင့်လျှောက်စုစည်းရေးအဖွဲ့ငယ်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းခဲ့ပါသည် -

| | | | |
|---|---|---|---|
| (က) | ဦးဇော်ဇော်ဦး | တိုင်းဒေသကြီးသာသနာရေးမှူး | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးညက်ဌေး | ခရိုင်သာသနာရေးမှူး (အရှေ့/တောင်ပိုင်းခရိုင်) | အဖွဲ့ဝင် |
| (ဂ) | ဦးဆန်းထွန်းအောင် | ခရိုင်သာသနာရေးမှူး (အနောက်ပိုင်းခရိုင်) | အဖွဲ့ဝင် |
| (ဃ) | ဦးသိန်းဇော် | ခရိုင်သာသနာရေးမှူး (မြောက်ပိုင်းခရိုင်) | အဖွဲ့ဝင် |
| (င) | ကိုယ်စားလှယ်တစ်ဦး | ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (အရှေ့ပိုင်းခရိုင်) | အဖွဲ့ဝင် |
| (စ) | ကိုယ်စားလှယ်တစ်ဦး | ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (တောင်ပိုင်းခရိုင်) | အဖွဲ့ဝင် |
| (ဆ) | ကိုယ်စားလှယ်တစ်ဦး | ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (အနောက်ပိုင်းခရိုင်) | အဖွဲ့ဝင် |
| (ဇ) | ကိုယ်စားလှယ်တစ်ဦး | ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (မြောက်ပိုင်းခရိုင်) | အဖွဲ့ဝင် |
| (ဈ) | ဦးခင်မောင်ဦး | မြို့နယ်အုပ်ချုပ်ရေးမှူး (ဒဂုံမြို့နယ်) | အဖွဲ့ဝင် |
| (ည) | ဦးဇော်ဝင်းဌေး | မြို့နယ်အုပ်ချုပ်ရေးမှူး (ဗဟန်းမြို့နယ်) | အဖွဲ့ဝင် |
| (ဋ) | ဦးအောင်မြင့်ထွန်း | ဌာနစိတ်မှူး(ပြတိုက်/ပြခန်းဌာန) | အဖွဲ့ဝင် |
| (ဌ) | ဦးကျော်ဝင်းစိုး | ဒု-ရုံးအဖွဲ့မှူး (ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး) | အဖွဲ့ဝင် |

www.dhammadownload.com



လုပ်ငန်းတာဝန်များ

- နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများပါဝင်သော ဦးဆောင်သံဃာတော် (၄၅)ပါးအား ပင့်လျှောက်ခြင်း။
- သံဃာတော်အပါး(၂၆၀၀)အားအထက်ပစ္စယံနှင့် ရင်ပြင်တော်တို့တွင် ဖြန့်ခွဲသီတင်းသုံး၍အနေကဇာ တင်ရန်၊ ဆွမ်းဆန်တော် အလှူခံရန် စသည့်အဓိကလုပ်ငန်းများ အပေါ်အခြေခံပြီး သံဃာတော်များအား စုဖွဲ့ပင့်ဆောင်ခြင်း။
- အရှေ့ဘက်အောက်ပစ္စယံရှိ ဆွမ်းစားဆောင်များသို့ ခြေလျင်ခရီးဖြင့် ကြွရောက်နိုင်သောရွှေတိဂုံအနီး အနားမှ သံဃာတော်များအား ဦးစားပေးပင့်ဆောင်ခြင်း။
- ခရိုင်(၄)ခုမှ သင့်တင့်မျှတသော သံဃာတော် အရေအတွက်ပါဝင်စေပြီးကြိုဆိုပင့်ဆောင်မှု လွယ်ကူချော မွေ့ရေး စီစဉ်ပင့်ဆောင်ခြင်း။
- သံဃာတော်များအား နံပါတ်ပါ၊ လုံခြုံရေးအမှတ်တံဆိပ်ပါ၊ အနေကဇာတင်ရန် တည်ရပ်ညွှန်းသင်္ကေတပါ ယပ်တောင်များ ကိုင်ဆောင်ကြွရောက်ရေးစီစဉ်ပင့်ဆောင်ခြင်း။
- သံဃာတော်များ ပင့်လျှောက်ရာ၌ စုရပ်သို့ ရောက်ရှိရန် အချိန်၊ စုရပ်မှ မော်တော်ယာဉ်ထွက်ခွာချိန်၊ ဆွမ်းဘုန်းပေးရန်နေရာ (ဆွမ်းစားဆောင်)၊ ဆွမ်းစားဆောင်မှ ရွှေတိဂုံစေတီတော်သို့တက်ရောက်ရန် စောင်းတန်း၊ ရင်ပြင်တော်ပေါ်၌ သီတင်းသုံးရန်နေရာ၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ရန် အစီအစဉ်၊ အနေကဇာတင်ပြီးနောက် ဆွမ်းဆန်တော်အလှူခံကြွရောက်ရန် လမ်းကြောင်း၊ အလှူခံမည့်စောင်းတန်း၊ ကပ္ပိယများလိုက်ပါရန် အစီအစဉ်စသည်များ ထည့်သွင်းလျှောက်ထားခြင်း။
- သံဃာတော်တစ်ပါးလျှင် ကပ္ပိယ(၃)ဦးအဖွဲ့က စီစဉ်ပေးမည်ဖြစ်ကြောင်း၊ ကပ္ပိယများအတွက်လုံခြုံမှု စိစစ်ရေးကတ်ပြား၊ ကပ္ပိယများလိုက်ပါရန် အစီအစဉ်၊ ကပ္ပိယ(၂)ဦးသည် ရင်ပြင်တော်ပေါ်သို့ တက် ရောက်ခွင့်မရှိဘဲအလယ်ပစ္စယံမှစောင့်ဆိုင်းရန်၊ ကပ္ပိယတစ်ဦးသာရင်ပြင်တော်၌လိုက်ပါရန် စသည်များ စီစဉ်ထည့်သွင်း လျှောက်ထားခြင်း။
- ဗုဒ္ဓါဘိသေကအနေကဇာတင်မည့် ၁၃၇၃ - ခုနှစ်၊ တပေါင်းလဆန်း (၄)ရက်နေ့(စနေနေ့)နံနက်တွင် ကြိုတင်လျှောက်ထားသည့်အတိုင်း သံဃာတော်များအားစုရပ်နေရာအသီးသီးသို့အချိန်မီစုစည်းရောက် ရှိပြီး၊ ကြိုတင်ညှိနှိုင်းစီစဉ်ထားသော မော်တော်ယာဉ်များပေါ်သို့ ပင့်ဆောင်ရေး စီစဉ်ဆောင်ရွက်ခြင်း။
- ဆွမ်းဆန်တော်အလှူခံပြီးနောက် မော်တော်ယာဉ်များဖြင့်ပြန်လည်ကြွရောက်ကြမည့် သံဃာတော်များ အား ဆိုင်ရာကျောင်းတိုက်သို့ပြန်လည်ပို့ဆောင်ပြီးသည်အထိ တာဝန်ယူစီစဉ်ဆောင်ရွက်ခြင်း။

## ကြိုဆိုပို့ဆောင်ရေးအဖွဲ့ငယ်

၇။ ကြိုဆိုပို့ဆောင်ရေးအဖွဲ့ငယ်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းခဲ့ပါသည် -

| | | | |
|---|---|---|---|
| (က) | ဦးတင်ထွဋ် | ဥက္ကဋ္ဌ၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(မြို့တွင်း) | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဒု - ရဲမှူးကြီးမျိုးအောင် | ခရိုင်ရဲတပ်ဖွဲ့မှူး(အနောက်ပိုင်းခရိုင်) | အဖွဲ့ဝင် |
| (ဂ) | ဦးညာက်ငွေ | ခရိုင်သာသနာရေးမှူး (အရှေ့/တောင်ပိုင်းခရိုင်) | အဖွဲ့ဝင် |
| (ဃ) | ဦးဆန်းထွန်းအောင် | ခရိုင်သာသနာရေးမှူး (အနောက်ပိုင်းခရိုင်) | အဖွဲ့ဝင် |
| (င) | ဦးသိန်းဇော် | ခရိုင်သာသနာရေးမှူး (မြောက်ပိုင်းခရိုင်) | အဖွဲ့ဝင် |
| (စ) | ဒုရဲတပ်ဖွဲ့မှူး | ယာဉ်ထိန်းရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | ဦးညာက်မြင့် | လ/ထဌာနမှူး၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ | အဖွဲ့ဝင် |

www.dhammadownload.com



(၂၅-၂-၂၀၁၂) စေတီတော်ကြီးအား
ဝန်းရံ၍ သံဃာတော် (၂၆၀၀) ပါးတို့က
ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြပါသည်။





စေတီတော်ကြီးအား
ဝန်းရံ၍ သံဃာတော် (၂၆၀၀) ပါးတို့က
ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြပါသည်။



www.dhammadownload.com



| | | | |
|---|---|---|---|
| (ဇ) | ဦးကံမြင့် | ဒု-ဌာနမှူး (အတွင်းရေးမှူးဌာန၊ ရွှေတိဂုံ) | အဖွဲ့ဝင် |
| (ဈ) | ဦးခင်ဇော် | ဘာသာရေးဝေယျာဝစ္စအကျိုးဆောင်အဖွဲ့ | အဖွဲ့ဝင် |

### လုပ်ငန်းတာဝန်များ

- သံဃာတော်များ ပင့်လျှောက်စုစည်းရေးအဖွဲ့ငယ်က ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျောင်းအလိုက် စုရပ်များမှ သံဃာတော်များနှင့် ကပ္ပိယများအား ရွှေတိဂုံစေတီတော် ခြေတော်ရင်းရှိ ဆွမ်းကပ်ရေးအဖွဲ့က သတ်မှတ်သော ဆွမ်းစားဆောင်များအထိ မော်တော်ယာဉ်များဖြင့်ကြိုဆိုပို့ဆောင်ပေးခြင်း၊ သံဃာတော်များအား စောင်းတန်းအလိုက် ဆွမ်းဆန်တော်များအလှူခံပြီးနောက် ပြန်လည်ကြွရောက်ရာ၌ မော်တော်ယာဉ်ပေါ်သို့ အလွယ်တကူရောက်ရှိနိုင်ရန် သတ်မှတ်ထားရှိသော ကားရပ်ကွင်းများသို့ မော်တော်ယာဉ်များအား ပြောင်းရွှေ့စောင့်ဆိုင်းစေခြင်း၊ ရွှေတိဂုံခြေတော်ရင်းမှ သံဃာတော်များ စုစည်းသော စုရပ်များအထိပို့ဆောင်ပြီး အလှူခံရရှိသော ပစ္စည်းများနှင့်အတူ ပြန်လည်ပို့ဆောင်ပေးခြင်း။

## အရုဏ်ဆွမ်းဆက်ကပ်ရေးနှင့် သံဃာတော်များအား ကြိုဆိုနေရာချထားရေးအဖွဲ့ငယ်

၈။ အရုဏ်ဆွမ်းဆက်ကပ်ရေးနှင့် သံဃာတော်များအား ကြိုဆိုနေရာချထားရေးအဖွဲ့ငယ်ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းခဲ့ပါသည် -

| | | | |
|---|---|---|---|
| (က) | ဦးမြင့်အုန်း | ဂေါပကအဖွဲ့ဝင်(ရွှေတိဂုံစေတီတော်) | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးမျိုးမြင့် | နာယက၊ ဘာသာရေးအသင်းအဖွဲ့များ ဝေယျာဝစ္စအကျိုးဆောင်အဖွဲ့ | ဒု-အဖွဲ့ခေါင်းဆောင် |
| (ဂ) | ဦးအေးဝင်း | လျှပ်စစ်ဝေယျာဝစ္စအကျိုးဆောင်အဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ဦးသိန်းဆွေ | ရေသန့်ဝေယျာဝစ္စအကျိုးဆောင်အဖွဲ့ | အဖွဲ့ဝင် |
| (င) | ဦးခင်မောင်ဦး | မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒဂုံမြို့နယ် | အဖွဲ့ဝင် |
| (စ) | ဦးဇော်ဝင်းဌေး | မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဗဟန်းမြို့နယ် | အဖွဲ့ဝင် |
| (ဆ) | ဒေါ်အုန်းအုန်းထွေး | ဌာနမှူး(အုပ်ချုပ်ရေးဌာန) | အဖွဲ့ဝင် |
| (ဇ) | ဒေါ်လှလှသိန်း | ဌာနမှူး(ရွှေနှင့်ရတနာဌာန) | အဖွဲ့ဝင် |
| (ဈ) | ဒေါ်မြမြဝင်း | ဌာနမှူး(လုပ်ငန်းဌာန) | အဖွဲ့ဝင် |
| (ည) | ဒေါ်ဝင်းဝင်းနိုင် | ဌာနမှူး(ဘဏ္ဍာရေးဌာန) | အဖွဲ့ဝင် |
| (ဋ) | ဦးမောင်မောင်ဝင်း | ဌာနခွဲမှူး(အတွင်းရေးမှူးဌာန) | အဖွဲ့ဝင် |
| (ဌ) | ဦးကိုကိုထွန်း | ဒု-ဌာနမှူး(ဝတ္တကမြေသာယာရေးဌာန) | အဖွဲ့ဝင် |
| (ဍ) | ဦးမင်းအောင် | ဌာနခွဲမှူး(လုပ်ငန်းဌာန) | အဖွဲ့ဝင် |
| (ဎ) | ဦးအောင်မင်းမင်း | ဌာနခွဲမှူး(ရွှေနှင့်ရတနာဌာန) | အဖွဲ့ဝင် |
| (ဏ) | ဦးသန်းအောင် | ဌာနခွဲမှူး(အုပ်ချုပ်ရေးဌာန) | အဖွဲ့ဝင် |
| (တ) | ဦးအေး | ဌာနခွဲမှူး(လုပ်ငန်းဌာန) | အဖွဲ့ဝင် |
| (ထ) | ဦးခင်ဇော် | ဘာသာရေးအကျိုးဆောင်အဖွဲ့ | အဖွဲ့ဝင် |
| (ဒ) | ဦးအေးလွင်(ဗိုလ်ချုပ်ဈေး) | ဘာသာရေးအကျိုးဆောင်အဖွဲ့ | အဖွဲ့ဝင် |
| (ဓ) | ဦးအောင်သူ | ဘာသာရေးအကျိုးဆောင်အဖွဲ့ | အဖွဲ့ဝင် |
| (န) | ဦးမြအောင် | ဘာသာရေးအကျိုးဆောင်အဖွဲ့ | အဖွဲ့ဝင် |
| (ပ) | ဦးကျော်ရင် | ဘာသာရေးအကျိုးဆောင်အဖွဲ့ | အဖွဲ့ဝင် |
| (ဖ) | ဦးဌေးအောင် | ဘာသာရေးအကျိုးဆောင်အဖွဲ့ | အဖွဲ့ဝင် |

www.dhammadownload.com



| | | | |
|---|---|---|---|
| (ဗ) | ဦးအုန်းသွင် | ဘာသာရေးအကျိုးဆောင်အဖွဲ့ | အဖွဲ့ဝင် |
| (ဘ) | ဦးသန်းအောင် | ဘာသာရေးအကျိုးဆောင်အဖွဲ့ | အဖွဲ့ဝင် |
| (မ) | ဦးစိန်မြင့် | ဘာသာရေးအကျိုးဆောင်အဖွဲ့ | အဖွဲ့ဝင် |
| (ယ) | ဒေါ်ညိုညိုဝင်း | ဌာနမှူး(အတွင်းရေးမှူးဌာန) (ကြိုဆိုနေရာချထားရေး) | အတွင်းရေးမှူး |
| (ရ) | ဒေါ်တင်တင်အေး | ဌာနမှူး(ဗဟိုသိုလှောင်ရေးဌာန) (ဆွမ်းဆက်ကပ်ရေး) | အတွင်းရေးမှူး |

လုပ်ငန်းတာဝန်များ

- စုဖွဲ့ထားသော သံဃာတော်အရေအတွက်အတိုင်း ရွှေတိဂုံစေတီတော် ခြေတော်ရင်းရှိဆွမ်းစားဆောင် (ဇရပ်၊ မဏ္ဍပ်၊ ပိဋကတ်တိုက်)များတွင် သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်နိုင်ရေးဆိုင်ရာ ဇရပ်၊ မဏ္ဍပ်၊ ပိဋကတ်တိုက် ထိန်းသိမ်းသူများအား ကြိုတင်ဖိတ်ခေါ်စည်းရုံးခြင်း။
- သံဃာတော်များ ဆွမ်းကပ်မည့် ဆွမ်းစားဆောင်များအား ကြိုတင်စစ်ဆေးပြီး သန့်ရှင်းရေးနှင့် မွမ်းမံပြုပြင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်း။
- ဆွမ်းစားဆောင်များတွင် ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ညှိနှိုင်းစီစဉ် ဆောင်ရွက်ခြင်း။
- ဆိုင်ရာ ဇရပ်၊ မဏ္ဍပ်၊ ပိဋကတ်တိုက်များ ထိန်းသိမ်းရေးအဖွဲ့က အရုဏ်ဆွမ်းမကပ်နိုင်ပါက အခြားအလှူရှင်များက အရုဏ်ဆွမ်းဆက်ကပ်နိုင်ရေး စီစဉ်ခြင်း။
- အခြားဆွမ်းဆက်ကပ်မည့် အလှူရှင်မရှိပါက ရွှေတိဂုံဘာသာရေးအသင်းများက ဆွမ်းဆက်ကပ်ရေး စီစဉ်ခြင်း။
- ဦးဆောင်သံဃာတော်များအား ရင်ပြင်တော်ရောင်တော်ဖွင့်တန်ဆောင်း၌ အရုဏ်ဆွမ်းဆက်ကပ်ရေး စီစဉ်ခြင်း။
- ဆွမ်းစားဆောင်များမှ သတ်မှတ်စောင်းတန်းအလိုက် တက်ရောက်စေပြီး ရင်ပြင်တော်ပေါ်တွင် လက်ဝဲရစ်ပင့်ဆောင်ပြီး အနေကဇာတင်ရန် သတ်မှတ်ထားသောနေရာသို့ရောက်သည်အထိ သံဃာတော်များအား ပင့်ဆောင်နေရာချထားပေးခြင်း။
- သံဃာတော်များအတွက်ကြိုတင်၍ နေကထိုင်များခင်းခြင်း၊ သံဃာတော်များ သတ်မှတ်နေရာ၌ထိုင်ပြီးသောအခါ အနေကဇာတင်ပစ္စည်းများ ကပ်လှူပေးခြင်း။
- ထောင့်အလိုက် ဖွဲ့စည်းထားသော ဘာသာရေးအသင်းအဖွဲ့များက မိမိတို့အသင်းတည်ရာ ထောင့်တွင် အနေကဇာတင်မည့် သံဃာတော်များအား နေရာချထားရေး၊ နေကထိုင်ခင်းပေးရေး၊ အနေကဇာတင်ပစ္စည်း ဆက်ကပ်ရေးစသော သံဃာ့ဝေယျာဝစ္စကိစ္စအားလုံးကို တာဝန်ခွဲဝေပေးပြီး ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်စီစဉ်ကြီးကြပ်ခြင်း။
- အနေကဇာတင်ပြီးနောက် သတ်မှတ်အစီအစဉ်လမ်းကြောင်းအတိုင်း သတ်မှတ်ထားရှိသော စောင်းတန်းများ၌ ဆွမ်းဆန်တော်အလှူခံနိုင်ရန် ပို့ဆောင်ပေးခြင်း။

www.dhammadownload.com



(၂၅-၂-၂၀၁၂) ရက်နေ့တွင်
သံဃာတော် (၂၆၀၀) ပါးတို့ဖြင့်
ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီးနောက်
ဆွမ်းဆန်တော်လောင်းလှူပွဲ
ကျင်းပစဉ်။







(၂၅-၂-၂၀၁၂) ရက်နေ့တွင်
သံဃာတော် (၂၆၀၀) ပါးတို့ဖြင့်
ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီးနောက်
ဆွမ်းဆန်တော်လောင်းလှူပွဲ
ကျင်းပစဉ်။

www.dhammadownload.com



## ဆွမ်းဆန်တော်လောင်းလှူရေးအဖွဲ့ငယ်

၉။ ဆွမ်းဆန်တော်လောင်းလှူရေးအဖွဲ့ငယ်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းခဲ့ပါသည် -

| | | | |
|---|---|---|---|
| (က) | ဦးကျော်သူဇော် | ခရိုင်အုပ်ချုပ်ရေးမှူး (ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရန်ကုန်အနောက်ပိုင်းခရိုင်) | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးလှိုင်စိုးသန့် | ခရိုင်အုပ်ချုပ်ရေးမှူး (ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရန်ကုန်အရှေ့ပိုင်းခရိုင်) | အဖွဲ့ဝင် |
| (ဂ) | ဦးစိုင်းသော်ဝင်း | ခရိုင်အုပ်ချုပ်ရေးမှူး (ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင်) | အဖွဲ့ဝင် |
| (ဃ) | ဦးနေလင်း | ခရိုင်အုပ်ချုပ်ရေးမှူး (ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်) | အဖွဲ့ဝင် |
| (င) | ဒုတိယ ရဲမှူးကြီးမျိုးအောင် | ခရိုင်ရဲတပ်ဖွဲ့မှူး (ရန်ကုန်အနောက်ပိုင်းခရိုင်) | အဖွဲ့ဝင် |
| (စ) | ဦးဝင်းကြိုင် | ရုံးအဖွဲ့မှူး၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး | အဖွဲ့ဝင် |
| (ဆ) | ဦးကျော်ဝင်းစိုး | ဒု - ရုံးအဖွဲ့မှူး၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး | အဖွဲ့ဝင် |
| (ဇ) | ဒေါ်သန်းသန်းဌေး | ဌာနမှူး (ပြတိုက်/ပြခန်းဌာန) | အဖွဲ့ဝင် |
| (ဈ) | ဦးသန့်ခိုင် | ဒု - ဌာနမှူး (လုပ်ငန်းဌာန) | အဖွဲ့ဝင် |
| (ည) | ဦးကံမြင့် | ဒု - ဌာနမှူး (အတွင်းရေးမှူးဌာန) | အဖွဲ့ဝင် |
| (ဋ) | ဦးဟန်တင် | ဒု - ဌာနမှူး (ဘဏ္ဍာရေးဌာန) | အဖွဲ့ဝင် |
| (ဌ) | ဦးကိုကိုထွန်း | ဒု - ဌာနမှူး (ဝတ္တကမြေသာယာရေးဌာန) | အဖွဲ့ဝင် |
| (ဍ) | ဦးမင်းအောင် | ဌာနခွဲမှူး (လုပ်ငန်းဌာန) | အဖွဲ့ဝင် |
| (ဎ) | ဦးလှမျိုးဦး | ဌာနခွဲမှူး (ပြတိုက်/ပြခန်းဌာန) | အဖွဲ့ဝင် |
| (ဏ) | ဦးစံဝင်း | ဌာနစုမှူး (လုပ်ငန်းဌာန) | အဖွဲ့ဝင် |
| (တ) | ဦးအုန်းမောင် | တောင်စောင်းတန်းဗုဒ္ဓဝေယျာဝစ္စအသင်း | အဖွဲ့ဝင် |
| (ထ) | ဦးသန့်စင် | တောင်စောင်းတန်းဗုဒ္ဓဝေယျာဝစ္စအသင်း | အဖွဲ့ဝင် |
| (ဒ) | ဦးဇော်မိုး | မြောက်စောင်းတန်းဗုဒ္ဓဝေယျာဝစ္စအသင်း | အဖွဲ့ဝင် |
| (ဓ) | ဦးငွေစိုး(ခ)အပါကြီး | မြောက်စောင်းတန်းဗုဒ္ဓဝေယျာဝစ္စအသင်း | အဖွဲ့ဝင် |
| (န) | ဦးသန်းထွန်း | အရှေ့စောင်းတန်းဗုဒ္ဓဝေယျာဝစ္စအသင်း | အဖွဲ့ဝင် |
| (ပ) | ဦးခင်မောင်ဝင်း | အရှေ့စောင်းတန်းဗုဒ္ဓဝေယျာဝစ္စအသင်း | အဖွဲ့ဝင် |
| (ဖ) | ဦးအောင်သူ | ဘာသာရေးအကျိုးဆောင်အဖွဲ့ | အဖွဲ့ဝင် |
| (ဗ) | ဦးမြအောင် | ဘာသာရေးအကျိုးဆောင်အဖွဲ့ | အဖွဲ့ဝင် |
| (ဘ) | ဦးစိန်မြင့် | ဘာသာရေးအကျိုးဆောင်အဖွဲ့ | အဖွဲ့ဝင် |
| (မ) | ဦးဌေးအောင် | ဘာသာရေးအကျိုးဆောင်အဖွဲ့ | အဖွဲ့ဝင် |

www.dhammadownload.com



လုပ်ငန်းတာဝန်များ

- ခရိုင်အုပ်ချုပ်ရေးမှူးများသည် မိမိတို့ခရိုင်အတွင်းမှ တာဝန်ရှိသူများနှင့် အလှူရှင်များကို ဦးဆောင်စည်းရုံးပြီး မိမိတို့အတွက် သတ်မှတ်ပေးသော စောင်းတန်း၌ ဆွမ်းဆန်တော်လောင်းလှူခြင်း၊
- တောင်ပိုင်းခရိုင်သည်တောင်ဘက်စောင်းတန်းမှဆင်းသက်မည့်သံဃာတော်(၆၃၅) ပါးနှင့်တောင်ဘက်ဓာတ်လှေကားမှ ဆင်းသက်မည့် သံဃာတော် (၄၅)ပါးအား ဆွမ်းဆန်တော်လောင်းလှူခြင်း၊
- အနောက်ပိုင်းခရိုင်သည် အနောက်ဘက်စောင်းတန်းမှ ဆင်းသက်မည့် သံဃာတော် (၆၆၅)ပါးကို ဆွမ်းဆန်တော်လောင်းလှူခြင်း၊
- မြောက်ပိုင်းခရိုင်သည် မြောက်ဘက်စောင်းတန်းမှ ဆင်းသက်မည့် သံဃာတော် (၆၀၅)ပါးကို ဆွမ်းဆန်တော်လောင်းလှူခြင်း၊
- အရှေ့ပိုင်းခရိုင်သည် အရှေ့ဘက်စောင်းတန်းမှ ဆင်းသက်မည့် သံဃာတော်(၆၅၀)ပါးကို ဆွမ်းဆန်တော်လောင်းလှူခြင်း၊
- ကြိုတင်အလှူခံရရှိထားသော နဝကမ္မအလှူငွေများ၊ ဝယ်ယူထားသော ပစ္စည်းများနှင့် လာရောက်ဆက်သွယ်လှူဒါန်းထားသော ပစ္စည်းများ၊ ဗဟိုကော်မတီမှ ခွဲဝေပေးမည့်လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများအား စနစ်တကျစီစဉ် လောင်းလှူပေးခြင်း၊
- ပြင်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအလှူရှင်များက လာရောက်လှူဒါန်းမည့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများကို စနစ်တကျ ကြည်ညိုသပ္ပါယ်ဖွယ်ဖြစ်အောင် လောင်းလှူနိုင်ရန်စီစဉ်ပေးခြင်း၊
- စောင်းတန်းတစ်ခုလျှင် တစ်ချိန်တည်း၌ သံဃာတော်နှစ်ပါးစီ လမ်းကြောင်း(၂)ခုဖြင့် မျှတလောင်းလှူရေးစီစဉ်ပေးခြင်း၊
- သာမန်အားဖြင့် နဝကမ္မအလှူငွေကဲ့သို့ ပေါ့ပါးသောပစ္စည်းများကို စောင်းတန်းအထက်ပိုင်း၌ လောင်းလှူစေပြီး ဆန်အိတ်၊ ဆီပုံးကဲ့သို့ လေးလံသောပစ္စည်းများအား စောင်းတန်းအောက်ခြေပိုင်း၌ လောင်းလှူရန်စီစဉ်ခြင်း၊ လိုအပ်ပါက စောင်းတန်းအောက်ခြေအပြင်၌ လေးလံသော လှူဖွယ်ပစ္စည်းများအား သိုလှောင်မဏ္ဍပ်တွင် သီးခြားထားရှိရေးစီစဉ်ခြင်း၊ သံဃာတော်များ၏လက်ဝယ်သို့ တိုကင်ကတ်ပြားကိုလှူဒါန်း၍ ထိုကတ်ပြားဖြင့် ကပ္ပိယကျောင်းသားက သိုလှောင်မဏ္ဍပ်၌ သွားရောက်ထုတ်ယူရေးစီစဉ်ခြင်း၊
- ဆွမ်းဆန်တော် အလှူခံသော သံဃာတော်များ သက်ဆိုင်ရာကျောင်းတိုက်သို့ နေ့ဆွမ်းဘုန်းပေးချိန်အမီပြန်လည်ရောက်ရှိရေး စီစဉ်ကပ်လှူခြင်း၊
- သက်ဆိုင်ရာစောင်းတန်းများအတွင်း ခုံများပြုလုပ်ချထားပြီး လှူဖွယ်ဝတ္ထုများ စီစဉ်ခင်းကျင်းခြင်းကို (၂၄-၂-၂၀၁၂)နေ့ည(၈)နာရီအပြီး ဆောင်ရွက်ခြင်း၊
- ဆွမ်းဆန်တော်လောင်းလှူမည့် (၂၅-၂-၂၀၁၂)နေ့ နံနက်တွင် လုံခြုံမှုစိစစ်ရေးကတ်ပြားတပ်ဆင်ထားသော အလှူရှင်များ၊ ဆွမ်းဆန်တော်လောင်းလှူရေးဆိုင်ရာ တာဝန်ရှိသူများသည် သက်ဆိုင်ရာစောင်းတန်းများ၌စောင့်ဆိုင်း၍လောင်းလှူခြင်း၊ ကြိုတင်ညှိနှိုင်းမထားသူ ဘုရားဖူးပြည်သူများ၊ အလှူရှင်များအား စောင်းတန်းအတွင်း မဝင်ရောက်စေဘဲခေတ္တစောင့်ဆိုင်းစေခြင်း၊

www.dhammadownload.com



## အစည်းအဝေးများကျင်းပခြင်း

၁၀။ နှစ် ၂၆၀၀ ပြည့်ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ ဆပ်ကော်မတီအစည်းအဝေးနှင့် ဆက်စပ်ညှိနှိုင်းရေး အစည်းအဝေးများကို အောက်ပါအတိုင်းကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးများသို့ သက်ဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌနှင့် ဆပ်ကော်မတီအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြား ထား သူများတက်ရောက်ခဲ့ကြပါသည်။

| ရက်စွဲ | ကျင်းပခဲ့သည့်အစည်းအဝေး |
|---|---|
| ၂၃.၉.၂၀၁၁ | ဆပ်ကော်မတီ(ပထမအကြိမ်) ညှိနှိုင်းအစည်းအဝေး |
| ၁၃.၁၀.၂၀၁၁ | သံဃာတော်အပါး(၂၆၀၀)တို့အား အရက်ဆွမ်းကပ်လှူရေး၊ဆွမ်းဆန်တော်လောင်းလှူရေး၊ ဓမ္မာရုံသုံးစွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး |
| ၅.၁.၂၀၁၂ | သံဃာတော်အပါး (၂၆၀၀) တို့အား အရုဏ်ဆွမ်းဆက်ကပ်ရေးနှင့် ကြိုဆိုနေရာချထားရေး ညှိနှိုင်းအစည်းအဝေး |
| ၁၁.၁.၂၀၁၂ | ဆပ်ကော်မတီ (ဒုတိယအကြိမ်) ညှိနှိုင်းအစည်းအဝေး |
| ၁၄.၂.၂၀၁၂ | ဆပ်ကော်မတီ (တတိယအကြိမ်) ညှိနှိုင်းအစည်းအဝေး |
| ၁၈.၂.၂၀၁၂ | ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲတွင် ကပ္ပိယများကသိုလ်ပြုရန် ကိစ္စ ညှိနှိုင်းအစည်းအဝေး |

## ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ

၁၁။ သံဃာတော် ၂၆၀၀ ပါးဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ ထိုသံဃာတော် ၂၆၀၀ ပါးတို့အား ဆွမ်းဆန်တော် လောင်းလှူခြင်းလုပ်ငန်းကိုအချိန်(၄)နာရီခန့်အတွင်းပြီးစီးစေရန် ဆောင်ရွက်ရမည်ဖြစ်၍အောက်ပါတို့ကိုအသေးစိတ်ကြို တင်စီစဉ်ရပါသည်။

(က) ဆွမ်းကပ်ရန်နေရာနှင့် ဆွမ်းအလှူရှင်

သံဃာတော် ၂၆၀၀ ပါးတို့အား ရွှေတိဂုံစေတီတော် အောက်ပစ္စယံပတ်လည်ရှိ ဇရပ်၊ ဓမ္မာရုံများတွင် မျှတခွဲဝေပြီးအရုဏ်ဆွမ်းဆက်ကပ်ရန်ကိစ္စကိုဇရပ်၊ဓမ္မာရုံထိန်းသိမ်းသူများနှင့်အသေးစိတ်ညှိနှိုင်းစီစဉ်ရပါသည်။ ဓမ္မာရုံတစ်ခုတွင် ဆွမ်းကပ်နိုင်သောနေရာအကျယ်အဝန်း၊ သံဃာအရေအတွက်၊ ဆွမ်းကပ်မည့် အလှူရှင်စသည် တို့အား ဆန္ဒတောင်းခံရပါသည်။ ဓမ္မာရုံတစ်ခုစီ၌ သန့်စင်ခန်း၊ ရေချိုးခန်း၊ လျှပ်စစ်မီး၊ သောက်သုံးရေ၊ ဆွမ်းကပ်ရန် ပန်းကန်ခွက်ယောက် အခင်းအကျင်းစသည်တို့မှအစ အသေးစိတ်ညှိနှိုင်းပြင်ဆင်ရပါသည်။ ကွင်းဆင်းစစ်ဆေးရပါသည်။ ဇရပ်၊ ဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ကြသူအသင်းအဖွဲ့ အားလုံးနီးပါးက ကြုံတောင့်ကြုံခဲသော နှစ် ၂၆၀၀ ပွဲ၌ စေတနာ၊ သဒ္ဓါထက်သန်စွာဖြင့် အရုဏ်ဆွမ်း ဆက်ကပ်ကြပါသည်။

(ခ) သံဃာတော်များတက်ရောက်ရန်လမ်းကြောင်းနှင့် ဆွမ်းဆန်တော်လောင်းလှူရန်နေရာ

(၁) သံဃာတော်အပါး ၂၆၀၀ တို့အား စောင်းတန်းလေးသွယ်မှ ရင်ပြင်တော်သို့တက်ရောက်ပြီး အနေကဇာတင်၍ စောင်းတန်းလေးသွယ်၌ ဆွမ်းဆန်တော်လောင်းလှူရန်ဖြစ်သောကြောင့် သာမာန်အားဖြင့် ဆိုင်ရာစောင်းတန်းမှ တက်ရောက်ပြီး ဆိုင်ရာစောင်းတန်း၌ အလှူခံရန်သာဖြစ်ပါသည်။ သို့ရာတွင် အခမ်းအနား၏ သဘာဝပေါ်လွင်စေရန်၊ ခမ်းနားသိုက်မြိုက်စေရန်၊ လုံခြုံမှုရှိစေရန်၊ ဦးဆောင်သံဃာတော်များနှင့် ဦးဆောင်သူအကြီးအကဲများအတွက် သီးခြားစီစဉ်ရပါသည်။

www.dhammadownload.com



(၂) တောင်ဘက်စောင်းတန်းတွင် ဆွမ်းဆန်တော်အလှူခံမည့် သံဃာတော်များအား တောင်ဘက်အောက်ပစ္စယံရှိ မဏ္ဍပ်များ၌ အရုဏ်ဆွမ်းဆက်ကပ်ပြီး တောင်စောင်းတန်းမှ ခြေလျင်ကြွ၍ ရင်ပြင်တော်သို့ တက်ရောက်စေကာ အထက်ပစ္စယံနှင့် ရင်ပြင်တော်အင်္ဂါထောင့်တွင် ဗုဒ္ဓါဘိသေက အနေကဇာတင်ရန် စီစဉ်ရပါသည်။ အနေကဇာတင်ပြီးသည့်အခါ တက်ရောက်သည့်စောင်းတန်း၌ပင် ဆွမ်းဆန်တော်အလှူခံရန်ဖြစ်ပါသည်။

(၃) အရှေ့ဘက်စောင်းတန်းတွင် ဆွမ်းဆန်တော်အလှူခံမည့် သံဃာတော်များအား အရှေ့ဘက်အောက်ပစ္စယံရှိ မဏ္ဍပ်များ၌ အရုဏ်ဆွမ်းဆက်ကပ်ပြီး အရှေ့ဘက်စောင်းတန်းမှ ခြေလျင်ကြွ၍ ရင်ပြင်တော်သို့ တက်ရောက်စေကာ ရင်ပြင်တော်တနင်္ဂနွေထောင့်တွင် ဗုဒ္ဓါဘိသေကအနေကဇာတင်ရန် စီစဉ်ရပါသည်။ အနေကဇာတင်ပြီးသည့်အခါ တက်ရောက်သည့်စောင်းတန်း၌ ဆွမ်းဆန်တော် အလှူခံရန်ဖြစ်ပါသည်။

(၄) မြောက်ဘက်စောင်းတန်းတွင် ဆွမ်းဆန်တော်အလှူခံမည့်သံဃာတော်များအား မြောက်ဘက်စောင်းတန်းမှ တက်ရောက်ပြီး ရင်ပြင်တော်ရာဟုထောင့်တွင် ဗုဒ္ဓါဘိသေက အနေကဇာတင်ရန်၊

(၅) အနောက်ဘက်စောင်းတန်းတွင် ဆွမ်းဆန်တော်အလှူခံမည့် သံဃာတော်များအား ရင်ပြင်တော် စနေထောင့်၌ ဗုဒ္ဓါဘိသေကအနေကဇာတင်ရန် စီစဉ်ရပါသည်။

(၆) အထူးသဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများနှင့် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများသည် ဦးဆောင်သံဃာတော်များဖြစ်သောကြောင့် တောင်ဘက်ဓာတ်လှေကားမှ တက်ရောက်ရန်၊ ဂေါပကအဖွဲ့က ရှေးဟောင်းတန်ဆောင်း၌ သီးခြားဆွမ်းကပ်ရန် အထက်ပစ္စယံအင်္ဂါထောင့်၌ အနေကဇာတင်ရန်၊ အနေကဇာတင်ပြီးသည့်အခါ ရင်ပြင်တော်အင်္ဂါထောင့်ရှိ ဦးစံချိန်တန်ဆောင်း၊ ဆယ်တော်မူဘုရားတန်ဆောင်း၊ ရောင်တော်ဖွင့်တန်ဆောင်းတို့မှ အကြီးအကဲများက ဆွမ်းဆန်တော်လောင်းလှူရန် စီစဉ်ရပါသည်။ မိမိတို့ မူလလျာထားသော ဦးဆောင်သံဃာတော်များ အပြင် သာသနာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ရွှေတိဂုံဂေါပကအဖွဲ့နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ လင်ကွမ်စီဘုရားကျောင်းမှ စွယ်တော်တိုက်ဆရာတော် (၅) ပါးကိုလည်း ဦးဆောင်သံဃာတော်များနှင့်အတူ အနေကဇာတင်ရန် ဆွမ်းဆန်တော်အလှူခံရန် စီစဉ်ရပါသည်။ ထိုမှသာမက သာသနာရေးဝန်ကြီးဌာနက သီးခြားပင့်လျှောက်သော သံဃာ (၁၃) ပါးကို ဦးဆောင်သံဃာတော် စာရင်း၌ထည့်သွင်းလျက် စုစုပေါင်း သံဃာတော် (၆၃) ပါးကို အင်္ဂါထောင့်တွင် ဆွမ်းဆန်တော် လောင်းလှူရပါသည်။

## (ဂ) ဗုဒ္ဓါဘိသေက အနေကဇာတင်ရန် နေရာချထားခြင်းနှင့် ဝေယျာဝစ္စ ကပ္ပိယတာဝန်

သံဃာတော် ၂၆၀၀ ပါးတို့အား အထက်ပစ္စယံနှင့် ရင်ပြင်တော်ပတ်လည်၌ ကြည်ညိုသပ္ပါယ်ဖွယ် နေရာယူကာ ဗုဒ္ဓါဘိသေကအနေကဇာတင်ရန် နေရာချထားမှုသည် တချိန်တည်း တပြိုင်တည်းအချိန်ကိုက် ဆောင်ရွက်ရသောကြောင့် ဂေါပကအဖွဲ့ရုံးဝန်ထမ်းများနှင့် ရွှေတိဂုံစေတီတော် ဘာသာရေးအသင်းအဖွဲ့များအား ကြိုတင်စီစဉ်ရုံမျှမက ဇာတ်တိုက်လေ့ကျင့်ခြင်းများကိုပါ ဆောင်ရွက်ရပါသည်။ သာမာန်အားဖြင့် ရင်ပြင်တော် အင်္ဂါထောင့်တွင် အနေကဇာတင်မည့် သံဃာတော်များ၏ ဝေယျာဝစ္စကို အင်္ဂါထောင့်ရှိ အသင်းများနှင့် ဂေါပကအဖွဲ့ဌာနကြီးတစ်ခုက တာဝန်ယူစေပါသည်။ အလားတူ တနင်္ဂနွေထောင့်တွင် အနေကဇာတင်မည့် သံဃာတော်များအား တနင်္ဂနွေထောင့်အသင်းများနှင့် ဂေါပကအဖွဲ့ရုံးဌာနကြီးတစ်ခုကလည်းကောင်း၊ စနေထောင့်၌ အနေကဇာတင်မည့် သံဃာတော်များကို စနေထောင့်ရှိအသင်းများနှင့် ဂေါပကအဖွဲ့ရုံးဌာနကြီးတစ်ခုကလည်းကောင်း၊ ရာဟုထောင့်၌ အနေကဇာတင်မည့်သံဃာတော်များအား ရာဟုထောင့်အသင်းများနှင့် ဂေါပကအဖွဲ့ရုံးဌာနကြီးတစ်ခုကလည်းကောင်း သံဃာတော်များအတွက် ဝေယျာဝစ္စလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်စေပါသည်။

www.dhammadownload.com



(၂၅-၂-၂၀၁၂) ရက်နေ့တွင်
ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော် (၂၆၀၀) ပါးတို့ဖြင့်
ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီးနောက် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပစဉ်။











www.dhammadownload.com



ကပ္ပိယ သို့မဟုတ် သံဃာတော်ဝေယျာဝစ္စဆောင်ရွက်ကြရမည့်သူတိုင်းသည် သံဃာတော်များဆွမ်းစားဆောင်၌ ဆွမ်းကပ်ခြင်းလုပ်ငန်း အဆင်ပြေစေရန် စီစဉ်ခြင်း၊ သံဃာတော်တစ်ပါးစီကို အမှတ်စဉ်ပါ၊ အသိအမှတ်ပြု ယပ်တောင်ဆက်ကပ်ခြင်း၊သံဃာတော်တစ်ပါးစီအား သတ်မှတ်စောင်းတန်းမှ သတ်မှတ်နေရာရောက်သည်အထိ ပင့်ဆောင်ခြင်း၊ သတ်မှတ်နေရာ၌ နေကထိုင်ခင်းကျင်းပေးခြင်း၊ ထီး၊ တံခွန်၊ ကုက္ကားဆက်ကပ်ခြင်း၊ ထီး၊ တံခွန်၊ ကုက္ကားများသိမ်းဆည်းခြင်း၊ ဆွမ်းဆန်တော်အလှူခံရန် ပီနံအိတ်များ ကိုင်ဆောင်ကာ သတ်မှတ်စောင်းတန်းသို့ ပို့ဆောင်ခြင်း၊ လှူဒါန်းသော ပစ္စည်းများအား ထိန်းသိမ်းပြီး သတ်မှတ်ထားရှိသော ယာဉ်ပေါ်ရောက်သည်အထိ တာဝန်ယူဆောင်ရွက်ရန်ဖြစ်သောကြောင့် နံပါတ်စဉ်အလိုက် အုပ်စုအလိုက်နေကထိုင်ခင်းသော လုပ်ငန်းကိုပင် (၄) ကြိမ်ခန့်ဇာတ်တိုက်လေ့ကျင့်ရပါသည်။ သံဃာတော်တစ်ပါးလျှင် ကပ္ပိယ(၃)ဦးနှုန်း လျာထားသတ်မှတ်သောကြောင့် ၂၆၀၀ × ၃ = ကပ္ပိယ ၇၈၀၀ ဦး လိုအပ်ပါသည်။ ရွှေတိဂုံစေတီတော် ဘာသာရေးအသင်းများနှင့် ဂေါပကအဖွဲ့ရုံးဝန်ထမ်းများအား အဓိကအမာခံထား၍ ကပ္ပိယအဖွဲ့(၁)အနေဖြင့် အဓိကလုပ်ငန်းများကို တာဝန်ပေးရပါသည်။ ကပ္ပိယအဖွဲ့(၂)၊ (၃)တို့အတွက် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများ၊ ရန်ကုန်တိုင်းသာသနနုဂ္ဂဟအသင်းမှ အသင်းဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ခရိုင်အလိုက်ပါဝင်သော လူထုလူတန်းစားအဖွဲ့များက ပါဝင်ကူသိုလ်ပြုကြပါသည်။ ဝေယျာဝစ္စကပ္ပိယတာဝန်ယူသူများအား လုံခြုံရေးအသိအမှတ်ပြုတံဆိပ်များ စီစဉ်ပြုလုပ်ပေးရပါသည်။ သံဃာတော်တစ်ပါးစီအတွက် ယပ်တော်အမှတ်၊ ကပ္ပိယ၏ လက်ပတ်အမှတ်၊ ဆွမ်းဆန်တော်အလှူခံရန်ပီနံအိတ်အမှတ် အရောင်စသည်တို့ ကိုက်ညီအောင် စီစဉ်ပေးရပါသည်။

(ယ) ဆွမ်းဆန်တော် လှူဒါန်းကြိုတင်စီစဉ်

သံဃာတော် ၂၆၀၀ ပါးတို့အား ဆွမ်းဆန်တော်များ လောင်းလှူနိုင်ကြောင်း၊ ကြိုတင်ဆက်သွယ်၍ စာရင်းသွင်းနိုင်ကြောင်း စောင်းတန်းတစ်ခုစီတွင် သံဃာတော် (၆၅၀) ပါးခန့်ကို ဆွမ်းဆန်တော်လောင်းမည်ဖြစ်ကြောင်း၊ ကြိုတင်စာရင်းပေးထားမှသာ နေရာစီစဉ်ပေးနိုင်မည်ဖြစ်ကြောင်းလုံခြုံရေးအသိအမှတ်ပြုကဒ်ပြားများ ထုတ်ပေးမည်ဖြစ်ကြောင်းကြိုတင်၍ကြော်ငြာလျက် ဂေါပကအဖွဲ့ရုံးတွင် စာရင်းများလက်ခံခဲ့ပါသည်။ အနောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော် ဦးဆောင်သော ဆွမ်းဆန်တော်လောင်းလှူရေးအဖွဲ့များသည် မိမိတို့ ခရိုင်အလိုက် အလှူရှင် ကြိုတင်ဖိတ်ခေါ်စည်းရုံးထားရှိပါသည်။ ပွဲတော်နီးကပ်လာသောအချိန်တွင် ဂေါပကအဖွဲ့ရုံး၌ စာရင်းသွင်းထားသော အလှူရှင်များ စာရင်းကို ခရိုင်အလိုက် ခွဲဝေပေးပါသည်။ ဂေါပကအဖွဲ့က သံဃာတော်တစ်ပါးလျှင် နဝကမ္မအလှူတော်ငွေတစ်သိန်းကျပ်နှုန်း၊ ဦးဆောင်သံဃာတော်တစ်ပါးလျှင် သုံးသိန်းကျပ်နှုန်း လျာထားသတ်မှတ်၍ မတည်လှူဒါန်းပါသည်။

စောင်းတန်းတစ်ခုလျှင် အလျားပေ (၇၀၀) ကျော်ခန့်ရှိသောကြောင့် စောင်းတန်းတလျောက်အလှူရှင်အသီးသီးတို့ကဆွမ်းဆန်တော်လောင်းလှူရန်ယာယီစားပွဲငယ်များကိုဂေါပကအဖွဲ့ကပြုလုပ်ခင်းကျင်းပေးပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းအဆင့် အကြီးအကဲများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များကို ဆွမ်းဆန်တော်လောင်းလှူရာ၌ ဦးဆောင်လောင်းလှူနိုင်ရန်လည်းကောင်း၊ အစိုးရဌာနအသီးသီးက စောင်းတန်းအလိုက် ပါဝင်လောင်းလှူနိုင်ရန်လည်းကောင်း၊ စနစ်တကျစီမံဆောင်ရွက်ပေးပါသည်။ နံနက် (၇) နာရီတွင် ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီးနောက် စောင်းတန်းတစ်ခုလျှင် သံဃာတော် (၆၅၀) ပါးခန့်စီကို နေ့ဆွမ်းဆက်ကပ်ချိန် မတိုင်မီအပြီး ဆွမ်းဆန်တော် လောင်းလှူရမည်ဖြစ်သောကြောင့် စောင်းတန်း တစ်ခုအတွင်း၌ တစ်ချိန်တွင် သံဃာတော်တစ်ပါးစီသာ ဆွမ်းခံကြွပါက အချိန်မီပြီးစီးနိုင်ခြင်းမရှိသဖြင့် တစ်ချိန်တွင် သံဃာတော် ၂ - ပါးစီ ဆွမ်းဆန်တော်လောင်းလှူရန် ကြိုတင်စီစဉ်ပေးရပါသည်။

www.dhammadownload.com



### (င) သံဃာတော်များပင့်ဆောင်ရေး

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်ဗုဒ္ဓပူဇနိယပွဲတော်ကြီးအား ခမ်းနားသိုက်မြိုက်စွာ ကျင်းပသောကြောင့် ကြံုတောင့်ကြံုခဲသော ပွဲတော်ဖြစ်၍ သံဃာတော်များက ပါဝင်ဆင်နွှဲလိုကြပါသည်။ ပင့်ဆောင်ရေးအဖွဲ့အနေဖြင့်လည်း နိုင်ငံတစ်ဝှမ်းလုံးမှ သံဃာဥသျှောင်ဆရာတော်ကြီးများကိုယ်တိုင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများကိုပင့်ဆောင်ပြီး ရန်ကုန်တိုင်းအတွင်း ခရိုင် (၄) ခုမှ သံဃာတော်များအား ဖြစ်နိုင်သမျှ အဝေးအနီးမျှတစွာပင့်လျှောက်ကြရပါသည်။ မော်တော်ယာဉ်ကြိုပို့နိုင်မှု၊ စုစည်းနိုင်မှု၊ စုဖွဲ့နိုင်မှု၊ နေ့ဆွမ်းအချိန်မီနိုင်သော အခြေအနေ၊ ဂိုဏ်းဂဏစသည်တို့တွင်အခြေခံပြီး ဘက်စုံထောင့်စုံမှ စဉ်းစား၍ ပင့်ဆောင်လျှောက်ရပါသည်။ ဝေးလံသောဒေသများအတွင်း ဆွမ်းဆန်တော် အလှူခံပြီးနောက် အပြန်ခရီးလမ်းတွင် နေ့ဆွမ်း ဆက်ကပ်နိုင်ရန်ပင် စီစဉ်ရပါသည်။ ထိုသို့စီစဉ်၍တိုင်းသာသနာရေးမှူးရုံးမှ ပင့်လျှောက်ပြီးသော သံဃာတော် အစုအဖွဲ့များအတွက် စုရပ်နေရာ၊ တာဝန်ခံသူ စသည်များကို ကြိုဆိုပင့်ဆောင်ရေးအဖွဲ့ကဆိုင်ရာကျောင်းတိုက်များရောက်သည်အထိ လိုက်လံရှာဖွေ ဆက်သွယ်ညှိနှိုင်းရပါသည်။ အလွန်တိုတောင်းသော အချိန်အတွင်း သတ်မှတ်ထားသော အခမ်းအနားများအားလုံးပြီးစီးစေရန် အနည်းငယ်မျှပင် အလွဲအမှားမရှိစေရန် ကြိုတင်စီစဉ်မှုများစွာ ဆောက်ရွက်ခဲ့ရပါသည်။

## ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကြီး

၁၂။ နှစ် ၂၆၀၀ ပြည့်ဗုဒ္ဓပူဇနိယပွဲတော်ကြီး၏ အစီအစဉ်ပေါင်းများစွာအနက် ရွှေတိဂုံစေတီတော်ကြီးအား သံဃာတော်အပါး (၂၆၀၀)ဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းနှင့် ထိုသံဃာတော်အပါး (၂၆၀၀)တို့အား ဆွမ်းဆန်တော်လောင်းလှူပွဲကို ၁၃၇၃ – ခုနှစ်၊ တပေါင်းလဆန်း (၄)ရက်၊ (၂၅.၂.၂၀၁၂) (စနေနေ့)အရုဏ်တက်ချိန်တွင် ကျင်းပခဲ့ပါသည်။ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူ ပွဲသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ အပါအဝင် ရန်ကုန်တိုင်းဒေသကြီး ခရိုင် (၄) ခုရှိ မြို့နယ်အသီးသီးတို့မှ ပင့်သံဃာတော်များ ကြွရောက်တော်မူကြပါသည်။ သံဃာတော်များအား ကြိုဆိုပင့်ဆောင်ရာ၌ သံဃာတော်များအား သတ်မှတ်နေရာများတွင် စုစည်းပြီး မော်တော်ယာဉ်များဖြင့် ရွှေတိဂုံစေတီတော် ခြေတော်ရင်းသို့ နံနက် (၅) နာရီ အရောက် ပင့်ဆောင်ကြပါသည်။ ထို့နောက်နံနက် (၅) နာရီခွဲအချိန်တွင် သတ်မှတ်ထားသော ဇရပ်၊ ဓမ္မာရုံများ၌ အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ စိစစ်ရေးအမှတ်စဉ်ပါ ယပ်တောင်များဆက်ကပ်ခြင်းတို့ကို ဆောင်ရွက်ကြပါသည်။ အရုဏ်ဆွမ်းဆက်ကပ်ပြီးနောက် နံနက် (၆) နာရီအချိန်တွင် ဆိုင်ရာဇရပ်၊ ဓမ္မာရုံများမှ ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်သို့ ဆိုင်ရာကပ္ပိယများလိုက်ပါ၍ စောင်းတန်းများမှ လက်ဝဲရစ် ပင့်လျှောက်ကြွ ရောက်တော်မူပြီး သတ်မှတ်နေရာအသီးသီးတွင် နေရာချထားပေးပါသည်။ သံဃာတော်များအား နေရာ ချထားရာတွင် အထက်ပစ္စယံထောင့် လေးထောင့်၌ သံဃာတော် (၁၈၀) ပါး၊ အာရုံခံမုခ်ဦးတန်ဆောင်း (၄) ခု၌ (၆၀)ပါးစီဖြင့် (၂၄၀)ပါး၊ ရင်ပြင်တော်ထောင့်လေးထောင့်တွင် ကျန်သံဃာတော် (၂၃၆၀)ပါးတို့က မျှတခွဲဝေနေရာယူကြပါသည်။ သံဃာတော်များအား သတ်မှတ်နေရာအသီးသီးတွင် ကြိုတင်လေ့ကျင့်ဇာတ်တိုက်ထားသော အစီအစဉ်အတိုင်း နေရာချထားပြီးသောအခါ ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွားများ ဆက်ကပ်ရပါသည်။ ထို့နောက် ကပ္ပိယအားလုံး သံဃာတော်များနောက်တွင် နေရာယူလျက် ကြည်ညိုကြပါသည်။ ထို့နောက် မင်္ဂလာအချိန်ကျရောက်သည့်နံနက် (၇) နာရီတိတိအချိန်တွင်အထက်ပစ္စယံအဂ္ဂိထောင့်မှသံဃာတော်များကဦးဆောင်ပြီး ရွှေတိဂုံစေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင် သဘင်ဆင်ယင်တော်မူကြပါသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဆောင်သော အကြီးအကဲများက အထက်ပစ္စယံ အဂ္ဂိထောင့် ဦးဆောင်သံဃာတော်များနောက်တွင် နေရာယူကာ ကြည်ညိုနာယူကြပါသည်။

www.dhammadownload.com



၁၃။ စေတီတော်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီးသည့်အခါ သံဃာတော်များသည် မူလတက်ရောက်ခဲ့သော စောင်းတန်းမှပင် လက်ယာရစ်ပြန်လည်ဆင်းသက်ပြီး ဆွမ်းဆန်တော်များ အလှူခံရာတွင် ဦးဆောင်သံဃာတော်များကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဆောင်သော တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက ရင်ပြင်တော်အင်္ဂါထောင့်မှလည်းကောင်း၊ အခြားသံဃာတော်များအား စောင်းတန်းလေးသွယ်မှ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ တိုင်း/ခရိုင်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကုမ္ပဏီအဖွဲ့အစည်းများ၊ မြို့နယ်၊ ရပ်ကွက်၊ ကျောင်းများမှ လူမှုရေး/ဘာသာရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့ကြပါသည်။ စောင်းတန်းတိုင်းတွင် စောင်းတန်းတစ်လျှောက်လုံးသာမက စောင်းတန်းအပြင်ပိုင်းအထိ ဆွမ်းဆန်တော်လောင်းလှူသူများ လှူဖွယ်ဝတ္ထုများဖြင့် ပြည့်လျှံနေပါသည်။

သံဃာတော်တစ်ပါးစီအတွက် ရွှေတိဂုံဘာသာရေးအသင်းများမှ ကပ္ပိယတစ်ဦးစီလိုက်ပါ၍ ဆွမ်းဆန်တော် စတင်အလှူခံပြီး ပြင်ပအဖွဲ့အစည်းများမှ ကုသိုလ်ပြုကပ္ပိယများက စောင်းတန်းအဝင်မှစတင်၍ စောင်းတန်းတစ်လျှောက်လိုက်ပါ အလှူခံပေးပါသည်။ တစ်ကြိမ်တွင် သံဃာတော်(၂)ပါးစီ စောင်းတန်းဝဲဘက်ခြမ်းနှင့် စောင်းတန်းယာဘက်ခြမ်းတို့က ဆင်းသက်၍ အလှူခံပါသည်။

သံဃာတော်အစုအဖွဲ့တစ်စုအား အသင်းတစ်စုက တာဝန်ယူကုသိုလ်ပြုခြင်းဖြစ်သောကြောင့် သံဃာတော်များ၏ အလှူရပစ္စည်းများ စုဖွဲ့မှု၊ မော်တော်ယာဉ်ပေါ်အထိ ပို့ဆောင်မှုတို့ကို အလွဲအမှား မရှိ စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဂေါပကအဖွဲ့က မတည်လှူဒါန်းသော နဝကမ္မအလှူငွေတစ်သိန်းကျပ်စီအား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများကို သီးခြားလွှဲအပ်ပြီး သက်ဆိုင်ရာကျောင်းများအရောက် လက်ထိလက်ရောက် လှူဒါန်းစေခဲ့ပါသည်။

**နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ဦးဆောင်သည့် သံဃာတော်အပါး (၃၈၀)တို့က စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် ထိုသံဃာတော်များအား ဆွမ်းဆန်တော်လောင်းလှူခြင်း။**

၁၄။ ရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေ၌ ကျင်းပသည့် ဆဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေး တက်ရောက်ရန် ရန်ကုန်မြို့သို့ရောက်ရှိတော်မူနေကြသည့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ဦးဆောင်သော သံဃာတော်အပါး (၃၈၀)တို့သည် ၁၃၇၃ - ခုနှစ်၊ တပေါင်းလဆန်း (၈)ရက်၊ (၂၉.၂.၂၀၁၂)၊ ဗုဒ္ဓဟူးနေ့နံနက် (၇) နာရီ အချိန်တွင် ရွှေတိဂုံစေတီတော် အထက်ပစ္စယံ၌ စေတီတော်နှစ် ၂၆၀၀ ပြည့် အထိမ်းအမှတ်အနေဖြင့် စေတီတော် မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြပါသည်။ အစီအစဉ်အရ နံနက် (၆) နာရီ၊ (၄၅) မိနစ်အချိန်တွင် ဦးဆောင်သံဃာတော်များဖြစ်ကြသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီး၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများသည် ရွှေတိဂုံစေတီတော်အထက်ပစ္စယံနှင့် သတ်မှတ်နေရာအသီးသီးသို့ ရောက်ရှိတော်မူကြပြီး နံနက် (၆) နာရီ၊ မိနစ် (၅၀) အချိန်တွင် ဆရာတော်ကြီးများအား တံခွန်၊ ကုက္ကား၊ မုလေးပွားများ ဆက်ကပ်ကြပါသည်။ ထို့နောက် မင်္ဂလာအချိန်ကျရောက်သည့်နံနက် (၇) နာရီတိတိအချိန်တွင် အထက်ပစ္စယံအင်္ဂါထောင့်မှ သံဃာတော်များကဦးဆောင်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင် သဘင်ဆင်ယင်တော်မူကြပါသည်။

၁၅။ ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီးနောက် ဆရာတော်ကြီးများသည် စေတီတော်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်လည်ဖူးမြော်ကြည်ညို၍ ဆွမ်းဆန်တော်အလှူခံကြွရောက်တော်မူပါသည်။ ဆွမ်းဆန်တော်အလှူခံကြွရောက်သော ထိုသံဃာတော်အပါး (၃၈၀)နှင့်အတူ ရွှေတိဂုံစေတီတော်၌ နှစ်စဉ် ဆွမ်းဆန်တော်လောင်းလှူရာတွင် ပါဝင်သော သီလရှင် (၂၇)ပါးတို့အား ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အများပြည်သူတို့က ဆွမ်းဆန်

www.dhammadownload.com



တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့ကြပါသည်။

## သုံးစွဲကုန်ကျငွေများ

၁၆။ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူရေးဆိုင်ရာ လုပ်ငန်းများအတွက် သုံးစွဲကုန်ကျသည့် အသုံးစရိတ်ငွေစုစုပေါင်းမှာ လှူဖွယ်ဝတ္ထုပစ္စည်းများတန်ဘိုး၊ သံဃာတော်များ ပင့်ဆောင်သည့် မော်တော်ယာဉ်များ ငှားရမ်းခများ အပါအဝင် ကျပ် ၃၇၂၇၀၇၉၈၀/- (ကျပ် သုံးထောင့်ခုနစ်ရာနှစ်ဆယ့်ခုနစ်သိန်းခုနစ်ထောင့်ကိုးရာရှစ်ဆယ်တိတိ) ဖြစ်ပါသည်။

## နိဂုံး

၁၇။ ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးသည် ကြံ့တောင့်ကြံ့ခဲလှသည့် ရာပြည့်ပွဲတော်ကြီးဖြစ်သည်နှင့်အညီ ယခင်နှစ်များကနှင့် မတူဘဲ စေတီတော်ကြီးအား ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာဟုဆိုအပ်သော ပူဇော်ခြင်းအမျိုးမျိုးတို့ဖြင့် ဘာသာရေးအနှစ်သာရပြည့်ဝစွာ ကျင်းပပူဇော်နိုင်ခဲ့ပါသည်။ ထိုသို့ကျင်းပပူဇော်ရာတွင် သံဃာ့ပူဇာအနေဖြင့် ၁၃၇၃ - ခုနှစ်၊ တပေါင်းလဆန်း ၄ ရက် (၂၂.၂.၂၀၁၂) နေ့တွင် သံဃာတော်အပါး (၂၆၀၀)ဖြင့် ရွှေတိဂုံစေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ ထိုသံဃာတော်အပါး (၂၆၀၀)အား စောင်းတန်းလေးသွယ်မှ ဆွမ်းဆန်တော် လောင်းလှူခြင်း၊ အရုဏ်ဆွမ်း ကပ်လှူခြင်း၊ ၁၃၇၃ - ခုနှစ်၊ တပေါင်းလဆန်း ၈ ရက် (၂၉.၂.၂၀၁၂)နေ့တွင် သံဃာတော်အပါး (၃၈၀) ဖြင့် စေတီတော်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ ထိုသံဃာတော် အပါး (၃၈၀)နှင့် သီလရှင် (၂၇) ပါးတို့ အားရင်ပြင်တော်တွင် ဆွမ်းဆန်တော်လောင်းလှူခြင်းတို့ကို ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ ပါဝင်ပေါင်းစုပြုအပ်သော ကုသိုလ်တော်ပွဲကြီးအဖြစ် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပနိုင်ခဲ့ပါသည်။

၁၈။ ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်ပွဲတော် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူရေး လုပ်ငန်းများကို စည်ကားသိုက်မြိုက် အဆင်ပြေချောမွေ့စွာ ကျင်းပဆောင်ရွက်နိုင်ရန်အတွက် ဦးဆောင်လမ်းညွှန်မှုပြုခဲ့ကြသော သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပူးပေါင်းပါဝင် ပံ့ပိုးကူညီဆောင်ရွက်ပေးကြသော ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များ၊ တိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ တိုင်းဒေသကြီး သာသနာ့နဂ္ဂဟအဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မီးသတ်ဦးစီးဌာန၊ ခရိုင်နှင့်မြို့နယ် အသီးသီးမှ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၊ ဝတ္တကမြေအတွင်းရှိဇရပ်/ဓမ္မာရုံထိန်းသိမ်းရေး တာဝန်ခံများ၊ ရွှေတိဂုံစေတီတော်တွင် အခြေပြုသည့် ဘာသာရေးအသင်းအဖွဲ့များ၊ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ စေတနာရှင်ပြည်သူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးကျေးဇူးဥပကာယတင်ရှိပါ ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အတွင်းရေးမှူး
ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့်
ဆွမ်းဆန်တော်လောင်းလှူရေးဆပ်ကော်မတီ

www.dhammadownload.com





(၂၉ - ၂ - ၂၀၁၂) ရက်နေ့တွင်
ဆဋ္ဌမအကြိမ် သံဃာအစည်းအဝေးသို့
ကြွရောက်တော်မူသော
နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများက
ရွှေတိဂုံစေတီတော်မြတ်ကြီးအား
ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူပြီး
ယင်းသံဃာတော်များကို
ဆွမ်းဆန်တော်များ လောင်းလှူပါသည်။





နှစ်စဉ် ဗုဒ္ဓပူဇနီယပွဲတော်တွင်
လှူဒါန်းနေကြဖြစ်သော
သီလရှင်များကိုလည်း
ဆွမ်းဆန်တော်လောင်းလှူပါသည်။

www.dhammadownload.com



# နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူရေးဆပ်ကော်မတီ အသုံးစရိတ်ကုန်ကျငွေစာရင်း

| စဉ် | နေ့စွဲ | အကြောင်းအရာ | နှုန်း | အရေအတွက် | သင့်ငွေ |
|---|---|---|---|---|---|
| ၁ | ၂၅-၂-၂၀၁၂ | ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဆွမ်းဆန်တော် | | | |
| | | လောင်းလှူပွဲအခမ်းအနား | | | |
| | | အသုံးစရိတ် | | | |
| | | - ယပ်တောင် | ၂၄၀၀/- | ၂၆၀၀ ချောင်း | ၆၂၄၀၀၀၀/- |
| | | - အနေကထိုင် | ၁၄၀၀/- | ၂၆၀၀ ခု | ၃၆၄၀၀၀၀/- |
| | | - Colour Paper | ၁၇၀၀/- | ၂၀ ထုပ် | ၃၄၀၀၀/- |
| | | - Cbinder Clips | ၁၂၀၀/- | ၁ ဘူး | ၁၂၀၀/- |
| | | - ပီနံအိတ် (ပီနံအိတ်+တံဆိပ်ရိုက်+နံပါတ်ရေး) | ၂၀၀/- | ၁၀၄၀ အိတ် | ၂၀၈၀၀၀/- |
| | | - အနေကဇာတင်ပစ္စည်းစုံ | ၄၀၀/- | ၂၆၀၀ စုံ | ၁၀၄၀၀၀၀/- |
| | | - ဦးဆောင်သံဃာတော်(၆၃)ပါး နဝကမ္မ လှူဒါန်း | ၇၀၀၀၀/- | ၆၃ ပါး | ၁၇၀၁၀၀၀၀/- |
| | | - ပင့်သံဃာ(၂၅၅၅)ပါး နဝကမ္မလှူဒါန်း | ၁၀၀၀၀၀/- | ၂၅၅၅ ပါး | ၂၅၅၅၀၀၀၀၀/- |
| ၂ | ၂၅-၂-၂၀၁၂ | ဦးဆောင်သံဃာတော်များအတွက် လှူဖွယ် | | | |
| | | ပစ္စည်းများ ဝယ်ယူခြင်း | | | |
| | | - လက်ဆွဲမီးအိမ် | ၅၇၀၀/- | ၆၃ လုံး | ၃၅၉၁၀၀/- |
| | | - နာရီ | ၃၉၀၀/- | ၆၃ လုံး | ၂၄၅၇၀၀/- |
| | | - မျက်နှာသုတ်ပုဝါကြီး | ၃၈၀၀/- | ၆၃ ထည် | ၂၃၉၄၀၀/- |
| | | - ကြွေပန်းကန် (ရွှေတိဂုံပုံပါ) | ၃၅၀၀/- | ၆၃ ချပ် | ၂၂၀၅၀၀/- |
| | | - ဇရာဝတီမြေပဲဆီ | ၂၁၀၀/- | ၆၃ ဘူး | ၁၃၂၃၀၀/- |
| | | - ဆေးမျိုးစုံဘူး | ၅၅၀၀/- | ၆၃ ဘူး | ၃၄၆၅၀၀/- |
| | | - သွားတိုက်ဆေးနှင့် ဆပ်ပြာမှုန့် | ၃၁၀၀/- | ၆၃ ထုပ် | ၁၉၅၃၀၀/- |
| | | - ကြွေခွက်ဖြူ (ရွှေတိဂုံပုံပါ) | ၂၂၀၀/- | ၆၃ ခွက် | ၁၃၈၆၀၀/- |
| | | - ခရီးစရိတ် (ပစ္စည်းဝယ်) | - | - | ၁၀၀၀၀/- |
| | | - နှစ် ၂၆၀၀ပြည့် ရွှေတိဂုံအထူးထုတ် | ၂၅၀၀/- | ၆၃ အုပ် | ၁၅၇၅၀၀/- |
| | | မွေစာစောင် | | | |
| | | - ထေမနာကျမ်းစာအုပ် | ၅၀၀/- | ၆၃ အုပ် | ၃၁၅၀၀/- |
| | | - အံ့ချီးမကုန်စာအုပ် | ၇၀၀/- | ၆၃ အုပ် | ၄၄၁၀၀/- |

www.dhammadownload.com



| စဉ် | နေ့စွဲ | အကြောင်းအရာ | နှုန်း | အရေအတွက် | သင့်ငွေ |
|---|---|---|---|---|---|
| ၃ | ၂၅.၂.၂၀၁၂ | အနေကဇာတင်ပွဲအတွက် လိုအပ်သည့်ပစ္စည်း | | | |
| | | - ကျွတ်ကျွတ်ကြိုးခွေ | ၁၃၅၀/- | ၂၂ ခွေ | ၂၉၇၀၀/- |
| | | - ပီနံအိတ် | ၂၁၀/- | ၆၀ အိတ် | ၁၂၆၀၀/- |
| | | - လုံခြုံရေးလက်ပတ်များ တံဆိပ်ရိုက်ခြင်း | ၃၀/- | ၇၉၅၀ ခု | ၂၃၈၅၀၀/- |
| | | - ယပ်တောင်တွင် နံပါတ်ကပ်ခြင်း | | | ၂၀၀၀/- |
| | | စက္ကူဖြတ်ခနှင့် ခရီးစရိတ် | | | |
| | | - လက်ပါတ်များချုပ်ခြင်း | ၁၇၀/- | ၇၉၅၀ ခု | ၁၃၅၁၅၀၀/- |
| | | - ဗီနိုင်းဆိုင်းဘုတ်ပြုလုပ်ခြင်း | | | ၂၄၂၀၀/- |
| | | - ခရီးစရိတ် | | | ၂၀၀၀/- |
| ၄ | ၂၅.၂.၂၀၁၂ | မုလဦးဆောင်သံဃာ(၄၅)ပါးအစား (၆၃)ပါး | | | |
| | | ပစ္စည်းများ ဝယ်ယူခြင်း | | | |
| | | - ပီနံအိတ် | ၁၅၅/- | ၂၆၉၀ လုံး | ၄၁၆၉၅၀/- |
| | | - ယပ်တောင် | ၂၀၀၀/- | ၁၈ ခု | ၆၀၀၀၀/- |
| | | - အနေကထိုင် | ၁၄၀၀/- | ၁၈ ခု | |
| | | - ပီနံအိတ်တံဆိပ်ရိုက်ခ | ၃၅/- | ၂၆၉၀ အိတ် | ၉၄၁၅၀/- |
| | | - ပီနံအိတ်နံပါတ်ရေးခြင်း | ၁၀/- | ၂၆၉၀ အိတ် | ၂၆၉၀၀/- |
| | | - လက်ပတ် | ၁၇၀/- | ၅၄ ခု | ၉၁၈၀/- |
| | | - လက်ပတ်တံဆိပ်ရိုက်ခ | ၃၀/- | ၅၄ ခု | ၁၆၂၀/- |
| | | - အနေကဇာတင်ပစ္စည်း | ၄၀၀/- | ၁၈ စုံ | ၇၂၀၀/- |
| | | - ကျွတ်ကျွတ်ကြိုးခွေ | ၁၄၀၀/- | ၅ ခွေ | ၇၀၀၀/- |
| | | - ခရီးစရိတ်များ | | | ၁၀၀၀၀/- |
| ၅ | ၂၉.၂.၂၀၁၂ | ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်းနှင့်ဆွမ်းဆန် | | | |
| | | တော်လောင်းလှူခြင်း သံဃာတော် (၃၈၀)ပါးနှင့် | | | |
| | | သီလရှင်(၂၇)ပါး | | | |
| | | - နဝကမ္မအလှူငွေ | ၁၀၀၀၀၀/- | ၃၈၈ ပါး | ၃၈၈၀၀၀၀၀/- |
| | | - သင်္ကန်း | ၁၂၀၀၀/- | ၃၈၀ စုံ | ၄၅၆၀၀၀၀/- |
| | | - ထီး | ၃၇၀၀/- | ၄၀၇ ချောင်း | ၁၅၀၅၉၀၀/- |
| | | - သီလရှင်ဝတ်စုံ(၂)စုံနှုန်း | ၆၅၀၀/- | ၅၄ စုံ | ၃၅၁၀၀၀/- |
| | | - နာရီ | ၃၉၀၀/- | ၄၀၇ လုံး | ၁၅၈၇၃၀၀/- |
| | | - မီးအိမ် | ၅၇၀၀/- | ၄၀၇ လုံး | ၂၃၁၉၉၀၀/- |
| | | - ခြင်ပြေးစက် | ၂၈၀၀/- | ၄၀၇ လုံး | ၁၁၃၉၆၀၀/- |
| | | - စားသုံးဆီ | ၂၁၀၀/- | ၄၀၇ ဘူး | ၈၅၄၇၀၀/- |

www.dhammadownload.com



| စဉ် | နေ့စွဲ | အကြောင်းအရာ | နှုန်း | အရေအတွက် | သင့်ငွေ |
|---|---|---|---|---|---|
| | | - မျက်နှာသုတ်ပုဝါ | ၃၈၀၀/- | ၄၀၇ ထည် | ၁၅၄၆၆၀၀/- |
| | | - နို့ဆီ | ၆၅၀/- | ၄၀၇ ဘူး | ၂၆၄၅၅၀/- |
| | | - Coffee နို့မှုန့် | ၁၃၀၀/- | ၄၀၇ ထုပ် | ၅၂၉၁၀၀/- |
| | | - ငါးသေတ္တာဘူးကြီး | ၁၂၀၀/- | ၄၀၇ ဘူး | ၄၈၈၄၀၀/- |
| | | - ဗမာဆေးမျိုးစုံ | ၅၅၀၀/- | ၄၀၇ စုံ | ၂၂၃၈၅၀၀/- |
| | | - ဆပ်ပြာမှုန့် | ၈၀၀/- | ၄၀၇ ထုပ် | ၃၂၅၆၀၀/- |
| | | - သွားတိုက်ဆေး၊ သွားပွတ်တံ | ၂၃၀၀/- | ၄၀၇ စုံ | ၉၃၆၁၀၀/- |
| | | - နှစ်(၂၆၀၀)ပြည့် ရွှေတိဂုံအထူးထုတ် မဂ္ဂစာစောင် | ၂၅၀၀/- | ၄၀၇ အုပ် | ၁၀၁၇၅၀၀/- |
| | | - ထေ၀မနာကျမ်းစာအုပ် | ၅၀၀/- | ၄၀၇ အုပ် | ၂၀၃၅၀၀/- |
| | | - အုံ့ချီးမကုန်စာအုပ် | ၇၀၀/- | ၄၀၇ အုပ် | ၂၈၄၉၀၀/- |
| | | - ထောက်ပံ့စရိတ်များ (ဌာနအားလုံး) | ၁၀၀၀/- | ၁၉၆ ဦး | ၁၉၆၀၀၀/- |
| | | - စေတနာသဗ္ဗာရစည်တော် ထောက်ပံ့စရိတ် | | | ၂၇၀၀၀/- |
| | | - ပိန်အိတ်ကြီးခွေ | ၁၃၅၀/- | ၃ ခွေ | ၄၀၅၀/- |
| | | - ပါကင်စက္ကူ | ၆၅/- | ၄၀၀ ရွက် | ၂၆၀၀၀/- |
| | | - စာအိတ်ဖြူ | ၈၀၀/- | ၄၀၀ ပါကင် | ၃၂၀၀၀၀/- |
| | | - အနေကဇာတင်ပစ္စည်း | ၄၀၀/- | ၃၀၀ စုံ | ၁၂၀၀၀၀/- |
| | | - စတေကာပြုလုပ်ရန် စက္ကူဝယ် | ၃၀၀/- | ၁၀၅ ရွက် | ၃၁၅၀၀/- |
| | ၁၅.၂.၂၀၁၂ | - မိတ္တူကူးခ(ဆွမ်းဆန်တော်ဆပ်ကော်မတီ) | | | ၈၀၀/- |
| | | - ဆွမ်းဆန်လောင်းလှူရေးနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် အစည်းအဝေးညှိခံစရိတ် | | | ၁၈၀၀၀/- |
| | | - ခါတ်ပုံMofa Sticker(လက်ပတ်နံပတ်ကပ်) | ၅၅၀၀/- | ၁၀ ထုပ် | ၅၅၀၀၀/- |
| | | - Sticker လုပ်(ခရီးစရိတ်) | | | ၂၀၀၀/- |
| | | - Mofa Sticker | ၅၅၀၀/- | ၄ ထုပ် | ၂၂၀၀၀/- |
| | | - Sticker လုပ်(ခရီးစရိတ်) | | | ၁၀၀၀/- |
| | | - Vinyl (၄)ခုပြုလုပ်ခ | | | ၁၉၂၀၀/- |
| | | - သံဃာတော်(၂၆၀၀)ပါးအား နေရာချထားမှု မြေပုံ(၄)ချပ် ပြုလုပ်ခ | | | ၅၀၀၀/- |
| | | - (ကြီးကြပ်လက်ပတ်)အရောင်ငါးမျိုး | ၁၇၀/- | ၅၀၀ ခု | ၈၅၀၀၀/- |
| | | - အနေကဇာတင် ဆွမ်းလောင်းပွဲ | | | ၂၂၀၀၀/- |
| | | အစည်းအဝေးညှိခံစရိတ် | | | ၂၆၄၅၅၀/- |
| | | - ခရိုင်(၄)ခု သံဃာတော်စာရင်းမိတ္တူချုပ်ခ | | | ၅၅၀၀/- |

www.dhammadownload.com



| စဉ် | နေ့စွဲ | အကြောင်းအရာ | နှုန်း | အရေအတွက် | သင့်ငွေ |
|---|---|---|---|---|---|
| | | - သာသနာ့အလံ | ၄၀၀/- | ၃၀၀ ခု | ၁၂၀၀၀၀/- |
| | | - A2 Color Print (မြေပုံ) | | | ၃၀၀၀/- |
| | | - A2 Size Color Print | | | ၁၅၀၀၀/- |
| | | - ကတ္တီပါအနီရဲ (တရုတ်နိုင်ငံနှင့်နားလည်မှုစာချွန်လွှာ) | | | ၄၀၀၀၀/- |
| | | - A2Size Color Print ပြုလုပ်ခြင်းခရီးစရိတ် | | | ၃၀၀၀/- |
| | | - လုံခြုံရေးလက်ပတ်တံဆိပ်ရိုက်ခ | ၃၀/- | ၅၀၀ ခု | ၁၅၀၀၀/- |
| | | - MATTE COATED | ၂၅၀၀/- | ၁ ထုပ် | ၂၅၀၀/- |
| | | - MATTE COATED ခရီးစရိတ် | | | ၂၀၀၀/- |
| | | - စာအိတ်ဖြူ Clear ၁ တိတ် | | | ၄၁၂၀၀/- |
| | | - ၆' × ၄၂" ပိနံအိတ် | ၁၅၅/- | ၁၃၁၃၆ အိတ် | ၂၀၃၆၀၈၀/- |
| | | - ပိနံအိတ်ထမ်းသော အထမ်းသမားခ | | | ၁၀၀၀၀/- |
| | | - ခရီးစရိတ် | | | ၁၀၀၀၀/- |
| | | - ဆုပေးပွဲအခမ်းအနားသုံးရန် ပါကင်စက္ကူဝယ် | ၆၂/- | ၃၀၀ ခု | ၁၈၆၀၀/- |
| | | - သံဃာတော်(၆၁၅)ပါးအားဆွမ်းစရိတ်ငွေလှူဒါန်းခြင်း | | | ၈၀၀၀၀၀/- |
| ၆ | ၂၅.၂.၂၀၁၂ | သံဃာတော်ပင့်ဆောင်စဉ် အသုံးပြုခဲ့သော ယာဉ်(၄)စီးအတွက် ထောက်ပံ့(၂၅.၂.၂၀၁၂) အနေကဇာတင်အခမ်းအနားအတွက် တာဝန်ကျဝန်ထမ်းများအား ထောက်ပံ့စရိတ် | ၁၀၀၀/- | ၁၉၂ ဦး | ၁၉၂၀၀၀/- |
| ၇ | ၁၃.၃.၂၀၁၂ | (၂၅.၂.၂၀၁၂)ရက်နေ့နှင့် (၂၉.၂.၂၀၁၂)ရက်နေ့တွင် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားတွင် မော်တော်ယာဉ်ငှားရမ်းခစရိတ် | | | ၁၉၂၀၀၀၀/- |
| ၈ | ၂၅.၂.၂၀၁၂ | (၂၅.၂.၂၀၁၂)နေ့ ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားတွင် ပင့်ဖိတ်သည့် ဦးဆောင်သံဃာတော်(၁)ပါးအတွက် နဝကမ္မအလှူငွေ | | | ၂၇၀၀၀၀/- |
| ၉ | ၂၉.၂.၂၀၁၂ | (၂၉.၂.၂၀၁၂)နေ့ ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားတွင်သံဃာတော်(၁)ပါးနဝကမ္မအလှူငွေ | | | ၁၀၀၀၀၀/- |
| ၁၀ | ၁.၂.၂၀၁၂ | (၂၅.၂.၂၀၁၂) ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနား ဗွီဒီယိုရိုက်ကူးခနှင့် တည်းဖြတ်ခ | | | ၅၀၀၀၀၀/- |
| ၁၁ | ၉.၃.၂၀၁၂ | (၂၅.၂.၂၀၁၂)နေ့ အခမ်းအနားဖိတ်စာယာဉ်ဝင်ခွင့် ဘွဲ့လက်မှတ်၊ ခါတ်ပုံ၊ ထေရုပ္ပတ္တိပုံ ရိုက်နှိပ်ခြင်း | | | ၁၀၃၆၂၀၀/- |
| | | | | | ၃၇၂၇၀၇၉၈၀/- |

# ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်
## သံဃာတော် ၂၆၀၀ ပါး အနေကဇာတင်ရန်နှင့် ဆွမ်းဆန်တော်အလှူခံရာ၌ နေရာအလိုက် တာဝန်ခွဲဝေဇယား

| စဉ် | တက်ရောက်ရန်စောင်းတန်း ဆွမ်းဆန်တော်အလှူခံရန် | အနေကဇာတင်ရန် နေရာ | ဆွမ်းကပ်မည့်နေရာ မဏ္ဍပ် | အလှူရှင်/ ဆွမ်းကပ်တာဝန် | သံဃာ အရေအတွက် | ဝေယျာဝစ္စကပ္ပိယ အသင်း | ဝေယျာဝစ္စကပ္ပိယ ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | တောင်ဓါတ်လှေကား | အထက်ပစ္စယံ၊ အင်္ဂါ | ရောင်တော်ဖွင့် | ရောင်တော်ဖွင့် | ၄၅ | ဆပ်ကော်မတီ | ဆပ်ကော်မတီ | |
| ၂ | တောင်ဘက်စောင်းတန်း | အထက်ပစ္စယံ၊ တနင်္ဂနွေ | အင်းလေး | အင်းလေး | ၄၅ | စေတနာသဒ္ဓါရ | လုံခြုံ/မီးသတ် | |
| ၃ | တောင်ဘက်စောင်းတန်း | အထက်ပစ္စယံ၊ ရာဟု | အင်းလေး | အင်းလေး | ၄၅ | မနောစိတ္တပြုပြ | လုံခြုံ/မီးသတ် | |
| ၄ | တောင်ဘက်စောင်းတန်း | အထက်ပစ္စယံ၊ စနေ | သစ်လုပ်ငန်း | သစ်လုပ်ငန်း | ၄၅ | အထက်ပစ္စယံ ဂုဏ် | လုံခြုံ/မီးသတ် | |
| ၅ | တောင်ဘက်စောင်းတန်း | အင်္ဂါထောင့် | အကောက်ခွန် | အကောက်ခွန် | ၅၀ | ဗဟိုလေဟာပြင် | အတွင်းရေးမှူး | |
| ၆ | တောင်ဘက်စောင်းတန်း | အင်္ဂါထောင့် | အကောက်ခွန် | အကောက်ခွန် | ၅၀ | ကလျာဏ | အတွင်းရေးမှူး | |
| ၇ | တောင်ဘက်စောင်းတန်း | အင်္ဂါထောင့် | ရွှေကျင် | ရွှေကျင် | ၅၀ | စတုသစ္စာ | အတွင်းရေးမှူး | |
| ၈ | တောင်ဘက်စောင်းတန်း | အင်္ဂါထောင့် | မှန်မဏ္ဍပ် | မှန်မဏ္ဍပ် | ၅၀ | ဂုဏ်တော်ပရိတ် | အတွင်းရေးမှူး | |
| ၉ | တောင်ဘက်စောင်းတန်း | အင်္ဂါထောင့် | မှန်ပိဋကတ် | မှန်ပိဋကတ် | ၅၀ | ရွှေခေါင်းလောင်းကြီး | အတွင်းရေးမှူး | |
| ၁၀ | တောင်ဘက်စောင်းတန်း | အင်္ဂါထောင့် | ဆောက်လုပ်ရေး | ဆောက်လုပ်ရေး | ၅၀ | စေတနာရှင် | ရွှေရတနာ | |
| ၁၁ | တောင်ဘက်စောင်းတန်း | အင်္ဂါထောင့် | စာရင်းအကျိုးဆောင် | စာရင်းအကျိုးဆောင် | ၅၀ | စေတနာရှင် | ရွှေရတနာ | |
| ၁၂ | တောင်ဘက်စောင်းတန်း | အင်္ဂါထောင့် | ဗုဒ္ဓဘာသာအဖွဲ့ချုပ် | ဗုဒ္ဓဘာသာအဖွဲ့ချုပ် | ၅၀ | ရေကုသိုလ် | ရွှေရတနာ | |
| ၁၃ | တောင်ဘက်စောင်းတန်း | အင်္ဂါထောင့် | မီးရထား | မီးရထား | ၅၀ | မေတ္တာပါရမီ | ရွှေရတနာ | |
| ၁၄ | တောင်ဘက်စောင်းတန်း | အင်္ဂါထောင့် | ကျောက်စိမ်းတွင်း | ကျောက်စိမ်းတွင်း | ၅၀ | ပုညသီသဟာယ | ရွှေရတနာ | |
| | | | | တောင်ဓါတ်လှေကား | ၄၅ ပါး | | | |
| | | | | တောင်စောင်းတန်း | ၆၃၅ ပါး | | | |
| | | | | စုစုပေါင်း | ၆၈၀ ပါး | | | |



www.dhammadownload.com

www.dhammadownload.com



## ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်
## သံဃာတော် ၂၆၀၀ ပါး အနေကဇာတင်ရန်နှင့် ဆွမ်းဆန်တော်အလှူခံရာ၌ နေရာအလိုက် တာဝန်ခွဲဝေပေးထား

| စဉ် | တက်ရောက်ရန်စောင်းတန်း ဆွမ်းဆန်တော်အလှူခံရန် | အနေကဇာတင်ရန် နေရာ | ဆွမ်းကပ်မည့်နေရာ ဓမ္မာရုံ | အလှူရှင်/ ဆွမ်းကပ်တာဝန် | သံဃာ အရေအတွက် | ဝေယျာဝစ္စကပ္ပိယ အသင်း | ဝေယျာဝစ္စကပ္ပိယ ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | အရှေ့ဘက်စောင်းတန်း | အရှေ့အာရုံခံ | ဟော်တယ်ခရီး | ဟော်တယ်ခရီး | ၆၀ | ရေကြည်တော် | ဝတ္တကမြေ | |
| ၂ | ׀ | တနင်္ဂနွေ | ရခိုင် | ရခိုင် | ၅၀ | သာသနာ့ဓမ္မရောင်ခြည် | ׀ | |
| ၃ | ׀ | ׀ | ရခိုင် | ရခိုင် | ၅၀ | တနင်္ဂနွေ | ׀ | |
| ၄ | ׀ | ׀ | သိမ်ကြီးဈေးဓမ္မာရုံ | နှစ်ပြားတန်ဆောင်းစောင့်ရှောက်ရေး | ၅၀ | တနင်္ဂနွေထောင့်ခေါင်းလောင်း | ׀ | |
| ၅ | ׀ | ׀ | ׀ | ׀ | ၅၀ | သာသနာ့ဟိတဝတ် | ׀ | |
| ၆ | ׀ | ׀ | စာတိုက်ကြေးနန်း | စာတိုက်ကြေးနန်း | ၅၀ | ရှင်အဇ္ဇဂေါဏ | ׀ | |
| ၇ | ׀ | ׀ | စက်မှု(၁) | စက်မှု(၁) | ၅၀ | သုကကာရီ | လုပ်ငန်း | |
| ၈ | ׀ | ׀ | ပြန်ကြားရေး | ပြန်ကြားရေး | ၅၀ | ရွှေသစ္စာ | ׀ | |
| ၉ | ׀ | ׀ | မြေစာရင်း | မြေစာရင်း | ၅၀ | ရှင်မထီး | ׀ | |
| ၁၀ | ׀ | ׀ | ကရင်ဗုဒ္ဓဘာသာ | ကရင်ဗုဒ္ဓဘာသာ | ၅၀ | ပေါင်းမြက် | ׀ | |
| ၁၁ | ׀ | ׀ | ရဲပိဋကတ်တိုက် | ရဲပိဋကတ်တိုက် | ၅၀ | ဗိုလ်ချုပ်ဈေးကုဋီအိမ်သာ | ׀ | |
| ၁၂ | ׀ | ׀ | ခေတ္တရာ | ခေတ္တရာ | ၄၅ | မြတ်လယ်တီ | ׀ | |
| ၁၃ | ׀ | ׀ | အောင်သစ္စာ | အောင်သစ္စာ | ၄၅ | အောင်သစ္စာ | ׀ | |
| | | | | စုစုပေါင်း | ၆၅၀ | | | |

www.dhammadownload.com



## ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်
## သံဃာတော် ၂၆၀၀ ပါး အနေကဇာတင်ရန်နှင့် ဆွမ်းဆန်တော်အလှူခံရာ၌ နေရာအလိုက် တာဝန်ခွဲဝေဃေား

| စဉ် | တက်ရောက်ရန်စောင်းတန်း / ဆွမ်းဆန်တော်အလှူခံရန် | အနေကဇာတင်ရန် နေရာ | ဆွမ်းကပ်မည့်နေရာ ဓမ္မာရုံ | အလှူရှင် / ဆွမ်းကပ်တာဝန် | သံဃာ အရေအတွက် | ဝေယျာဝစ္စကပ္ပိယ အသင်း | ဝေယျာဝစ္စကပ္ပိယ ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | အနောက်စောင်းတန်း | တောင်အာရုံခံ | အောင်ခြင်း | အောင်ခြင်း | ၆၀ | ဗုဒ္ဓဟူးညနေ | ပြတိုက်/ပြခန်း | |
| ၂ | ။ | စနေထောင့် | ကျိုက်ထီးဆောင်း | ကျိုက်ထီးဆောင်း | ၅၀ | ပုညကုသလ | ။ | |
| ၃ | ။ | ။ | ။ | ။ | ၅၀ | ဥပဒေရုံး | ။ | |
| ၄ | ။ | ။ | အဖွားခက် | အဖွားခက် | ၅၀ | မူလစနေ | ။ | |
| ၅ | ။ | ။ | မော်လမြိုင် | မော်လမြိုင် | ၅၀ | အောင်ရွှေထီး | ။ | |
| ၆ | ။ | ။ | မော်လမြိုင် | မော်လမြိုင် | ၅၀ | အောင်ရွှေထီး | ။ | |
| ၇ | ။ | ။ | ပြွန်တန်ဆာ | ပြွန်တန်ဆာ | ၅၀ | သီလရက္ခိတ | ဗဟိုသိုလှောင် | |
| ၈ | ။ | ။ | မောင်ဝိတ် | မူလမင်းကွန်း | ၅၀ | သီလရက္ခိတ | ။ | |
| ၉ | ။ | ။ | မူလမင်းကွန်း | မူလမင်းကွန်း | ၅၀ | ရွှေဂုဏ်မြင့် | ။ | |
| ၁၀ | ။ | ။ | မူလမင်းကွန်း | မူလမင်းကွန်း | ၅၀ | ရွှေဂုဏ်မြင့် | ။ | |
| ၁၁ | ။ | ။ | FE ကောင်တာ | ဦးခင်ဇော်(ဗိသုကာ) | ၅၀ | ရေသန့်ဝေယျာဝစ္စ | ။ | |
| ၁၂ | ။ | ။ | ။ | ။ | ၄၅ | ပါရမီဖောင်ဒေးရှင်း | ။ | |
| ၁၃ | ။ | အနောက်အာရုံခံ | ဗုဒ္ဓဝင်ပြခန်း | ပရိယတ္တိဆန်လှူ | ၆၀ | လျှပ်စစ်ဝေယျာဝစ္စ | ပြတိုက်/ပြခန်း | |
| | | | | စုစုပေါင်း | ၆၆၅ | | | |

www.dhammadownload.com

## ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော်
## သံဃာတော် ၂၆၀၀ပါး အနေကဇာတင်ရန်နှင့် ဆွမ်းဆန်တော်အလှူခံရာ၌ နေရာအလိုက် တာဝန်ခွဲဝေပေးသား

| စဉ် | တက်ရောက်ရန်စောင်းတန်း ဆွမ်းဆန်တော်အလှူခံရန် | အနေကဇာတင်ရန် နေရာ | ဆွမ်းကပ်မည့်နေရာ ဓမ္မာရုံ | အလှူရှင်/ ဆွမ်းကပ်တာဝန် | သံဃာ အရေအတွက် | ဝေယျာဝစ္စကပ္ပိယ | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | | အသင်း | ဌာန | |
| ၁ | မြောက်ဘက်စောင်းတန်း | ရာဟုထောင့် | အထက်ပစ္စယံ | အထက်ပစ္စယံ | ၆၀ | အထက်ပစ္စယံ | ဘဏ္ဍာရေး | |
| ၂ | ။ | မြောက်အာရုံခံ | မြိုင်ကြီးငူ | မြိုင်ကြီးငူ | ၅၀ | အောင်စကြာ | ။ | |
| ၃ | ။ | ရာဟုထောင့် | မြိုင်ကြီးငူ | မြိုင်ကြီးငူ | ၅၀ | သောကြာ | ။ | |
| ၄ | ။ | ။ | ပခုက္ကူ | ပခုက္ကူ | ၅၀ | ဗဟိုတံမြက်လှည်း | ။ | |
| ၅ | ။ | ။ | ပခုက္ကူ | ပခုက္ကူ | ၅၀ | စိန်ပေါလ် | ။ | |
| ၆ | ။ | ။ | ပြည်တွင်းအခွန် | ပြည်တွင်းအခွန် | ၅၀ | သာသနာ့ဝေယျာဝစ္စ | ။ | |
| ၇ | ။ | ။ | ပြည်တွင်းအခွန် | ပြည်တွင်းအခွန် | ၅၀ | ပါရမီ | ။ | |
| ၈ | ။ | ။ | နယ်စပ်စည်ပင် | နယ်စပ်စည်ပင် | ၅၀ | ပဋ္ဌာနဗောဓိ | အုပ်ချုပ်ရေး | |
| ၉ | ။ | ။ | နယ်စပ်စည်ပင် | နယ်စပ်စည်ပင် | ၅၀ | တနင်္လာ | ။ | |
| ၁၀ | ။ | ။ | ကုန်းလမ်းပို့ဆောင်ရေး | ကုန်းလမ်းပို့ဆောင်ရေး | ၅၀ | အင်္ဂါသမာဓိ | ။ | |
| ၁၁ | ။ | ။ | ဝေနေယျသုခ | ဝေနေယျသုခ | ၅၀ | ဝေနေယျသုခ | ။ | |
| ၁၂ | ။ | ။ | ပတ္တမြားဇရပ် | ရှမ်းစနေ | ၄၅ | ရှမ်းစနေ | ။ | |
| | | | | စုစုပေါင်း | ၆၅၅ | | | |

www.dhammadownload.com



ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော်အခမ်းအနားသို့ ရန်ကုန်အရှေ့ပိုင်းခရိုင်မှ ပင့်သံဃာတော် (၆၅၀) ပါး၏ ဗုဒ္ဓါဘိသေကအနေကဇာတင်ရန်နှင့် ဆွမ်းဆန်တော်အလှူခံရန် နေရာသတ်မှတ်မှုဇယား (၂၅ - ၂-၂၀၀၂)

| စဉ် | မြို့နယ် | တက်ရောက်ရန်နှင့်ဆွမ်းဆန်တော်အလှူခံရန်နေရာ | အနေကဇာတင်ရန်နေရာ | အရုဏ်ဆွမ်းကပ်ရန်မွှာရုံ | သံဃာအရေအတွက် | စုရပ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် | အရှေ့ဘက်စောင်းတန်း | အရှေ့ဘက်အာရုံခံ | ဟိုတယ်နှင့်ခရီး | ၆၀ | မင်္ဂလာအေးကျောင်း | |
| | ဒဂုံမြို့သစ်(အရှေ့ပိုင်း) | ။ | (တနင်္ဂနွေထောင့်ရင်ပြင်) | | | (မြောက်ဒဂုံ) | |
| ၂ | ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် | ။ | ။ | ရခိုင် | ၁၀၀ | နိကာယ်ကျောင်း | |
| | ဒဂုံမြို့သစ်(ဆိပ်ကမ်း) | ။ | ။ | | | ။ | |
| ၃ | မြောက်ဥက္ကလာပ | ။ | ။ | သိမ်ကြီးဈေး | ၅၀ | အောင်ဝတီကျောင်း၊ ဇမ္ဗူအေး | |
| ၄ | တောင်ဥက္ကလာပ | ။ | ။ | ။ | ၅၀ | ငွေကြာရံ | |
| ၅ | ရန်ကင်း | ။ | ။ | စာတိုက်/ကြေးနန်း | ၅၀ | မိုးကောင်းဘုရား | |
| ၆ | သင်္ဃန်းကျွန်း | ။ | ။ | စက်မှု(၁) | ၅၀ | ကျိုက္ကစံဘုရား | |
| ၇ | တာမွေ | ။ | ။ | ပြန်ကြားရေး | ၅၀ | သန္တိသုခကျောင်း | |
| ၈ | မင်္ဂလာတောင်ညွန့် | ။ | ။ | မြေစာရင်း | ၅၀ | သိမ်ကုန်းကျောင်း | |
| ၉ | ပုဇွန်တောင် | ။ | ။ | ကရင်ဗုဒ္ဓဘာသာ | ၅၀ | ဘုရားဖြူကျောင်း | |
| ၁၀ | သာကေတ | ။ | ။ | ရဲပိဋကတ်တိုက် | ၅၀ | ဇိနမာရ်အောင်ဘုရား | |
| ၁၁ | ဒေါပုံ | ။ | ။ | ခေတ္တရာ | ၄၅ | ပြာသာဒ်ကျောင်း | |
| ၁၂ | ဗိုလ်တထောင် | ။ | ။ | အောင်သစ္စာ | ၄၅ | မင်္ဂလာရာမကျောင်း | |
| | | | စုစုပေါင်း | | ၆၅၀ | | |

www.dhammadownload.com



## ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော်
## သံဃာတော် ၂၆၀၀ ပါး အနေကဇာတင်ရန်နှင့် ဆွမ်းဆန်တော်အလှူခံရန် နေရာ/စရပ်စသည် သတ်မှတ်ခွဲဝေခြင်း (ရန်ကုန်အနောက်ပိုင်းခရိုင်)

| စဉ် | မြို့နယ် | တက်ရောက်ရန်နှင့်ဆွမ်းဆန်တော်အလှူခံရန်နေရာ | ဆွမ်းဆက်ကပ်မည့်နေရာ/ဓမ္မာရုံ | အနေကဇာတင်ရန်နေရာ | သံဃာအပါးအရေအတွက် | စရပ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | လမ်းမတော်မြို့နယ်၊ | အနောက်ဘက်စောင်းတန်း | အောင်ခြင်း | တောင်အာရုံခံ | ၆၀ပါး | သရက်တောကျောင်း | |
| | သရက်တောကျောင်းတိုက် | | | | | မြောက်ဘက်မုခ် | |
| ၂ | မရမ်းကုန်းမြို့နယ် | ။ | ကျိုက်ထီးဆောင်း | စနေထောင့် | ၅၀ပါး | စွယ်တော်စေတီဝင်း | |
| ၃ | မရမ်းကုန်းမြို့နယ် | ။ | ကျိုက်ထီးဆောင်း | ။ | ၅၀ပါး | ကျောက်မျက်ဂိတ်၊ ကမ္ဘာအေး | |
| ၄ | ဗဟန်းမြို့နယ် | ။ | အဖွားခက် | ။ | ၅၀ပါး | ကြေးသွန်းဘုရား | |
| ၅ | ဗဟန်းမြို့နယ် | ။ | မော်လမြိုင် | ။ | ၅၀ပါး | ။ | |
| ၆ | ဗဟန်းမြို့နယ် | ။ | မော်လမြိုင် | ။ | ၅၀ပါး | ။ | |
| ၇ | ဗဟန်းမြို့နယ် | ။ | ပြွန်တန်ဆာ | ။ | ၅၀ပါး | ။ | |
| ၈ | ဗဟန်းမြို့နယ် | ။ | မောင်ဇိတ် | ။ | ၅၀ပါး | ။ | |
| | ပန်းဘဲတန်းမြို့နယ် | | | ။ | | ကိုးထပ်ကြီး | |
| ၉ | အလုံမြို့နယ် | ။ | မူလမင်းကွန်း | ။ | ၉ပါး | ကိုးထပ်ကြီး | |
| | စမ်းချောင်းမြို့နယ် | | | ။ | ၄၀ပါး | ကိုးထပ်ကြီး | |
| ၁၀ | စမ်းချောင်းမြို့နယ် | ။ | မူလမင်းကွန်း | ။ | ၅၀ပါး | ကိုးထပ်ကြီး | |
| ၁၁ | ဒဂုံမြို့နယ် | ။ | FE ကောင်တာ | ။ | ၄၅ပါး | ကျားကူးဓမ္မဗိမာန် | |
| | ကမာရွတ်မြို့နယ် | | | ။ | ၂၀ပါး | သီရိမင်္ဂလာပျော်ဘွယ် | |
| ၁၂ | ကြည့်မြင်တိုင်မြို့နယ် | ။ | FE ကောင်တာ | ။ | ၂၀ပါး | သာစုကျောင်းတိုက် | |
| | ဆိပ်ကမ်းမြို့နယ် | | | ။ | ၁၀ပါး | ပုညသုခကျောင်း | |
| ၁၃ | လှိုင်မြို့နယ် | ။ | ဗုဒ္ဓဝင်ပြခန်း | အနောက်အာရုံခံ | ၆၀ပါး | ပဏ္ဍိတာရာမကျောင်းတိုက် | |
| | | | စုစုပေါင်း | | ၆၆၅ပါး | | |

www.dhammadownload.com



## ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်အခမ်းအနားသို့ ရန်ကုန်တောင်ပိုင်းခရိုင်မှ ပင့်သံဃာတော် (၆၃၅) ပါး၏ ဖုဒ္ဓါဘိသေကအနေကဇာတင်ရန်နှင့် ဆွမ်းဆန်တော်အလှူခံရန် နေရာသတ်မှတ်မှုဇယား (၂၅ - ၂-၂၀၀၂)

| စဉ် | မြို့နယ် | တက်ရောက်ရန်နှင့်ဆွမ်းဆန်တော်အလှူခံရန်နေရာ | အနေကဇာတင်ရန်နေရာ | အရှက်ဆွမ်းကပ်ရန်ဓမ္မာရုံ | သံဃာအရေအတွက် | စုရပ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | သန်လျင် | တောင်ဘက်စောင်းတန်း | အထက်ပစ္စယံ၊ တနင်္ဂနွေ | အင်းလေး | ၄၅ | မင်းကျောင်းပထမပြန်စာသင်တိုက် | |
| ၂ | သန်လျင် | ။ | အထက်ပစ္စယံ၊ ရာဟု | အင်းလေး | ၄၅ | ။ | |
| ၃ | သန်လျင် | ။ | အထက်ပစ္စယံ၊ စနေ | သစ်လုပ်ငန်း | ၄၅ | ။ | |
| ၄ | ခရမ်း | ။ | အင်္ဂါထောင့် | အကောက်ခွန် | ၅၀ | ကိုင်းကုန်းပါဠိတက္ကသိုလ် | |
| ၅ | ခရမ်း | ။ | ။ | အကောက်ခွန် | ၅၀ | ။ | |
| ၆ | ကျောက်တန်း | ။ | ။ | ရွှေကျင် | ၅၀ | သာသနာ့ဗိမာန် | |
| ၇ | တွံတေး | ။ | ။ | မွန်ဓမ္မာရုံ | ၅၀ | ။ | |
| ၈ | တွံတေး | ။ | ။ | မွန်ပဋိကတ် | ၅၀ | ။ | |
| ၉ | သုံးခွ | ။ | ။ | ဆောက်လုပ်ရေး | ၅၀ | မြို့မရေလယ်ကျောင်း | |
| ၁၀ | ကော့မှူး | ။ | ။ | စာရင်းအကျိုးဆောင် | ၅၀ | မြို့နယ်ထွေ/အုပ်ရုံး | |
| ၁၁ | ကွမ်းခြံကုန်း | ။ | ။ | ဗုဒ္ဓဘာသာအဖွဲ့ချုပ် | ၅၀ | ဓမ္မိကာရုံကျောင်း | |
| ၁၂ | ဒလ | ။ | ။ | မီးရထား | ၅၀ | မြို့နယ်ထွေ/အုပ်ရုံး | |
| ၁၃ | ဆိပ်/တို+ဒလ | ။ | ။ | ကျောက်စိမ်းတွင်း | ၅၀ | စလင်းကျောင်း | |
| | | | စုစုပေါင်း | | ၆၃၅ | | |

www.dhammadownload.com



## ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်အခမ်းအနားသို့ ရန်ကုန်မြောက်ပိုင်းခရိုင်မှ ပင့်သံဃာတော် (၆၀၅) ပါး၏ ဗုဒ္ဓါဘိသေက အနေကဇာတင်ရန်နှင့် ဆွမ်းဆန်တော်အလှူခံရန် နေရာသတ်မှတ်မှုဇယား (၂၅-၂-၂၀၀၂)

| စဉ် | မြို့နယ် | တက်ရောက်ရန်နှင့်ဆွမ်းဆန်တော်အလှူခံရန်နေရာ | ဆွမ်းဆက်ကပ်မည့်နေရာ/မဏ္ဍပ် | အနေကဇာတင်ရန်နေရာ | သံဃာအပါးအရေအတွက် | စုရပ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | အင်းစိန် | မြောက်ဘက်စောင်းတန်း | ရာဟုထောင့် | အထက်ပစ္စယံ | ၆၀ | ရွာမကျောင်း(အင်းစိန်)၊ ဦးဇာနေယျ | |
| ၂ | အင်းစိန် | - | မြောက်အာရုံခံ | မြို့ကြီးဌ | ၅၀ | အောင်ဆန်းဈေးထိပ်(မဟာမြိုင်ကျောင်း) | |
| | | | | | | ဦးကုဏ္ဍလ(စုဋ္ဌာမဏိကျောင်း) | |
| ၃ | အင်းစိန် | - | ရာဟုထောင့် | မြို့ကြီးဌ | ၅၀ | ဈေးကုန်းပရိယတ္တိစာသင်တိုက်၊ ဦးကောဝိဒ | |
| ၄ | အင်းစိန် | - | ရာဟုထောင့် | ပစ္စက္ကူ | ၅၀ | ကျောက်တော်ကြီးဘုရားမုန်ဦး | |
| | | | | | | ဦးပညာသာရ(မြသစ္စာ) | |
| ၅ | ရွှေပြည်သာ | - | - | ပစ္စက္ကူ | ၅၀ | ရန်ကုန်ကျောင်း၊ ဦးနန္ဒာဘာသ | |
| ၆ | ရွှေပြည်သာ | - | - | ပြည်တွင်းအစွန် | ၅၀ | ရန်ကုန်ကျောင်း၊ ဦးနန္ဒာဘာသ | |
| ၇ | လှိုင်သာယာ | - | - | ပြည်တွင်းအစွန် | ၅၀ | သောင်ကြီးပရိယတ္တိစာသင်တိုက်၊ ဦးဝိစိတ္တ | |
| ၈ | လှိုင်သာယာ | - | - | နယ်စပ်စည်ပင် | ၅၀ | သုခရိတာရာမကျောင်း၊ ဦးဓမ္မသီရိ | |
| ၉ | မင်္ဂလာဒုံ | - | - | နယ်စပ်စည်ပင် | ၅၀ | သယ်န်းကျွန်းကြီးရပ်ကွက်၊ ယုဇနာရာမကျောင်း | |
| ၁၀ | မင်္ဂလာဒုံ | - | - | ကုန်းလမ်းပို့ဆောင်ရေး | ၅၀ | ထောက်ကြန့်လမ်းဆုံ | |
| ၁၁ | မင်္ဂလာဒုံ | - | - | ဝေနေယျသုခ | ၅၀ | သရက်ကုန်းကျောင်း၊ ဦးနန္ဒာဘာသ | |
| ၁၂ | မင်္ဂလာဒုံ | - | - | ပတ္တမြားဇရပ် | ၄၅ | ဝါယာလက်၊ တောတိုက်ရပ်ကွက် | |
| | | | စုစုပေါင်း | | ၆၀၅ | | |

www.dhammadownload.com



# ရွှေတိဂုံစေတီတော်
# နှစ် ၂၆၀၀ ပြည့်ပွဲတော် လှည့်လည်အပူဇော်ခံရေးဆပ်ကော်မတီ၏
# လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အစီရင်ခံစာ

## နိဒါန်း

၁။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ဥက္ကလာပမင်းကြီး၊ တဖုဿ၊ ဘလ္လိကကုန်သည်ညီနောင်နှင့် ပြည်သူအများ စတင်တည်ထားပူဇော်ခဲ့သော သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ လေးဆူဓါတ်ပုံရွှေတိဂုံ စေတီတော်မြတ်ကြီးသည် သာသနာတော်နှစ် ၂၅၅၅ ခု၊ ကောဇာသက္ကရာဇ် ၁၃၇၃ - ခုနှစ်၊ တပေါင်းလပြည့်နေ့ (ခရစ်သက္ကရာဇ် ၂၀၁၂ - ခုနှစ်၊ မတ်လ - ၇ ရက်၊ ဗုဒ္ဓဟူးနေ့)တွင် နှစ်ပေါင်း ၂၆၀၀ ပြည့်မြောက်ပြီးဖြစ်၍ ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ ပြည့်အထိမ်းအမှတ် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ဘာသာရေးအနှစ်သာရပြည့်ဝ သော အခမ်းအနားအစီအစဉ်ပေါင်းမြောက်များစွာဖြင့် မကြုံစဖူး ထူးထူးကဲကဲစည်ကားသိုက်မြိုက် ခမ်းနားထည်ဝါစွာ ကျင်းပပူဇော်ခဲ့ပြီးဖြစ်ပါသည်။

၂။ ထိုသို့ကျင်းပပူဇော်ခဲ့ရာတွင် ရွှေတိဂုံစေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများ၏ဩဝါဒများ နှင့်အညီ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်ဦးရွက်ပြုမှုဖြင့် ပွဲတော်ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီ (၉) ခုတို့ကို ဖွဲ့စည်းကာ သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး စနစ်တကျဆောင်ရွက်ခဲ့ကြသည်ဖြစ်ရာ မိမိတို့၏ "လှည့်လည် အပူဇော်ခံရေး ဆပ်ကော်မတီ" သည်လည်း ဆပ်ကော်မတီတစ်ရပ် အဖြစ်ပါဝင်ကာ ကျရာတာဝန်များကို အောင်မြင်ပြီး မြောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။

၃။ ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးအား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် (၁၁-၈-၂၀၁၂) နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၁) ဆုံးဖြတ်ချက်အပိုဒ် (၂၈) အရ "လှည့်လည် အပူဇော်ခံရေး ဆပ်ကော်မတီ" ကို အောက်ပါပုဂ္ဂိုလ်များဖြင့် အတည်ပြုဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည် -

| | | | |
|---|---|---|---|
| (က) | ဦးအောင်ခင် | တိုင်းဒေသကြီးဝန်ကြီး<br>လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးကျင်အောင် | ဂေါပကအဖွဲ့ဝင်၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ | ဒု-ဥက္ကဋ္ဌ |
| (ဂ) | ဦးကျော်သူဇော် | ခရိုင်အုပ်ချုပ်ရေးမှူး<br>အနောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| (ဃ) | ဦးစိုင်းသော်ဝင်း | ခရိုင်အုပ်ချုပ်ရေးမှူး၊ တောင်ပိုင်းခရိုင်<br>အထွေထွေအုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| (င) | ဒုတိယရဲမှူးကြီး မျိုးအောင် | ခရိုင်ရဲတပ်ဖွဲ့မှူး (အနောက်ပိုင်းခရိုင်) | အဖွဲ့ဝင် |
| (စ) | ဒုတိယရဲမှူးကြီး ကျော်ထွန်း | ခရိုင်ရဲတပ်ဖွဲ့မှူး (တောင်ပိုင်းခရိုင်) | အဖွဲ့ဝင် |
| (ဆ) | ဦးဇော်ဇော်ဦး | တိုင်းဒေသကြီး သာသနာရေးမှူး | အဖွဲ့ဝင် |
| (ဇ) | ဦးကျော်ဇေယျာလင်း | မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကွမ်းခြံကုန်းမြို့နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးညီညီဝင်း | မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကော့မှူးမြို့နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးသန်းဇော်ဟန် | မြို့နယ်အုပ်ချုပ်ရေးမှူး၊ တွံတေးမြို့နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |

www.dhammadownload.com



| | | | |
|---|---|---|---|
| (၄) | ဦးထွန်းထွန်းနိုင် | မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဆိပ်ကမ်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးအေးလွင် | (ဗိုလ်ချုပ်ဈေး) ဘာသာရေးအသင်းများအကျိုးဆောင်အဖွဲ့ | အဖွဲ့ဝင် |
| (၃) | ဦးဝင်းကြိုင် | ရုံးအဖွဲ့မှူး၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး | အဖွဲ့ဝင် |
| (ဎ) | ဦးဟန်တင် | ဒု-ဌာနမှူး (ဘဏ္ဍာရေးဌာန) ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး | အဖွဲ့ဝင် |
| (ဏ) | ဦးလှမျိုးဦး | ဌာနခွဲမှူး (ပြတိုက်/ပြခန်းဌာန) ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး | အဖွဲ့ဝင် |
| (တ) | ဒေါ်ညိုညိုဝင်း | ဌာနမှူး (အတွင်းရေးမှူးဌာန) ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး | အဖွဲ့ဝင် |
| (ထ) | ဦးလှအောင် | ဥက္ကဋ္ဌ၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ(ဗဟို) | အတွင်းရေးမှူး |
| (ဒ) | ဦးမောင်မောင်ဝင်း | ဌာနခွဲမှူး (အတွင်းရေးမှူးဌာန) ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး | တွဲဘက်အတွင်းရေးမှူး |

## ဆပ်ကော်မတီ၏ ရည်ရွယ်ချက်

၄။ ဂေါတမဗုဒ္ဓဘုရားဖြစ်တော်မူစတွင် တဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့အား ပေးသနားတော်မူသော ဆံတော်မြတ်ရှစ်ဆူကိုဥက္ကလာပတိုင်းသို့ရေလမ်းခရီးဖြင့်ပြန်လည်ပင့်ဆောင်ရာ၌ပုသိမ်နဂရစ်မော်အငူသို့လည်းကောင်း၊ ထိုမှတဆင့် ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေးဒေသများသို့ဖြတ်သန်း၍ ဗိုလ်တထောင်သို့လည်းကောင်း၊ ဗိုလ်တထောင်မှ ဥက္ကလာပမင်းကြီးက ကြိုဆိုကာ သိင်္ဂုတ္တရကုန်းတော်သို့ ပင့်ဆောင်ပြီး နောင်ထိုဆံတော်မြတ်များကို ပွင့်တော်မူပြီးခဲ့သော ရှေးဘုရားသုံးဆူတို့၏ တောင်ဝှေးတော်၊ ကောဏာဂမနမြတ်စွာဘုရား၏ ရေစစ်တော်၊ ကဿပမြတ်စွာဘုရား၏ ရေသနုပ်သင်္ကန်းတော်တို့နှင့်အတူ ထည့်သွင်းဌာပနာလျက် ရွှေတိဂုံစေတီတော်မြတ်ကြီးကို တည်ထားပူဇော်ခဲ့ကြောင်း သမိုင်းအထောက်အထားများရှိခဲ့ပါသည်။

၅။ ဆံတော်မြတ်များ ပင့်ဆောင်ခဲ့ရာ လမ်းကြောင်းဖြစ်သော ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေးဒေသများတွင် ဒေသခံပြည်သူအများတို့က အထိမ်းအမှတ်အဖြစ် ဆံတော်ကြိုစေတီများကို တည်ထားကိုးကွယ်ခဲ့ကြရာ ဆံတော်ကြို စေတီ (၉) ဆူရှိပါသည်။ ထိုစေတီများသည် ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ ပြည့်ပွဲတော် ကျင်းပရာ၌ ထိုစေတီများတွင်လည်း ရွှေတိဂုံစေတီတော်၏အငွေ့အရိပ်များလွှမ်းခြုံပျံ့နှံ့စေလိုသောအားဖြင့် ရွှေတိဂုံစေတီတော်၏အဓိကအစိတ်အပိုင်းဖြစ်သော စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖူးမြော်ကြည်ညိုခွင့် ရရှိစေရန် ရွှေတိဂုံစေတီတော်၌ ယခင် ၁၉၃၁ ခုနှစ်က တင်လှူ ပူဇော်ခဲ့ပြီး ယခုပြတိုက်၌ ပြသထားသော စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေသားစစ်စစ် ရွှေတိဂုံစေတီ၏ ပုံတူစေတီ တော်၊ ထီးတော်ပေါ်၌ တင်လှူပူဇော်ထားသော ရတနာပစ္စည်းများ၏ ဓါတ်ပုံများ၊ ထီးတော်အစိတ်အပိုင်း ဓာတ်ပုံများ၊ ရွှေတိဂုံစေတီတော်ဝန်းကျင်မှ ထူးခြားထင်ရှားသော စေတီ၊ ပုထိုး၊ ရုပ်ပွားတော်၊ ဆင်းတုတော်များ၏ ကြည်ညိုဖွယ်ရာ ဓာတ်ပုံများနှင့် ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်မှတ်တမ်းဓါတ်ပုံများကို ဒေသခံပြည်သူများ လွယ်လင့်တကူ ဖူးမြော်ကြည်ညိုနိုင်ကြ စေရန်နှင့် လှူဒါန်းမှုပြုနိုင်ကြစေရန် ရည်ရွယ်၍ လှည့်လည်အပူဇော်ခံရေး အစီအစဉ်ကို ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

www.dhammadownload.com



ဆံတော်ကြိုစေတီတစ်ဆူမှ တစ်ဆူသို့ ခမ်းနားထည်ဝါစွာ ပင့်ဆောင်လျက်
လှည့်လည်ပူဇော်ခံခဲ့ပါသည်။






ဆံတော်ကြိုစေတီတည်ရှိရာ
တွံတေးမြို့ရွှေဆံတော်စေတီအနီး လှည့်လည်ပူဇော်ခံစဉ်





www.dhammadownload.com



ဆံတော်ကြိုးစေတီတစ်ဆူရောက်သည့်အခါတိုင်း ဒေသခံပြည်သူများအား
ရှုမဝအငြိမ့်ဖြင့်လည်း ဧည့်ခံဖြေဖျော်ခဲ့သည်။



ဆံတော်ကြိုးစေတီတည်ရှိရာ ဒေသတစ်ခုတွင်
တစ်ရက်တာအပူဇော်ခံရာ၌ ဓာတ်ပုံပြပွဲကိုလည်း
ခင်းကျင်းပြသခဲ့သည်။



ဆံတော်ကြိုးစေတီတည်ရှိရာ ဒေသတစ်ခုတွင်
တစ်ရက်တာအပူဇော်ခံရာ၌ ဒေသခံပြည်သူများအား
ဆိုင်းဝိုင်းဖြင့်လည်း ဧည့်ခံဖြေဖျော်ခဲ့သည်။





ရောက်ရှိရာဒေသတိုင်း၌
ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်
အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများလည်း
ရောင်းချပေးခဲ့ပါသည်။

www.dhammadownload.com



## ဆပ်ကော်မတီ၏ ကြိုတင်ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ

၆။ (က) လှည့်လည်အပူဇော်ခံရေးဆပ်ကော်မတီအဖွဲ့ဝင်များသည် လုပ်ငန်းများအဆင်ပြေချောမွေ့စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို(၁၃.၁၀.၂၀၁၁)နေ့တွင်လည်းကောင်း၊ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို (၁၆.၁.၂၀၁၂)နေ့တွင်လည်းကောင်း၊ နှစ်ကြိမ်တိုင်တိုင်ကျင်းပခဲ့ပြီး ဆောင်ရွက်ရန်လုပ်ငန်းရပ်အသီးသီးကို ဆုံးဖြတ်ချမှတ်ပေးခဲ့ပါသည်။

(ခ) ဆံတော်ကြိုစေတီများတည်ရှိရာ ဒေသရှိမြို့နယ်သံဃာ့မဟာနာယကဆရာတော်များနှင့်စေတီတော်ဂေါပကအဖွဲ့နာယကဆရာတော်များထံသို့ ဆပ်ကော်မတီဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌအတွင်းရေးမှူးနှင့်အဖွဲ့ဝင်များသည် အကြိမ်ကြိမ်သွားရောက်၍ လှည့်လည်အပူဇော်ခံရေးအစီအစဉ်များကိုတင်ပြလျှောက်ထားဩဝါဒခံယူခဲ့ပါသည်။

(ဂ) ထို့ပြင် ကွမ်းခြံကုန်းမြို့နယ်၊ ကော့မှူးမြို့နယ်၊ တွံတေးမြို့နယ်များ၏ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်သာသနာ့နဂ္ဂဟအဖွဲ့ဝင်များ၊ ဆံတော်ကြိုစေတီများ၏ ဂေါပကအဖွဲ့ဝင်များကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့ဝင်များနှင့်လည်း ပင့်ဆောင်ရေး၊ ကြိုဆိုနေရာချထားရေး၊ ပျော်ပွဲရွှင်ပွဲများကျင်းပရေး စသည်တို့ကို ကြိုတင်ညှိနှိုင်းဆောင်ရွက်ခဲ့ကြပါသည်။

(ဃ) ဆံတော်ကြိုစေတီများတွင် လိုအပ်သော ရွှေသင်္ကန်းကပ်လှူခြင်း၊ ဆေးသင်္ကန်းကပ်လှူခြင်း၊ ထုံးသင်္ကန်းကပ်လှူခြင်းစသော ရောင်တော်ဖွင့်ခြင်းလုပ်ငန်းများကို ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဘာသာရေးအသင်းအကျိုးဆောင်အဖွဲ့များနှင့် ညှိနှိုင်း၍ အောက်ပါအတိုင်းဆောင်ရွက်ခဲ့ပါသည် -

- ကွမ်းခြံကုန်းမြို့နယ်၊ ပင်လယ်ဝ၊ ကညင်ကုန်းကျေးရွာရှိ ကျောက်ဆူးပြိုစေတီတော်တွင် သံဃာတော် (၂၇)ပါးဖြင့် အနေကဇာတင်ခြင်း၊ လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် ရွှေတိဂုံစေတီတော်ရေကြည်တော်ဝတ်အသင်းမှ စေတီတော်နှင့် သာသနိကအဆောက်အဦးများပြုပြင်ရန်အတွက် ငွေကျပ် (၁၅၀၀၀၀၀/-) (ကျပ်တစ်ဆယ့်ငါးသိန်းတိတိ) လှူဒါန်းခြင်း။
- ကွမ်းခြံကုန်းမြို့နယ်၊ ညောင်ငူကျေးရွာရှိ ဆံတော်ကြိုစေတီအမှတ် (၁)ဖြစ်သော ကျိုက်ဒေးကနောင်စေတီ၌ ရွှေတိဂုံစေတီတော် ကြာသပတေးသန့်ရှင်းရေးအသင်းမှ ထုံးသင်္ကန်းကပ်လှူခြင်း၊ ရွာသူရွာသားများနှင့် ပူးပေါင်း၍ စေတီပရိဝုဏ်အတွင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ ရွှေတိဂုံစေတီတော် ပါရမီဖောင်ဒေးရှင်းအသင်းမှ ဟာတိုရွှေဆေးသင်္ကန်း၊ ရိုးရိုးဆေးသင်္ကန်းများ ကပ်လှူရောင်တော်ဖွင့်ခြင်း။
- ကွမ်းခြံကုန်းမြို့နယ်၊ အင်္ဂလုံးကျေးရွာရှိ ဆံတော်ကြိုစေတီအမှတ် (၂) ဖြစ်သော ကျိုက်ဒေးပါလစေတီအား ရွှေတိဂုံစေတီတော် ခြေတော်ရာ (သောကြာ)သန့်ရှင်းရေးအသင်း ရေဆေးသန့်ရှင်းခြင်း၊ ရွှေဆေး၊ ရေဆေး၊ ဆီဆေးနှင့် ထုံးသင်္ကန်းများကို အသင်းသား (၁၅၀)ကျော်ဖြင့် ရောင်တော်ဖွင့်လုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ငွေကျပ် ၁၅၀၀၀၀၀/- (ကျပ်တစ်ဆယ့်ငါးသိန်းတိတိ) ကုန်ကျလှူဒါန်းခဲ့ကြပါသည်။ ၎င်းစေတီတွင် ရွှေတိဂုံစေတီတော်ရောင်တော်ဖွင့်အသင်းမှလည်း ကြေးဘုရားများရောင်တော်ဖွင့်ခြင်း။
- ကော့မှူးမြို့နယ်၊ ဆပုဂံကျေးရွာရှိ ဆံတော်ကြိုစေတီအမှတ် (၃)ဖြစ်သော ဆပုဂံစေတီ၏ ထီးတော်အား ရွှေတိဂုံစေတီတော် ဗုဒ္ဓဟူးညနေအသင်းမှ ရောင်တော်ဖွင့်ခြင်း၊ စေတီအဝင်လမ်း တိုးချဲ့ခြင်းလုပ်ငန်းကို ဇေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဦးခင်ရွှေမှ ကုသိုလ်ယူဆောင်ရွက်လှူဒါန်းခဲ့ပါသည်။
- ကော့မှူးမြို့နယ်၊ တရုတ်ကုန်းကျေးရွာရှိ ဆံတော်ကြိုစေတီအမှတ်(၄) ဖြစ်သော ကျိုက်တဂိုးနွတ်စေတီအား ရွှေတိဂုံစေတီတော်ဗုဒ္ဓဟူးညနေအသင်းမှ ဆေးသင်္ကန်းကပ်လှူရောင်တော်ဖွင့်ခြင်း၊ ဇေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဦးခင်ရွှေမှ ကုန်းတော်အဝင်မြေသားလမ်းပြုပြင်ခြင်း၊ စေတီအရှေ့စောင်းတန်းအား ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

www.dhammadownload.com



- ကျော့မှူးမြို့နယ်၊ တဂူခြံကျေးရွာ၏ တောင်ကမူကုန်းမို့မို့ပေါ်တွင် တည်ထားသည့် ဆံတော်ကြို စေတီအမှတ် (၅)ဖြစ်သော ကျိုက်တဂိုးထွတ်စေတီ၏ ထီးတော်နှင့် စေတီငယ်တစ်ဆူလုံးအား ရွှေတိဂုံစေတီတော် ဗုဒ္ဓဟူးညနေသန့်ရှင်းရေးအသင်းမှ ရောင်တော်ဖွင့်ခြင်း၊ တောင်ကမူကုန်း ပတ်လည်အား မြေညှိခြင်းလုပ်ငန်းကို ဇေကမ္ဘာကုမ္ပဏီ ဦးခင်ရွှေမှ ပြုပြင်ဆောင်ရွက်ကုသိုလ်ပြု လှူဒါန်းခဲ့ပါသည်။
- ကျော့မှူးမြို့နယ်၊ လက်ခိုက်ကျေးရွာရှိ ဆံတော်ကြိုစေတီအမှတ် (၆) ဖြစ်သော ကျိုက်မွန်ထိုစေတီ အား ရွှေတိဂုံစေတီတော် ဗုဒ္ဓဟူးညနေအသင်းမှ ရောင်တော်ဖွင့်ခြင်း၊ စေတီ၏အုတ်တံတိုင်း များနှင့် အရှေ့ဘက်စောင်းတန်းတို့ကို ဇေကမ္ဘာကုမ္ပဏီ ဥက္ကဋ္ဌ ဦးခင်ရွှေမှ ပြုပြင်ဆောင်ရွက် ကုသိုလ်ပြုလှူဒါန်းခဲ့ပါသည်။
- ကျော့မှူးမြို့နယ်၊ ကျော့မှူးမြို့ရှိ ဆံတော်ကြိုစေတီအမှတ် (၇)ဖြစ်သော ဆုတောင်းပြည့်တောရ စေတီ(ခေါ်) ကျိုက်ကျော့မှူးစေတီကို ရွှေတိဂုံစေတီတော်တွင် ဆေးသုတ်လုပ်ငန်းများ ကံထရိုက် ဆောင်ရွက်လျက်ရှိသော T.W.J.S ကုမ္ပဏီနှင့် ဝန်ထမ်းများမှ ရေဆေးခြင်း၊ ရွှေဆေးသုတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ကုသိုလ်ပြုလှူဒါန်းခြင်း၊ ရွှေတိဂုံစေတီတော် မြန်မာမှုပညာရှင် ဦးသာကျော်နှင့်သားများအဖွဲ့မှ ပလ္လင်များမှန်စီရွှေချရောင်တော်ဖွင့်ခြင်းများကို ကုသိုလ်ယူ ဆောင်ရွက်ခဲ့ကြပါသည်။
- တွံတေးမြို့နယ်၊ ဘုရားကြီးကျေးရွာရှိ ဆံတော်ကြိုစေတီအမှတ် (၈) ဖြစ်သော ဖလကြီးစေတီတွင် စေတီဂေါပကအဖွဲ့၏ အစီအစဉ်ဖြင့် ရင်ပြင်အခင်းကျောက်ပြားများခင်းခြင်း၊ သန့်ရှင်းရေးပြုလုပ် ခြင်း၊ ဆေးသုတ်ရောင်တော်ဖွင့်ခြင်းများ ဆောင်ရွက်ပါသည်။
- တွံတေးမြို့နယ်၊ ကဘင်းကျေးရွာရှိ ဆံတော်ကြိုစေတီအမှတ် (၉)ဖြစ်သော ကျိုက်ကေသာစေတီ တွင် ဇေကမ္ဘာကုမ္ပဏီ ဥက္ကဋ္ဌ ဦးခင်ရွှေမှ ဘုရားကုန်းမြေပြန့်ပြူးညီညာအောင်ပြုပြင်ခြင်း၊ ရွှေတိဂုံစေတီ တော် သာသနာ့ဝေယျာဝစ္စအသင်းမှ စေတီထီးနှင့် အရံစေတီထီးများ ပြုပြင်၍ ရွှေဆေးသင်္ကန်း ကပ်လှူခြင်း၊ ရေဆေးသင်္ကန်းကပ်လှူခြင်း နှင့် တံခွန်တိုင်ပြုပြင်ခြင်းများ ဆောင်ရွက်ပါသည်။

(င) လှည့်လည်အပူဇော်ခံရေးယာဉ်တန်းပါဝင်သည့် ရွှေစေတီ၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေပြား သင်္ကန်းတော်များတို့အား အဆောင်အယောင်အမျိုးမျိုးတို့ဖြင့် ကြည်ညိုပြင့်ဆောင်နိုင်ရန်၊ ရှေ့ဆုံးမှ စည်တော်ယာဉ်နှင့် နောက်ဆုံးမှ ရွှေပြားသင်္ကန်းတော်ယာဉ်များကို ပန်းအလှကနုတ်ပန်းများဖြင့် တန်ဆာ ဆင်၍လည်းကောင်း၊ ရွှေစေတီတင်ယာဉ်နှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်ယာဉ်တို့ကို ကွမ်းခြံ ကုန်းမြို့နယ်မှ မြန်မာမှုပန်းအလှဆင်ပညာရှင် ဦးဆန်းဗိုလ်နှင့် အဖွဲ့ထံအပ်နှံ၍ ကရဝိတ်ယာဉ် (၂) စီးတို့ ကြိုတင်ပြုလုပ်တပ်ဆင်ခဲ့ပါသည်။ ရွှေစေတီ၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေပြားသင်္ကန်းတော် များကိုလည်း လုံခြုံမှုရှိစေရန်နှင့် ခေတ်မီလှပတင့်တယ်စေရန် Steel၊ အလှူမီနီယံများဖြင့် မှန်ကျောင်း ဆောင်များကိုလည်း သီးခြားစီပြုလုပ်ခဲ့ပါသည်။

(စ) လှည့်လည်အပူဇော်ခံရေးခရီးစဉ်၌ ကရဝိတ်ဖောင်ပေါ်တွင် လေလျှော်သံများသီဆို၍ ယိမ်းအဖွဲ့များဖြင့် လိုက်ပါနိုင်ရန်အတွက် လေလျှော်သံသီချင်းစာသားကို ဆရာကြီးဦးအောင်သောင်းအား ရေးစပ်သီကုံး စေပြီး အဆိုတော်ဒေါ်ရီရီသန့်၏ အသံဖြင့် သီဆိုပူဇော်အသံသွင်းစေခဲ့ပါသည်။ ယိမ်းအဖွဲ့ကို ဝန်ထမ်း အမျိုးသမီးများ၊ ဘာသာရေးအသင်းဝင်အမျိုးသမီးများအား ရွေးချယ်၍ပညာရှင် ရွှေမန်းဦးလင်းလင်းနှင့် အကဆရာမတို့က လေလျှော်ယိမ်းအားကြိုတင်ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်စေခဲ့ပါသည်။

(ဆ) ဆပ်ကော်မတီသည် ဆံတော်ကြိုစေတီများတွင် လိုအပ်သည်များကို လှူဒါန်းသုံးစွဲနိုင်ရန်အတွက် (ကျောက်ဆူးငြိစေတီ၊ ကျိုက်ဒေးကနောင်စေတီ၊ ကျိုက်ဒေးပါလစေတီ၊ ဆပုဂံစေတီ၊ ကျိုက်တခိုးနွတ်စေ တီ၊ ကျိုက်တခိုးထွတ်စေတီ၊ ကျိုက်မွန်ထိုစေတီ၊ ကျိုက်ကျော့မှူးစေတီ၊ ဖလကြီးစေတီ၊ ကျိုက်ကေသာ

www.dhammadownload.com



စေတီနှင့် ဗိုလ်တထောင်စေတီ) စေတီ(၁၁)ဆူ ဂေါပကအဖွဲ့ဝင်များထံသို့ စေတီတစ်ဆူလျှင် ငွေကျပ် ၁၅၀၀၀၀၀/ - စီဖြင့် စုစုပေါင်းငွေကျပ်၁၆၅၀၀၀၀၀/ - ကိုကြိုတင်သွားရောက်ပေးအပ်လှူဒါန်းခဲ့ပါသည်။

(ဓ) လှည့်လည်ပူဇော်ပွဲကျင်းပသည့်အခါယာဉ်တန်း၌ပါဝင်မည့်ကရဝိတ်ယာဉ်(၂)စီးအတွက်ဂေါပကအဖွဲ့ဝင် ဦးသောင်းညွန့်၏ စီစဉ်ပေးမှုဖြင့် ဆောက်လုပ်ရေးမှ တီအီးယာဉ်(၂)စီးကို အခမဲ့ကုသိုလ်ယူ ငှါးရမ်းခြင်း၊ စည်တော်ယာဉ်၊ ရွှေပြားတင်ယာဉ်နှင့် အငြိမ့်သယ်ယာဉ်စုစုပေါင်း တီအီးယာဉ် (၄)စီးကိုလည်း ကုန်းလမ်းပို့ဆောင်ရေး (RTC)မှ ချိုသာသော ဈေးနှုန်းဖြင့် ငှါးရမ်းခြင်း၊ ပြန်ကြားရေးယာဉ်၊ အုပ်ချုပ်မှုယာဉ်၊ ဝတ်အသင်းအဖွဲ့ယာဉ်နှင့် လေလှော်ယိမ်းနေ့စဉ်ကြိုပို့ယာဉ်စသည်များကို ပုဂ္ဂလိကမှ ငှါးရမ်းခြင်းများ ကိုလည်း ကြိုတင်ဆောင်ရွက်ခဲ့ပါသည်။

(ဈ) လှည့်လည်ပူဇော်ပွဲကျင်းပသည့်အခါ စေတီတစ်ဆူစီ၌ ညအိပ်ရပ်နားတိုင်း ပျော်ပွဲရွှင်ပွဲကျင်းပရေးအတွက် မြဝတီအငြိမ့်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ညှိနှိုင်းပေးမှုဖြင့် ငှါးရမ်းခြင်း၊ ဗဟိုရုပ်ရှင်နှင့် ဆက်သွယ်၍ မိုးအလင်း ရုပ်ရှင်ပြသနိုင်ရန် ကြိုတင်ညှိနှိုင်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(ည) ဆံတော်ကြိုစေတီတိုင်းတွင် အနေကဇာတင်အခမ်းအနားကျင်းပရန်၊ ဧည့်ခံကျွေးမွေးရန်မဏ္ဍပ်များကို ကြိုတင်နေရာသတ်မှတ်ခြင်း၊ (ဆောက်လုပ်၊ တပ်ဆင်၊ ဖြုတ်သိမ်း - ရွှေ့ပြောင်း) စနစ်ဖြင့် ဆောင်ရွက်ရန်အတွက် လိုအပ်သော တိုင်များ၊ ဝါးများ စုဆောင်းခြင်း၊ မဏ္ဍပ်နဖူးစီး တိုင်ဖုံးအလှဆင်များကို လွယ်ကူစွာ အချိန်တိုအတွင်း ဆောက်လုပ်ပြီးစီးရန်အတွက်စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

(ဋ) ညအိပ်ရပ်နားသည့်စေတီတိုင်းတွင် အမှတ်တရလက်ဆောင်ပစ္စည်းများ ရောင်းချခြင်း၊ ဓါတ်ပုံပြခန်းဖွင့်လှစ်ပြသခြင်းများ ဆောင်ရွက်ရန်အတွက် လူနှင့် ပစ္စည်းများ ကြိုတင်စုဆောင်းစီစဉ်ခြင်း။

(ဌ) လှည့်လည်အပူဇော်ခံရေးအဖွဲ့ဝင်ပါဝင်မည့် စီမံအုပ်ချုပ်သူဝန်ထမ်းများ၊ လုံခြုံ - မီးသတ်ဝန်ထမ်းများ၊ ရဲတပ်ရင်းအဖွဲ့ဝင်များ၊ လက်ဆောင်ရောင်းအလှူခံဝန်ထမ်းများ၊ ဓါတ်ပုံပြခန်းဖွင့်လှစ်ပြသရေး ဝန်ထမ်းများ၊ ဗွီဒီယိုကင်မရာနှင့် အသံပိုင်းဆိုင်ရာဝန်ထမ်းများ၊ လေလှော်ယိမ်းအဖွဲ့နှင့် ဒေဝါဝင်း၊ ရာဇာဝင်း အဖွဲ့များ၊ မော်တော်ယာဉ်ဆိုင်ရာ ဝန်ထမ်းများနှင့် အထွေထွေအထောက်အကူပြုဝန်ထမ်းများ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များကို အင်အားသတ်မှတ်၍ ကြိုတင်စီစဉ်ခဲ့ပါသည်။

(ဍ) ညအိပ်ရပ်နားသည့် စေတီတိုင်းတွင် မဏ္ဍပ်များ၊ ပျော်ပွဲရွှင်ပွဲများအတွက် လျှပ်စစ်မီးလုံလောက်စွာ ရရှိနိုင်ရန် ပြင်ပပုဂ္ဂလိက မီးစက်၊ မီးကြိုး၊ မီးချောင်းများကို အခပေးငှါးရမ်းခြင်း၊ အသံပိုင်းဆိုင်ရာပစ္စည်းများ ဝယ်ယူစုဆောင်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

## ဆံတော်ကြိုစေတီများသို့ လှည့်လည်အပူဇော်ခံခြင်း

၇။ ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်အထိမ်းအမှတ် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကျင်းပရာတွင် ဆံတော်မြတ်များ ရှေးဦးစွာ စတင်ပင့်ဆောင်ခဲ့ရာလမ်းကြောင်းဖြစ်သော ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေးဒေသများရှိပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ကြစေရန်လည်းကောင်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီး၏အငွေ့အရိပ်များ ထိုဒေသများရှိဆံတော်ကြိုစေတီများ၌ လွှမ်းခြုံပျံ့နှံ့မှုရှိစေရန်လည်းကောင်း၊ ရွှေတိဂုံစေတီတော်ကြီး၏ ရွှေသားပုံတူစေတီတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေပြား ရွှေသက်န်းတော်များအား ဆံတော်ကြို စေတီများသို့ လှည့်လည်အပူဇော်ခံပွဲ၏ စတင်ပင့်ဆောင်သောအခမ်းအနားကို ၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃)ရက်၊ (၁၀ - ၂ - ၂၀၁၂) (သောကြာနေ့) နံနက် (၈)နာရီတွင် ရွှေတိဂုံစေတီတော် အနောက်ဘက် စောင်းတန်းမုခ်ဦးထိပ်၌ ကျင်းပပါသည်။

အခမ်းအနားသို့လှည့်လည်အပူဇော်ခံရေးဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်၊ ဆပ်ကော်မတီ အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌဦးလှအောင်၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပါသည်။

www.dhammadownload.com



ရှေးဦးစွာ စည်တော်ယာဉ်၊ ရွှေစေတီကရဝိတ်ယာဉ်၊ စိန်ဖူးငှက်မြတ်နားကရဝိတ်ယာဉ်၊ ရွှေပြားသင်္ကန်းတော် အလှဆင်ယာဉ်များတွင် ဒေဝါဝင်း၊ ရာဇာဝင်း၊ လေ့လော့်ယိမ်းများအသင့်နေရာယူကြပြီး မင်္ဂလာအချိန်တွင် လှည့်လည် ရေးမော်တော်ယာဉ်တန်းအား အကြီးအကဲများမှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍အမွှေးနံ့သာရည် ရေများပက်ဖြန်းကာ မော်တော် ယာဉ်တန်းအား စတင်ထွက်ခွါစေပါသည်။

လှည့်လည်အပူဇော်ခံရေး မော်တော်ယာဉ်တန်းသည် ဦးဝိစာရလမ်း၊ နာနတ်တောလမ်း၊ ရန်ကုန်အင်းစိန်လမ်း၊ အောင်ဇေယျတံတားမှ လှိုင်သာယာမြို့နယ်ကိုဖြတ်သန်းကာ ပန်းလှိုင်လမ်းအတိုင်း ပန်းလှိုင်တံတား၊ တွံတေးတံတား၊ ကံဘဲ့လမ်းဆုံမှ ကော့မှူးမြို့နယ်ကိုဖြတ်၍ ကွမ်းခြံကုန်းမြို့သို့ပင့်ဆောင်ပါသည်။ ပင့်ဆောင်ရာလမ်းတလျှောက်တွင် ဒေသခံ ပြည်သူများမှ ဝမ်းပန်းတသာ အားပါတရ စည်ကားသိုက်မြိုက်စွာ လှူဒါန်းပူဇော်ကြပါသည်။

လှည့်လည်အပူဇော်ခံရေး ဆပ်ကော်မတီမှ အဖွဲ့ဝင်များသည် (၁၀-၂-၂၀၁၂)နေ့ ညနေ(၄)နာရီတွင် ပင့် ဆောင်ရေး ကရဝိတ်ဖောင် မော်တော်ယာဉ်တန်းသည် ကွမ်းခြံကုန်းမြို့ အတုလမာရဇိန်သွန်းဘုရားကြီးသို့ရောက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအဖွဲ့များ၊ အတုလမာရဇိန်သွန်းဘုရားကြီး ဂေါပကအဖွဲ့ဝင်များနှင့် ဝတ်အသင်းအဖွဲ့ များက ကြိုဆိုပူဇော်ကြပါသည်။ အတုလမာရဇိန်သွန်းဘုရားကြီး ဂန္ဓကုဋီတိုက်အတွင်းသို့ စိန်ဖူးတော်၊ ငှက်မြတ်နားတော် မှန်ကျောင်းဆောင်နှင့် ရွှေပြားသင်္ကန်းတော် မှန်ကျောင်းဆောင်တို့ကို ကရဝိတ်ဖောင်ယာဉ်ပေါ်မှ ပင့်ဆောင်ပူဇော်ပါသည်။ (မှတ်ချက်။ ရွှေသားပုံတူ စေတီတော်ကို ကရဝိတ်ယာဉ်ပေါ်တွင်သာ ကိန်းဝပ်စံပါယ်စေကာ လုံခြုံရေးအစောင့်အရှောက်လုံ လောက်စွာချထားစောင့်ရှောက်စေပါသည်။)

၁၁-၂-၂၀၁၂နေ့နံနက်အာရုံတက်အချိန်တွင် ရွှေစေတီ၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် ရွှေသင်္ကန်းတော်တို့အား ကွမ်းခြံကုန်းမြို့နယ်မှ သံဃာတော်(၂၇)ပါးဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ ကျင်းပ၍ သံဃာတော်များအား ဆွမ်း ဆက်ကပ်ခြင်း၊ နဝကမ္မဝတ္ထုနှင့် လှူဘွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပါသည်။ ထို့နောက် ပင့်ဆောင်ပူဇော်ရေးအဖွဲ့မှ အခမ်းအနားဖြင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေပြားသင်္ကန်းတော်တို့အား ကရဝိတ်ယာဉ်ပေါ်သို့ပြန်လည်ပင့်ဆောင် ကြပါသည်။ ပင့်ဆောင်ရေးအဖွဲ့များ အသင့်နေရာယူပြီးသောအခါ ရှေ့ဆုံးမှ ပြန်ကြားရေးယာဉ်၊ သာသနာ့အလံကိုင်အဖွဲ့၊ ဒေဝါဝင်းအဖွဲ့၊ စည်တော်ယာဉ်၊ ရွှေစေတီကရဝိတ်ယာဉ်၊ လေ့လော့်ယိမ်းအဖွဲ့ပါသော စိန်ဖူး၊ ငှက်မြတ်နား ကရဝိတ်ယာဉ်၊ ရွှေပြားသင်္ကန်းအလှဆင်ယာဉ်၊ ရာဇာဝင်းအဖွဲ့၊ ဝတ်အဖွဲ့ယာဉ်များဖြင့် စနစ်တကျ စတင်ထွက်ခွါပါသည်။ ဒေသခံများ၏ ဆန္ဒအရ ကွမ်းခြံကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့လည်းကောင်း၊ ထိုမှလှည့်၍ ကွမ်းခြံကုန်းမြို့နယ် ညောင်ငူကျေးရွာရှိ ကျိုက်ဒေးကနောင် ဆံတော်ကြိုစေတီသို့ ခြေလျင်စီတန်းလှည့်လည်ပင့်ဆောင်ကြပါသည်။

၎င်းနေ့နံနက် (၁၀)နာရီခွဲအချိန်တွင် လှည့်လည်အပူဇော်ခံရေးယာဉ်တန်းသည် ကျိုက်ဒေးကနောင်စေတီသို့ ရောက်ရှိသောအခါ ဝတ်အသင်းများမှ ရွတ်ဖတ်ပူဇော်၍ လှည့်လည်ပူဇော်ရေးအဖွဲ့ဝင်များမှ အစီအစဉ်အတိုင်း စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေပြားကျောင်းဆောင်တော်များကို ဓမ္မာရုံမဏ္ဍပ်အတွင်းသို့ ပင့်ဆောင်ကြပါသည်။ ဒေသခံ ပြည်သူများမှ ပန်း၊ ဆီမီး၊ သစ်သီး၊ ရေချမ်းများ ကပ်လှူပူဇော်ကြပါသည်။ ပရိသတ်များအား မင်္ဂလာဆိုင်းအဖွဲ့၊ အခမဲ့လာ ရောက်ကူညီသော "ဒူးဇစ်မင်းမြန်မာ့တေးဂီတ အဖွဲ့" ဖြင့် ဧည့်ခံဖျော်ဖြေခြင်း၊ ထမင်းဟင်းလျာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ အလှူငွေများအလှူခံခြင်း၊ လက်ဆောင်ပစ္စည်းများရောင်းချပေးခြင်း၊ ရွှေတိဂုံဗုဒ္ဓဂါယာဓါတ်ပုံပြခန်းများ ခင်းကျင်းပြသ ခြင်းများ ဆောင်ရွက်ပါသည်။ ညပိုင်းတွင် စေတီတော်အား ဒေသခံပြည်သူများမှ စုပေါင်း၍ ဆီမီးထွန်းညှိ ပူဇော်ကြပါသည်။ ဘုရားဖူးပရိသတ်များအား "မြဝတီအငြိမ့်" ဖြင့် ကပြဖျော်ဖြေ၍ ဇာတ်ရုပ်ရှင်မှ "မိုးအလင်းရုပ်ရှင်" ဖြင့် ပြသဖျော်ဖြေပါသည်။ နောက်တနေ့နံနက် အရုဏ်တက်ချိန်မှစ၍ ဆွမ်းတော်ကြီးကပ်လှူပူဇော်ခြင်း၊ အနေကဇာတင်ခြင်း၊ သံဃာတော်များအား ဆွမ်း ဆက်ကပ်ခြင်း၊ ရေစက်ချတရားနာမင်္ဂလာဆင်ယင်ကျင်းပခြင်း၊ နောက်စေတီတစ်ဆူသို့ကြွရောက်ပါရန်ပင့်လျှောက် ခြင်း၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေပြားသင်္ကန်းတော်ကျောင်းဆောင်များအား ဒေဝါဝင်း၊ ရာဇာဝင်းခင်း၍ အစီအစဉ် အတိုင်း မော်တော် ယာဉ်ပေါ်သို့ ပင့်ဆောင်ခြင်း၊ နောက်စေတီတစ်ဆူသို့ ခြေလျင်စီတန်းလှည့်လည်ပင့်ဆောင်ကြပါသည်။

အထက်ဖော်ပြပါအစီအစဉ်များအတိုင်း ယှဉ်တွဲဖော်ပြပါနေ့ရက်၊ မြို့နယ်၊ ကျေးရွာစေတီများသို့ အသီးသီးပင့်ဆောင် ပူဇော်ခဲ့ကြပါသည် -

www.dhammadownload.com









ဆံတော်ကြိုစေတီတော်သို့
ရောက်သည့်အခါတိုင်း
ရဟန်းရှင်လူပြည်သူများက
လေးမြတ်ကော်ရော်
ပူဇော်ကြိုဆိုကြသည်။



www.dhammadownload.com



(၁) ၁၁.၂.၂၀၁၂နေ့ ကွမ်းခြံကုန်းမြို့နယ် ညောင်ငူကျေးရွာ ကျိုက်ဒေးကနောင်စေတီ
(၂) ၁၂.၂.၂၀၁၂နေ့ ကွမ်းခြံကုန်းမြို့နယ် အင်္ဂလုံးကျေးရွာ ကျိုက်အုံ့ခလွန်းစေတီ
(၃) ၁၃.၂.၂၀၁၂နေ့ ကော့မှူးမြို့နယ် ဆပုဂံကျေးရွာ ဆပုဂံစေတီ
(၄) ၁၄.၂.၂၀၁၂နေ့ ကော့မှူးမြို့နယ် တရုတ်ကုန်းကျေးရွာ ကျိုက်တဂိုးနွတ်စေတီ
(၅) ၁၅.၂.၂၀၁၂နေ့ ကော့မှူးမြို့နယ် တဂူခြံကျေးရွာ ကျိုက်တဂိုးထွတ်စေတီ
(၆) ၁၆.၂.၂၀၁၂နေ့ ကော့မှူးမြို့နယ် လက်ခိုက်ကျေးရွာ ကျိုက်မွန်ထိုစေတီ
(၇) ၁၇.၂.၂၀၁၂နေ့ ကော့မှူးမြို့နယ် ကျွန်းစွန်ကျေးရွာ ကျိုက်ကော့မှူးစေတီ
(၈) ၁၈.၂.၂၀၁၂နေ့ တွံတေးမြို့နယ် ဘုရားကြီးကျေးရွာ ဖလကြီးစေတီ
(၉) ၁၉.၂.၂၀၁၂နေ့ တွံတေးမြို့နယ် ကဘင်းကျေးရွာ ကျိုက်ကေသာစေတီ
(၁၀) ၂၀.၂.၂၀၁၂နေ့ ရန်ကုန်မြို့ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင် (ကျိုက်ဒေးအပ်စေတီ)

မှတ်ချက်။ ဖလကြီးစေတီမှ ကျိုက်ကေသာစေတီသို့ ပင့်ဆောင်ရာတွင် ဒေသခံပြည်သူများ၏ မေတ္တာရပ်ခံချက်အရ တွံတေးမြို့တွင်းသွားရောက်၍ မြို့တွင်းတစ်ပါတ် လှည့်လည်အပူဇော်ခံပါသည်။

ဆံတော်ကြို စေတီများသို့ရောက်ရှိရပ်နားတိုင်း လှည့်လည်ပူဇော်ပွဲယာဉ်တန်းဖြင့် လိုက်ပါလာသူ များ၊ ဒေသခံဝတ်အသင်းအဖွဲ့များ၊ ကြီးကြပ်သူများအား နံနက်စာ၊ နေ့လည်စာ၊ ညစာဖြင့် ကျွေးမွေးဧည့်ခံသည့် ကုန်ကျစရိတ်များအတွက် စေတီတစ်ဆူလျှင် ကျပ် ၄၄၀၀၀၀/ - နှုန်းဖြင့် ညအိပ်ရပ်နားသည့်နေရာ (၁၀)နေရာအတွက် စုစုပေါင်းကျပ် ၄၄၀၀၀၀၀/ - (ကျပ်လေးဆယ့်လေးသိန်း)ကိုလည်း ဆပ်ကော်မတီမှ လှူဒါန်းပေးအပ်ခဲ့ပါသည်။

လှည့်လည်ပူဇော်ပွဲခရီးတလျှောက် လက်ဆောင်ပစ္စည်းရောင်းချရငွေများ၊ အလှူခံရငွေများကို စနစ်တကျ စာရင်းပြုစုကာ အလှူခံပုံးများနှင့်အတူ တစ်ရက်ခြားတစ်ကြိမ် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး သို့ ပြန်လည်ရေတွက်အပ်နှံသည့်စနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့ပါသည်။

ဆံတော်ကြို စေတီတစ်ဆူသို့ လှည့်လည်ပူဇော်ပွဲယာဉ်တန်းရောက်ရှိတိုင်း ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဆပ်ကော်မတီဝင်များကလည်း လာရောက်ကြည့်ရှုကြကာ လိုအပ်သည်များကို လမ်းညွှန်ဖြည့်ဆည်းဆောင်ရွက်ပေးပါသည်။ မြို့နယ်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် ဥပသကာအဖွဲ့များ၊ ကျေးရွာဝတ်အသင်းအဖွဲ့ဝင်များကလည်း လိုအပ်ချက်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြပါသည်။

ဆံတော်ကြို စေတီများသို့ လှည့်လည်အပူဇော်ခံရေးနောက်ဆုံးနေ့ကို ၁၃၇၃ - ခုနှစ်၊ တပို့တွဲလကွယ်နေ့ (အင်္ဂါနေ့) ၂၁.၂.၂၀၁၂နေ့ နံနက်(၈)နာရီတွင် ဗိုလ်တထောင်စေတီတော်၌ကျင်းပပြီး လှည့်လည်ရေးယာဉ်တန်းသည် ရွှေတိဂုံစေတီတော်သို့ အခမ်းအနားဖြင့် စီစဉ်တကျ ပင့်ဆောင်ပူဇော်ခဲ့ကြရာ နံနက် (၁၀း၃၀) နာရီတွင် အနောက်ဘက်စောင်းတန်းမုခ်ဦးရှေ့သို့ ဆိုက်ရောက်ပါသည်။

ထိုသို့ပြန်လည်ပင့်ဆောင်ရောက်ရှိခြင်းအခမ်းအနားသို့ လှည့်လည်အပူဇော်ခံရေးဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်၊ ဆပ်ကော်မတီအတွင်းရေးမှူးဦးလှအောင်၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဆပ်ကော်မတီဝင်များမှ တက်ရောက်ကြည့်ရှု၍ ရွှေစေတီတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေပြားသင်္ကန်းတော် မှန်ကျောင်းဆောင်များအား ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပေါ်သို့ ပင့်ဆောင်ကာ ရာဟုထောင့်အောင်မြေရှိ ပွဲတော်ကျင်းပရေးဗဟိုမဏ္ဍပ်၌ အများပြည်သူများ ပူဇော်နိုင်ရန် စီစဉ်ထားရှိခဲ့ပါသည်။

## လှည့်လည်ပူဇော်ပွဲကျင်းပရေးဆပ်ကော်မတီ အသုံးစရိတ်

၈။ ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်၊ လှည့်လည်အပူဇော်ခံရေးဆပ်ကော်မတီ၏ အသုံးစရိတ်မှာ စုစုပေါင်း ၇၆၅,၉၉၆၆၀/ - (ကျပ်ခုနစ်ရာခြောက်ဆယ့်ငါးသိန်းကိုးသောင်းကိုးထောင်ခြောက်ရာ့ခြောက်ဆယ်တိတိ) ဖြစ်ပြီး အသေးစိတ်ကုန်ကျမှုကို တစ်ဖက်တွင် ဖော်ပြအပ်ပါသည်။

www.dhammadownload.com



## ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်
## လှည့်လည်ပူဇော်ပွဲကျင်းပရေး ဆပ်ကော်မတီ အသုံးစရိတ်

| | | |
|---|---|---|
| ၁။ | ဆံတော်ကြိုစေတီများသို့ လှည့်လည်ပူဇော်ရေးဆပ်ကော်မတီ၏ ကုန်ကျစရိတ် ပထမအကြိမ် (ကွမ်းခြံကုန်း - ကော့မှူးခရီးစဉ်) | - ၃၈၂,၈၀၀/- |
| ၂။ | ဆံတော်ကြိုစေတီများသို့ လှည့်လည်ပူဇော်ရေးဆပ်ကော်မတီ၏ ကုန်ကျစရိတ် ဒုတိယအကြိမ် (တွံတေးခရီးစဉ်) | - ၁၈၈,၈၀၀/- |
| ၃။ | ဆံတော်ကြိုစေတီများသို့ လှည့်လည်ပူဇော်ရေးဆပ်ကော်မတီ၏ ကုန်ကျစရိတ် တတိယအကြိမ် (ကွမ်းခြံကုန်း - ကော့မှူးခရီးစဉ်) | - ၁၄၀,၅၅၀/- |
| ၄။ | လှည့်လည်ပူဇော်ပွဲဆိုင်ရာ ကြော်ငြာဘုတ်များပြုလုပ်ခြင်း | - ၅၆၉,၃၁၆/- |
| ၅။ | ဆံတော်ကြိုစေတီ (၁၁) ဆူတွင် လှူရန် | - ၁၆,၅၀၀,၀၀၀/- |
| ၆။ | ဝေါယာဉ် (၂) ခု ပြုလုပ်ခြင်း | - ၃,၅၉၀,၀၀၀/- |
| ၇။ | ကရဝိတ်ယာဉ်တစ်စီးနှင့် ကြိုးကြာငှက်ယာဉ်တစ်စီးပြုလုပ်ခြင်း | - ၅,၀၀၀,၀၀၀/- |
| ၈။ | လှည့်လည်ပူဇော်ရေးလူထုမဏ္ဍပ်နှင့် အပူဇော်ခံမဏ္ဍပ်နဖူးစီးနှင့် တိုင်ဖုံးပန်းများ ပြုလုပ်ခြင်း | - ၅,၂၅၉,၀၀၀/- |
| ၉။ | လှည့်လည်ပူဇော်ရေးမဏ္ဍပ်များထိုးရာ၌ လိုအပ်သော ဝါးများ ဆက်စပ်ပစ္စည်းများနှင့် လုပ်သားငှားရမ်းသုံးစွဲခြင်း | - ၄,၉၁၅,၀၀၀/- |
| ၁၀။ | လှည့်လည်ပူဇော်ရာတွင် ဒေဝါဝင်း၊ ရာဇာဝင်းများခင်းခြင်း (ပထမအကြိမ်) | - ၇,၅၀၀,၀၀၀/- |
| ၁၁။ | လှည့်လည်ပူဇော်ရာတွင် ဒေဝါဝင်း၊ ရာဇာဝင်းများခင်းခြင်း (ဒုတိယအကြိမ်) | - ၆,၈၇၅,၀၀၀/- |
| ၁၂။ | ဆံတော်ကြိုစေတီများသို့ လှည့်လည်ပူဇော်ခံရာတွင် အထွေထွေ အရပ်ရပ်သော ကိစ္စများဆောင်ရွက်ရန် | - ၂၁,၀၇၇,၀၂၀/- |
| ၁၃။ | လှည့်လည်မော်တော်ယာဉ်(၄)စီး ပြင်ဆင်စရိတ် | - ၄,၁၇၀,၁၇၄/- |
| ၁၄။ | လှည့်လည်ပူဇော်ခံရာတွင် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်အား ကျောက်ခြယ်ပွင့်များဖြင့် အလှဆင်ခြင်းအတွက် ကုန်ကျစရိတ်ငွေ | - ၄၃၂,၀၀၀/- |
| | စုစုပေါင်း | - ၇၆,၅၉၉,၆၆၀၊- |

မှတ်ချက်။

၉။ ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ဘာသာရေးအနှစ်သာရပြည့်ဝစွာဖြင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပပူဇော်ခဲ့ရာတွင် "လှည့်လည်အပူဇော်ခံရေး ဆပ်ကော်မတီ" သည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဂုဏ်တော်ကျက်သရေတော်နှင့် လျော်ညီစွာ ရွှေတိဂုံစေတီတော်၏ ရွှေသားပုံတုစေတီ၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေပြားသက်န်းတော်များအား ဆံတော်ကြိုစေတီများတည်ရှိရာဒေသများသို့ လှည့်လည်အပူဇော်ခံခြင်း အစီအစဉ်အား ခမ်းခမ်းနားနား တင့်တင့်တယ်တယ် ကြည်ညိုဖွယ်ဖြစ်အောင် စီစဉ်ပူဇော်နိုင်ခဲ့သည့်အတွက် ဂုဏ်ယူဖွယ်ရာဖြစ်ပြီး ဆပ်ကော်မတီတွင် ပါဝင်သော ပုဂ္ဂိုလ်များ၊ ဝန်ထမ်းများ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပုဂ္ဂိုလ်များ၏ တက်ညီလက်ညီ ဝိုင်းဝန်းကူညီဆောင်ရွက်ကြမှုကြောင့် အောင်မြင်ပြီးမြောက်ခဲ့သည်ကို သာဓုခေါ်ဆိုအပ်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဉက္ကဋ္ဌ
(လှည့်လည်အပူဇော်ခံရေးဆပ်ကော်မတီ)

www.dhammadownload.com




ဆံတော်ကြိုစေတီတည်ရှိရာ ဒေသတိုင်းက ဝမ်းပန်းတသာကြိုဆိုရုံမျှမက ဂုဏ်ယူဝမ်းမြောက်စွာ မှတ်တမ်းတင်ကြသည်။









ဆံတော်ကြိုစေတီတစ်ဆူသို့ ရောက်သည့်အခါတိုင်း ရွှေတိဂုံစေတီတော်မှ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေပြားသက်နင်းတော်များအား ဆံတော်ကြိုစေတီကို လက်ယာရစ် လှည့်လည်ပူဇော်ခံကြသည်။



www.dhammadownload.com



(၂၁-၂-၂၀၁၂) ရက်နေ့တွင်
ဗိုလ်တထောင်ဆံတော်ကြီးစေတီမှ ရွှေတိဂုံစေတီတော်သို့
ပြန်လည်ပင့်ဆောင်စဉ်။





လှည့်လည်အပူဇော်ခံခဲ့သော ယာဉ်တန်းအား
ဂေါပကအဖွဲ့ဝင်များက
အနောက်ဘက်မုခ်မှ ကြိုဆိုပူဇော်စဉ်။
(၂၁-၂-၂၀၁၂)

လှည့်လည်အပူဇော်ခံခဲ့သော ရွှေတိဂုံစေတီတော်၏
အင်္ဂါရပ်တော် အစိတ်အပိုင်းများအား ရင်ပြင်တော်
အောင်မြေအရပ်ရှိ ဗဟိုမဏ္ဍပ်တွင် ပူဇော်ခံစဉ်။
(၂၁-၂-၂၀၁၂)



www.dhammadownload.com



# ရွှေတိဂုံစေတီတော် နှစ်-၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ဆွမ်းတော်ကြီးဆက်ကပ်ရေးနှင့် ဓမ္မဒေသနာတော်များရွတ်ဆိုပူဇော်ရေးဆပ်ကော်မတီ လုပ်ငန်းအစီရင်ခံစာ

## နိဒါန်း

၁။ လေးဆူဓါတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးသည် ဂေါတမမြတ်စွာဘုရား၏ဆံတော်နှင့် ရှေးဘုရားသုံးဆူတို့၏ မွေတော်များကို ဌာပနာထား၍တည်ထားခဲ့ခြင်း၊ ဘုန်းတန်ခိုးအနန္တနှင့်ပြည့်စုံခြင်း နိုင်ငံတော်၏ထွဋ်ခေါင် ကျက်သရေဆောင်ဖြစ်ခြင်း၊ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအပေါင်းတို့၏ အထွဋ်အမြတ်ထား ကိုးကွယ်ဆည်းကပ်ရာ ဗုဒ္ဓသာသနာ၏ သမိုင်းဝင်မှတ်တိုင်ကြီးဖြစ်ခြင်း စသည့်ဂုဏ်အင်္ဂါအပေါင်းနှင့် ပြည့်စုံပါသည်။

ဗုဒ္ဓပူဇနီယပွဲတော်များကို ဗုဒ္ဓဘာသာမြန်မာလူမျိုး တို့သည် နှစ်စဉ်အစဉ်အလာမပျက် ကျင်းပခဲ့ကြရာ လွန်ခဲ့သော (၁၃၇၂) ခုနှစ်တွင် (၂၅၉၉)နှစ်မြောက်အဖြစ် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီး ယခု(၁၃၇၃) ခုနှစ်တွင် စေတီတော်ကြီး တည်ထားကိုးကွယ် ပူဇော်ခဲ့သည့်နှစ်ပေါင်း (၂၆၀၀)ပြည့်နှစ် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ယခင်နှစ်စဉ်ကျင်းပပြုလုပ်ခဲ့သည် ထက်ပို၍ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာဟူ၍ ဆိုအပ်သည့် ရတနာမြတ်သုံးပါးတို့ကို ပူဇော်ပွဲကြီးပြုလုပ်ခဲ့ပါသည်။

## ရည်ရွယ်ချက်

၂။ ရွှေတိဂုံစေတီတော်မြတ်ကြီး တည်ထားကိုးကွယ်သည့် နှစ် - ၂၆၀၀ ပြည့်ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ်အဖြစ် စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် သစ်သီးများဆက်ကပ်လှူဒါန်းခြင်း၊ ဓမ္မဒေသနာတော်များ ရွတ်ဆိုပူဇော်ခြင်း၊ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်ခြင်း၊ ဗုဒ္ဓသာသနာတော်ဆိုင်ရာ မဟာပဋ္ဌာန်း ကျမ်းတော်ကြီး မကွယ်မပျောက်ဘဲ ဗုဒ္ဓသာသနာတော် အဓွန့်ရှည်တည်တံ့ပြီး စည်ပင်ပွားများစေရန် ဗုဒ္ဓဘာသာဝင် သူတော်ကောင်းအပေါင်းတို့မှ စေတီတော်မြတ်ကြီး တည်ရှိနေသရွေ့စဉ်ဆက်မပြတ်လက်ဆင့်ကမ်းအမွေအဖြစ် အမြတ်တနိုး သယ်ဆောင်ကာ ထိန်းသိမ်းဆောင်ရွက်ကြရန် ရည်ရွယ်ချက်ဖြင့် လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်ခဲ့ကြပါသည်။

## ဆွမ်းတော်ကြီးဆက်ကပ်ရေးနှင့် ဓမ္မဒေသနာတော်များ ရွတ်ဆိုပူဇော်ရေးဆပ်ကော်မတီ

၃။ ဆွမ်းတော်ကြီးဆက်ကပ်ရေးနှင့်ဓမ္မဒေသနာတော်များရွတ်ဆိုပူဇော်ရေးဆပ်ကော်မတီကိုအောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း၍လုပ်ငန်းများအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါသည်။

## ဆွမ်းတော်ကြီးဆက်ကပ်ရေးနှင့် ဓမ္မဒေသနာတော်များ ရွတ်ဆိုပူဇော်ရေးဆပ်ကော်မတီ ဖွဲ့စည်းခြင်း

၄။ ဆွမ်းတော်ကြီးဆက်ကပ်ရေးနှင့် ဓမ္မဒေသနာတော်များ ရွတ်ဆိုပူဇော်ရေးဆပ်ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ပါသည် -

| | | | |
|---|---|---|---|
| (၁) | ဒေါ်စန်းစန်းနွယ် | တိုင်းဒေသကြီးဝန်ကြီး<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးမောင်ပီ | ဂေါပကအဖွဲ့ဝင် (လုပ်ငန်းဌာန) | ဒု-ဥက္ကဋ္ဌ |
| (၃) | ဒေါ်မြမြနှင်း | ဦးစီးအရာရှိ (ရန်ကုန်အရှေ့ပိုင်းခရိုင်၊<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၄) | ဦးကြည်စန်း | ဦးစီးအရာရှိ (ရန်ကုန်အနောက်ပိုင်းခရိုင်၊<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | အဖွဲ့ဝင် |

www.dhammadownload.com



| | | | |
|---|---|---|---|
| (၅) | ဒေါ်နီလာညွန့် | ဦးစီးအရာရှိ (ရန်ကုန်တောင်ပိုင်းခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၆) | ဒေါ်ကေသွယ်စိုး | ဦးစီးအရာရှိ (ရန်ကုန်မြောက်ပိုင်းခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၇) | ဦးညက်ဌေး | ခရိုင်သာသနာရေးမှူး (အရှေ့/တောင်) | အဖွဲ့ဝင် |
| (၈) | ဦးဆန်းထွန်းအောင် | ခရိုင်သာသနာရေးမှူး (အနောက်ပိုင်း) | အဖွဲ့ဝင် |
| (၉) | ဦးသိန်းဇော် | ခရိုင်သာသနာရေးမှူး (မြောက်ပိုင်း) | အဖွဲ့ဝင် |
| (၁၀) | ဦးသိန်းစံအောင် | ဒု-ညွှန်မှူး၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဗိုလ်မှူးကြီး လွင်စိုး | ရန်ကုန်တပ်နယ်မှူး | အဖွဲ့ဝင် |
| (၁၂) | ဒု-ရဲမှူးကြီး မောင်စိုး | ခရိုင်ရဲတပ်ဖွဲ့မှူး (အရှေ့ပိုင်း) | အဖွဲ့ဝင် |
| (၁၃) | ဒု-ရဲမှူးကြီး မျိုးအောင် | ခရိုင်ရဲတပ်ဖွဲ့မှူး (အနောက်ပိုင်း) | အဖွဲ့ဝင် |
| (၁၄) | ဒု-ရဲမှူးကြီး ကျော်ထွန်း | ခရိုင်ရဲတပ်ဖွဲ့မှူး (တောင်ပိုင်း) | အဖွဲ့ဝင် |
| (၁၅) | ဒု-ရဲမှူးကြီး ထွန်းမင်း | ခရိုင်ရဲတပ်ဖွဲ့မှူး (မြောက်ပိုင်း) | အဖွဲ့ဝင် |
| (၁၆) | ဦးအေးလွင် | အောင်မင်္ဂလာဝတ် (ဘာသာရေး ဝေယျာဝစ္စ အကျိုးဆောင်ရွှေတိဂုံ) | အဖွဲ့ဝင် |
| (၁၇) | ဦးသန်းအောင် | (ဘာသာရေးဝေယျာဝစ္စ အကျိုးဆောင်၊ ရွှေတိဂုံ) | အဖွဲ့ဝင် |
| (၁၈) | ဒေါ်တင်တင်အေး | ဌာနမှူး (ဗဟိုသိုလှောင်၊ ရွှေတိဂုံ) | အဖွဲ့ဝင် |
| (၁၉) | ဒေါ်အုန်းအုန်းထွေး | ဌာနမှူး (အုပ်ချုပ်ရေး၊ ရွှေတိဂုံ) | အဖွဲ့ဝင် |
| (၂၀) | ဒေါ်သန်းသန်းဌေး | ဌာနမှူး (ပြတိုက်/ပြခန်း၊ ရွှေတိဂုံ) | တွဲဖက်အတွင်းရေးမှူး |
| (၂၁) | ဦးကျော်ဝင်းစိုး | ဒု-ရုံးအဖွဲ့မှူး (ရွှေတိဂုံ) | အတွင်းရေးမှူး |

## ဆောင်ရွက်ရခဲ့သည့်လုပ်ငန်းတာဝန်များ

၅။ ရွှေတိဂုံစေတီတော်နှစ် (၂၆၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည့် ၁၃၇၃ - ခုနှစ် တပေါင်းလဆန်း(၁)ရက်မှ တပေါင်းလပြည့်နေ့အထိ (၂၂.၂.၂၀၁၂) မှ (၇.၃.၂၀၁၂)ထိကာလအတွင်း၌ ဆွမ်းတော်ကြီးဆက်ကပ်ရေးနှင့် ဓမ္မဒေသနာတော်များ ရွတ်ဆိုပူဇော်ရေးဆပ်ကော်မတီမှ အောက်ပါလုပ်ငန်းများကို (၁၅)ရက်တိုင်တိုင် နေ့စဉ်ဆောင်ရွက်ရသော လုပ်ငန်းဖြစ်သည်နှင့်အညီ ကြိုတင်ဆောင်ရွက်ရသော လုပ်ငန်းများကိုလည်း အချိန်နှင့် တပြေးညီပြီးစီးစေရန် လုပ်ငန်းစဉ်နှင့်တကွ စာရင်းတွက်ချက်လျာထားပြီး အသေးစိတ်စီမံချက်ရေးဆွဲပြီး အောက်ပါအတိုင်းဆောင်ရွက်ခဲ့ကြပါသည် -

(က) ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း။ (၂၂.၂.၂၀၁၂)

(ခ) ဗုဒ္ဓပူဇနိယပွဲတော် (အောင်ပွဲ) ရေစက်ချပွဲအခမ်းအနားကျင်းပခြင်း။ (၇.၃.၂၀၁၂)

(ဂ) ဆွမ်းတော်ကြီးကပ်လှူပွဲအခမ်းအနားကျင်းပခြင်း။ (၇.၃.၂၀၁၂)

(ဃ) ပွဲတော်စတင်ဖွင့်လှစ်သည်မှ ပြီးဆုံးသည်အထိသံဃာတော် အရှင်သူမြတ်များကအဒွံမစဲ မဟာပဋ္ဌာန်း ရွတ်ဆိုပူဇော်ခြင်း။ (၂၂.၂.၂၀၁၂ မှ ၇.၃.၂၀၁၂)

(င) ဓမ္မဒေသနာတော်များ ရွတ်ဆိုပူဇော်ခြင်း။ (၂၂.၂.၂၀၁၂ မှ ၇.၃.၂၀၁၂)

(စ) အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်ခြင်း။ (၂၂.၂.၂၀၁၂ မှ ၇.၃.၂၀၁၂)

www.dhammadownload.com



## ဗုဒ္ဓဇယန္တီပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း

၆။ ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ပြည့် ဗုဒ္ဓဇယန္တီပွဲတော် ဖွင့်ပွဲအခမ်းအနားကို တပေါင်းလဆန်း (၁)ရက် (၂၂.၂.၂၀၁၂)ရက်နေ့ နံနက်(၀၉း၀၀)နာရီတွင် ရွှေတိဂုံစေတီတော် ဗုဒ္ဓဇယန္တီပွဲတော် ဖွင့်ပွဲအခမ်း အနားကျင်းပမည့် ရင်ပြင်တော်ရာဟုထောင့် အောင်မြေဗဟိုမဏ္ဍပ်တွင် ကျင်းပခဲ့ပါသည်။ ထိုအခမ်းအနားတွင် ဘာသာရေးအနှစ်သာရများ ပေါ်လွင်ထင်ရှားစေပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် ယင်းနေ့ နံနက်(၀၈း၀၀)နာရီတွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်တန်ဆောင်းမှ ရင်ပြင်တော်ရာဟုထောင့် ဗဟိုမဏ္ဍပ်သို့ နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်ပူဇော်ခြင်းကို အခမ်းအနားအဆောင်အယောင်များဖြင့် ရင်ပြင်တော်တစ်ပတ်ခွဲလက်ယာရစ်ပူဇော်ခံပြီး ဗဟိုမဏ္ဍပ်ရှိ ချမ်းသာကြီး တန်ဆောင်းတွင် ပွဲတော်ဖွင့်လှစ်သည်မှ ပြီးဆုံးသည်အထိ ကိန်းဝပ်တော်မူခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားကျင်းပသည့် (၂၂.၂.၂၀၁၂)ရက်နေ့ တပေါင်းလဆန်း(၁)ရက်နေ့ဗဟိုမဏ္ဍပ်တွင် ကြွရောက်တော်မူလာကြသည့်နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃာ့မဟာနာယက ဆရာတော်ကြီးများ၊ ရွှေတိဂုံစေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓဘာသာအသင်းကြီး ပေကျင်း၊ လင်ကွမ်စီဘုရားကျောင်းမှ ဆရာတော်ကြီးများအား ကြို/ပို့ ပင့်ဆောင်နေရာချထားခြင်း။

တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖိတ်ကြားထားသော လူကြီးမင်းများ၊ ဂေါပကအဖွဲ့ဝင်လူကြီးမင်းများ၊ ဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဘာသာရေးအသင်း အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဧည့်ပရိသတ်များအား ကြိုဆိုနေရာချထားခြင်း။

အရှက်ခံမုခ်ဦး(၄)ခုနှင့် တန်ဆောင်းများတွင် ဗုဒ္ဓသာဝကဖြစ်သော အရှေ့ဘက်အာရုံခံတန်ဆောင်းနှင့် ဒေါက်တာ ညိုတန်ဆောင်းတွင် ပင့်သံဃာတော်(၂၆၀)ပါး၊ တောင်ဘက်အာရုံခံတန်ဆောင်းနှင့် ဧည့်ခံတန်ဆောင်းတွင် ပင့်သီလရှင် (၂၆၀) ပါး၊ အနောက်ဘက်အာရုံခံတန်ဆောင်းတွင် ဥပါသကာ (၂၆၀) ဦး၊ မြောက်ဘက်အာရုံခံတန်ဆောင်းတွင် ဥပါသိကာမ (၂၆၀) ဦးတို့အား နေရာချထားပေးခြင်း ပဋ္ဌာန်းစာအုပ်၊ ပဋ္ဌာန်းယပ်တောင်များ ဝေငှပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။

ရာဟုထောင့်အောင်မြေအနီးရှိ ထီးတော်ရုံတန်ဆောင်းတွင် ပထမနေ့ မဟာပဋ္ဌာန်းရွတ်ဆိုမည့် (ခြောက်ထပ်ကြီး ကျောင်းတိုက်)မှ သံဃာတော်(၁၂)ပါးအား ကြိုဆိုပင့်ဆောင်နေရာချထားခြင်း။

ပထမဆုံးရွတ်ဆိုမည့် ပဋ္ဌာန်းသံဃာတော်(၁)ပါးအား ရတနာယာဉ်အိမ်သို့ပင့်ဆောင်၍ ကြိုတင်နေရာချထားပေးခြင်းစသည်တို့ ဆောင်ရွက်ပြီးစီးသည်နှင့်တပြိုင်နက် နံနက်(၀၉း၃၀)နာရီတိတိအချိန်တွင် ဖွင့်ပွဲအခမ်းအနား စတင်ကျင်းပခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ရုံးအဖွဲ့မှူးမှ ဆောင် ရွက်ပြီး ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓဇယန္တီဖွင့်ပွဲ မင်္ဂလာအခမ်းအနားတွင် ပွဲတော်ကျင်းပရေး ဗဟိုကော်မတီကိုယ်စား ဂေါပကအဖွဲ့ဝင် အလှည့်ကျသဘာပတိ ဒါယကာတင်သိန်းလွင်မှ ဗုဒ္ဓဇယန္တီအဖွင့် မင်္ဂလာစကားပြောကြားခြင်းကို ဆောင်ရွက်ပြီး သဘင်အနုပညာရှင် မန္တလေးသိန်းဇော်မှ ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓဇယန္တီပွဲတော်ကြီးဖွင့်ပွဲ မင်္ဂလာရတုဖြင့် ပူဇော်ခဲ့ပါသည်။ သီးခြားမြန်မာမှုလက်ရာဖြင့် စီမံပြုလုပ်ထားသော ဖယောင်းတိုင်ကြီးများအား မြတ်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်ရောင်ကို လေးမြတ်ကော်ရော်ပူဇော်သောအားဖြင့်ဥသျှောင်ဆရာတော်ကြီးများနှင့် အကြီးအကဲ(၃)ဦးတို့က မီးထွန်းညှိပူဇော်ပြီး ဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာဖွင့်လှစ်သည်နှင့်တပြိုင်နက် ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပင့်သံဃာတော်များ၊ ပင့်သီလရှင်များ၊ ဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဧည့်ပရိသတ်များမှ ပဋ္ဌာန်းပစ္စယုဒ္ဒေသ (၂၄) ပစ္စည်းရွတ်ဆိုပူဇော်ပြီး ရင်ပြင်တော်တစ်ခုလုံးရှိ ခေါင်းလောင်းသံများကို အထက်ဘဝဂ်ညံ၊ အောက်အဝီစီထိ ကြားနိုင်အောင်ထိုးခတ်ကြပြီး နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓဇယန္တီပွဲမင်္ဂလာအခမ်းအနားအား အောင်မြင်စွာဖွင့်လှစ်ခဲ့ပါသည်။ ၎င်းနောက် ရတနာယာဉ်အိမ်၌ သီတင်းသုံးသောသံဃာတော်မှ အသံမစဲမဟာပဋ္ဌာန်းဒေသနာတော်များ ဆက်လက်ရွတ်ပွားပူဇော်ခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားကျင်းပပြီးနောက် သံဃာတော်(၂၆၀)ပါးအား ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်တန်ဆောင်းနှင့် ရောင်တော်ဖွင့် တန်ဆောင်းတို့တွင်လည်းကောင်း၊ သီလရှင်(၂၆၀)ပါးတို့အား ရေကြည်တော် ဝတ်အသင်းတန်ဆောင်းနှင့်

www.dhammadownload.com



ကုန်းလမ်းပို့ဆောင်ရေးတန်ဆောင်းတို့တွင်လည်းကောင်း နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ပြီး အကြီးအကဲများနှင့် ဦးဆောင်ဆရာတော်(၄၀)ပါးတို့အား ထီးတော်ရုံတန်ဆောင်းတွင် နေ့ဆွမ်းဆက်ကပ်ခြင်း၊ ဧည့်ပရိသတ်များအားနေ့လည်စာအဖြစ် ဧည့်ခံကျွေးမွေးခြင်းတို့ကို တာဝန်များခွဲဝေချထားပြီး ဆောင်ရွက်ခဲ့ကြပါသည်။ ဖွင့်ပွဲအခမ်းအနားကျင်းပသည့် (၂၂.၂.၂၀၁၂)ရက် တပေါင်းလဆန်း(၁)ရက် နေ့တွင် ဦးဆောင်ဆရာတော်(၄၀)ပါး၊ ပင့်သံဃာတော်(၂၆၀)ပါး၊ ပင့်သီလရှင်(၂၆၀)ပါးတို့အား နေ့ဆွမ်း အလှူရှင် ဦးဇော်ဇော် + ဒေါ်ဌေးဌေးခိုင်(Max - မြန်မာ)မိသားစုမှ နေ့ဆွမ်းဆက်ကပ်လှူဒါန်းရန် အလှူတော်ငွေ ၁၅၆၀၀၀၀/ - အား လှူဒါန်းခဲ့ပါသည်။

## အဖွဲ့ဝင်များဖြည့်စွက်ဖွဲ့စည်းခြင်း

၇။ နှစ် ၂၆၀၀ပြည့်ပွဲတော်ကြီး ကျင်းပသောကာလအတွင်း၌ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာဟုဆိုအပ်သော ပူဇော်ခြင်းအမျိုးမျိုးတို့မှ အသံမစဲမဟာပဋ္ဌာန်းပူဇော်ရေးနှင့် သံဃာ့ဝေယျာဝစ္စလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အောက်ပါအဖွဲ့များဖြည့်စွက်ဖွဲ့စည်းပြီး အဖွဲ့ဝင်တစ်ခုစီက ဆောင်ရွက်ရန်လုပ်ငန်းများ သတ်မှတ်၍ ဆောင်ရွက်ခဲ့ကြပါသည် -

(က) ဆရာတော်ကြီးများအား ပင့်လျှောက်လှူဆက်ကပ်ရေးနှင့် ကြိုဆိုပင့်ဆောင်ရေးအဖွဲ့

| | | | |
|---|---|---|---|
| (၁) | ဦးကံမြင့် | ဒု - ဌာနမှူး၊ အတွင်းရေးမှူးဌာန | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးဟန်တင် | ဒု - ဌာနမှူး၊ ဘဏ္ဍာဌာန | အဖွဲ့ဝင် |
| (၃) | ဦးမင်းအောင် | ဌာနခွဲမှူး၊ လုပ်ငန်းဌာန | အဖွဲ့ဝင် |
| (၄) | ဦးအောင်မင်းမင်း | ဌာနခွဲမှူး၊ ရွှေရတနာဌာန | အဖွဲ့ဝင် |
| (၅) | ဦးတင်အောင်မိုး | ဌာနခွဲမှူး၊ လုံခြုံရေးဌာန | အဖွဲ့ဝင် |
| (၆) | ဦးမြင့်အောင် | ဌာနခွဲမှူး၊ အုပ်ချုပ်ရေးဌာန | အဖွဲ့ဝင် |

### လုပ်ငန်းတာဝန်များ

- နှစ် - ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားနှင့် ပိတ်ပွဲရေစက်ချအခမ်းအနားသို့ ကြွရောက်တော်မူကြမည့်ဆရာတော်ကြီးများ၊ ပင့်သံဃာတော်များ၊ ပင့်သီလရှင်များအား အချိန်မှီ ပင့်လျှောက်လှူဆက်ကပ်ခြင်း။
- ဖွင့်ပွဲအခမ်းအနားကျင်းပသည့် (၂၂.၂.၂၀၁၂)ရက်နေ့ တပေါင်းလဆန်း(၁)ရက်နေ့တွင် ကြွရောက်တော်မူကြသည့် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃာ့မဟာနာယက ဆရာတော်ကြီးများ၊ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓဘာသာအသင်းကြီး ပေကျင်းလင်ကွမ်စီဘုရားကျောင်းမှ ဆရာတော်ကြီးများအပါအဝင် ဆရာတော်(၄၀)ပါးတို့အား ရာဟုထောင့်၊ ဗဟိုမဏ္ဍပ်သို့ ကြိုဆိုပင့်ဆောင်နေရာချထားပေးခြင်း၊ပင့်သံဃာ(၂၆၀)ပါး၊ပင့်သီလရှင်(၂၆၀)ပါးအားကြိုဆိုပင့်ဆောင်နေရာချထားပေးခြင်း၊နေ့ဆွမ်းဆက်ကပ်မည့်နေရာများသို့ပင့်ဆောင်ခြင်းတို့ကိုတာဝန်များခွဲဝေချထားပြီး ဆောင်ရွက်ခဲ့ကြပါသည်။
- အောင်ပွဲရေစက်ချအခမ်းအနားကျင်းပမည့် (၇.၃.၂၀၁၂)ရက်နေ့ တပေါင်းလပြည့်နေ့တွင် ကြွရောက်တော်မူကြသည့် ဆရာတော်ကြီး(၄၀)ပါးအား ကြိုဆိုပင့်ဆောင်နေရာချထားခြင်းနှင့် နေ့ဆွမ်းဆက်ကပ်မည့် ထီးတော်ရုံတန်ဆောင်းသို့ ပင့်ဆောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

www.dhammadownload.com



၂၂-၂-၂၀၁၂ ရက်နေ့
နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်
ဖွင့်ပွဲမတိုင်မီ နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော်များ
လှည့်လည်ပြီးနောက် ဗဟိုမဏ္ဍပ်သို့
ပရိသတ်များ ဝင်ရောက်စဉ်။





ဖွင့်ပွဲအခမ်းအနားတွင်
မန္တလေးသိန်းဇော်မှ
ဓမ္မပူဇာတေးဖြင့် ပူဇော်စဉ်။



ဗဟိုမဏ္ဍပ်အတွင်း
ရတနာဃရစံအိမ်နှင့်
ပရိသတ်များ။

www.dhammadownload.com



ဗဟိုမဏ္ဍပ်ကြီး သံဃာစင်ပေါ်မှ သံဃာတော် (၃၆) ပါးတို့က ဦးဆောင်၍ ဒေသ္ဘသည်တော်များနှင့်
ဒေသ္ဘပရိသတ်များက မဟာပဋ္ဌာန်းပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသတို့ကို ရွတ်ဆိုပူဇော်၍ ဖွင့်လှစ်ပါသည်။





ဖွင့်ပွဲအခမ်းအနားသို့
တိုင်းဒေသကြီး ဝန်ကြီးချုပ်
လှူဖွယ်ဝတ္ထုများ ဆက်ကပ်စဉ်။

www.dhammadownload.com



(ခ) မဟာပဋ္ဌာန်းပူဇော်ရေးနှင့် သံဃာတော်များ ဝေယျာဝစ္စအဖွဲ့

| | | | |
|---|---|---|---|
| (၁) | ဒေါ်အုန်းအုန်းထွေး | ဌာနမှူး၊ အုပ်ချုပ်ရေးဌာန | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးဟန်တင် | ဒု - ဌာနမှူး၊ ဘဏ္ဍာရေးဌာန | အဖွဲ့ဝင် |
| (၃) | ဦးကံမြင့် | ဒု - ဌာနမှူး၊ အတွင်းရေးမှူးဌာန | အဖွဲ့ဝင် |
| (၄) | ဦးကိုကိုထွန်း | ဒု - ဌာနမှူး၊ ဝတ္တကမြေသာယာရေးဌာန | အဖွဲ့ဝင် |
| (၅) | ဦးသန်းအောင် | ဌာနခွဲမှူး၊ အုပ်ချုပ်ရေးဌာန | အဖွဲ့ဝင် |
| (၆) | ဦးမင်းအောင် | ဌာနခွဲမှူး၊ လုပ်ငန်းဌာန | အဖွဲ့ဝင် |
| (၇) | ဦးသန်းအောင် | ဘာသာရေးအကျိုးဆောင် | အဖွဲ့ဝင် |
| (၈) | ဦးအေးလွင် | ဘာသာရေးအကျိုးဆောင် | အဖွဲ့ဝင် |
| (၉) | ဦးငွေအောင် | ဘာသာရေးအကျိုးဆောင် | အဖွဲ့ဝင် |
| (၁၀) | ဦးရိန်မြင့် | အတွင်းရေးမှူး၊မနောစိတ္တပွါဒ် | အဖွဲ့ဝင် |
| (၁၁) | ဦးဘိုချုပ် | ဘဏ္ဍာရေးမှူး၊မနောစိတ္တပွါဒ် | အဖွဲ့ဝင် |

လုပ်ငန်းတာဝန်များ

- ရွှေတိဂုံစေတီတော်နှစ်၂၆၀၀ပြည့်ဗုဒ္ဓပူဇနိယပွဲတော်တွင်ဆရာတော်ကြီးများ၊အကြီးအကဲများက ဦးဆောင်ပြီး ပရိသတ်အမျိုးလေးပါးတို့နှင့်အတူ ဖွင့်ပွဲအခမ်းအနားကျင်းပသည့် (၂၂.၂.၂၀၁၂) ရက်နေ့မှစတင်ကာ ရေစက်ချပွဲ(အောင်ပွဲ) အခမ်းအနားကျင်းပပြီးသည့် (၇.၃.၂၀၁၂)(လပြည့်နေ့) အထိ သံဃာတော်(၁)ပါးစီက အသံမစဲမဟာပဋ္ဌာန်းရွတ်ဆိုပူဇော်ခြင်းအတွက် လုပ်ငန်းအားလုံးအဆင်ပြေစေရန်အဖွဲ့ဝင်များကအောက်ပါအတိုင်းအောင်မြင်စွာဆောင်ရွက်ခဲ့ကြပါသည်-

(၁) ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ၏ ကျောင်းတိုက်အသီးသီးမှ သံဃာတော်များမှ တစ်ရက်လျှင်(၁၂)ပါးစီ အလှည့်ကျပင့်လျှောက် ရွတ်ဖတ်ပူဇော်ခြင်းကို တာဝန်ကျ မနောစိတ္တပွါဒ်အသင်းမှ တာဝန်ယူဆောင်ရွက်ခဲ့ကြပါသည်။

(၂) သံဃာတော်များအား ထီးတော်ရုံတန်ဆောင်းတွင် ကျောင်းအဖြစ်သီတင်းသုံးစေပြီး သံဃာတော်များစိတ်နှလုံးချမ်းမြေ့စွာ သီတင်းသုံးနိုင်စေရေးအတွက်ခေါင်းအုံး၊ စောင်၊ ခြင်ထောင်၊ ဖျာ၊ အသုံးအဆောင်ပစ္စည်းများ ထားရှိပေးခြင်း၊ အိပ်ဆောင်နေရာများ၊ အခန်းဖွဲ့စည်းပြင်ဆင်ပေးခြင်း၊ ဆရာတော်အရှင်သူမြတ်တို့၏ ကျန်းမာရေးအတွက် လိုအပ်သောဆေးဝါးများ၊ အသင့်ထားရှိခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကုဋီနေရာ၊ ရေချိုးခန်းများ သန့်ရှင်းရေးဆောင်ရွက်ရန် အသုံးအဆောင်များထားရှိပေးခြင်း၊ မဟာပဋ္ဌာန်းသံဃာတော်များ အချိုရည်တို့ ဆက်ကပ်ခြင်းတို့ကို တာဝန်ကျ ကြီးကြပ်ရေးအဖွဲ့မှ(၂၄)နာရီပတ်လုံး ဆောင်ရွက်ခဲ့ကြပါသည်။

(၃) မဟာပဋ္ဌာန်းဒေသနာတော်များ အလှည့်ကျအသံမစဲရွတ်ဖတ်နိုင်ရန် ကျောင်းတိုက်များသို့ အချိန်ဇယားများ စီစဉ်ပေးခြင်း၊ ဩဝါဒါစရိယကျောင်းတိုက်များသို့တာဝန်ပြီးဆုံးသော ပဋ္ဌာန်းသံဃာတော်များအား ပြန်လည်ပို့ဆောင်ခြင်း၊ ဆက်လက်ရွတ်ဆိုမည့် သံဃာတော်များအား ကြိုဆိုပင့်ဆောင်ခြင်းတို့ကို အုပ်ချုပ်ရေးဌာနမော်တော်ယာဉ်ဌာနခွဲမှ ဆောင်ရွက်ပေးခဲ့ပါသည်။ (၂၂.၂.၂၀၁၂)တပေါင်းလဆန်း (၁) ရက်နေ့မှ (၇.၃.၂၀၁၂) တပေါင်းလပြည့်နေ့အထိ (၁၅) ရက်တိုင်တိုင် နာရီပေါင်း (၃၃၆)နာရီတိတိ အလှည့်ကျမဟာပြဌာန်းရွတ်ဖတ်မည့် သံဃာတော် (၁၈၀) ပါးအား ထီးဖြူတော်မိုး၍ တာဝန်ကျကြီးကြပ်ရေးအဖွဲ့မှ သံဃာတော်များအား

www.dhammadownload.com



ကြိုဆိုပင့်ဆောင်နေရာချထားခြင်း၊ ချမ်းသာကြီးတန်ဆောင်း ရတနာယရစံအိမ်သို့ ပင့်ဆောင်ခြင်း၊ လှူဖွယ်ဝတ္ထုကပ်လှူခြင်းတို့ကို (၂၄)နာရီပတ်လုံးဆောင်ရွက်ခဲ့ကြပါသည်။ ချမ်းသာကြီးတန်ဆောင်းတွင်း မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်မည့် ရတနာယရ စံအိမ်တွင်မဟာပဋ္ဌာန်းစာအုပ်(၅)အုပ်တစ်စုံ၊ လျှပ်စစ်မီးအိမ်(၂)လုံး၊ အချိန်သိရှိနိုင်ရန် စားပွဲတင်နာရီ(၁)လုံး စီစဉ်ထားရှိခဲ့ပါသည်။

(၄) ချမ်းသာကြီးတန်ဆောင်း မဟာပဋ္ဌာန်းမဏ္ဍပ်အတွင်း၌ ကန်တော့ပွဲ၊ ပန်း၊ ရေချမ်း၊ ဆီမီးများ၊ ပဋ္ဌာန်းပရိတ်ရေ၊ ပရိတ်ချည်စသည်များ ဆက်ကပ်ခြင်း၊ (၁၅)ရက်တိုင်တိုင် နေ့ညမပြတ် စီစဉ်ထိန်းသိမ်းဆောင်ရွက်ခဲ့ပါသည်။ အုန်း/ငှက်ပျောပွဲ (၂၉)ပွဲ၊ ဘုရားပန်းတို့အား ပွဲတော် (၁၅) ရက်အတွင်း အလှူရှင်တနင်္ဂနွေညနေသန့်ရှင်းရေး အသင်းမှ (၃)ကြိမ်လဲလှယ် လှူဒါန်းခဲ့ပါသည်။

(၅) ပွဲတော်ကျင်းပရက်အတွင်း အသံမစဲမဟာပဋ္ဌာန်းဒေသနာတော် ရွတ်ဆိုပူဇော်မှုကို ရှိသေလေးစားပူဇော်လျက် တရားနာကုသိုလ်ပြုကြမည့် ဘာသာရေးအသင်းအဖွဲ့ များအား ဖိတ်ကြားခြင်း၊ ၎င်းပုဂ္ဂိုလ်များနှင့် ဧည့်သည်များအားအချိုရည်တို့ဖြင့် ဧည့်ခံ ကျွေးမွေးခဲ့ပါသည်။

(၆) နေ့စဉ်တာဝန်ကျ အသံမစဲမဟာပဋ္ဌာန်း ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ သံဃာတော် ဝေယျာဝစ္စဆောင်ရွက်သောအဖွဲ့ဝင်များ၊ တာဝန်ကျလုံခြုံ/မီးသတ်၊ လျှပ်စစ်၊ ရေဘက် ဆိုင်ရာ ဝန်ထမ်းများ၊ နေ့စဉ်မဟာပဋ္ဌာန်းအလှူခံမဏ္ဍပ်တွင် တာဝန်ကျသည့် ဝန်ထမ်း များအား ညစာဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ အချိန်ပိုတာဝန်ထမ်းဆောင်သော ဝန်ထမ်း များအား အချိန်ပိုစရိတ်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

(၇) ပွဲတော်ကျင်းပရာ ရာဟုထောင့်၊ ချမ်းသာကြီးတန်ဆောင်းအတွင်းရှိ လှူဖွယ်ဝတ္ထုများ လုံခြုံရေးအတွက် ပွဲတော်မကျင်းပမီ တစ်ရက်အလိုမှ ပွဲတော်ပြီးဆုံးသည်အထိ (၂၄) နာရီ လုံခြုံရေးတာဝန်ချထားပြီး ဆောင်ရွက်ခဲ့ပါသည်။

(၈) ပွဲတော်ကာလ(၁၅)ရက်အတွင်း ပဋ္ဌာန်းရွတ်သံဃာတော်များအား နံနက်(၀၅:၀၀) နာရီတွင်အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ နံနက်(၁၀:၃၀)နာရီတွင်နေ့ဆွမ်းကပ်လှူ ခြင်း၊ ည(၀၇:၀၀)နာရီတွင် ညဂျင်းကပ်လှူခြင်း၊ အချိုရည်ဘူး၊ အအေးပုလင်းများအား ဆရာတော်၊ သံဃာတော်များ အလိုရှိချိန် ဘုဉ်းပေးနိုင်ရန်ရေခဲဘူးများဖြင့် စီစဉ်ထားရှိ ခြင်း၊ ညအိပ်ယာခင်းပေးခြင်း၊ ခြင်ထောင်ထောင်ပေးခြင်း၊ မနက်အိပ်ယာသိမ်းပေးခြင်း၊ ကွမ်း၊ ဆေး၊ လ္ဘက်၊ ရေနွေးကပ်လှူပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

(ဂ) မဟာပဋ္ဌာန်းပရိတ်တော်ရေများ စီစဉ်ရေးနှင့် ဖြည့်တင်းရေးအဖွဲ့

| | | | | |
|---|---|---|---|---|
| (၁) | ဦးမျိုးလွင်ဦး | ဥက္ကဋ္ဌ(အထက်ပစ္စယံ) | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးသိန်းဝင်း | အထက်ပစ္စယံအသင်း | ဒု-အဖွဲ့ခေါင်းဆောင် |
| (၃) | ဦးမြင့်ဦး-၂ | ဒု-ဌာနမှူး၊ မီးသတ်ဌာန | အဖွဲ့ဝင် |
| (၄) | ဦးဉာဏ်ထွန်း | ဌာနစုမှူး၊ လုပ်ငန်းဌာန | အဖွဲ့ဝင် |
| (၅) | ဦးအောင်ခင်ဆင့် | အထက်ပစ္စယံအသင်း | အဖွဲ့ဝင် |
| (၆) | ဦးအောင်အောင် | အထက်ပစ္စယံအသင်း | အဖွဲ့ဝင် |
| (၇) | ဦးမင်းဇေယျာကျော် | အထက်ပစ္စယံအသင်း | အဖွဲ့ဝင် |
| (၈) | ဦးခင်မောင်ဝင်း | အထက်ပစ္စယံအသင်း | အဖွဲ့ဝင် |

www.dhammadownload.com



လုပ်ငန်းတာဝန်များ

- နှစ် ၂၆၀၀ပြည့်ဗုဒ္ဓပူဇနိယပွဲတော်(၁၅)ရက်ကာလအတွင်းအစဉ်အလာအရဘုရားဖူးပရိသတ်များမဟာပဋ္ဌာန်းပရိတ်ရေများသောက်သုံးနိုင်ရန် ရာဟုထောင့်ရှိပဋ္ဌာန်းစေတီနှင့် ဦးဖိုးသောင်းတန်ဆောင်းတို့တွင် ပဋ္ဌာန်း(၂၄)ပစ္စည်း၊ ပရိတ်ရေအိုးများတွင် စဉ်ဆက်မပြတ် ပရိတ်ရေလုံလောက်စွာရရှိနိုင်စေရန် ရေသန့်များစီစဉ်ထားရှိခြင်း၊ဖြည့်တင်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။
- ရေအိုးများနှင့် ရေခွက်များအား သန့်ရှင်းစင်ကြယ်စွာ ဘုရားဖူးများ သောက်သုံးနိုင်ရန်အတွက် ဆေးကြောသန့်စင်ခြင်း၊ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကိုအထက်ပစ္စယံတံမြက်လှည်းအသင်းမှ ကုသိုလ်တော်ယူ ဆောင်ရွက်ခဲ့ကြပါသည်။

(ဃ) မဟာပဋ္ဌာန်းအလှူခံတာဝန်နှင့် အထွေထွေဝေယျာဝစ္စအဖွဲ့

| | | | |
|---|---|---|---|
| (၁) | ဒေါ်အုန်းအုန်းထွေး | ဌာနမှူး၊ အုပ်ချုပ်ရေးဌာန | အဖွဲ့ခေါင်းဆောင် |
| (၂) | ဒေါ်အေးအေးခိုင် | ဒု-ဌာနမှူး၊ အုပ်ချုပ်ရေးဌာန | အဖွဲ့ဝင် |
| (၃) | ဦးသန်းအောင် | ဌာနခွဲမှူး၊ အုပ်ချုပ်ရေးဌာန | အဖွဲ့ဝင် |
| (၄) | ဒေါ်စန်းစန်းရည် | ဌာနခွဲမှူး၊ အုပ်ချုပ်ရေးဌာန | အဖွဲ့ဝင် |
| (၅) | ဦးအုန်းကြူ | ဌာနခွဲမှူး၊ အုပ်ချုပ်ရေးဌာန | အဖွဲ့ဝင် |
| (၆) | ဒေါ်ခင်သီတာ | ဌာနခွဲမှူး၊ အုပ်ချုပ်ရေးဌာန | အဖွဲ့ဝင် |

လုပ်ငန်းတာဝန်များ

- ပွဲတော်မကျင်းပမီ အကြိုကာလ တပို့တွဲလပြည့်ကျော်(၁)ရက် (၁၁.၂.၂၀၁၂)ရက်နေ့မှစ၍ (၇.၃.၂၀၁၂)ရက်နေ့ နံနက်ပိုင်းအထိ မဟာပဋ္ဌာန်းအတွက် လှူဒါန်းလိုသောအလှူရှင်များ လွယ်လင့်တကူလှူဒါန်းနိုင်ရန်မဟာပဋ္ဌာန်းအလှူခံဌာနဖွင့်လှစ်အလှူခံခြင်းနှင့်အထွေထွေကိစ္စအဝဝကို အုပ်ချုပ်ရေးဌာန ဝန်ထမ်းများမှ တစ်ရက်လျှင်(၆)ဦးစီ အလှည့်ကျတာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။
- မဟာပဋ္ဌာန်းအလှူခံဌာနအတွက် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော် အလှူခံပြေစာစာအုပ်များ၊ နေ့စဉ်ငွေရပြေစာမှတ်တမ်း(cash-sheet)ဇယားအား ဘဏ္ဍာရေးဆပ်ကော်မတီမှ ပြေစာစာအုပ်(၁၀၀)အုပ် ထုတ်ယူပြီး၊ အသုံးပြုပြီး ငွေရပြေစာစာအုပ်(၈၄)အုပ်နှင့် ပြေစာစာအုပ်အသစ်(၁၆)အုပ်အား ဘဏ္ဍာရေးဆပ်ကော်မတီသို့ အပ်နှံပြီး ဖြစ်ပါသည်။
- တစ်နေ့တာ အလှူခံရရှိသော အလှူငွေများကို နေ့စဉ်အလှည့်ကျဌာနခွဲမှူးများမှ တာဝန်ယူ သိမ်းဆည်း၍ နောက်တစ်နေ့နံနက်တွင် ဘဏ္ဍာရေးဌာန ပြည်တွင်းငွေကြေးကောက်ခံရေး အလှူခံဌာနခွဲသို့အပ်နှံခဲ့ပါသည်။
- ပွဲတော်အကြိုကာလ (၁၁.၂.၂၀၁၂)ရက်နေ့မှ (၇.၃.၂၀၁၂)ရက် တပေါင်းလပြည့်နေ့အထိ စုစုပေါင်း (၂၁)ရက်တိတိ မဟာပဋ္ဌာန်းအလှူခံဌာနမှ အလှူရှင်များ လှူဒါန်းငွေပေါင်း ၄၅၇၁၂၆၃၀/-၊ US $ 105 Dollars ရရှိပါသည်။
- နေ့စဉ်မဟာပဋ္ဌာန်းအလှူခံဌာန ပွဲတော်ကာလ၌အရက်ဆွမ်း၊ နေ့ဆွမ်း၊ နဝကမ္မအလှူငွေ၊ ပဋ္ဌာန်းရေဘူး၊ ပဋ္ဌာန်းယပ်တောင်၊ ပဋ္ဌာန်းပရိတ်ချည်၊ ပဋ္ဌာန်းရေအိုး၊ ပဋ္ဌာန်းစာအုပ်များအား လက်ခံပြေစာဖြတ်ပေးခြင်းနှင့်အလှူရှင်များအားအချိုရည်၊အအေးပုလင်းများဧည့်ခံကျွေးမွေး ခဲ့ပါသည်။

www.dhammadownload.com



- အလှူတော်ငွေ ၅၀၀၀/-နှင့်အထက် လှူဒါန်းသော အလှူရှင်များ၊ ဆရာတော်ကြီးများ၊ ပင့်သံဃာများ၊ ပင့်သီလရှင်များအား ပဌာန်းယပ်တောင်များ၊ ပဌာန်းစာအုပ်များလက်ဆောင်ပေးခြင်း၊ ပွဲတော်ဖွင့်ပွဲနှင့် ရေစက်ချအပြီးတွင် ဧည့်ပရိသတ်များ၊ အလှူရှင်များ၊ ဘုရားဖူးများအားပဌာန်းယပ်တောင်များ၊ပဌာန်းရေဘူးများ၊ပဌာန်းစာအုပ်များ၊ပဌာန်းချည်များလက်ဆောင်ပေးခြင်း၊ ဝေငှခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

(င) ဓမ္မဒေသနာတော်များ ရွတ်ဆိုပူဇော်မှုကျင်းပရေးအဖွဲ့

| | | | |
|---|---|---|---|
| (၁) | ဒေါ်တင်တင်အေး | ဌာနမှူး၊ သိုလှောင် | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးကိုကိုထွန်း | ဒု-ဌာနမှူး၊ ဝတ္တက | အဖွဲ့ဝင် |
| (၃) | ဒေါ်ခင်မွှံ | ဌာနခွဲမှူး၊ သိုလှောင် | အဖွဲ့ဝင် |
| (၄) | ဒေါ်လွင်မာဦး | ဌာနခွဲမှူး၊ သိုလှောင် | အဖွဲ့ဝင် |
| (၅) | ဒေါ်မြင့်မြင့်အေး | ဌာနခွဲမှူး၊ ဝတ္တက | အဖွဲ့ဝင် |
| (၆) | ဦးမြင့်အောင် | ဌာနခွဲမှူး၊ အုပ်ချုပ်ရေး | အဖွဲ့ဝင် |
| (၇) | ဦးအေး | ဌာနခွဲမှူး၊ လုပ်ငန်းဌာန(လျှပ်စစ်) | အဖွဲ့ဝင် |
| (၈) | ဦးသန်းအောင် | (ဘာသာရေးအကျိုးဆောင်အဖွဲ့) | အဖွဲ့ဝင် |
| (၉) | ဦးဝင်းထိန် | (ဘာသာရေးအကျိုးဆောင်အဖွဲ့) | အဖွဲ့ဝင် |
| (၁၀) | ဦးဝင်းကြည် | (ဘာသာရေးအကျိုးဆောင်အဖွဲ့) | အဖွဲ့ဝင် |
| (၁၁) | ဦးမျိုးဇော်သူ | (ဘာသာရေးအကျိုးဆောင်အဖွဲ့) | အဖွဲ့ဝင် |
| (၁၂) | ဦးဝင်းစိုး | စာရေး-၂၊ သိုလှောင် | အဖွဲ့ဝင် |
| (၁၃) | ဒေါ်နိုင်နိုင်ဆွေ | စာရေး-၂၊ သိုလှောင် | အဖွဲ့ဝင် |

လုပ်ငန်းတာဝန်များ

- ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်၊ မြို့နယ်အလိုက်၊ ရပ်ကွက်အလိုက် ဖွဲ့စည်းထားရှိသော ဝတ်အသင်းများ၊ အမှတ်(၃)အခြေခံပညာဦးစီးဌာနအောက်ရှိ ကျောင်းသူ၊ ကျောင်းသားဝတ်အသင်းများကိုရွှေတိဂုံစေတီတော်နှစ်၂၆၀၀ပြည့်ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင်ဓမ္မဒေသနာတော်များ လာရောက်ရွတ်ဆိုပူဇော်နိုင်ကြောင်း ကြိုတင်ကြော်ငြာ၍ ဖိတ်ခေါ်စာရင်းတောင်းခံခြင်း၊ လာရောက်ရွတ်ဆိုပူဇော်ကြမည့် အသင်းများအား အချိန်ဇယားရေး ဆွဲထုတ်ပြန်ခြင်း၊ နေရာချထားပေးခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်၊ရပ်ကွက်တို့မှ ဝတ်အသင်း (၄၆) သင်းအား ရင်ပြင်တော် ရွှေခေါင်းလောင်းကြီး တန်ဆောင်း၌ နံနက်(၀၈း၀၀) နာရီမှ ညနေ(၁၅း၄၅)နာရီအထိလည်းကောင်းရွတ်ဆိုပူဇော်နိုင်ရေးများကိုစနစ်တကျဆောင်ရွက်ခဲ့ပါသည်။
- ကြိုတင်စာရင်းပေးသွင်းခြင်းမရှိသော ပွဲတော်ကာလအတွင်း ရွတ်ဆိုပူဇော်လိုသော ဝတ်အသင်း(၈)သင်းကိုလည်းနေရာသတ်မှတ်၍စီစဉ်ပေးခြင်း၊ဝတ်ရွတ်ပူဇော်သော ဝတ်အသင်းဖွဲ့များအား ဓါတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးခြင်း၊ အသံချဲ့စက်စီစဉ်ပေးခြင်း၊ ဝတ်ရွတ်ပူဇော်သော တန်ဆောင်းများတွင် ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးများကပ်လှူပူဇော်ရန် ပြင်ဆင်ပေးခြင်း၊ အချိုရည်များ တိုက်ကျွေးပေးခြင်း၊ ပွဲတော်ကာလအတွင်း တရားပွဲကျင်းပပြုလုပ်နေသော တပ်မတော်ဓမ္မာရုံ၌လည်း ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံးဌာန (၉) ခုမှ ဝတ်အသင်း (၇)ဖွဲ့နှင့်ဘာသာရေးအသင်းမှဝတ်အဖွဲ့(၈)ဖွဲ့တို့ဖြင့်တရားပွဲမစတင်မီညနေ(၁၈း၀၀)နာရီမှည (၁၉း၂၀)နာရီအထိ အလှည့်ကျဝတ်ရွတ်ပူဇော်နိုင်ရန် စီစဉ်ပေးခြင်းများကို အချိန်နှင့်တပြေးညီ ဆောင်ရွက်ပေးခဲ့ပါသည်။

www.dhammadownload.com



ဖွင့်ပွဲအခမ်းအနားတွင်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရ၊
သာသနာရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး၊
ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊
ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးတို့က
ဆီမီးဖယောင်းတိုင်များ
ထွန်းညှိပူဇော်၍ဖွင့်လှစ်ပါသည်။



အရှေ့ဘက် အာရုံခံမုခ်ဦးနှင့်
အနီးရှိတန်ဆောင်းများတွင်
သံဃာတော် (၂၆၀) ပါးတို့က
မဟာပဋ္ဌာန်း ပစ္စယုဒ္ဒေသနှင့်
ပစ္စယနိဒ္ဒေသတို့ကို ရွတ်ဖတ်၍
ပူဇော်ပါသည်။

တောင်ဘက် အာရုံခံမုခ်ဦးနှင့်
အနီးရှိတန်ဆောင်းများ၌
သီလရှင် (၂၆၀) ပါးတို့ကလည်းကောင်း၊
အနောက်ဘက်တွင် ဥပသကာ (၂၆၀) ဦး၊
မြောက်ဘက်တွင် ဥပသိကာမ (၂၆၀) ဦးတို့က
မဟာပဋ္ဌာန်းပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသတို့ကို
ရွတ်ဆိုပူဇော်ပါသည်။



www.dhammadownload.com







တပေါင်းလပြည့်နေ့
(၇-၃-၂၀၁၂) ရက်နေ့
နံနက်အရုဏ်တက်ချိန်တွင်
ရွှေတိဂုံစေတီတော်မြတ်ကြီးအား
ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးများအား
ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပါသည်။

ဗဟိုကော်မတီက
ဗဟိုမဏ္ဍပ်မှလည်းကောင်း၊
တောင်ပိုင်းခရိုင်က အင်္ဂါထောင့်၊
အနောက်ပိုင်းခရိုင်က စနေထောင့်၊
မြောက်ပိုင်းခရိုင်က ရာဟုထောင့်၊
အရှေ့ပိုင်းခရိုင်က တနင်္ဂနွေထောင့်၊
ဆီမီးခုံပေါ်တွင်
ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီး (၂၆၀၀) စီ
ဆက်ကပ်ပါသည်။



www.dhammadownload.com



## (စ) အရက်ဆွမ်း၊ နေ့ဆွမ်းချက်ပြုတ်ရေးအဖွဲ့

| | | | |
|---|---|---|---|
| (၁) | ဒေါ်သန်းသန်းဌေး | ဌာနမှူး၊ ပြတိုက်ပြခန်းဌာန | အဖွဲ့ခေါင်းဆောင် |
| (၂) | ဒေါ်ညိုညိုဝင်း | ဌာနမှူး၊ အတွင်းရေးမှူးဌာန | အဖွဲ့ဝင် |
| (၃) | ဒေါ်နီနီဝင်း | ဌာနခွဲမှူး၊ ပြတိုက်ပြခန်းဌာန | အဖွဲ့ဝင် |
| (၄) | ဒေါ်ခင်သီတာ | ဌာနခွဲမှူး၊ အုပ်ချုပ်ရေးဌာန | အဖွဲ့ဝင် |
| (၅) | ဦးအေးလွင်(ဗိုလ်ချုပ်ဈေး) ဘာသာရေးအကျိုးဆောင်အဖွဲ့ | | အဖွဲ့ဝင် |
| (၆) | ဒေါ်သန်းမြင့် | စေတနာရှင်ဆွမ်းတော်ကပ်အသင်း | အဖွဲ့ဝင် |
| (၇) | ဒေါ်ခင်အေးမြင့် | သီရိသုခဝတ်အသင်း | အဖွဲ့ဝင် |
| (၈) | ဦးသောင်းရှင် | အောင်သစ္စာသမာဓိဝတ်အသင်း | အဖွဲ့ဝင် |
| (၉) | ဦးအုန်းသွင် | ဘာသာရေးဝေယျာဝစ္စအကျိုးဆောင် | အဖွဲ့ဝင် |
| (၁၀) | ဦးခင်ဇော် | ဘာသာရေးဝေယျာဝစ္စအကျိုးဆောင် | အဖွဲ့ဝင် |
| (၁၁) | ဦးဝင်းကြည် | ဘာသာရေးဝေယျာဝစ္စအကျိုးဆောင် | အဖွဲ့ဝင် |
| (၁၂) | ဦးလှဌေး | ဘာသာရေးဝေယျာဝစ္စအကျိုးဆောင် | အဖွဲ့ဝင် |
| (၁၃) | ဦးဝင်းထိန် | ဘာသာရေးဝေယျာဝစ္စအကျိုးဆောင် | အဖွဲ့ဝင် |
| (၁၄) | ဦးမျိုးဇော်သူ | ဘာသာရေးဝေယျာဝစ္စအကျိုးဆောင် | အဖွဲ့ဝင် |

## (ဆ) ဆွမ်းဆက်ကပ်ခြင်းခံကျွေးမွေးရေးအဖွဲ့

| | | | |
|---|---|---|---|
| (၁) | ဒေါ်ဝင်းဝင်းနိုင် | ဌာနမှူး၊ ဘဏ္ဍာရေးဌာန | အဖွဲ့ခေါင်းဆောင် |
| (၂) | ဒေါ်လှလှသိန်း | ဌာနမှူး၊ ရွှေနှင့်ရတနာဌာန | အဖွဲ့ဝင် |
| (၃) | ဒေါ်အုန်းအုန်းထွေး | ဌာနမှူး၊ အုပ်ချုပ်ရေးဌာန | အဖွဲ့ဝင် |
| (၄) | ဒေါ်မြစန္ဒာ | ဒု-ဌာနမှူး၊ ပြတိုက်ပြခန်းဌာန | အဖွဲ့ဝင် |
| (၅) | ဒေါ်စန်းစန်းမြင့် | ဒု-ဌာနမှူး၊ ဗဟိုသိုလှောင်ဌာန | အဖွဲ့ဝင် |
| (၆) | ဦးသန့်ခိုင် | ဒု-ဌာနမှူး၊ လုပ်ငန်းဌာန | အဖွဲ့ဝင် |
| (၇) | ဦးမြင့်ဦး(၂) | ဒု-ဌာနမှူး၊ မီးသတ်ဌာန | အဖွဲ့ဝင် |
| (၈) | ဦးသန်းအောင် | ဘာသာရေးဝေယျာဝစ္စအကျိုးဆောင် | အဖွဲ့ဝင် |
| (၉) | ဦးဝင်းကြည် | ဘာသာရေးဝေယျာဝစ္စအကျိုးဆောင် | အဖွဲ့ဝင် |
| (၁၀) | ဦးဝင်းထိန် | ဘာသာရေးဝေယျာဝစ္စအကျိုးဆောင် | အဖွဲ့ဝင် |
| (၁၁) | ဦးမျိုးဇော်သူ | ဘာသာရေးဝေယျာဝစ္စအကျိုးဆောင် | အဖွဲ့ဝင် |
| (၁၂) | ဒေါ်တင်တင်ညို | ဌာနခွဲမှူး၊ ဘဏ္ဍာရေးဌာန | အဖွဲ့ဝင် |
| (၁၃) | ဒေါ်ခင်မွှံ | ဌာနခွဲမှူး၊ ဗဟိုသိုလှောင်ဌာန | အဖွဲ့ဝင် |
| (၁၄) | ဒေါ်မြင့်မြင့်အေး | ဌာနခွဲမှူး၊ ဝတ္ထုကမြေသာယာရေးဌာန | အဖွဲ့ဝင် |
| (၁၅) | ဒေါ်ညိုညိုမြင့် | ဌာနခွဲမှူး၊ ရွှေရတနာဌာန | အဖွဲ့ဝင် |
| (၁၆) | ဒေါ်မြင့်မြင့်ဌေး | ဌာနခွဲမှူး၊ လုပ်ငန်းဌာန | အဖွဲ့ဝင် |
| (၁၇) | ဒေါ်နင်းစိုး | ဌာနခွဲမှူး၊ လုပ်ငန်းဌာန | အဖွဲ့ဝင် |
| (၁၈) | ဒေါ်မြမြဝင်း | ဌာနခွဲမှူး၊ အတွင်းရေးမှူးဌာန | အဖွဲ့ဝင် |

www.dhammadownload.com



လုပ်ငန်းတာဝန်များ

- ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီး ဖွင့်ပွဲအခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃာ့မဟာနာယကဆရာတော်ကြီးများ၊ ရွှေတိဂုံစေတီတော် သြဝါဒါစရိယဆရာတော်ကြီးများ၊ ပဌာန်းရွတ်ဖတ်ပူဇော်ကြမည့် သံဃာတော်များ၊ စောင့်ရှောက်ရေးသံဃာတော်များ၊ ပင့်သံဃာတော် (၂၆၀)ပါး၊ သီလရှင်(၂၆၀)ပါးတို့အား နေ့ဆွမ်းဆက်ကပ်နိုင်ရန် အချိန်မီချက်ပြုတ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဆွမ်းဆက်ကပ်ခြင်း၊ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲနေ့မှ ပိတ်ပွဲနေ့အထိ နေ့စဉ်ပဌာန်းရွတ်ဖတ်ပူဇော်သည့် သံဃာတော်များ၊ စောင့်ရှောက်ရေးသံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်နိုင်ရေး၊ အလှူရှင်များ၊ ဧည့်ပရိသတ်များ၊ ဝေယျာဝစ္စဆောင်ရွက်သူများ၊ တာဝန်ကျ တပ်၊ ရဲ၊ လုံခြုံ/မီးသတ်ဝန်ထမ်းများ၊ ပဌာန်းပွဲတာဝန်ကျဝန်ထမ်းများအား ဧည့်ခံကျွေးမွေးရေးများကိုလည်း ဆောင်ရွက်ပါသည်။
- နေ့စဉ် အရုဏ်ဆွမ်း၊ နေ့ဆွမ်းအလှူရှင်များအား ရေစက်ချတရားတော်နာယူနိုင်ကြစေရန် စီစဉ်ပေးခြင်း၊ ကိုယ်တိုင်ချက်ပြုတ်ဆွမ်း ဆက်ကပ်သည့် အလှူရှင်များအား ပေါင်းစပ်ကြီးကြပ်ကူညီပေးခြင်း၊ ဆွမ်းဆက်ကပ်ဧည့်ခံကျွေးမွေးနိုင်ရန် လိုအပ်သော အိုးခွက်ပန်းကန်များအား စီစဉ်ထုတ်ပေးခြင်း၊ သိမ်းဆည်းခြင်း၊ ငှားရမ်းပေးခြင်း၊ ပြန်လည်အပ်နှံခြင်း စသည်များကို လစ်ဟာမှုမရှိစေရန် အချိန်နှင့်တပြေးညီ ဆောင်ရွက်ခဲ့ကြပါသည်။

(ဈ) ဆွမ်းတော်ကြီးဆက်ကပ်ရေးအဖွဲ့

| | | | |
|---|---|---|---|
| (၁) | ဒေါ်စန်းစန်းနွယ် | တိုင်းဒေသကြီးဝန်ကြီး<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးကျော်ဝင်းစိုး | ဒု-ရုံးအဖွဲ့မှူး၊ ရွှေတိဂုံ | ဒု-အဖွဲ့ခေါင်းဆောင် |
| (၃) | ဒေါ်မြမြနှင်း | ဦးစီးအရာရှိ(ရန်ကုန်အရှေ့ပိုင်းခရိုင်) | အဖွဲ့ဝင် |
| (၄) | ဦးကြည်စန်း | ဦးစီးအရာရှိ(ရန်ကုန်အနောက်ပိုင်းခရိုင်) | အဖွဲ့ဝင် |
| (၅) | ဒေါ်နီလာညွန့် | ဦးစီးအရာရှိ(ရန်ကုန်တောင်ပိုင်းခရိုင်) | အဖွဲ့ဝင် |
| (၆) | ဒေါ်ကေသွယ်စိုး | ဦးစီးအရာရှိ(ရန်ကုန်မြောက်ပိုင်းခရိုင်) | အဖွဲ့ဝင် |
| (၇) | ဦးဉာဏ်ဌေး | ခရိုင်သာသနာရေးမှူး(အရှေ့/တောင်) | အဖွဲ့ဝင် |
| (၈) | ဦးဆန်းထွန်းအောင် | ခရိုင်သာသနာရေးမှူး(အနောက်ပိုင်း) | အဖွဲ့ဝင် |
| (၉) | ဦးသိန်းဇော် | ခရိုင်သာသနာရေးမှူး(မြောက်ပိုင်း) | အဖွဲ့ဝင် |
| (၁၀) | ဦးသိန်းစံအောင် | ဒု-ညွှန်မှူးအမှတ်(၃)အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒေါ်သန်းသန်းဌေး | ဌာနမှူး၊ ပြတိုက်/ပြခန်းဌာန | အဖွဲ့ဝင် |
| (၁၂) | ဒေါ်တင်တင်အေး | ဌာနမှူး၊ သိုလှောင်ဌာန | အဖွဲ့ဝင် |
| (၁၃) | ဒေါ်အုန်းအုန်းထွေး | ဌာနမှူး၊ အုပ်ချုပ်ရေးဌာန | အဖွဲ့ဝင် |
| (၁၄) | ဒေါ်မြစန္ဒာ | ဒု-ဌာနမှူး၊ ပြတိုက်/ပြခန်းဌာန | အဖွဲ့ဝင် |
| (၁၅) | ဒေါ်မြင့်မြင့်အေး | ဌာနခွဲမှူး၊ ဝတ္ထုကမြေသာယာရေးဌာန | အဖွဲ့ဝင် |
| (၁၆) | ဒေါ်လွင်မာဦး | ဌာနခွဲမှူး၊ သိုလှောင်ဌာန | အဖွဲ့ဝင် |
| (၁၇) | ဦးကြည်မြင့် | ဌာနစုမှူး၊ အုပ်ချုပ်ရေးဌာန | အဖွဲ့ဝင် |

www.dhammadownload.com



(၇ - ၃ - ၂၀၁၂) ရက်နေ့

တပေါင်းလပြည့်နေ့ အရုဏ်တက်တွင်

ဗဟိုကော်မတီက

ဗဟိုမဏ္ဍပ်မှလည်းကောင်း၊

တောင်ပိုင်းခရိုင်က အင်္ဂါထောင့်၊

အနောက်ပိုင်းခရိုင်က စနေထောင့်၊

မြောက်ပိုင်းခရိုင်က ရာဟုထောင့်၊

အရှေ့ပိုင်းခရိုင်က တနင်္ဂနွေထောင့်၊

ဆီမီးခုံပေါ်တွင်

ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီး (၂၆၀၀) စီ

ဆက်ကပ်ပါသည်။





www.dhammadownload.com







(၇-၃-၂၀၁၂) ရက်နေ့တွင်
နှစ် (၂၆၀၀) ပြည့် ဗုဒ္ဓပူဇနီယပွဲတော်
အောင်မြင်ပြီးမြောက်သော
ရေစက်ချအနုမောဒနာ
အခမ်းအနားကျင်းပ။



www.dhammadownload.com

တပေါင်းလပြည့်နေ့

(၇-၃-၂၀၁၂)နေ့နံနက်

(၀၉း၀၀)နာရီတွင်

ရေစကြ်ချအနုမောဒနာ

အခမ်းအနား

ကျင်းပခဲ့ပါသည်။









ရေစက်ချအခမ်းအနားတွင် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီး(၃)ပါးအား

“သိင်္ဂုတ္တရပဝရသိရီဘွဲ့တံဆိပ်တော်” တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ဆက်ကပ်လှူဒါန်းပါသည်။

www.dhammadownload.com



## လုပ်ငန်းတာဝန်များ

- ရွှေတိဂုံစေတီတော်မြတ်ကြီးအားတပေါင်းလပြည့်နေ့(၇.၃.၂၀၁၂)ရက်နေ့နံနက်(၀၅း၀၀)နာရီ၌ ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်နိုင်ကြောင်း အများပြည်သူ အလှူရှင်များအား စည်းရုံးလှုံ့ဆော် ကြော်ငြာပေးခြင်း၊ ဆွမ်းတော်တင်ခုံများ နေရာချထားပေးခြင်းတို့ကို အခမ်းအနားပြင်ဆင်ရေး ဆက်ကော်မတီနှင့် ဆက်သွယ်ပြီး ဆောင်ရွက်ခဲ့ပါသည်။
- သက်ဆိုင်ရာ အရှေ့ပိုင်း၊ အနောက်ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း ခရိုင်(၄)ခရိုင်မှ အုပ်ချုပ်ရေးဦးစီးဌာနများမှ အကြီးအကဲများနှင့် ဘာသာရေးအသင်းများကဦးဆောင်ပြီး ရင်ပြင်တော်ထောင့်(၄)ထောင့်တွင် ဇရိယာများသက်မှတ်၍ ဆီမီးခုံပတ်လည်တွင် ဆီမီး (၂၆၀၀)၊ ပန်း (၂၆၀၀)၊ ရေတော် (၂၆၀၀)များနှင့် ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းခဲ့ပါသည်။
- (၇.၃.၂၀၁၂)လပြည့်နေ့ နံနက်(၀၅း၀၀)နာရီတွင် ရာဟုထောင့်အောင်မြေ၌ နှစ် - ၂၆၀၀ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ဗဟိုမဏ္ဍပ်၌ အကြီးအကဲများကဦးဆောင်၍ ဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များပါဝင်သော ပရိသတ်များမှ ရွှေတိဂုံစေတီတော်ကြီးအား ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းခဲ့ပါသည်။
- ကျင်းပရေးဗဟိုကော်မတီ၏ ညွှန်ကြားချက်၊ လမ်းညွှန်ချက်များနှင့်အညီ ဆွမ်းတော်ကြီးဆက်ကပ်ပြီးသော သစ်သီးများအား ဝေငှခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။
- လပြည့်နေ့နံနက် ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းခြင်းအားအလှူရှင်(ဖြိုးခနေ - အာလူးကြော်) မိသားစုမှ လှူဒါန်းခဲ့ပါသည်။

## ရေစက်ချပွဲအခမ်းအနား

၁၁။ ရွှေတိဂုံစေတီတော် နှစ် - ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော် အောင်မြင်ပြီးမြောက်ခြင်းအထိမ်းအမှတ် ရေစက်ချအနုမောဒနာ မဟာမင်္ဂလာအခမ်းအနားနှင့် ရွှေတိဂုံစေတီတော် နှစ် - ၂၆၀၀ပြည့် အထိမ်းအမှတ် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို တပေါင်းလပြည့်နေ့ နံနက်(၀၉း၀၀)နာရီအချိန်တွင် ရင်ပြင်တော် ရာဟုထောင့် အောင်မြေဗဟိုမဏ္ဍပ်တွင် ကျင်းပခဲ့ပါသည်။

နှစ် - ၂၆၀၀ပြည့်ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပခဲ့သော ကာလတစ်လျှောက်ပြုလုပ်ခဲ့သည့် ကောင်းမှုကုသိုလ်အဖို့အစုစုတို့ကို (၃၁)ဘုံသားတို့အား အမျှပေးဝေနိုင်ရန် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃာ့မဟာနာယကဆရာတော်ကြီးများ၊ ရွှေတိဂုံစေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ စေတီယင်္ဂဏဩဝါဒါစရိယ ဆရာတော်ကြီးများ စုစုပေါင်း ဆရာတော်(၄၁)ပါးအား ပင့်ဆောင်ဆက်ကပ်ခြင်း၊ ကြိုဆိုပင့်ဆောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ရေစက်ချအနုမောဒနာ မဟာမင်္ဂလာအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဦးဝင်းကြိုင် (ရုံးအဖွဲ့မှူး)မှ ဆောင်ရွက်ခဲ့ပါသည်။ ရွှေတိဂုံစေတီတော် နှစ် - ၂၆၀၀ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီး အောင်မြင်ပြီးမြောက်ကြောင်း ဇယမင်္ဂလာအနုမောဒနာနှင့် ရွှေတိဂုံစေတီတော် နှစ် - ၂၆၀၀ပြည့်အထိမ်းအမှတ် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ဆိုင်ရာ ထောမနာစာတမ်းအား ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးစိန်ဝင်းအောင်က ဖတ်ကြားလျှောက်ထားခဲ့ပါသည်။

သဘင်အနုပညာရှင် မန္တလေးသိန်းဇော်က ရွှေတိဂုံစေတီတော်နှစ် - ၂၆၀၀ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီး အောင်မြင်ပြီးမြောက်ကြောင်းဆိုင်ရာ ဇေယျမင်္ဂလာကေပိုဒ်ရတုဖြင့် ပူဇော်ခြင်းကိုဆောင်ရွက်ခဲ့ပါသည်။

ရေစက်ချအခမ်းအနားသို့ ကြွရောက်လာကြသောအကြီးအကဲများ၊ ဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဧည့်ပရိတ်သတ်အပေါင်းတို့မှ ဆရာတော်အရှင်သူမြတ်ထံမှ နဝင်္ဂသီလခံယူဆောက်တည်ကြပါသည်။ ကြွရောက်လာကြသော ဆရာတော်ကြီးများက မေတ္တသုတ်ပရိတ်တော်များ ရွတ်ပွားချီးမြှင့်ခဲ့ပါသည်။

www.dhammadownload.com



နှစ် - ၂၆၀၀ပြည့်အထိမ်းအမှတ် ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် သိဂ္ဂုတ္တရပဝရသိရီမဟာဓမ္မရာဇာ ဘွဲ့တံဆိပ်တော်ခံယူသည့် အောက်ဖော်ပြပါ သက်တော်ရှည်ဆရာတော်ကြီး (၃)ပါးအား ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်ဆွေမှ ဆက်ကပ်လှူဒါန်းခဲ့ ပါသည် -

(၁) ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ ဘဒ္ဒန္တနန္ဒောဘာသမဟာထေရ် ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်၊ သိင်္ဂီဦးကျောင်းဆရာတော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်။

(၂) ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ ဘဒ္ဒန္တသောဘဏမဟာထေရ် ပါဠိတက္ကသိုလ်၊ ညောင်တုန်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်။

(၃) ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ ဘဒ္ဒန္တသောဘနမဟာထေရ် မြသိန်းတန်ပရိယတ္တိ စာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်။

စသည့်ဆရာတော်ကြီး(၃)ပါးအား ဘွဲ့တံဆိပ်တော်ဆက်ကပ် လှူဒါန်းခဲ့ပါသည်။

ကြွရောက်လာကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုနှင့် ဆွမ်း၊ သင်္ကန်း၊ ဆေးပစ္စည်း (၄)မျိုးအလိုဌာနဝကမ္မအလှူတော်ငွေများကိုအကြီးအကဲများမှဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ၎င်းနောက်ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်၊ သိင်္ဂီဦးကျောင်းဆရာတော်ထံမှကိုယ်စွမ်း၊ဉာဏ်စွမ်းရှိသဖြင့်ကြိုးပမ်းအားထုတ်ပြုလုပ်ခဲ့ကြသောရွှေတိဂုံစေတီတော် နှစ် - ၂၆၀၀ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီး အောင်မြင်ပြီးမြောက်ခဲ့ပါသောကြောင့် ကောင်းမှုကုသိုလ်အဖို့တို့အား ဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရားနာကြားပြီး ရေစက်ချအမျှပေးဝေခဲ့ပါသည်။

ဗုဒ္ဓဘာသာအနွယ်ဝင် သူတော်စင်အပေါင်းတို့၏ လေးမြတ်ကော်ရော် ပူဇော်ဦးခိုက်ရာဖြစ်တော်မူသော ဗုဒ္ဓသာသနာတော် ဥဒေါင်းအလံတံခွန်ဖြစ်သည့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား စတင်တည်ထားပူဇော်ခဲ့သည်မှာ နှစ်ပေါင်း - ၂၆၀၀ပြည့်မြောက်ခဲ့ပြီဖြစ်သောကြောင့် ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ လမ်းညွှန်ဩဝါဒခံယူပြီး သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ဦးဆောင်မှုဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီးခဲ့သော ရွှေတိဂုံစေတီတော် နှစ် - ၂၆၀၀ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီး အောင်မြင်ပြီးမြောက်ကြောင်း အောင်ဩဘာစာကို ရုံးအဖွဲ့မှူး ဦးဝင်းကြိုင်မှ ဖတ်ကြားပြီး ရေစက်ချအနုမောဒနာ အခမ်း အနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး အခမ်းအနားအား အောင်မြင်စွာရုပ်သိမ်းခဲ့ပါသည်။

နိဂုံး

၁၂။ ရွှေတိဂုံစေတီတော်စတင်တည်ထားကိုးကွယ်ခဲ့သည်မှ (၁၃၇၃)ခုနှစ်တွင် ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ပြည့်ဗုဒ္ဓပူဇနီယပွဲတော်ကြီးအောင်မြင်ပြီးမြောက်ပြီဖြစ်သောကြောင့်ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပခဲ့သည့်(၂၂.၂.၂၀၁၂)မှ(၇.၃.၂၀၁၂) နေ့အထိ (၁၅)ရက်တိုင်တိုင် ရွတ်ဆိုပူဇော်ခဲ့သော မဟာပဋ္ဌာန်းဒေသနာတော် ရွတ်ဆိုပူဇော်ပွဲနှင့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲတော်ကြီးတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ သဒ္ဓါ၊ ပညာ၊ ဝီရိယ(၃)ပါးပြည့်ဝစွာ ပါဝင်ကုသိုလ်ယူဆောင်ရွက်ခဲ့သော သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် ဝန်ကြီးများ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဂေါပကအဖွဲ့ရုံးဝန်ထမ်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ စေတနာရှင်၊ အလှူရှင်များအားလုံးအာမိသဓမ္မ နှစ်ဝပူဇာပြုကြရသော အကြောင်းကြောင့် ပစ္စုပ္ပန်သံသရာနှစ်ဖြာ၌ လောကီလောကုတ္တရာနှစ်ဖြာသော သုခပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း စေတီတော်ကြီး၏သမိုင်းတွင် မော်ကွန်းတင် ဂုဏ်ပြုနိဂုံးချုပ်အပ်ပါသည်။

ဦးကျော်ဝင်းစိုး
အတွင်းရေးမှူး
ဆွမ်းတော်ကြီးဆက်ကပ်ရေးနှင့်
ဓမ္မဒေသနာတော်ရွတ်ဆိုပူဇော်ရေး ဆပ်ကော်မတီ

www.dhammadownload.com



## ဆွမ်းတော်ကြီးဆက်ကပ်ရေးနှင့်ဓမ္မဒေသနာတော်များ
## ရွှတ်ဆိုပူဇော်ကျင်းပရေးအဖွဲ့ အသုံးစရိတ်
## ခန့်မှန်းလျာထားငွေနှင့်အမှန်အသုံးစွဲငွေစာရင်းချုပ်

| စဉ် | အကြောင်းအရာ | လျာထားငွေ | အမှန်အသုံးစရိတ် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | မဟာပဋ္ဌာန်းရွတ်ဆိုပူဇော်ရေးနှင့်သံဃာ့ဝေယျာဝစ္စ ဆောင်ရွက်ရေးအဖွဲ့၏လျာထားငွေ | ၅၉၇၅၅၀၀၀/- | ၄၅၀၄၀၄၄၂/- | |
| ၂။ | ဓမ္မဒေသနာတော်ရွတ်ဆိုရေးအဖွဲ့၏လျာထားငွေ | ၂၀၀၀၀၀၀/- | ၈၅၇၄၀၀/- | |
| ၃။ | ဆွမ်းတော်ကြီးဆက်ကပ်ရေးအဖွဲ့၏လျာထားငွေ | ၁၀၀၀၀၀၀/- | ၁၀၈၈၀၀/- | |
| ၄။ | ဆွမ်းဆက်ကပ်ရေးအဖွဲ့၏လျာထားငွေ | ၁၃၅၁၀၀၀၀/- | ၁၂၇၇၂၃၀၀/- | |
| | စုစုပေါင်း | ၇၆၂၆၅၀၀၀/- | ၅၈၇၇၈၉၄၂/- | |

- ပထမအကြိမ် ကြိုတင်ငွေ ၅၀၀၀၀၀၀/- မှ ပိုငွေ ၃၃၃၀၀/-အား ပြေစာအမှတ် R-079 ဖြင့် (၉.၂.၂၀၁၂) နေ့တွင် ပြန်လည်ပေးသွင်းပြီး ဖြစ်ပါသည်။
- ဒုတိယအကြိမ် ကြိုတင်ငွေ ၇၁၂၆၅၀၀၀/-မှ ပိုငွေ ၁၇၄၅၂၇၅၈/-အား ပြေစာအမှတ် R-142 ဖြင့် (၁၉.၃.၂၀၁၂)နေ့တွင် ပြန်လည်ပေးသွင်းပြီး ဖြစ်ပါသည်။

ကျော်ဝင်းစိုး
အတွင်းရေးမှူး
ဆွမ်းတော်ကြီးဆက်ကပ်ရေးနှင့်
ဓမ္မဒေသနာတော်များရွတ်ဆိုပူဇော်ရေးဆပ်ကော်မတီ

www.dhammadownload.com



# ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်နှစ် ဗုဒ္ဓပူဇနိယပွဲတော်
# မဟာပဋ္ဌာန်းရွတ်ဆိုပူဇော်ရေးနှင့်သံဃာ့ဝေယျာဝစ္စဆောင်ရွက်ရေးအဖွဲ့၏
# (၁၁.၂.၂၀၁၂ မှ ၇.၃.၂၀၁၂) ရက်နေ့အထိ အသုံးစရိတ်
# ခန့်မှန်းလျာထားငွေနှင့်အမှန်အသုံးစရိတ်ငွေစာရင်း

| စဉ် | အကြောင်းအရာ | လျာထားငွေ | အမှန်အသုံးစရိတ် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဖွင့်ပွဲအခမ်းအနားအသုံးစရိတ် | ၅၀၀၀၀၀ | - | |
| | ဖွင့်ပွဲ (တစ်ပါးလျှင်နဝကမ္မနှင့် လှူဖွယ်ပစ္စည်းဆက်ကပ်ခြင်းအပါအဝင်) | | ၆၉၂၆၇၀၀ | |
| | ၃၇ - ပါး × ၁၅၀၀၀၀/ - | ၁၀၈၀၀၀၀၀ | | |
| ၂။ | ရေစက်ချပွဲ | | | |
| | (တစ်ပါးလျှင်နဝကမ္မနှင့် လှူဖွယ်ပစ္စည်းဆက်ကပ်ခြင်းအပါအဝင်) | | ၄၆၉၄၀၀၀ | |
| | ၄၁ - ပါး × ၁၀၀၀၀၀ိ/ - | | | |
| ၃။ | ပဋ္ဌာန်းချည်၊ပဋ္ဌာန်းစာအုပ်၊ပဋ္ဌာန်းယပ်တောင် | | ၈၅၂၂၅၀၀ | |
| | (က) ပဋ္ဌာန်းချည် (၁ခု × ၁ိ/ - × ၃၀၀၀၀၀ ခု) | ၃၃၀၀၀၀၀ | ၃၃၀၀၀၀၀ | |
| | (ခ) ပဋ္ဌာန်းစာအုပ် (၉၈၀၀ အုပ် × ၂၀ိ/ -) | ၁၀၀၀၀၀၀၀ | ၁၉၆၀၀၀၀ | |
| | (ဂ) ပဋ္ဌာန်းယပ်တောင် (၁၀၀၀၀ ခု × ၃၀ိ/ -) | ၉၀၀၀၀၀၀ | ၃၀၀၀၀၀၀ | |
| | (ဃ) ပဋ္ဌာန်းရေဘူးကြီး(၉၀ဘူး × ၂၅၀ိ/ -)(ရေဘူးသေး၅၀ × ၇၅ိ/ -) | ၂၄၀၀၀၀ | ၂၆၂၅၀၀ | |
| | (င) ပဋ္ဌာန်းရေအိုးများဝယ်ယူခြင်း (၄၈ အိုး × ၁၅၀ိ/ -) | ၇၂၀၀၀ | - | |
| | (စ) ပဋ္ဌာန်းအကျိုးသိကောင်းစရာစာအုပ်(၃၀၀၀ × ၁၅ိ/) | ၄၅၀၀၀၀ | - | |
| | (ဆ) (ပလတ်စတစ်)သောက်ရေခွက်၊ပန်းကန်ပြား၊ရေပုံးများဝယ်ယူခြင်း | ၅၀၀၀၀ | - | |
| ၄။ | နဝကမ္မအလှူငွေများ | | ၁၈၃၆၀၀၀၀ | |
| | (က) သံဃာတော်(၂၂၄)ပါး၊သီလရှင်(၂၆၀)ပါး၊ပဋ္ဌာန်းရွတ်သံဃာ(၁၂)ပါး ဖွင့်ပွဲနေ့အလှူ (၄၉၆ ပါး × ၃၀၀၀ိ/ -) | ၁၅၆၀၀၀၀၀ | ၁၄၈၈၀၀၀၀ | |
| | (ခ) ပဋ္ဌာန်းရွတ်သံဃာတော်ရွတ်ဖတ်ပူဇော်ခြင်း (၁၂ပါး × ၁၄ရက် = ၁၆၈ ပါး × ၂၀၀၀ိ/ -) | ၃၆၀၀၀၀၀ | ၃၃၆၀၀၀၀ | |
| | (ဂ) စောင့်ရှောက်ရေးသံဃာတော်ရေစက်ချပိတ်ပွဲအလှူ (၄ ပါး × ၃၀၀၀ိ/ -) | ၇၀၀၀၀ | ၁၂၀၀၀၀ | |
| ၅။ | အချိုရည်တိုက်ကျွေးခြင်း | | ၉၇၇၃၄၂ | |
| | (က) အအေးမျိုးစုံ (၁၀ကဒ် × ၁၅ရက် = ၁၅၀ကဒ် × ၄၂၀ိ/ -) | ၇၂၀၀၀၀ | ၆၃၀၀၀၀ | |
| | (ခ) ပဋ္ဌာန်းရွတ်သံဃာတော်များအတွက်အချိုရည်ဘူးများ (၁၂ပါး × ၁၅ရက် = ၁၈၀ပါး × ၂ဘူး = ၃၆၀ဘူး × ၇၀ိ/ -) | ၂၅၂၀၀၀ | ၂၅၂၀၀၀ | |
| | (ဃ) အချိုရည်ဘူးများဝယ်ယူခြင်း(ရတနာဃရစ်အိမ်) | ၂၀၀၀၀၀ | ၄၄၃၄၂ | |
| | (င) ရေခဲနှင့်ပိုက်များဝယ်ယူခြင်း | ၅၀၀၀၀ | ၅၁၀၀၀ | |
| ၆။ | ကန်တော့ပွဲ(၃)ကြိမ်လဲခြင်း၊ နေ့စဉ်ပန်းလဲခြင်း | အလှူရှင် | အလှူရှင် | |

www.dhammadownload.com



| စဉ် | အကြောင်းအရာ | လျာထားငွေ | အမှန်အသုံး စရိတ် | မှတ်ချက် |
|---|---|---|---|---|
| ၇။ | သံဃာတော်များအသုံးအဆောင်စရိတ် | | ၇၉၉၄၀၀ | |
| | (က) ဆပ်ပြာ၊ ဆပ်ပြာခွက်၊ ရေခွက်၊ မျက်နှာသုတ်ပဝါ၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ အခင်းစောင်၊ ခြုံစောင်၊ ခြင်ထောင်၊ဖျာ | ၅၀၀၀၀၀ | ၄၅၀၀၀၀ | |
| | (ခ) ဆေးဝါး = အင်္ဂလိပ် + မြန်မာ့ဆေးမျိုးစုံ၊ကွမ်း၊ထုံး၊ဆေးလိပ်၊ညဂျင်း (၁ရက် ၂၀၀၀၀ိ/ - × ၁၅ရက်) | ၃၀၀၀၀၀ | ၃၄၉၄၀၀ | |
| ၈။ | ထောက်ပံ့စရိတ်ပေးခြင်း | | ၃၁၄၈၀၀၀ | |
| | (က) ဖွင့်ပွဲနေ့မဟာပဋ္ဌာန်းစုပေါင်းရွတ်ဖတ်မည့် ဘာသာရေးအသင်း ထောက်ပံ့စရိတ်(၁၃၀၀ဦး × ၁၀၀၀ိ/ = ၁၃၀၀၀၀၀ိ/ - × ၇၁ သင်း) | ၂၁၃၀၀၀၀ | ၁၃၀၀၀၀၀ | |
| | (ခ) အကြိုပဋ္ဌာန်းနှင့်ပဋ္ဌာန်းအလှူခံထောက်ပံ့စရိတ် (၁ရက် ၆ ဦး × ၁၀၀၀ိ/ - × ၂၆ရက်) | ၁၅၆၀၀၀ | ၁၅၆၀၀၀ | |
| | (ဂ) သံဃာတော်များဝေယျာဝစ္စထောက်ပံ့စရိတ်(မနောစိတ္တပူဇာပွဲပါ) (၁ရက် ၆ ဦး × ၁၀၀၀ိ/ - × ၁၅ရက်) | ၁၅၀၀၀၀ | ၉၀၀၀၀ | |
| | (ဃ) ပဋ္ဌာန်းဝေယျာဝစ္စထောက်ပံ့စရိတ် (၁ရက် ၇ ဦး × ၁၀၀၀ိ/ - × ၁၅ရက်) | ၁၀၅၀၀၀ | - | |
| | (င) တပေါင်းပွဲတော်ညတာဝန်ကျများ၊ ညစာညှော်ခံကျွေးမွေးစရိတ် (၁ရက် ၅၀၀၀ိ/ - × ၁၅ ရက်) | ၇၅၀၀၀၀ | ၇၀၀၀၀၀ | |
| | (စ) ညအိပ်တာဝန်ချသူများထောက်ပံ့စရိတ်(ရုံး + ဘာသာရေး) (၁ရက် ၄ ဦး × ၁၀၀၀ိ/ - × ၁၅ရက်) | ၆၀၀၀၀ | ၉၇၀၀၀ | |
| | (ဆ) ပိတ်ပွဲနှင့် ရေစက်ချအခမ်းအနားတက်ရောက်သည့်ဘာသာရေး အသင်းအဖွဲ့များထောက်ပံ့စရိတ်(၈၀၅ဦး × ၁၀၀၀ိ/ -) | | ၈၀၅၀၀၀ | |
| ၉။ | မဟာပဋ္ဌာန်းပူဇော်မည့်မဏ္ဍပ်အလှဆင် | ၂၀၀၀၀၀ | ၂၂၁၀၀၀ | |
| ၁၀။ | မမျှော်မှန်းနိုင်သောအသုံးစရိတ် | ၅၀၀၀၀၀ | ၁၃၉၁၅၀၀ | |
| | စုစုပေါင်း | ၅၉၇၅၅၀၀၀ | ၄၅၀၄၀၄၄၂ | |

www.dhammadownload.com



## ဓမ္မဒေသနာတော်များ ရွတ်ဆိုပူဇော်ကျင်းပရေးအဖွဲ့၏ (၂၂.၂.၂၀၁၂ မှ ၇.၃.၂၀၁၂)ရက်နေ့အထိ အသုံးစရိတ်ခန့်မှန်းလျာထားငွေနှင့် အမှန်အသုံးစရိတ်ငွေစာရင်း

| စဉ် | အကြောင်းအရာ | လျာထားငွေ | အမှန်အသုံး စရိတ် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဓမ္မဒေသနာတော်ရွတ်ဆိုပူဇော်သောအသင်းများအား အချိုရည်တိုက်ကျွေးရန် | ၅၀၀၀၀၀ | ၄၇၇၁၀၀ | |
| ၂။ | နေ့စဉ်တာဝန်ကျသောအဖွဲ့အချိန်ပိုစရိတ် | ၃၀၀၀၀၀ | ၂၀၄၀၀၀ | |
| ၃။ | စီဒီချပ်ဝယ်ရန် | ၁၅၀၀၀၀ | - | |
| ၄။ | Heard Disk သယ်ရန် | ၁၅၀၀၀၀ | - | |
| ၅။ | ကန်တော့ပွဲ၊ပန်း၊ဆီမီး၊အမွှေးတိုင် | ၃၀၀၀၀၀ | ၁၇၆၃၀၀ | |
| ၆။ | အခမ်းအနားပြင်ဆင်ရန် | ၁၀၀၀၀၀ | - | |
| ၇။ | မမျှော်မှန်းနိုင်သောအသုံးစရိတ် | ၅၀၀၀၀၀ | - | |
| | စုစုပေါင်း | ၂၀၀၀၀၀၀ | ၈၅၇၄၀၀ | |

## ဆွမ်းတော်ကြီးဆက်ကပ်ရေးအဖွဲ့၏ အသုံးစရိတ်ခန့်မှန်းလျာထားငွေနှင့် အမှန်အသုံးစရိတ်ငွေစာရင်း

| စဉ် | အကြောင်းအရာ | လျာထားငွေ | အမှန်အသုံး စရိတ် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တပေါင်းလပြည့်နေ့ အရုဏ်တွင် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ အမွှေးနံ့သာ၊ ဆီမီး ကပ်လှူပူဇော်ရန်။(ဆွမ်းတော်ကြီးဆက်ကပ်ရာတွင် အသီးပုံဖော်ရန် သစ်သီး ဝယ်ယူခြင်း) | ၁၀၀၀၀၀၀ | ၁၀၈၈၀၀ | |
| | စုစုပေါင်း | ၁၀၀၀၀၀၀ | ၁၀၈၈၀၀ | |

www.dhammadownload.com



# နှစ် ၂၆၀၀ ပြည့်နှစ် ဗုဒ္ဓပူဇနီယပွဲတော်
# ဆွမ်းဆက်ကပ်ရေးအဖွဲ့၏
# အသုံးစရိတ်ခန့်မှန်းလျာထားငွေနှင့် အမှန်အသုံးစရိတ်ငွေစာရင်း

| စဉ် | အကြောင်းအရာ | လျာထားငွေ | အမှန်အသုံး စရိတ် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | (၂၂.၂.၂၀၁၂) နှစ် - ၂၆၀၀ပြည့် ပွဲတော်ဖွင့်ပွဲအရုဏ်ဆွမ်း | ၁၅၀၀၀၀ | ၁၅၀၀၀၀ | |
| | (ထီးတော်ရုံ) | | | |
| ၂။ | နှစ် - ၂၆၀၀ပြည့်ပွဲတော်ဖွင့်ပွဲနေ့ | ၂၃၁၀၀၀၀ | ၂၂၇၁၀၀၀ | |
| | ဆရာတော်(၅၉) ပါး၊ သံဃာတော်(၂၂၄)ပါး၊ သီလရှင်(၂၆၀)ပါး | | ၂၂၇၁၀၀၀ | |
| | လူပုဂ္ဂိုလ် (၂၁၄) ဦး စုစုပေါင်း ၇၅၇ ဦး × ၃၀၀၀/ - | | | |
| | ဝေယျာဝစ္စအဖွဲ့ = ၁၀၀ ဦး × ၁၅၀၀/ - | ၁၅၀၀၀၀ | ၁၅၀၀၀၀ | |
| ၃။ | အရုဏ်ဆွမ်း (၁၄)ရက်စာ × ၁၀၀၀၀၀/ - | ၁၃၀၀၀၀၀ | ၁၄၀၀၀၀၀ | |
| | (၂၃.၂.၂၀၁၂ မှ ၆.၃.၂၀၁၂ ထိ) | | | |
| | ပဋ္ဌာန်းသံဃာ(၁၂)ပါး + စောင့်ရှောက်ရေးသံဃာ(၇)ပါး = ၁၉ပါး အပါအဝင် | | | |
| | အလှူရှင်(၃၀)ဦး × ၂၀၀၀/ - ၊ဝေယျာဝစ္စအဖွဲ့၄၀ဦး × ၁၀၀၀/ - | | | |
| ၄။ | နေ့ဆွမ်းဆက်ကပ်စရိတ် (၁၂) ရက်စာ × ၅၇၀၀၀၀/ - | ၇၈၀၀၀၀၀ | ၆၈၄၀၀၀၀ | |
| | (၂၃.၂.၂၀၁၂ မှ ၆.၃.၂၀၁၂ ထိ) | | | |
| | ပဋ္ဌာန်းသံဃာ(၁၂)ပါး + စောင့်ရှောက်ရေးသံဃာ(၇)ပါး = ၁၉ပါး အပါအဝင် | | | |
| | အလှူရှင်(၁၅၀)ဦး × ၃၀၀၀/ - ၊ဝေယျာဝစ္စအဖွဲ့ ၈၀ဦး × ၁၅၀၀/ - | | | |
| ၅။ | တပေါင်းလပြည့်နေ့ (၇.၃.၂၀၁၂) | ၁၇၀၀၀၀၀ | ၁၀၅၀၀၀၀ | |
| | နှစ် - ၂၆၀၀ပြည့်ပွဲတော် ပိတ်ပွဲနေ့ဆွမ်းဆက်ကပ်ကုန်ကျစရိတ် | | | |
| | (ထီးတော်ရုံ) သံဃာတော်များ၊ဂေါပကအဖွဲ့နှင့် ဧည့်သည်တော်များ | | | |
| | (၃၀၀ ဦး) × ၃၀၀၀/ - ၊ဝေယျာဝစ္စအဖွဲ့ (၁၀၀ဦး) × ၁၅၀၀/ - | | | |
| ၆။ | (၂၅.၂.၂၀၁၂ ဗုဒ္ဓဘိသေကအနေကဇာတင်ပွဲတွင် အရုဏ်ဆွမ်း | | ၃၉၃၇၅၀ | |
| | ဧည့်ခံကျွေးမွေးခြင်း) | | | |
| ၇။ | မမျှော်မှန်းနိုင်သောအသုံးစရိတ် | ၁၀၀၀၀၀ | ၅၁၇၅၅၀ | |
| | စုစုပေါင်း | ၁၃၅၁၀၀၀၀ | ၁၂၇၇၂၃၀၀ | |

www.dhammadownload.com



# ရွှေတိဂုံစေတီတော်
# နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ပျော်ပွဲရွှင်ပွဲကျင်းပရေးဆပ်ကော်မတီ
# လုပ်ငန်းအစီရင်ခံစာ

## နိဒါန်း

၁။ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကာလ၊ မဟာသက္ကရာဇ် (၁၀၃)ခုနှစ် တပေါင်းလတွင် တည်ထားခဲ့ခြင်းဖြစ်၍ သာသနာတော်သက္ကရာဇ် ၂၅၅၅ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၃-ခုနှစ် တပေါင်းလ၊ ခရစ်သက္ကရာဇ် ၂၀၁၂-ခုနှစ် မတ်လတွင် နှစ်ပေါင်း ၂၆၀၀ပြည့်မြောက်ခဲ့ပါသည်။ ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် အထိမ်းအမှတ် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို သာသနာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြပ်မတ်မှုဖြင့် ဘာသာရေးအနှစ်သာရပြည့်ဝစွာဖြင့် အောက်ပါအတိုင်း ခမ်းနားသိုက်မြိုက်စွာ ကျင်းပပူဇော်ခဲ့ပါသည် -

(က) ၁၁.၂.၂၀၁၂ရက်မှ ၂၁.၂.၂၀၁၂ရက်အထိ ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေးနှင့် ဗိုလ်တထောင်မြို့နယ်များရှိ ဆံတော်ကြို စေတီများသို့ လှည့်လည်၍ပူဇော်ခံခြင်း။

(ခ) ၂၂.၂.၂၀၁၂ရက်နေ့ (၀၉:၀၀)နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကျင်းပခြင်း၊ သံဃာတော်(၁၈၀)ပါးတို့မှ နာရီပေါင်း(၃၃၆)နာရီ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဆိုပူဇော်ခြင်း၊ ဌာနအသင်းအဖွဲ့အသီးသီးမှလူပုဂ္ဂိုလ်များမှ ဓမ္မဒေသနာတော်များရွတ်ဆိုပူဇော်ပွဲကျင်းပခြင်း၊ အထက်ပစ္စယာနှင့် ရင်ပြင်ရှိစေတီပုထိုးစောင်းတန်းများနှင့် ဝတ္တကမြေအတွင်းရှိပန်းခြံများတွင် ရောင်စုံမီးများထွန်းညှိပူဇော်ခြင်း၊ ပန်းပေါင်းငါးသိန်းလေးသောင်းကပ်လှူပူဇော်ခြင်း။

(ဂ) ၂၅.၂.၂၀၁၂ရက် (၀၇:၀၀)နာရီတွင် ရင်ပြင်တော်နှင့် အထက်ပစ္စယာတို့၌ သံဃာတော် (၂၆၀၀)ပါးဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီး စောင်းတန်းတစ်ခုလျှင် သံဃာတော် (၆၅၀)ပါးအား ဆွမ်းဆန်တော်များလောင်းလှူခြင်း။

(ဃ) ၂၂.၂.၂၀၁၂ မှ ၇.၃.၂၀၁၂ရက်ထိ (၁၅)ရက်တိုင်တိုင် တပ်မတော်ဓမ္မာရုံတွင် ဓမ္မကထိက ဆရာတော်ကြီးများက တရားဒေသနာတော်များ ဟောကြားခြင်း။

(င) ၂၂.၂.၂၀၁၂ မှ ၇.၃.၂၀၁၂ရက်ထိ (၁၅)ရက်တိုင်တိုင် ထန်းပင်ကုန်းကွင်း၊ ခေတ္တရာကွင်းနှင့် အနောက်ဘက်ကားဝင်းများတွင် အငြိမ့်ပြဇာတ်၊ ရုပ်ရှင်၊ ခြင်းဝိုင်းများ ကျင်းပဖြေဖျော်ခြင်း၊ အလယ်ပစ္စယာတွင် နိဗ္ဗာန်ဈေးများ ဖွင့်လှစ်လှူဒါန်းခြင်း။

(စ) ၇.၃.၂၀၁၂ လပြည့်နေ့ နံနက်(၀၅:၀၀)နာရီတွင် ရင်ပြင်တော်အောင်မြေ၌ ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းပွဲကျင်းပခြင်းနှင့် (၀၉:၃၀)ချိန်တွင် ရေစက်ချပွဲကျင်းပခြင်း၊ ညနေ (၇)နာရီတွင် ကောင်းမှုအလှူရှင်များနှင့် ပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများချီးမြှင့်ခြင်း။

## ပျော်ပွဲရွှင်ပွဲကျင်းပရေးဆပ်ကော်မတီဖွဲ့စည်းခြင်း

၂။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်ခဲ့ပါ သည် -

| | | | |
|---|---|---|---|
| (၁) | ဦးကျော်စိုး | တိုင်းဒေသကြီးဝန်ကြီး သစ်တောနှင့်စွမ်းအင် | ဥက္ကဋ္ဌ |
| (၂) | ဦးသိန်းလင်း | ဂေါပကအဖွဲ့ဝင် | ဒု-ဥက္ကဋ္ဌ |
| (၃) | ရဲမှူးကြီးမင်းချစ်ဦး | ဒေသ-၃ ဒေသမှူး | အဖွဲ့ဝင် |
| (၄) | ဒုတိယရဲမှူးကြီးသက်လွင် | ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (၅) | ပါမောက္ခချုပ် | အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်၊ ရန်ကုန် | အဖွဲ့ဝင် |

www.dhammadownload.com



| | | | |
|---|---|---|---|
| (၆) | ဥက္ကဋ္ဌ | မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး | အဖွဲ့ဝင် |
| (၇) | ဥက္ကဋ္ဌ | မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူး | မြန်မာ့ရုပ်ရှင်လုပ်ငန်း | အဖွဲ့ဝင် |
| (၉) | ဥက္ကဋ္ဌ | မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး | အဖွဲ့ဝင် |
| (၁၀) | ဥက္ကဋ္ဌ | မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (၁၁) | ဦးကြည်ဝင်း | အတွင်းရေးမှူး မြန်မာ့ရိုးရာပန်းပညာရှင်အစည်းအရုံး | အဖွဲ့ဝင် |
| (၁၂) | ဦးမောင်မောင်လတ် | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး | အဖွဲ့ဝင် |
| (၁၃) | ဦးထွန်းညွန့် | ညွှန်ကြားရေးမှူး၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၄) | ဦးအောင်နိုင်မြင့် | ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဦးအောင်ခင်ဆင့် | ဘာသာရေးအကျိုးဆောင်အဖွဲ့ | အဖွဲ့ဝင် |
| (၁၆) | ဦးမြအောင် | ဘာသာရေးအကျိုးဆောင်အဖွဲ့ | အဖွဲ့ဝင် |
| (၁၇) | ဦးကြည်စန်း | ဦးစီးအရာရှိ၊ အနောက်ပိုင်းခရိုင်ထွေအုပ် | အဖွဲ့ဝင် |
| (၁၈) | ဦးကိုကိုထွန်း | ဒု-ဌာနမှူး၊ ဝတ္ထုကမြေသာယာရေးဌာန | အဖွဲ့ဝင် |
| (၁၉) | ဦးမောင်မောင်ဝင်း | ဌာနခွဲမှူး၊ အတွင်းရေးမှူးဌာန | အဖွဲ့ဝင် |
| (၂၀) | ဦးတင်အောင်မိုး | ဌာနခွဲမှူး၊ လုံခြုံရေးဌာန | အဖွဲ့ဝင် |
| (၂၁) | ဦးမြင့်ဦး | ဒု-ဌာနမှူး၊ မီးသတ်ဌာနခွဲ | အဖွဲ့ဝင် |
| (၂၂) | ဦးကြည်ဆွေ | ဌာနခွဲမှူး၊ လုံခြုံရေးဌာန | အဖွဲ့ဝင် |
| (၂၃) | ဦးထွန်းအောင်ငွေ | ဒု-ရုံးအဖွဲ့မှူး၊ ဂေါပကအဖွဲ့ရုံး | အတွင်းရေးမှူး |
| (၂၄) | ဒေါ်မြမြဝင်း | ဌာနမှူး၊ လုပ်ငန်းဌာန | တွဲဘက်အတွင်းရေးမှူး(၁) |
| (၂၅) | ဦးလှမျိုးဦး | ဌာနခွဲမှူး၊ ပြတိုက်/ပြခန်းဌာန | တွဲဘက်အတွင်းရေးမှူး(၂) |

## ကျင်းပခဲ့သော ပျော်ပွဲရွှင်ပွဲများ

၃။ အောက်ပါအတိုင်း တင်ဆက်ကပြခဲ့ပါသည် -

(က) ထန်းပင်ကုန်းကွင်းတွင် ။ ဦးရဲခွေးရုပ်သေး - ၃ ညာ၊ နေမိရုပ်သေး - ၂ ညာ၊ ဖွားတော်မူခန်း - ၂ ညာ၊ သီရိရာမဇာတ် - ၅ ညာ၊ ဖိုက်စတားအငြိမ့် - ၄ ညာ။

(ခ) ခေတ္တရာကွင်းတွင် ။ ရုပ်ရှင်၊ ခြင်းလုံးနှင့် 5 net work projector show ။

(ဂ) အနောက်ဘက်ကားဝင်းတွင် ။ ရှမဝအငြိမ့် - ၃ ညာ၊ ဝက်မအငြိမ့် - ၃ ညာ၊ ဂီတအစည်းအရုံး - ၃ ညာ၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ကပြသော ရွှေတိဂုံသမိုင်း - ၆ ညာ။

www.dhammadownload.com



## အသုံးစရိတ်ကုန်ကျမှု

၄။ ပျော်ပွဲရွှင်ပွဲအစီအစဉ်များနှင့် ကုန်ကျမှုစားစရိတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| | |
|---|---|
| (က) ထန်းပင်ကုန်းကွင်း | |
| (၁) ဖေဖော်ဝါရီ (၂၂) မှ (၂၄)အထိ ဦးရဲခွေးရုပ်သေး | ၁၀၈၀၀၀၀ ကျပ် |
| (၂) ဖေဖော်ဝါရီ (၂၅) မှ (၂၆)အထိ နေမိရုပ်သေး | ၂၃၀၀၀၀၀ ကျပ် |
| (၃) ဖေဖော်ဝါရီ (၂၇) မှ (၂၈)အထိ ဖွားတော်မူခန်း | ၃၅၀၀၀၀၀ ကျပ် |
| (၄) ဖေဖော်ဝါရီ (၂၉) မှ မတ်(၃)အထိ သီရိရာမအဖွဲ့ | ၄၄၀၀၀၀၀ ကျပ် |
| (၅) မတ် (၄) မှ (၇) အထိ ဖိုက်စတားအငြိမ့် | ၇၄၀၀၀၀၀ ကျပ် |
| (ခ) ခေတ္တရာကွင်း | |
| (၁) ဖေဖော်ဝါရီ (၂၂) မှ မတ် (၇)အထိ ခြင်းလုံး + ဆိုင်း | ၁၀၁၇၅၀၀၀ ကျပ် |
| (ဂ) အနောက်ဘက်ကားကွင်း | |
| (၁) ဖေဖော်ဝါရီ (၂၂) မှ (၂၄)အထိ ရှုမဝအငြိမ့်(၃)ရက်အထွေထွေ | ၃၈၆၂၀၀ ကျပ် |
| (၂) ဖေဖော်ဝါရီ (၂၅) မှ (၂၇)အထိ ဝက်မအငြိမ့် | ၃၇၅၀၀၀၀ ကျပ် |
| ၁၂၅၀၀၀၀ × ၃ရက် | |
| - ကန်တော့ပွဲ + ဆန် + ခါတ်ဆီ | ၁၂၀၀၀၀ ကျပ် |
| - အထွေထွေ | ၇၁၈၀၀ ကျပ် |
| (၃) ဖေဖော်ဝါရီ (၂၈)မှ မတ် (၁)ထိ စတီရီယိုတေး | ၂၈၀၀၀၀၀ ကျပ် |
| - ကာလပေါ်တေး | ၁၃၀၀၀၀၀ ကျပ် |
| - အလင်္ကာဝတ်ရည် | ၁၃၀၀၀၀၀ ကျပ် |
| - ဧည့်ခံစားစရိတ် | ၆၀၀၀၀၀ ကျပ် |
| - ညလုံးပေါက်ဖြစ်သဖြင့် | ၁၀၀၀၀၀၀ ကျပ် |
| - အထွေထွေ | ၆၅၇၀၀ ကျပ် |
| (၄) မတ် (၂)မှ (၇)ထိ ရွှေတိဂုံသမိုင်း (ယဉ်ကျေးမှုတက္ကသိုလ်) | ၈၈၀၀၀၀၀ ကျပ် |
| (၅) ဖေဖော်ဝါရီ (၁၇) မှ မတ်(၇)အထိ ပန်းချီပြပွဲ အစောင့်(၃)ဦး | ၄၅၆၀၀၀ ကျပ် |
| နှင့် ဘုတ်ပြားများ သယ်ယူပို့ဆောင်ခ | ၅၁၀၀၀ ကျပ် |
| (ဃ) သတင်းစာကြော်ငြာခ | ၁၅၆၀၀၀ ကျပ် |
| (င) လက်ကမ်းကြော်ငြာ Pamphlet ၇၅၀ခု | ၉၇၅၀၀ ကျပ် |
| (စ) ကြော်ငြာ vinyl များပြုလုပ်ကုန်ကျငွေ | ၉၀၀၀၀ ကျပ် |
| (ဆ) မော်တော်ယာဉ်လိုင်းပေါင်းစုံငွေပေးချေမှု | ၂၁၉၀၀၀၀ ကျပ် |
| (ဇ) ချောကားသမားများစားစရိတ် | ၅၈၁၄၀၀ ကျပ် |
| (ဈ) အနုပညာဦးစီးကားဖြင့် သယ်ယူခြင်း | ၈၈၀၀၀ ကျပ် |
| (ည) စည်ပင်သန့်စင်ခန်းများ သယ်ချခ | ၄၀၀၀၀ ကျပ် |
| (ဋ) ဇာတ်ခုံအပြင်ဆင်၊ မီးအသံ၊ နောက်ခံကား | ၄၉၀၀၀၀၀ ကျပ် |
| အထွေထွေ | ၅၆၈၀၀ ကျပ် |
| စုစုပေါင်း | ၅၇၇၆၃၄၀၀ ကျပ် |

www.dhammadownload.com



## စင်တာဝန်ခံများ

၅။ စင်တာဝန်ခံများအဖြစ် အောက်ပါအတိုင်းတာဝန်ပေးအပ်ထားခဲ့ပါသည် -

(က) ထန်းပင်ကုန်းကွင်း - ဌာနခွဲမှူး - ဦးတင်အောင်မိုး၊ ဌာနစုမှူး - ထိန်လင်းမိုး

(ခ) ခေတ္တရာကွင်း - ဒုဌာနမှူး - ဦးမောင်မောင်၊ ဌာနခွဲမှူး - ဦးအေးကြည်

(ဂ) အနောက်ဘက်ကားကွင်း - ဒုဌာနမှူး - ဦးမြင့်ဦး၊ ဌာနခွဲမှူး - ဦးကြည်ဆွေ၊ ဌာနစုမှူး - အောင်စိုး

## အခြေပြုမည့်နေရာနှင့် လုပ်ငန်းတာဝန်များ

၆။ စင်တာဝန်ခံများသည်ပွဲခင်း၏ပြန်ကြားရေးနှင့် လုံခြုံရေးဌာနများတွင် အခြေပြုလျက် အောက်ပါတို့ကိုဆောင်ရွက်ခဲ့ပါသည် -

(က) သက်ဆိုင်ရာဇာတ်စင်များ အချိန်မီပြင်ဆင်ပြီးစီးရေး၊ ဆိုင်းဝိုင်း၊ မီး၊ အသံ၊ ကန့်လန့်ကာပြင်ဆင်ရေး၊ ကပြမည့်သူများ အချိန်မီရောက်ရှိရေး ကြိုတင်ဆက်သွယ်ဆောင်ရွက်ထားရန်၊ သယ်ယူပို့ဆောင်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သွားခြင်း။

(ခ) ကပြဖြေဖျော်မည့်သူများ၊ ဧည့်သည်တော်များ၊ တာဝန်ရှိသူများအတွက် ဝင်လမ်းထွက်လမ်းများ၊ ကားရပ်နားရန်နေရာများ ကြိုတင်စီစဉ်ထားပေးခြင်း။

(ဂ) ပွဲစင်အနီးကပ် လုံခြုံရေး၊ ဧည့်သည်တော်များ၊ သီဆိုကပြဖြေဖျော်သူများအား မနှောင့်ယှက်ရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေးကိစ္စများ၊ ပွဲခင်းမတော်တဆဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် လုံခြုံရေးကော်မတီနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်သွားရန် လိုအပ်မည့်ပစ္စည်းများ ကြိုတင်စုဆောင်းထားခြင်း။

(ဃ) ဧည့်ခံကြိုဆိုနေရာချထားရေး၊ ဧည့်သည်တော်များအတွက် အရံနေရာများ၊ ကြိုတင်စာရင်းပေးထားသူများအတွက် နေရာများနှင့် ဧည့်ခံကျွေးမွေးရေးကိစ္စများကိုပါ စီစဉ်ဆောင်ရွက်ထားခြင်း။

(င) ဇာတ်အငြိမ့်အဖွဲ့များ ဖြေဖျော်ရာတွင် ညစ်ညမ်းသော ပျက်လုံးများမပါရှိရေး၊ နိုင်ငံရေးပုဂ္ဂိုလ်ရေး ထိခိုက်မှုများမပါရှိရေး စောင့်ကြည့်ခြင်း။

(စ) ပွဲစင်ပေါ်ရှိပစ္စည်းများမပျောက်ရေးအတွက် စာရင်းဇယားနှင့် စနစ်တကျတာဝန်ယူဆောင်ရွက်ပေးခြင်း။

## သယ်ယူပို့ဆောင်ရေးအဖွဲ့

၇။ အောက်ပါအတိုင်းဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည် -

| | | | |
|---|---|---|---|
| (၁) | ဦးလှအောင် | မထသဗဟို | ဥက္ကဋ္ဌ |
| (၂) | ဦးအောင်စိုးထွန်း | မထသဗဟို | အဖွဲ့ဝင် |
| (၃) | ဒုတပ်ကြပ်ဇော်ဝင်း | လုံခြုံ/မီးသတ်ဌာန | အဖွဲ့ဝင် |
| (၄) | ဒုတပ်ကြပ်ရဲသီဟ | လုံခြုံ/မီးသတ်ဌာန | အဖွဲ့ဝင် |
| (၅) | ဦးထွန်းအောင်ငွေ | ဒု - ရုံးအဖွဲ့မှူး | အတွင်းရေးမှူး |
| (၆) | ဌာနစုမှူး ဦးမှူးပိုင်စိုး | လုံခြုံ/မီးသတ်ဌာန | တွဲဘက်အတွင်းရေးမှူး |

### လုပ်ငန်းတာဝန်များ

သယ်ယူပို့ဆောင်ရေးအဖွဲ့သည် အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(က) ပွဲစင်များအရ ယာဉ်လိုအပ်ချက်များကို မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီသို့ ကြိုတင်၍ တောင်းခံထားခြင်း၊ အချိန်မီပို့ကြို/သယ်ယူပို့ဆောင်ရေးကိစ္စများ ဆောင်ရွက်ခြင်း၊ ယာဉ်သုံးစွဲမှု မှတ်တမ်းများထားရှိခြင်း။

www.dhammadownload.com



ရွှေတိဂုံစေတီတော်

နှစ် (၂၆၀၀) ပြည့် ဗုဒ္ဓပူဇနီယပွဲတော်

ခြင်းလုံးအလှခတ်ဖြေဖျော်ပွဲ၊

(စေတ္တရာကွင်း)




ဇာတ်ပွဲ၊ အငြိမ့်ပွဲများဖြင့်

ဖြေဖျော်စဉ်၊

(အနောက်ဘက်ကားကွင်း)





ရွှေတိဂုံစေတီတော်

နှစ် (၂၆၀၀) ပြည့် ဗုဒ္ဓပူဇနီယပွဲတော်

ဇာတ်ပွဲ၊ အငြိမ့်ပွဲများဖြင့်

ဖြေဖျော်စဉ်၊

(ထန်းပင်ကုန်းကွင်း)

www.dhammadownload.com



(ခ) သယ်ပိုးရေးအတွက် လုပ်သားအင်အားများပါ ကြိုတင်စီစဉ်ထားခြင်း၊

(ဂ) အရေးပေါ်နှင့် လိုအပ်ချက်အရ အသုံးပြုနိုင်ရန် အရံယာဉ်တစ်စီးထားရှိခြင်း၊

(ဃ) ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအတွက် လိုအပ်ချက်များကို တင်ပြပေးခြင်း၊

## ပွဲဈေးဆိုင်ခန်းများ ကြီးကြပ်ရေးအဖွဲ့

၈၊ ပွဲခင်းဆိုင်ခန်းများ(၆၀၀)ကျော်အတွက်လေလံတင်ရောင်းချခဲ့ရာတွင် (၇၅၆)သိန်းရရှိခဲ့ပြီး ဆိုင်ခန်းများစည်းကမ်း ထိန်းသိမ်းကြီးကြပ်ရန် အောက်ပါအတိုင်းဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည် -

| | | |
|---|---|---|
| (၁) | ဒုဌာနမှူး ဦးမောင်မောင် | ဥက္ကဋ္ဌ |
| (၂) | ဒုဌာနမှူး ဦးမြင့်ဦး | အဖွဲ့ဝင် |
| (၃) | ကွပ်ကဲရေးရုံးများရှိ တပ်ခွဲမှူး၊ စုမှူးများ | အဖွဲ့ဝင် |

### တည်နေရာနှင့် လုပ်ငန်းတာဝန်များ

- အထက်ပါအဖွဲ့သည် လုံခြုံရေးကွပ်ကဲရေးရုံးများတွင် အခြေပြုလျက် လုံခြုံရေးအဖွဲ့ဝင်များနှင့်ပူးပေါင်းကာ ပွဲဈေးများ နေရာချထားရေးနှင့် စည်းကမ်းတကျရှိရေး၊ မီးဘေးကာကွယ်ရေး၊ ကျန်းမာရေးကိစ္စများအား စစ်ဆေးဆောင်ရွက်ခဲ့ပါသည်၊

## နိဂုံး

၉၊ ဆပ်ကော်မတီအဖွဲ့ဝင်များ ဖြေဖျော်ကပြခဲ့သည့် အနုပညာရှင်များ၊ ဝန်ထမ်းများသည် ကျရာတာဝန်ကို ကျေပွန်စွာ ညီညီညွတ်ညွတ်ထမ်းဆောင်ခဲ့ကြသဖြင့် ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်ပွဲတော်ကြီးအား စည်ကားသိုက်မြိုက် အောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့ခြင်းဖြစ်ပါသည်၊

ဒု-ဥက္ကဋ္ဌ
ပျော်ပွဲရွှင်ပွဲကျင်းပရေးဆပ်ကော်မတီ

စာအမှတ် ၊

ရက်စွဲ ၊ ၂၀၁၂-ခုနှစ်၊ မတ်လ (၂၈)ရက်

ဖြန့်ဝေခြင်း

- ဥက္ကဋ္ဌ၊ ပွဲတော်ကျင်းပရေးဗဟိုကော်မတီ
- ဥက္ကဋ္ဌ၊ ပျော်ပွဲရွှင်ပွဲကျင်းပရေးဆပ်ကော်မတီ
- အဖွဲ့ဝင်များအားလုံး၊ ပျော်ပွဲရွှင်ပွဲကျင်းပရေးဆပ်ကော်မတီ
- ရုံးလက်ခံ
- မျှောစာတွဲ

www.dhammadownload.com



# ရွှေတိဂုံစေတီတော်
# နှစ် (၂၆၀၀) ပြည့် ဗုဒ္ဓပူဇနိယပွဲတော်
# တရားပွဲကျင်းပရေးဆပ်ကော်မတီ ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အစီရင်ခံစာ

## နိဒါန်း

၁။ မဟာသက္ကရာဇ်၁၀၃ - ခုနှစ်တွင် စတင်တည်ထားကိုးကွယ်ပူဇော်ခဲ့သော လေးဆူဓါတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် သာသနာတော်နှစ် ၂၅၅၅ - ခုနှစ်တွင် စေတီတော်ကြီး၏သက်တမ်းသည် နှစ်ပေါင်း ၂၆၀၀ - ပြည့်မြောက်ခဲ့ပြီဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှု၊ ဂေါပကအဖွဲ့၏ ကြီးကြပ်မှု ဖြင့် နှစ် (၂၆၀၀)ပြည့်အထိမ်းအမှတ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို တပေါင်းလဆန်း (၁)ရက် (၂၂ - ၂ - ၂၀၁၂) ရက်နေ့မှ တပေါင်းလပြည့် (၇ - ၃ - ၂၀၁၂) ရက်နေ့အထိ (၁၅)ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ဖြစ်ပါသည်။ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာဟူသော ပူဇော်မှုတို့ဖြင့် ပူဇော်ရာတွင် ထေရဝါဒတရားအလှူ ဟောကြားနာယူခြင်းဟူသော ဓမ္မပူဇာသဘင်ကိုလည်း ရွှေတိဂုံစေတီ တော်၏ တောင်ဘက်မုခ်ရှိ တပ်မတော်ဓမ္မာရုံကြီးတွင် (၁၅)ရက်တိုင်တိုင် ခန့်ညားထည်ဝါစွာဖြင့် အောင်မြင်စွာကျင်းပခဲ့ခြင်းအား ဤအစီရင်ခံစာဖြင့် ပြုစုတင်ပြပါသည်။

## ရည်ရွယ်ချက်

၂။ မြတ်စွာဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်ခဲ့သည့် နှစ် (၂၆၀၀)ပြည့်မြောက်သော ကြုံတောင့်/ကြုံခဲ ဤကာလ၌ပင် လေးဆူဓါတ်ပုံ ရွှေတိဂုံစေတီတော်ကြီး တည်ထားပူဇော်ခဲ့သည့် ကာလမှာလည်း ၁၃၇၃ - ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် နှစ်ပေါင်း (၂၆၀၀)ပြည့်မြောက်ခဲ့ပြီး ဖြစ်ပါသည်။ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့အနေဖြင့် နှစ် (၂၆၀၀) ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် အထိမ်းအမှတ်အဖြင့် မြတ်ဗုဒ္ဓသာသနာတော် အရှည်တည်တံ့ပြန့်ပွားစေရန်အတွက်လည်းကောင်း၊ မြတ်ဗုဒ္ဓဟောဖော်မြွက်ကြားခဲ့ပြီး အနှစ်သာရတို့နှင့် ပြီးပြည့်စုံသည့် ဓမ္မတရားဒေသနာတော်များကို နာယူရင်ဝယ်ပိုက် လိုက်နာပြီး ကောင်းမှုများကိုသာ ပြုလုပ်ကြကာ ကောင်းမြတ်ဖြူစင် သန့်ရှင်းသည့် ကုသိုလ်တရားများ တိုးပွားရရှိစေရန် ရည်မှန်း၍ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြီးပြည့်စုံသော ဆရာတော်ကြီး ၁၅ - ပါးတို့ ဟောဖော်မြွက်ကြားတော်မူခဲ့သည့် မြတ်တရားဒေသနာတော်များကို နာကြားရခြင်းဖြင့် လောကီ၊ လောကုတ္တရာနှစ်ဖြာ ကောင်းကျိုးတိုးပွားစေရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

## တရားပွဲကျင်းပရေးဆပ်ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း

၃။ တရားပွဲကျင်းပရေးဆပ်ကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သောအဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည် -

| | | | |
|---|---|---|---|
| (က) | ဦးသူတော် | ဥက္ကဋ္ဌ (တိပိဋကနိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့) | နာယက |
| (ခ) | ဦးဟန် | အတွင်းရေးမှူး (သီတဂူသာသနာပြုအဖွဲ့) | နာယက |
| (ဂ) | ဒေါက်တာအေးကျော် | ဥက္ကဋ္ဌ၊ (သာသနာ့နဂ္ဂဟအဖွဲ့) | နာယက |
| (ဃ) | ဒေါက်တာတင်သိန်းလွင် | ဂေါပကအဖွဲ့ဝင် | ဥက္ကဋ္ဌ |
| (င) | ဦးဇော်ဇော်ဦး | တိုင်းဒေသကြီးသာသနာရေးမှူး | ဒုတိယဥက္ကဋ္ဌ |
| (စ) | ဦးကျော်စိန်ဝင်း | ညွှန်ကြားရေးမှူး၊ သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါ်ခိုင်ခိုင်လှ | ဦးစီးအရာရှိ၊ အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးသိန်းထွန်း | ဒု - ဦးစီးမှူး၊ ဗဟန်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |

www.dhammadownload.com



| | | | |
|---|---|---|---|
| (ဈ) | ဦးဇော်လင်း | ဒု-ဦးစီးမှူး၊ ဒဂုံမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးထွန်းအောင်ငွေ | ဒု-ရုံးအဖွဲ့မှူး၊ ဂေါပကအဖွဲ့ရုံး | အဖွဲ့ဝင် |
| (ဋ) | ဦးအေးလွင်(ဗိုလ်ချုပ်ဈေး) | ဘာသာရေးအကျိုးဆောင် | အဖွဲ့ဝင် |
| (ဌ) | ဦးဝင်းထိန် | ဘာသာရေးအကျိုးဆောင် | အဖွဲ့ဝင် |
| (ဍ) | ဦးခင်ဇော် | ဘာသာရေးအကျိုးဆောင် | အဖွဲ့ဝင် |
| (ဎ) | ဦးအုန်းသွင် | ဘာသာရေးအကျိုးဆောင် | အဖွဲ့ဝင် |
| (ဏ) | ဦးဌေးအောင် | ဘာသာရေးအကျိုးဆောင် | အဖွဲ့ဝင် |
| (တ) | ဦးအောင်သူ | ဘာသာရေးအကျိုးဆောင် | အဖွဲ့ဝင် |
| (ထ) | ဦးစံလှ | စေတနာသမ္မာရဝတ်အသင်း | အဖွဲ့ဝင် |
| (ဒ) | ဒေါ်အုန်းအုန်းထွေး | ဌာနမှူး၊ အုပ်ချုပ်ရေးဌာန | အဖွဲ့ဝင် |
| (ဓ) | ဒေါ်မြမြဝင်း | ဌာနမှူး၊ လုပ်ငန်းဌာန | အဖွဲ့ဝင် |
| (န) | ဦးမောင်မောင် | ဒု-ဌာနမှူး၊ လုံခြုံ/မီးသတ်ဌာန | အဖွဲ့ဝင် |
| (ပ) | ဦးကံမြင့် | ဒု-ဌာနမှူး၊ အတွင်းရေးမှူးဌာန | အဖွဲ့ဝင် |
| (ဖ) | ဦးဟန်တင် | ဒု-ဌာနမှူး၊ ဘဏ္ဍာရေးဌာန | အဖွဲ့ဝင် |
| (ဗ) | ဦးမြင့်အောင် | ဌာနခွဲမှူး၊ အုပ်ချုပ်ရေးဌာန | အဖွဲ့ဝင် |
| (ဘ) | ဦးမောင်အေး | ဌာနခွဲမှူး၊ လျှပ်စစ်ဌာနခွဲ | အဖွဲ့ဝင် |
| (မ) | ဦးအောင်မင်းမင်း | ဌာနခွဲမှူး၊ ရွှေနှင့်ရတနာဌာန | အဖွဲ့ဝင် |
| (ယ) | ဦးလှမျိုးဦး | ဌာနခွဲမှူး၊ ပြတိုက်/ပြခန်းဌာန | အဖွဲ့ဝင် |
| (ရ) | ဦးအောင်မြင့်ထွန်း | ဌာနစိပ်မှူး၊ ပြတိုက်/ပြခန်းဌာန | အဖွဲ့ဝင် |
| (လ) | ဦးခင်မောင်လှ | ကုသိုလ်ဖြစ်ဆေးခန်း | အဖွဲ့ဝင် |
| (ဝ) | ဦးမောင်မောင်ဝင်း | ဌာနခွဲမှူး၊ အတွင်းရေးမှူးဌာန | တွဲ/အတွင်းရေးမှူး (၂) |
| (သ) | ဦးသန်းအောင် | ဘာသာရေးအကျိုးဆောင် | တွဲ/အတွင်းရေးမှူး (၁) |
| (ဟ) | ဒေါ်လှလှသိန်း | ဌာနမှူး၊ ရွှေနှင့်ရတနာဌာန | အတွင်းရေးမှူး |

## အဖွဲ့ငယ်များဖွဲ့စည်းခြင်း

၄။ တရားပွဲကျင်းပရေးဆပ်ကော်မတီသည် သက်ဆိုင်ရာကဏ္ဍအလိုက်အဖွဲ့ငယ်များဖွဲ့စည်းပြီးအဖွဲ့ခေါင်းဆောင်များမှ အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ခွဲဝေယူစေပြီး ပေါင်းစပ်ညှိနှိုင်း တာဝန်ယူဆောင်ရွက်ခဲ့ကြပါသည် -

(က) ဆရာတော်ကြီးများအား ပင့်လျှောက်လွှာ ဆက်ကပ်ရေးတာဝန်

(ခ) ကျောင်းတိုက်မှ တရားဟောမဏ္ဍပ်သို့ ပင့်ဆောင်ရေးတာဝန်

(ဂ) တရားဟောဆရာတော်အား ကြိုဆို/ဧည့်ခံရေးတာဝန်

(ဃ) တရားမဟောမီ ယာယီသီတင်းသုံးရန် နေရာအားစီစဉ်ရေးတာဝန်

(င) တရားဟောခန်းမနှင့် ပလ္လင်စီစဉ်ရေးတာဝန်

(စ) လျှပ်စစ်မီး၊ အသံချဲ့စက်နှင့် ပန်းအလှပြင်ဆင်ရေးတာဝန်

(ဆ) တရားနာပရိတ်သတ်များ နေရာချထားရေးနှင့် အထွေထွေဝေယျာဝစ္စဆောင်ရွက်ရေး

(ဇ) တရားဟောမဏ္ဍပ်ရှိ ပတ်ဝန်းကျင်လုံခြုံရေးတာဝန်

www.dhammadownload.com



## ဆောင်ရွက်ခဲ့သည့် လုပ်ငန်းတာဝန်များ

၅။ ဦးဇော်ဇော်ဦး (တိုင်းဒေသကြီးသာသနာရေးမှူး) ဦးဆောင်သော ပင့်လျှောက်လွှာ ဆက်ကပ်ရေး အဖွဲ့ငယ်သည် (၁၅)ရက်တိုင်တိုင် တရားဒေသနာတော်များ ဟောကြားတော်မူမည့် ဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းကို ကြိုတင်ပြုစုခြင်း၊ ဆရာတော်ကြီးများထံသို့ ကြိုတင်၍ ပင့်လျှောက်လွှာများ ဆက်ကပ်ခဲ့ခြင်း၊ တရားဟောကြား ချီးမြှင့်တော်မူမည့် ဆရာတော်ကြီးများအား ၁ - ပတ်အလို၌ ထပ်မံအသိပေး လျှောက်ထားခဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၆။ ဦးကံမြင့် (ဒု - ဌာနမှူး၊ အတွင်းရေးမှူးဌာန) ဦးဆောင်သော ကျောင်းတိုက်မှ တရားဟောမဏ္ဍပ်သို့ ပင့်ဆောင်ရေးအဖွဲ့ငယ်သည် တရားဟောမည့် ဆရာတော်ကြီးများအား သက်ဆိုင်ရာနေ့ရက်မတိုင်မီ (၁) ရက်အလိုတွင် ကြိုတင်ဆက်သွယ်လျှောက်ထားပြီး သက်ဆိုင်ရာနေ့အလိုက် တရားဟောမည့် ဆရာတော်ကြီးများအား မဖွဲ့သဘင်အခမ်းအနားသို့ အချိန်မီရောက်ရှိရန် ကြိုဆိုပင့်ဆောင်ခြင်းတို့ကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ခဲ့ကြပါသည်။

၇။ ဦးကျော်စိန်ဝင်း (ညွှန်ကြားရေးမှူး၊ သာသနာရေးဦးစီးဌာန) ဦးဆောင်သော ကြိုဆို / ဧည့်ခံရေးအဖွဲ့ငယ်သည် စေတနာသဒ္ဓါရဝတ်အသင်းနှင့်ညှိနှိုင်း၍တရားဟောဆရာတော်ကြီးများအားပန်းစိုက်ဖလား၊ ဘွဲ့ကိုင်၊ ခရုသင်း၊ ထီးတော်မိုး၊ တရားထောက်တို့နှင့်အတူ တရားဟောပလ္လင်ထက်သို့ စနစ်တကျ ကြိုဆို / ပင့်ဆောင်ခြင်း စသည့်လုပ်ငန်းတာဝန်များကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၈။ ဦးဟန်တင် (ဒု - ဌာနမှူး၊ ဘဏ္ဍာရေးဌာန) ဦးဆောင်သော တရားမဟောမီ ယာယီသီတင်းသုံးရန် နေရာစီစဉ်ရေးအဖွဲ့ငယ်သည် တရားဟောမည့် ဆရာတော်ကြီးများ သက်တောင့်သက်သာ နားနေနိုင်ရန် အသင့်ခင်းကျင်း ပြင်ဆင်ထားပေးခြင်း စသည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ခဲ့ပါသည်၊

၉။ ဒေါက်တာအေးကျော် (ဥက္ကဋ္ဌ၊ သာသနာ့နဂ္ဂဟအဖွဲ့)ဦးဆောင်သော တရားဟောခန်းမနှင့် ပလ္လင်စီစဉ်ရေးအဖွဲ့ငယ်သည် တရားဟောခန်းမနှင့် ပလ္လင်အား စနစ်တကျ ပြင်ဆင်ထားရှိခဲ့ပြီး တရားနာမည့် သံဃာတော်များအတွက် သံဃာစင်ပေါ်တွင်လည်းကောင်း၊ တရားပွဲ မတည်အလှူရှင်မိသားစုနှင့် အထူးဧည့်သည်တော်များအတွက် သီးသန့်နေရာစီစဉ်ထား၍သော်လည်းကောင်း၊ တရားနာပရိသတ်များအတွက် နေရာထိုင်ခင်းများ စနစ်တကျစီစဉ်ထားပေးခြင်း စသည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

၁၀။ ဒေါ်မြမြဝင်း (ဌာနမှူး၊ လုပ်ငန်းဌာန) ဦးဆောင်သော လျှပ်စစ်မီး၊ အသံချဲ့စက်နှင့်ပန်းအလှပြင်ဆင်ရေးအဖွဲ့ငယ်သည် မွှာရုံအတွင်း/အပြင် လျှပ်စစ်မီးများ လုံလောက်စွာထွန်းညှိခြင်း၊ ခန်းမ အတွင်း အသံချဲ့စက်၊ မိုက်၊ စက်ဆရာစသည်တို့အား အသင့်ပြင်ဆင်ထားရှိခြင်း၊ တိပ်ခွေဖြင့် မှတ်တမ်းတင်၍ တရားနာလိုသူများဝယ်ယူနိုင်ရန် ရောင်းချပေးခြင်း၊ မီးစက် ဌားရမ်း၍ မီးမပြတ်စေရေးဆောင်ရွက်ခြင်း၊ တရားဟောပလ္လင်နှင့် ခန်းမအတွင်း ပန်းအလှများပြင်ဆင်ခြင်း စသည့် လုပ်ငန်းတာဝန်များကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၁။ ဦးသန်းအောင် (ဘာသာရေးအကျိုးဆောင်) ဦးဆောင်သော တရားနာပရိတ်သတ်များ နေရာချထားရေးနှင့် အထွေထွေဝေယျာဝစ္စ ဆောင်ရွက်ရေးအဖွဲ့ငယ်သည် တရားပွဲကျင်းပမည့်အခမ်းအနားနှင့် စပ်လျဉ်း၍ အသိပေးဟောပြောဖိတ်ခေါ်ခြင်း၊ ပရိသတ်များထံမှ အလှူခံခြင်းကို ဘာသာရေးအသင်းအဖွဲ့များမှ အလှည့်ကျတာဝန်ယူ၍လည်းကောင်း၊ လှူဒါန်းပစ္စည်းများအား စနစ်တကျ လက်ခံမှတ်တမ်းတင်ခြင်း၊ မတည်အလှူငွေ၊ အလှူခံဖလားမှ ရငွေနှင့် လှူဒါန်းပစ္စည်းများအား တရားပွဲအပြီးတွင် အချိန်နှင့် တပြေးညီ ရေတွက်စစ်ဆေး၍ တရားဟောဓမ္မကထိကထံ ဆက်ကပ် လှူဒါန်းပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါ သည်။ တရားနာပရိသတ်များ အဆင်ပြေချောမွေ့စေရေးအတွက် နေရာချထားပေးခြင်း၊

www.dhammadownload.com



တရားနာလာရောက်ကြသော ပရိသတ်များ၏ ကျန်းမာရေးကို စောင့်ရှောက်သောအားဖြင့် ရွှေတိဂုံစေတီတော် ကုသိုလ်ဖြစ်ဆေးခန်းမှ အနောက်တိုင်းဆေး/တိုင်းရင်းဆေးတို့ဖြင့် စောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ပွဲတော်ကာလအတွင်း အသေးအဖွဲကိစ္စမှအပ အတွင်းလူနာဆိုင်ရာကိစ္စများ အကြောင်းထူးမရှိခဲ့ပါ။

၁၂။ ဒေါ်ခိုင်ခိုင်လှ (ဦးစီးအရာရှိ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) ဦးဆောင်သော တရားဟောမဏ္ဍပ်ဝန်းကျင်လုံခြုံရေးအဖွဲ့ငယ်သည် တရားနာပရိသတ်များ လုံခြုံရေးအတွက် အထူးဂရုပြု စောင့်ရှောက်ပေးခြင်း၊ မီးဘေးအန္တရာယ်မရှိရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေး ခြင်း၊ တရားနာပရိသတ်များ ဆိတ်ငြိမ်အေးချမ်းစွာ တရားနာယူနိုင်ရေးအတွက် စည်းကမ်းတကျရှိစေရေး ကူညီဆောင်ရွက်ပေးခြင်း၊ မဏ္ဍပ်ဝန်းကျင် အပြင်စည်းလုံခြုံရေးအတွက် အထူးဂရုပြု ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းတာဝန်များကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၃။ တရားပွဲကျင်းပသည့် (၁၅)ရက်တာကာလအတွင်း သောက်ရေသန့်များကို ဝေနေယျသုခ ရေချမ်းစင်အသင်းမှ တာဝန်ယူ၍ လှူဒါန်းခဲ့ပြီး အလှူရှင်များ လာရောက်လှူဒါန်းသော ရေသန့်/ အချိုရည်နှင့် အာဟာရဒါန လှူဒါန်းမှုများ၊ တရားခွေနှင့် တရားစာအုပ်များ လှူဒါန်းခြင်းကိုလည်း ဝိုင်းဝန်း ကူညီဆောင် ရွက်ပေးခဲ့ပါသည်။ တရားပွဲမစမီအချိန်အတွင်း ဂေါပကအဖွဲ့ရုံး ဝန်ထမ်းများနှင့် ဘာသာရေးအသင်းများမှ နေ့စဉ်အလှည့်ကျ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဆိုပူဇော်ခြင်းကိုလည်း ကုသိုလ်ယူဆောင်ရွက်နိုင်ခဲ့ပါ သည်။

## အမှန်သုံးစွဲခဲ့သည့် အသုံးစရိတ်များ

၁၄။ တရားပွဲကျင်းပရေးဆပ်ကော်မတီအနေဖြင့် အသုံးစရိတ်များကို အောက်ပါအတိုင်း ကျခံသုံးစွဲခဲ့ပါသည် -

| | | | |
|---|---|---|---|
| ၁။ | ဂေါပကအဖွဲ့မှ မတည်လှူဒါန်းငွေ<br>(တစ်ပါးလျှင် ၅၀၀,၀၀၀/ - × ၁၅ ပါး) | = | ၇,၅၀၀,၀၀၀/ - |
| ၂။ | အလှူရှင်များမှ (ကြိုတင်)မတည်လှူဒါန်းငွေ | = | ၂၃၀၈၄၀၀၀/ - |
| ၃။ | သံဃာတော်/သီလရှင်များအား လှူဒါန်းငွေ<br>(တစ်ပါးလျှင် ၁၀၀၀/ - × ၄၈၃၀ ပါး) | = | ၄၈၃၀၀၀၀/ - |
| ၄။ | ဘုရားပွဲနှင့် သစ်သီးပွဲဝယ်ယူခြင်း | = | ၅၈၀၅၀/ - |
| ၅။ | တရားပွဲကြော်ငြာ/ မတည်အလှူရှင်များစာရင်း<br>Vinyl (၅၈) ခု ပြုလုပ်ခြင်း | = | ၇၂၆၆၀၀/ - |
| ၆။ | အစည်းအဝေးဧည့်ခံစရိတ် (၅ - ကြိမ်) | = | ၁၆၀၈၀၀/ - |
| ၇။ | ပန်းဖလက်အသေး အစောင်ရေ (၁) သိန်း ပြုလုပ်ခြင်း | = | ၁၀၀၀၀၀၀/ - |
| ၈။ | ဆရာတော်ကြီးများဓါတ်ပုံ Light Box ၁၅ - ပုံပြုလုပ်ခြင်း<br>(တစ်ပုံလျှင် ၁၀၀၀၀/ - × ၁၅ ပါး) | = | ၁၅၀၀၀၀/ - |
| ၉။ | ရင်ထိုးတံဆိပ် (၁၃၀) ခု ပြုလုပ်ခြင်း | = | ၇၀၀၀/ - |
| ၁၀။ | အမွှေးနံ့သာ၊ စပရေးဗူးနှင့် ပရုပ်ခဲဝယ်ယူခြင်း | = | ၈၄၁၀/ - |
| ၁၁။ | ဘုရားပန်းနှင့် ပန်းအလှပြင်ဆင်ခြင်း<br>(တစ်ရက်လျှင် ၅၀၀၀၀/ - × ၁၅ ရက်) | = | ၇၅၀၀၀၀/ - |
| ၁၂။ | စာအိတ် (သံဃာတော်များ နဝကမ္မကပ်လှူရန်) | = | ၂၁၀၀၀/ - |
| ၁၃။ | စပါယ်ပန်း၊ သပြေပန်းဝယ်ယူခြင်း<br>(တစ်ရက်လျှင် ၃၅၀၀/ - × ၁၅ ရက်) | = | ၅၂၅၀၀/ - |

www.dhammadownload.com



ထေရဝါဒတရားအလှူပေးပွဲအတွက် အစည်းအဝေးများ ကျင်းပစဉ်၊



www.dhammadownload.com






ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်
ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင်
တပေါင်းလဆန်း (၁) ရက်နေ့မှ လပြည့်နေ့အထိ
(၂၂-၂-၂၀၁၂) မှ (၇-၃-၂၀၁၂) ရက်နေ့အထိ
ထေရဝါဒတရားပွဲများ ကျင်းပခဲ့ပါသည်။



တရားပွဲအတွက် လှူဒါန်းလိုသူများ
အဆင်ပြေစေရန် အလှူခံဌာနဖွင့်လှစ်။



www.dhammadownload.com



| | | | |
|---|---|---|---|
| ၁၄။ | ရေသန့်၊ စနိုးတာဝါ၊ နဖူးစီးအလှဆင်ခြင်း | = | ၅၁၂၀၀/- |
| ၁၅။ | စာပို့ခ | = | ၁၉၀၀၀/- |
| ၁၆။ | ပလ္လင်ငှားရမ်းခ | = | ၅၀၀၀၀/- |
| ၁၇။ | မီးစက်ငှားရမ်းခ | = | ၆၂၅၀၀၀/- |
| ၁၈။ | ဒီဇယ်ဝယ်ယူခြင်း (မီးစက်) | = | ၆၇၀၀၀/- |
| ၁၉။ | စတီးလျှောက်လမ်းအကာ (၃၀)ခုပြုလုပ်ခြင်း | = | ၁၀၃၅၀၀၀/- |
| ၂၀။ | ပလပ်စတစ်လက်စွဲအိတ် (ဖိနပ်ထည့်ရန်) | = | ၂၈၅၀၀၀/- |
| ၂၁။ | ပရိဂျက်တာငှားရမ်းခ (၅)ခု | = | ၁၃၂၅၀၀၀/- |
| ၂၂။ | အသံချဲ့စက်ငှားရမ်းခ (၁၄ - ရက်) | = | ၉၃၅၀၀၀/- |
| ၂၃။ | ဖိတ်စာ (၆၀)ခုပြုလုပ်ခ | = | ၇၈၀၀၀/- |
| ၂၄။ | ဒီဇယ် (၆၀)ဂါလံ (နိုးဆော်ရေးယာဉ်) | = | ၂၄၀၀၀၀/- |
| ၂၅။ | ပလပ်စတစ်ခုံ (၁၀၀)လုံး ငှားရမ်းခ | = | ၁၅၀၀၀၀/- |
| ၂၆။ | ပလပ်စတစ်ခုံ (၁)ခုံကျိုး (အလျော်ပေး) | = | ၇၀၀၀/- |
| ၂၇။ | ရေသန့်ပစ္စည်းဝယ်ယူခြင်း | = | ၁၃၂၀၀/- |
| ၂၈။ | ဆေးဝယ်ခြင်း (တိုင်းရင်းဆေး/အနောက်တိုင်းဆေး) | = | ၄၉၉၀၀/- |
| ၂၉။ | သန့်ရှင်းရေးလုပ်အားပေးများ ညှော့ခံစရိတ် | = | ၅၂၅၀၀/- |
| ၃၀။ | တံဆိပ်တုံးပြုလုပ်ခြင်း (တရားပွဲကျင်းပရေး) | = | ၄၀၀၀/- |
| ၃၁။ | လုပ်အားခများ | = | ၉၉၀၀၀/- |
| ၃၂။ | ကားခများ | = | ၁၇၅၀၀/- |
| ၃၃။ | သန့်စင်ခန်း သန့်ရှင်းရေးပစ္စည်းများဝယ်ယူခြင်း | = | ၃၀၀၀၀/- |
| ၃၄။ | သန့်စင်ခန်းသန့်ရှင်းရေး ဝေယျာဝစ္စဆောင်ရွက်သူများထောက်ပံ့စရိတ် | = | ၂၂၅၀၀၀/- |
| ၃၅။ | အသံချဲ့စက်ငှားရမ်းခ(စူပါဟိုက်) (၄.၃.၂၀၁၂)နေ့အတွက် | = | ၁၀၀၀၀၀/- |
| ၃၆။ | တရားခွေများ ထုတ်လုပ်ခြင်း | = | ၂၂၃၀၀၀၀/- |
| ၃၇။ | ဝေယျာဝစ္စဆောင်ရွက်သူများ ထောက်ပံ့စရိတ် | = | ၄၂၇၀၀၀/- |
| ၃၈။ | ဝန်ထမ်းများ ထောက်ပံ့စရိတ် (တရားနာ/ဝတ်ရွတ်) | = | ၂၇၄၀၀၀/- |
| ၃၉။ | ဝေယျာဝစ္စဆောင်ရွက်သူများ ထောက်ပံ့စရိတ် (ဘာသာရေး) | = | ၁၅၀၈၀၀၀/- |
| | **စုစုပေါင်း** | = | **၄၈,၂၄၅,၆၆၀/-** |

[ကျပ်လေးရာရှစ်ဆယ့်နှစ်သိန်းလေးသောင်းငါးထောင်ခြောက်ရာခြောက်ဆယ်တိတိ]

www.dhammadownload.com



နိဂုံး

၁၅။ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ နှစ် (၂၆၀၀)ပြည့်အဖြစ် ကျင်းပပူဇော်ပြုလုပ်သော ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ယခင့်ယခင် ကျင်းပပြုလုပ်ခဲ့သည့် ဗုဒ္ဓပူဇနီယပွဲတော်များထက် သာလွန်ထူးမြတ်၊ ထူးခြားစွာ ပူဇော်သည့်အနေဖြင့် မြတ်ဗုဒ္ဓဟောမြွတ်ကြားခဲ့သည့် ပြီးပြည့်စုံ၍ ထူးမြတ်သည့်အနှစ်သာရများနှင့် ပြည့်စုံသော တရားဓမ္မဒေသနာတော်များကို ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များနှင့်မြင်အပ်မမြင်အပ်ပုဂ္ဂိုလ်များစွာ နာယူမှတ်သား၊ ဆောင်ထားလိုက်နာ၊ ကျင့်ကြံပွားများနိုင်စေရေးအတွက်လည်းကောင်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တရားဓမ္မဒေသနာတော်များ ဟောကြားတော်မူသော ဆရာတော်ကြီးများအား အာမိသပူဇာ၊ ဓမ္မပူဇာဟူသော ပစ္စယာဓမ္မ နှစ်ဌာနတို့ဖြင့် ပူဇော်ခြင်းဖြင့်လည်းကောင်း၊ လောကသံသရာ နှစ်ဖြာကောင်းကျိုးများ တိုးပွားစေရန်ရည်ရွယ်လျက် ယခုကဲ့သို့စနစ်တကျခန့်ညားထည်ဝါ စည်ကားသိုက်မြိုက်အောင်မြင်ပြီးမြောက်စွာ ဆောင်ရွက်ခဲ့ရာ၌ အဖက်ဖက်မှ ပံ့ပိုးကူညီ လမ်းညွှန်မှုပေးခဲ့သော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အားလည်းကောင်း၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင် လူကြီးမင်းများအားလည်းကောင်း၊ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မတည် (ကြိုတင်) အလှူငွေများ လှူဒါန်းကြသည့် အလှူရှင်များ၊ တရားတော်နာလာရောက်ကြသည့် ရဟန်းရှင်လူ အများပြည်သူ ကုသိုလ်ရှင်များ၊ ရွှေတိဂုံစေတီတော် ကုသိုလ်ဖြစ်ဆေးခန်းမှ တာဝန်ခံဆရာဝန်နှင့် ဆေးဝန်ထမ်းများ၊ တရားပွဲအစမှအဆုံးအထိ သောက်ရေသန့်ဘူးများနှင့် ရေသန့်စက်များ ကူညီလှူဒါန်း သည့် ဝေနေယျသုခ ရေချမ်းစင်အသင်းအားလည်းကောင်း၊ ပန်းအလှပြင်ဆင်ပေးသော အလှူရှင်များ၊ နေ့အလိုက် ဓမ္မဒါနအဖြစ် တရားစာအုပ်များနှင့် တရားခွေများလှူဒါန်းသည့် အလှူရှင်များ၊ အဟာရဒါနအဖြစ် အချိုရည်ပုလင်းဗူးများ၊ စားသောက်ဖွယ်ရာများ လှူဒါန်းသည့် အလှူရှင်များ၊ ဘာသာရေး အသင်း အဖွဲ့များမှ ဦးဆောင်ဦးရွက်ပြုပုဂ္ဂိုလ်များနှင့်အသင်းသား/သူများအားလည်းကောင်း၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံးဝန်ထမ်းများ၊ ရွှေနှင့်ရတနာဌာနမှ ဝန်ထမ်းများအားလည်းကောင်း ကောင်းမြတ်သော စေတနာသဒ္ဓါတရားတို့ဖြင့် ကုသိုလ်ယူ၍ ဝိုင်းဝန်းဆောင်ရွက်ခြင်းအား တရားပွဲကျင်းပရေးဆပ်ကော်မတီမှ အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ကာ ဤအစီရင်ခံစာဖြင့် သာဓုခေါ်ဆို ဂုဏ်ပြုအပ်ပါသည်။

[ဒေါက်တာတင်သိန်းလွင်၊ ဂေါပကအဖွဲ့ဝင်]
(ဥက္ကဋ္ဌ)
နှစ် (၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်
တရားပွဲကျင်းပရေးဆပ်ကော်မတီ

စာအမှတ်၊ ၃ - ၁၄ / ၀၁ - ၂၀၁၁ ( )
ရက်စွဲ ၊ ၂၀၁၂ - ခုနှစ်၊ မတ်လ ( ၂၂ )ရက်

ဖြန့်ဝေခြင်း -

၁။ ဖဟိုကော်မတီ
၂။ ဆပ်ကော်မတီ
၃။ ဆပ်ကော်မတီအဖွဲ့ဝင် ခေါင်းဆောင်များအားလုံး

www.dhammadownload.com



နောက်ဆက်တွဲ (က)

# ရွှေတိဂုံစေတီတော်၊ နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော် ထေရဝါဒတရားအလှူပေးပွဲတွင် တရားချီးမြှင့်တော်မူခဲ့ကြသည့် ဆရာတော်ကြီးများစာရင်း

| စဉ် | တရားချီးမြှင့်မည့် ဆရာတော် | တရားချီးမြှင့်မည့် ရက်စွဲ |
|---|---|---|
| ၁။ | ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (ဖန်းမော်ဆရာတော်) | တပေါင်းလဆန်း(၁)ရက် |
| | အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ | (၂၂.၂.၂၀၁၂)၊ |
| | D. Litt. ဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ | ဗုဒ္ဓဟူးနေ့ |
| ၂။ | ဘဒ္ဒန္တနာရဒါဘိဝံသ (လှုရတနာဆရာတော်) | တပေါင်းလဆန်း (၂)ရက် |
| | ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အဋ္ဌကထာပြန်အကျော်၊ သ.စ.အ ဓမ္မာစရိယ၊ | (၂၃.၂.၂၀၁၂) |
| | ဝဋံသကာ၊ ပါဠိပါရဂူ၊ လှုရတနာကျောင်း၊ ညောင်တုန်းကျောင်းတိုက်၊ | ကြာသပတေးနေ့ |
| | ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၃။ | ဘဒ္ဒန္တဂုဏိကာဘိဝံသ | တပေါင်းလဆန်း(၃)ရက် |
| | အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ | (၂၄.၂.၂၀၁၂)၊ |
| | (တွဲဖက်အကျိုးတော်ဆောင်)၊ ကံသုံးဆင့်စာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်။ | သောကြာနေ့ |
| | ဖုန်း ၀၁ - ၆၃၆၄၃၆ | |
| ၄။ | ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်) | တပေါင်းလဆန်း(၄)ရက် |
| | တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ | (၂၅.၂.၂၀၁၂)၊ |
| | မဟာဝိသုဒ္ဓါရုံစာသင်တိုက်၊ ဗဟန်းမြို့နယ်။ | စနေနေ့ |
| ၅။ | ဘဒ္ဒန္တဂုဏာလင်္ကာရ | တပေါင်းလဆန်း (၅)ရက် |
| | ပိဋက (၁)ပုံဆောင်၊ သာသနဓဇဓမ္မာစရိယ၊ သပြေပင်တောရ၊ | (၂၆.၂.၂၀၁၂) |
| | မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး။ | တနင်္ဂနွေနေ့ |
| ၆။ | ဒေါက်တာဘဒ္ဒန္တကုန္တက (ညောင်ကန်အေးဆရာတော်) | တပေါင်းလဆန်း(၆) ရက် |
| | အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ | (၂၇.၂.၂၀၁၂) |
| | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၁-၆၄၂၂၀၉ | တနင်္လာနေ့ |
| ၇။ | လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ (ကလေးဝတောရဆရာတော်) | တပေါင်းလဆန်း (၇)ရက် |
| | အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ | (၂၈.၂.၂၀၁၂)၊ |
| | ကလေးဝတောရကျောင်းတိုက်၊ နာဂလှိုဏ်ဂူ၊ မရမ်းကုန်းမြို့နယ်၊ | အင်္ဂါနေ့ |
| | ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း -၀၉၅၁၈၈၉၇၃၇ | |
| ၈။ | လယ်တီဘဒ္ဒန္တစန္ဒာဝရ | တပေါင်းလဆန်း (၈)ရက် |
| | ဂန္ထဝါစကဓမ္မကထိက၊ ဇေယျဝတီကျောင်း၊ | (၂၉.၂.၂၀၁၂)၊ |
| | ဒလမြို့ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၅၀၃၆၄၉၄ | ဗုဒ္ဓဟူးနေ့ |

www.dhammadownload.com



| စဉ် | တရားချီးမြှင့်မည့် ဆရာတော် | တရားချီးမြှင့်မည့် ရက်စွဲ |
|---|---|---|
| ၉။ | ဘဒ္ဒန္တကုန္တက | တပေါင်းလဆန်း(၉)ရက် |
| | ဓမ္မကထိကဗဟုဇနဟိတဓရ၊ ကွင်းချောင်းကဒုံကနီရွာ၊ ဘိုကလေးမြို့နယ်၊ | (၁.၃.၂၀၁၂)၊ |
| | ဧရာဝတီတိုင်းဒေသကြီး။ ဖုန်း - ၀၉ ၈၆၃၀၄၄၆ | ကြာသပတေးနေ့ |
| ၁၀။ | ဘဒ္ဒန္တနာဂိတ | တပေါင်းလဆန်း(၁၀)ရက် |
| | အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဒွိပိဋကဓရ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ရွှေပြည်သာ | (၂.၃.၂၀၁၂)၊ |
| | ပရိယတ္တိစာသင်တိုက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၁ - ၆၁၀၈၀၅ | သောကြာနေ့ |
| ၁၁။ | ဘဒ္ဒန္တကေသရ | တပေါင်းလဆန်း (၁၁)ရက် |
| | ဓမ္မာစရိယ၊ အလည်ရေကျော်ရွာ၊ မော်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | (၃.၃.၂၀၁၂) |
| | ဖုန်း ၀၉ ၈၅၉၈၆၂၇ | စနေနေ့ |
| ၁၂။ | ဒေါက်တာဘဒ္ဒန္တဉာဏိဿရ (သီတဂူဆရာတော်) | တပေါင်းလဆန်း(၁၂)ရက် |
| | (D.Litt.Ph.D) အဂ္ဂမဟာပဏ္ဍိတ၊ အရဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက၊ | (၄.၃.၂၀၁၂)၊ |
| | ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ စစ်ကိုင်းတောင်ရိုး | တနင်္ဂနွေနေ့ |
| | သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်။ | |
| ၁၃။ | ဘဒ္ဒန္တကောဏ္ဍည | တပေါင်းလဆန်း (၁၃)ရက် |
| | သာသနဓဇဓမ္မာစရိယ၊ ငွေတောင်တောရ၊ | (၅.၃.၂၀၁၂) |
| | နေပြည်တော်၊ တပ်ကုန်းမြို့။ ဖုန်း ၀၆၇ - ၇၀၀၆၁ | တနင်္လာနေ့ |
| ၁၄။ | ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ (ပါမောက္ခချုပ်ဆရာတော်) | တပေါင်းလဆန်း(၁၄)ရက် |
| | အဂ္ဂမဟာပဏ္ဍိတ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ | (၆.၃.၂၀၁၂) |
| | ကမ္ဘာအေး။ | အင်္ဂါနေ့ |
| ၁၅။ | ဘဒ္ဒန္တဇနကာဘိဝံသ (ချမ်းမြေ့ဆရာတော်) | တပေါင်းလပြည့်နေ့ |
| | အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ | (၇.၃.၂၀၁၂) |
| | ပြည်တွင်း/ပြည်ပသာသနာပြု၊ ချမ်းမြေ့ရိပ်သာကျောင်း။ | ဗုဒ္ဓဟူးနေ့ |

www.dhammadownload.com



နောက်ဆက်တွဲ (ခ)

# ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓဇယန္တိပွဲတော် ထေရဝါဒတရားအလှူပေးပွဲတွင် တရားပွဲကျင်းပရေးဆပ်ကော်မတီမှ တရားချီးမြှင့်သည့်ဆရာတော်အား လှူဒါန်းမှုစာရင်းချုပ်

| စဉ် | ရက်စွဲ | ဓမ္မကထိကအမည် | ဂေါပကအဖွဲ့မှ မတည်လှူဒါန်းငွေ | အလှူရှင်များမှ ကြိုတင်(မတည်) လှူဒါန်းငွေ | ရဟန်းရှင်လူ ပြည်သူအများ လှူဒါန်းငွေ | စုစုပေါင်း လှူဒါန်းငွေ |
|---|---|---|---|---|---|---|
| ၁ | ၂၂.၂.၂၀၁၂ | ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ | ၅၀၀၀၀၀ | ၁၂၄၀၀၀၀ | ၆၄၄၀၅၀ | ၂၃၈၄၀၅၀ |
| ၂ | ၂၃.၂.၂၀၁၂ | ဘဒ္ဒန္တနာရဒါဘိဝံသ | ၅၀၀၀၀၀ | ၉၁၆၀၀၀ | ၁၅၉၇၃၅၀ | ၃၀၁၃၃၅၀ |
| ၃ | ၂၄.၂.၂၀၁၂ | ဘဒ္ဒန္တဂုဏိကာဘိဝံသ | ၅၀၀၀၀၀ | ၉၃၆၀၀၀ | ၇၃၆၆၅၀ | ၂၁၇၂၆၅၀ |
| ၄ | ၂၅.၂.၂၀၁၂ | ဘဒ္ဒန္တသီရိန္ဒာဘိဝံသ | ၅၀၀၀၀၀ | ၂၂၉၁၀၀၀ | ၁၃၇၇၄၅၀ | ၄၁၆၈၄၅၀ |
| ၅ | ၂၆.၂.၂၀၁၂ | ဘဒ္ဒန္တဂုဏာလင်္ကာရ | ၅၀၀၀၀၀ | ၉၁၆၀၀၀ | ၈၃၇၁၅၀ | ၂၂၅၃၁၅၀ |
| ၆ | ၂၇.၂.၂၀၁၂ | ဒေါက်တာဘဒ္ဒန္တကုန္ဒက | ၅၀၀၀၀၀ | ၉၁၆၀၀၀ | ၆၄၆၁၁၅ | ၂၀၆၂၁၁၅ |
| ၇ | ၂၈.၂.၂၀၁၂ | လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ | ၅၀၀၀၀၀ | ၉၁၆၀၀၀ | ၅၅၉၄၀၀ | ၁၉၇၅၄၀၀ |
| ၈ | ၂၉.၂.၂၀၁၂ | လယ်တီဘဒ္ဒန္တစန္ဒာဝရ | ၅၀၀၀၀၀ | ၁၄၁၆၀၀၀ | ၅၈၅၉၅၀ | ၂၅၀၁၉၅၀ |
| ၉ | ၁.၃.၂၀၁၂ | ဘဒ္ဒန္တကုန္ဒက | ၅၀၀၀၀၀ | ၉၁၆၀၀၀ | ၆၅၇၉၁၀ | ၂၀၇၃၉၁၀ |
| ၁၀ | ၂.၃.၂၀၁၂ | ဘဒ္ဒန္တနာဂိတ | ၅၀၀၀၀၀ | ၉၁၆၀၀၀ | ၉၄၀၄၅၀ | ၂၃၅၆၄၅၀ |
| ၁၁ | ၃.၃.၂၀၁၂ | ဘဒ္ဒန္တကေသရ | ၅၀၀၀၀၀ | ၉၁၆၀၀၀ | ၈၁၉၄၀၀ | ၂၂၃၅၄၀၀ |
| ၁၂ | ၄.၃.၂၀၁၂ | ဒေါက်တာဘဒ္ဒန္တဉာဏိသရ | ၅၀၀၀၀၀ | ၂၈၉၁၀၀၀ | ၇၀၆၁၆၀၀ | ၁၀၄၅၂၆၀၀ |
| ၁၃ | ၅.၃.၂၀၁၂ | ဘဒ္ဒန္တကောဏ္ဍည | ၅၀၀၀၀၀ | ၉၁၆၀၀၀ | ၈၃၂၀၅၀ | ၂၂၄၈၀၅၀ |
| ၁၄ | ၆.၃.၂၀၁၂ | ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ | ၅၀၀၀၀၀ | ၅၂၄၆၀၀၀ | ၁၉၃၀၄၀၀ | ၇၆၇၆၄၀၀ |
| ၁၅ | ၇.၃.၂၀၁၂ | ဘဒ္ဒန္တဇနကာဘိဝံသ | ၅၀၀၀၀၀ | ၁၇၃၆၀၀၀ | ၁၅၅၈၀၀၀ | ၃၇၉၄၀၀၀ |
| | | စုစုပေါင်း | ၇၅၀၀၀၀၀ | ၂၃၀၈၄၀၀၀ | ၂၀၇၈၃၉၂၅ | ၅၁၃၆၇၉၂၅ |

www.dhammadownload.com



နောက်ဆက်တွဲ (ဂ)

## ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော်
## ထေရဝါဒတရားအလှူပေးပွဲသို့ ကြွရောက်တရားနာယူသော
## သံဃာတော်/သီလရှင်များအား နဝကမ္မလောင်းလှူမှုစာရင်း

| စဉ် | ရက်စွဲ | သံဃာတော် | သီလရှင် | ပေါင်း | နှုန်း | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | ၂၂.၂.၂၀၀၂ | - | - | - | - | - |
| ၂ | ၂၃.၂.၂၀၀၂ | - | ၁၄၆ | ၁၄၆ | ၁၀၀၀ | ၁၄၆၀၀၀ |
| ၃ | ၂၄.၂.၂၀၀၂ | ၃၈ | ၁၅၄ | ၁၉၂ | ၁၀၀၀ | ၁၉၂၀၀၀ |
| ၄ | ၂၅.၂.၂၀၀၂ | ၇၅ | ၂၀၁ | ၂၇၆ | ၁၀၀၀ | ၂၇၆၀၀၀ |
| ၅ | ၂၆.၂.၂၀၀၂ | ၆၀ | ၂၂၅ | ၂၈၅ | ၁၀၀၀ | ၂၈၅၀၀၀ |
| ၆ | ၂၇.၂.၂၀၀၂ | ၈၂ | ၁၆၂ | ၂၄၄ | ၁၀၀၀ | ၂၄၄၀၀၀ |
| ၇ | ၂၈.၂.၂၀၀၂ | ၁၁၁ | ၁၈၁ | ၂၉၂ | ၁၀၀၀ | ၂၉၂၀၀၀ |
| ၈ | ၂၉.၂.၂၀၀၂ | ၁၁၃ | ၂၀၁ | ၃၁၄ | ၁၀၀၀ | ၃၁၄၀၀၀ |
| ၉ | ၁.၃.၂၀၀၂ | ၇၉ | ၂၈၀ | ၃၅၉ | ၁၀၀၀ | ၃၅၉၀၀၀ |
| ၁၀ | ၂.၃.၂၀၀၂ | ၁၀၂ | ၂၄၃ | ၃၄၅ | ၁၀၀၀ | ၃၄၅၀၀၀ |
| ၁၁ | ၃.၃.၂၀၀၂ | ၉၁ | ၂၇၇ | ၃၆၈ | ၁၀၀၀ | ၃၆၈၀၀၀ |
| ၁၂ | ၄.၃.၂၀၀၂ | ၃၁၆ | ၃၈၄ | ၇၀၀ | ၁၀၀၀ | ၇၀၀၀၀၀ |
| ၁၃ | ၅.၃.၂၀၀၂ | ၁၃၇ | ၂၂၃ | ၃၆၀ | ၁၀၀၀ | ၃၆၀၀၀၀ |
| ၁၄ | ၆.၃.၂၀၀၂ | ၂၂၅ | ၂၄၃ | ၄၆၈ | ၁၀၀၀ | ၄၆၈၀၀၀ |
| ၁၅ | ၇.၃.၂၀၀၂ | ၂၄၂ | ၂၃၉ | ၄၈၁ | ၁၀၀၀ | ၄၈၁၀၀၀ |
| | | ၁၆၇၁ | ၃၁၅၉ | ၄၈၃၀ | | ၄၈၃၀၀၀၀ |

www.dhammadownload.com



# ရွှေတိဂုံစေတီတော်
# နှစ် – ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်
# ပြန်ကြားရေးနှင့် မှတ်တမ်းပြုစုရေး ဆပ်ကော်မတီ
# လုပ်ငန်းအစီရင်ခံစာ

## နိဒါန်း

၁။ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ဤဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးသော ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမအစရှိသော ဘုရားရှင်လေးဆူတို့၏ဓါတ်တော်မွေတော်များကိန်းဝပ်စံပယ်တော်မူသောစေတီတော်ကြီးဖြစ်ပါသည်။ ထို့အပြင် ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် အခါကပင် ချီးမြှင့်တော်မူခဲ့သော ဆံတော်ရှစ်ဆူဖြင့် မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ဝါဆိုလမှစတင်၍ စေတီတော်တည်ထားခဲ့ရာ တပေါင်းလတွင် ပြီးမြောက်ခဲ့ပါသည်။ ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ်အချိန်မှပင်ရွှေတိဂုံစေတီတော်မြတ်ကြီးအားတည်ထားကိုးကွယ်ခဲ့ရာဂေါတမမြတ်စွာဘုရားရှင်၏ ဝါတော်(၄၅)ဝါနှင့် သာသနာတော်နှစ် – ၂၅၅၅ ကိုပေါင်းသော် ကောဇာသက္ကရာဇ် ၁၃၇၃ – ခုနှစ်၊ တပေါင်းလပြည့်နေ့၊ (၇.၃.၂၀၁၂)နေ့တွင် လေးဆူဓါတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ခဲ့သည်မှာ နှစ်ပေါင်း၂၆၀၀ ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

ရွှေတိဂုံစေတီတော်နှစ် – ၂၆၀၀ ပြည့်ဗုဒ္ဓပူဇနီယပွဲတော်ကြီးကိုဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာပူဇာဟုဆိုအပ်သောပူဇော်ခြင်းတို့ဖြင့် ယခင်နှစ်များနှင့်မတူ ကျင်းပရာတွင် တပုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့ ဂေါတမမြတ်စွာဘုရားရှင်ထံမှ အလှူခံရရှိတော်မူခဲ့သော ဆံတော်မြတ်(၈)ဆူအား ပင့်ဆောင်ရာလမ်းကြောင်းတွင် တည်ထားကိုးကွယ်ခဲ့သော ဆံတော်ကြုံစေတီများတည်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေးနှင့် ဗိုလ်တထောင် စေတီတည်ရှိရာ ဆိပ်ကမ်းမြို့နယ်များသို့ (၁၀.၂.၂၀၁၂ နေ့ မှ ၂၁.၂.၂၀၁၂ နေ့အထိ) ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အစိတ်အပိုင်းဖြစ်သော ရွှေသားပုံတူစေတီတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေပြားသင်္ကန်းတော်တို့အား ပင့်ဆောင်၍ အကြိုလှည့်လည်ပူဇော်ပွဲများ ကျင်းပခြင်း၊ ရွှေတိဂုံစေတီတော်၌ (၂၂.၂.၂၀၁၂) နေ့မှ (၇.၃.၂၀၁၂)နေ့ အထိ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာပူဇာစသည့် ပူဇော်ခြင်းအမျိုးမျိုးတို့ဖြင့် ပူဇော်ခြင်း၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

## ရည်ရွယ်ချက်

၂။ ရွှေတိဂုံစေတီတော် နှစ် – ၂၆၀၀ပြည့် အထိမ်းအမှတ် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်ဦးရွက်ပြုလျက် ပွဲတော်ကျင်းပရေးဗဟိုကော်မတီနှင့် ဆပ်ကော်မတီ(၉)ခုကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရာတွင် ပြန်ကြားရေးနှင့် မှတ်တမ်းပြုစုရေးဆပ်ကော်မတီသည် ရွှေတိဂုံစေတီ တော်မြတ်ကြီး၏ နှစ် – ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကျင်းပရခြင်းကို နောင်လာနောင်သား အများပြည်သူတို့ သိရှိမှတ်သားနိုင်စေရန် ရည်ရွယ်၍လည်းကောင်း၊ သမိုင်းမော်ကွန်း မှတ်တမ်းများထားရှိနိုင်ရန် ရည်ရွယ်၍လည်းကောင်း လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

## ဆပ်ကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၃။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ (၂၂.၈.၂၀၁၂)နေ့စွဲပါ စာအမှတ် ၂/၄ – ၃(၆)လူမှုဖြင့် ပြန်ကြားရေးနှင့် မှတ်တမ်းပြုစုရေးဆပ်ကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည် –

| | | | |
|---|---|---|---|
| (က) | ဦးသောင်းညွန့် | ဂေါပကအဖွဲ့ဝင် | ဥက္ကဋ္ဌ |
| (ခ) | ဦးမြင့်ဆွေ | တိုင်းဒေသကြီးဦးစီးမှူး<br>(ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန) | ဒု – ဥက္ကဋ္ဌ |

www.dhammadownload.com



| | | | |
|---|---|---|---|
| (ဂ) | ဦးမြင့်အုန်း | ဂေါပကအဖွဲ့ဝင် | ဒု-ဥက္ကဋ္ဌ |
| (ဃ) | ဦးမြင့်အောင် | ညွှန်ကြားရေးမှူး - MRTV-4 (မြန်မာ့အသံနှင့် ရုပ်မြင်သံကြား) | အဖွဲ့ဝင် |
| (င) | ဦးကျော်အုန်းသန်း | ဒုတိယညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း | အဖွဲ့ဝင် |
| (စ) | ဦးရေအေး | တွဲဖက်အတွင်းရေးမှူး(၄) မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) | အဖွဲ့ဝင် |
| (ဆ) | ဗိုလ်ကြီးဇော်မျိုး | (မြဝတီရုပ်မြင်သံကြား) | အဖွဲ့ဝင် |
| (ဇ) | ဒေါ်နွဲ့နွဲ့ကြည် | စာတည်း(သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း) | အဖွဲ့ဝင် |
| (ဈ) | ဦးကျော်နန္ဒ | ဦးစီးအရာရှိ (ရန်ကုန်တိုင်းဒေသကြီး၊ သာသနာရေးမှူးရုံး) | အဖွဲ့ဝင် |
| (ည) | ဦးသန်းဇော် | ဓါတ်ပုံနှင့် ပြခန်းပညာရှင် | အဖွဲ့ဝင် |
| (ဋ) | ဦးကြီးမြင့် | ဓါတ်ပုံနှင့် ပြခန်းပညာရှင် | အဖွဲ့ဝင် |
| (ဌ) | ဦးသန်းရွှေ | ဌာနခွဲမှူး(အတွင်းရေးမှူးဌာန၊ ရွှေတိဂုံ) | အဖွဲ့ဝင် |
| (ဍ) | ဒေါ်ညိုညိုဝင်း | ဌာနမှူး(အတွင်းရေးမှူးဌာန၊ ရွှေတိဂုံ) | အတွင်းရေးမှူး |

## ဆပ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ

၄။ ပြန်ကြားရေးနှင့် မှတ်တမ်းပြုစုရေးဆပ်ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခဲ့ပါသည် -

(က) ရွှေတိဂုံစေတီတော် နှစ် - ၂၆၀၀ပြည့်ဗုဒ္ဓပူဇနီယပွဲတော်မတိုင်မီကြိုတင်၍အများပြည်သူတို့သိရှိနိုင်စေရန် နေ့စဉ်ထုတ် သတင်းစာများတွင် ကြိုတင်၍ ကြော်ငြာထည့်ခြင်း၊ သတင်းအဖြစ်ဖော်ပြပေးခြင်း၊ သတင်းမီဒီယာများအား အပတ်စဉ်ဖိတ်ကြား၍ သတင်းထုတ်ပြန်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

(ခ) ပွဲတော်မတိုင်မီအကြိုလှုပ်ရှားမှုများအနေဖြင့်ရွှေတိဂုံစေတီတော် နှစ် - ၂၆၀၀ပြည့်အထိမ်းအမှတ် "Logo" ပြိုင်ပွဲ၊ "ကြည်ညိုဖွယ်အစုံစုံ နှစ် - ၂၆၀၀ပြည့် ရွှေတိဂုံ"၊ "ဆယ်ပွင့်ပန်းတို့လန်းဆန်းဝေဆာ နှစ် ၂၆၀၀ ပြည့် ရွှေတိဂုံမှာ" ခေါင်းစဉ်နှစ်ရပ်ဖြင့် ဓါတ်ပုံပြိုင်ပွဲ၊ ရွှေတိဂုံစေတီတော်ပုံတူအပါအဝင် ဘာသာရေးအနှစ်သာရပါဝင်သည့် (အလွတ်တန်းပညာရှင်အဆင့်၊ ပညာသင်အဆင့်) ပန်းချီပြိုင်ပွဲ၊ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့အထွဋ်အမြတ်ထားရာ ရွှေတိဂုံစေတီတော်မြတ်ကြီး၏သမိုင်းကြောင်းကိုသိရှိနိုင်စေရန် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှစ်ပိုင်းခွဲ၍ကျောင်း သား၊ ကျောင်းသူများ၏စာစီစာကုံးပြိုင်ပွဲ၊ ဂေါပကအဖွဲ့၌ တာဝန်ထမ်း ဆောင်နေကြသော ဝန်ထမ်းများနှင့် စေတီတော်တွင် အခြေပြု၍ ဝေယျာဝစ္စဆောင်ရွက်နေကြသောဘာသာရေးအသင်းအဖွဲ့ဝင်များအား ရွှေတိဂုံစေတီတော်တွင်ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့်ပတ်သက်၍ဗဟုသုတရစေခြင်းအလို့ငှာ "ရွှေတိဂုံမှာတစ်နှစ်တာ" ခေါင်းစဉ်ဖြင့် သတင်းဆောင်းပါးပြိုင်ပွဲကိုလည်း ကျင်းပယှဉ်ပြိုင်စေခဲ့ပါသည်။ ဆုရသူများကိုလည်း ယှဉ်ပြိုင်သည့် ခေါင်းစဉ်အလိုက် သတ်မှတ်ဆုငွေများကို ချီးမြှင့်ပေးခဲ့ပါသည်။

(ဂ) ရွှေတိဂုံစေတီတော် နှစ် - ၂၆၀၀ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် အထိမ်းအမှတ် ကျန်ရှိနိုင်စေရန်အတွက် "ရွှေတိဂုံစေတီတော် နှစ် - ၂၆၀၀ပြည့် ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ်" စာတမ်းပါ အမှတ်တရလက်ဆောင်ပစ္စည်းများ ရောင်းချနိုင်ရန် သတင်းစာများတွင် ကြော်ငြာထည့်သွင်းခြင်း၊ ဂေါပကအဖွဲ့အစည်းသို့ အမှတ်တရလက်ဆောင်ပစ္စည်း နမူနာများပြသခြင်း၊ ရောင်းချရန်မှာယူခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်ကို (၁၈.၁၀.၂၀၁၁)နေ့မှစ၍ ရောင်းချခဲ့ပါ သည်။ ရောင်းချခဲ့သည့် အမှတ်တရလက်ဆောင်ပစ္စည်းအရေအတွက်မှာအမျိုးပေါင်း(၆၁)မျိုး ရှိခဲ့ပါသည်။

www.dhammadownload.com



ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ဆိုင်ရာ

သိမှတ်ဖွယ်ရာများကို MRTV မှ ထုတ်လွှင့်တင်ပြစဉ်။



အများပြည်သူသို့ ဂေါပကအဖွဲ့ဝင်

ဒေါက်တာတင်သိန်းလွင်မှ

Myanmar International TV နှင့်

တွေ့ဆုံတင်ပြခန်း။



အများပြည်သူသို့ ဂေါပကအဖွဲ့ဝင်

ဒေါက်တာတင်သိန်းလွင်မှ

မြဝတီရုပ်မြင်သံကြားနှင့်

တွေ့ဆုံတင်ပြခန်း။

www.dhammadownload.com



ထို့ပြင်ပွဲတော်ကာလအတွင်းစာအုပ်စာစောင်များရောင်းချပေးခဲ့ရာတွင်အသစ်ထုတ်ဝေသောနှစ် - ၂၆၀၀ ပြည့် အထူးထုတ်မြတ်ရွှေတိဂုံဓမ္မစာစောင်၊ ကမ္ဘာ့အလယ် အံ့ဖွယ်မကုန် မြတ်ရွှေတိဂုံ၊ မောင်းထောင်သာသနာပိုင်ဆရာတော်ရေးသားသော တိဂုံမ္ဗစေတီယထောမနာကျမ်း (မြန်မာ + အင်္ဂလိပ်)၊ နှစ်၂၆၀၀ ပြည့် အထူးထုတ် ပြက္ခဒိန်(၂၀၁၂ - ခုနှစ်)၊ ရွှေတိဂုံ စေတီတော်နှင့် ဆံတော်ကြိုစေတီများ ဓါတ်ပုံပါရှိသည့် နံရံကပ်ပိုစတာ (၃) မျိုးကို လည်းကောင်း၊ အဟောင်းပြန်ရိုက်ထုတ်ဝေသော ရွှေတိဂုံစေတီတော် ဗိသုကာပုံစံများ မှတ်တမ်းစာအုပ်နှင့် ရွှေတိဂုံစေတီတော် မဟာပဋ္ဌာန်းစာအုပ်ကိုလည်းကောင်း၊ ယခင်လက်ကျန် အံ့ချီးမကုန် မြတ်ရွှေတိဂုံစာအုပ်တို့ကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

နှစ် - ၂၆၀၀ ပြည့် အထိမ်းအမှတ်လက်ဆောင်ပစ္စည်းအရောင်းဆိုင်ကို ၁၂.၃.၂၀၁၂နေ့တွင် ပိတ်သိမ်းခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် နှစ်၂၆၀၀ ပြည့် အထိမ်းအမှတ်လက်ဆောင်ပစ္စည်းအချို့ကျန်ရှိနေခြင်းနှင့် ဂေါပကအဖွဲ့က ထုတ်ဝေသော စာအုပ်စာစောင်နှင့် ဆက်လက်ရောင်းချနိုင်ရေးအတွက် ရင်ပြင်တော်၌စာအုပ်ဆိုင် (လက်ဆောင်ပစ္စည်းဆိုင်)တစ်ဆိုင် ဖွင့်လှစ်ရန် စီမံဆောင်ရွက်ထားပြီးဖြစ်ပါသည်။

(ယ) အနယ်နယ်အရပ်ရပ်ရှိ ရဟန်းရှင်လူပြည်သူများအားလုံးရွှေတိဂုံစေတီတော် နှစ် - ၂၆၀၀ပြည့် (ရာပြည့်) ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည့် အကြောင်းကို သိရှိနိုင်စေရန် လက်ကမ်းစာစောင် (ပန်းဖလက်)များ မှာယူဖြန့်ဝေခြင်း၊ အလှူရှင်များအား ဖိတ်ခေါ်စည်းရုံးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

(ရ) ရွှေတိဂုံစေတီတော် နှစ်၂၆၀၀ပြည့်ပွဲတော်ကို ကြိုဆိုသောအားဖြင့်လည်းကောင်း၊ အကြိုလှုပ်ရှားမှုအနေဖြင့်လည်းကောင်း၊ ရွှေတိဂုံစေတီတော်၏ သမိုင်းကြောင်းကို အများပြည်သူတို့ ကျယ်ကျယ်ပြန့်ပြန့် သိရှိပြီး ပိုမိုကြည်ညိုသဒ္ဓါပွားနိုင်စေရန်အတွက်လည်းကောင်း၊ ရွှေတိဂုံဆိုင်ရာသိမှတ်ဖွယ်ရာ စာတမ်းဖတ်ပွဲတစ်ခုကို ၂၁.၁.၂၀၁၂နေ့တွင် ရင်ပြင်တော်ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပခဲ့ပါသည်။ အဆိုပါ စာတမ်းဖတ်ပွဲတွင် နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ်ဦးအုံးမောင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး၊ သမိုင်းပညာရှင်များနှင့် စာတမ်းရှင်များဖြစ်သော ဒေါက်တာခင်မောင်ညွန့်၊ ဒေါက်တာတိုးလှ၊ ဒေါက်တာကျော်ဝင်းနှင့် ဒေါက်တာစံပယ်တို့က စာတမ်းများဖတ်ကြားခဲ့ရာ အဆိုပါစာတမ်းဖတ်ပွဲကိုလည်း ဓါတ်ပုံမှတ်တမ်း၊ ဗွီဒီယိုမှတ်တမ်းများဖြင့် မှတ်တမ်းတင်ရိုက်ကူးခဲ့ပါသည်။

(လ) ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆံတော်ကြိုစေတီများတည်ရှိရာ ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေးနှင့် မိုလ်တထောင်စေတီတည်ရှိရာ ဆိပ်ကမ်းမြို့နယ်များသို့ လှည့်လည်အပူဇော်ခံမည့် အစီအစဉ်များကိုလည်း ရဟန်းရှင်လူများသိရှိနိုင်စေရန် ကြိုတင်ကြော်ငြာထည့်ခြင်း၊ သတင်းမှတ်တမ်းများ ရိုက်ကူးခြင်း၊ MRTV-4 နှင့် မြဝတီရုပ်မြင်သံကြား ရိုက်ကူးရေးအဖွဲ့များ၏အကူအညီဖြင့် သတင်းများထည့်သွင်းခြင်း၊ ကြော်ငြာထည့်သွင်းခြင်း၊ ရွှေတိဂုံစေတီတော်နှင့် ပတ်သက်သည့် သမိုင်းကြောင်းဆွေးနွေးသည့် ဆွေးနွေးခန်းများ ရိုက်ကူးထုတ်လွှင့်ခြင်း တို့ကိုလည်း အကြိုလှုပ်ရှားမှုအနေဖြင့် ဆောင်ရွက်ခဲ့ပါသည်။

(ဝ) နှစ် - ၂၆၀၀ပြည့်ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပူဇော်ခြင်းအမျိုးမျိုးတို့ဖြင့် ပူဇော်ရာတွင် အပွင့်ပွင့်နေသော ပန်းပင်ပေါင်း (၅၄၀၀၀၀)ဖြင့် ပူဇော်နိုင်ရန် အတွက် အလှူရှင်များအား ဖိတ်ခေါ်စည်းရုံးသည့်ကြော်ငြာများထည့်သွင်းခြင်း၊ စေတီတော်မြတ်ကြီးအား ဖူးပွင့်ဝေဆာနေသောအပွင့်ပန်းများဖြင့်ပူဇော်ထားပုံများအား မှတ်တမ်းတင်ဓါတ်ပုံ၊ ဗွီဒီယိုများ ရိုက်ကူး၍ မှတ်တမ်းတင်ခြင်းတို့ကိုလည်းဆောင်ရွက်ခဲ့ပါသည်။

www.dhammadownload.com



(ဈ) ကြိုတင်ကျင်းပသည့် အခမ်းအနားများမှာ (၁၀.၂.၂၀၁၂)နေ့ နံနက် (၈း၀၀)နာရီအချိန်တွင် အပွင့်ပွင့်နေသော ပန်းပင်ပေါင်း (၅၄၀၀၀၀)ဖြင့်ပူဇော်သည့် အခမ်းအနားနှင့် ယင်းနေ့ နံနက်(၉း၀၀)နာရီအချိန်တွင် ဆံတော်ကြိုစေတီများတည်ရှိရာသို့ စတင်လှည့်လည် အပူဇော်ခံမည့် အခမ်းအနားကို အနောက်ဘက်သိဂ်ုတ္တရ ဥယျာဉ်၌ကျင်းပခဲ့ရာ လှည့်လည်အပူဇော်ခံရေး ဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်ခင်မှ ရွှေကြိုးဖြတ်၍ စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့သည့် အခမ်းအနားအား မှတ်တမ်းတင်ခဲ့ပါသည်။

(ည) လှည့်လည်အပူဇော်ခံရေး ဖွင့်ပွဲအခမ်းအနား ကျင်းပပြီးနောက် အနောက်ဘက်မုခ်မှ စတင်၍ ဆံတော်ကြိုစေတီများတည်ရှိရာ ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေးမြို့နယ်များသို့ လှည့်လည်အပူဇော်ခံရေးယာဉ်များဖြစ်သည့် ရွှေတိဂုံစေတီတော် ရွှေသားပုံတုစေတီ၊ (၁၂၃၃) ခုနှစ် မင်းတုန်းမင်းလက်ထက်က တင်လှူပူဇော်ခဲ့သော စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရေးယခင်နှစ် - ၁၀၀ ခန့်က ကပ်လှူပူဇော်ခဲ့သော ရွှေပြားသင်္ကန်းတော်၊ ယနေ့ခေတ်ကာလနှင့်အညီ ကပ်လှူပူဇော်သော ရွှေပြားသင်္ကန်းတော်များကို ရာဇဝင်း၊ ဒေဝါဝင်း၊ လေ့လှော်ယိမ်းအကများပါဝင်သည့် ယာဉ်ကြီးများပေါ် ပင့်ဆောင်၍ ဆံတော်ကြိုစေတီတစ်ဆူလျှင် တစ်နေ့တစ်ညအပူဇော်ခံဆောင်ရွက်ခဲ့မှုများ၊ လှည့်လည်အပူဇော်ခံ ရောက်ရှိသောဒေသများရှိ ဆံတော်ကြိုစေတီများတွင် နံနက်အရုဏ်တွင် သံဃာတော်(၂၇)ပါးတို့ဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ ထိုစေတီများသို့ အလှူငွေများထည့်ဝင်လှူဒါန်းခြင်း၊ သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဒေသခံပြည်သူများမှ ဓမ္မဒေသနာတော်များ ရွတ်ဆိုပူဇော်ခြင်း၊ ပျော်ပွဲရွှင်ပွဲများထည့်သွင်းကျင်းပခြင်း၊ ဓါတ်ပုံပြခန်းများ စီစဉ်ပြသရာတွင် ရွှေတိဂုံစေတီတော်နှင့် ပတ်သက်သည့် သမိုင်းမှတ်တမ်းဓါတ်ပုံများ ပြသခြင်း၊ မြတ်စွာဘုရားပွင့်တော်မူရာဒေသများသို့ မသွားရောက်နိုင်သည့် ခုနှစ်ရက်သားသမီးများ ဖူးတွေ့နိုင်စေရန် ဗုဒ္ဓဂယာပြကွက်များကို ဓါတ်ပုံများဖြင့်ပြသခြင်း၊ အမှတ်တရပစ္စည်းများရောင်းချခြင်း၊ အလှူခံဌာနဖွင့်လှစ်ခြင်း စသည့် ဆံတော်ကြိုစေတီများ၌ လှည့်လည်ပူဇော်ပွဲကျင်းပပုံ အဆင့်အဆင့်အား နေ့စဉ်ဓါတ်ပုံမှတ်တမ်း၊ ဗွီဒီယိုမှတ်တမ်းများဖြင့် မှတ်တမ်းတင် ဆောင်ရွက်ခဲ့ပါသည်။

(ဋ) ၂၂.၂.၂၀၁၂ နေ့ တပေါင်းလဆန်း(၁)ရက်နေ့ နံနက် (၉း၀၀)နာရီအချိန်တွင် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်းဗဟိုမဏ္ဍပ်တွင် ကျင်းပသည့် သံဃာတော်အရှင်သူမြတ် (၂၆၀) ပါး၊ သီလရှင် (၂၆၀)ပါးနှင့် ဥပါသကာ(၂၆၀)ဦး၊ ဥပါသိကာ(၂၆၀)ဦးတို့ဖြင့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအခမ်းအနားတက်ရောက်ဖွင့်လှစ်ခြင်းကို မှတ်တမ်းတင်ရိုက်ကူးခဲ့ပါသည်။ ယင်းနေ့တွင် မြန်မာနိုင်ငံ၏ ဗုဒ္ဓဘာသာအမွေအနှစ်များကို ကမ္ဘာ့နိုင်ငံအသီးသီးက သက်ဝင်ယုံကြည်မှုရရှိစေရန်အတွက် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ Ling Guang Si ဘုရားကျောင်း(စွယ်တော်တိုက်)တို့ ဗုဒ္ဓသာသနာတော်ဆိုင်ရာ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲတွင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ကိုယ်စား သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က အနုမောဒနာစကားပြောကြားပြီး နားလည်မှုစာချွန်လွှာကို ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ) ခြောက်ထပ်ကြီး သီရိဦးကျောင်းတိုက်နှင့် Ling Guang Si ဗုဒ္ဓစွယ်တော်တိုက် ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်ဆရာတော် VenChangZang တို့က လက်မှတ်ရေးထိုးကြပါသည်။ အဆိုပါ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကိုလည်း မှတ်တမ်းတင်ရိုက်ကူးခဲ့ပါသည်။ ၎င်းနေ့ ညနေ(၆း၀၀)နာရီအချိန်တွင် ရာဟုထောင့် အောင်မြေအနီး ဒေါ်စောမြတန်ဆောင်း၌ ကျင်းပပြုလုပ်သည့် လျှပ်စစ်မီးရောင်စုံ ထွန်းညှိပူဇော်ပွဲ ဖွင့်ပွဲ နှင့် ဆုရှီးမြှင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်ပြီး စက်ခလုတ်နှိပ် ဖွင့်လှစ်

www.dhammadownload.com



ပေးခဲ့ခြင်း၊ တဆက်တည်းတွင် ကျင်းပသည့် နှစ် – ၂၆၀၀ ပြည့် အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရသူများအား ဆုချီးမြှင့်သည့်အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်၍ ဆုများချီးမြှင့်ပေးခဲ့ခြင်းတို့ကိုလည်း သတင်းမှတ်တမ်းများ ရိုက်ကူး မှတ်တမ်းတင်ခြင်း ဆောင်ရွက်ခဲ့ပါသည်။

(၄) (၂၅.၂.၂၀၁၂)နေ့တွင် သံဃာတော်အပါး (၂၆၀၀)ဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူရာတွင် ပင့်ဖိတ်ထားသော သံဃာတော်အပါး (၂၆၀၀)တို့အား ဝတ္တကမြေအတွင်းရှိ ဓမ္မာရုံများ၊ ဇရပ်များ၊ အသင်းဇရပ်များတွင် နံနက်အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ ရင်ပြင်တော်ပေါ်သို့ ဓါတ်လှေကားအပါအဝင် စောင်းတန်းလေးသွယ်မှနေ၍ အဖွဲ့(၅) ဖွဲ့ခွဲကာပင့်ဆောင်ပြီး အထက်ပစ္စယံ၌လည်း ကောင်း၊ ရင်ပြင်တော်ထောင့်(၄)ထောင့်တွင် သက်ဆိုင်ရာခရိုင်အလိုက် သံဃာတော်အရှင်သူမြတ်တို့မှ လေးဆူဓါတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ ယင်းနောက် စောင်းတန်း လေးသွယ်မှနေ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးဝန်ကြီးများ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ အလှူရှင်များမှ ဆွမ်းဆန်စိမ်း လောင်းလှူခြင်း အခမ်းအနားကို မှတ်တမ်းတင်ရိုက်ကူးခဲ့ပါသည်။

(၅) (၂၉.၂.၂၀၁၂)နေ့တွင် ဆဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အစည်းအဝေးသို့ကြွရောက်တော် မူလာကြသည့် အနယ်နယ်အရပ်ရပ်မှ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ စုစုပေါင်း(၃၈၀)ပါးတို့အား နှစ် – ၂၆၀၀ ပြည့် အထိမ်းအမှတ်အနေဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်းနှင့် ဆွမ်းဆန်တော်လောင်းလှူခြင်း အခမ်းအနားကို (ဒုတိယအကြိမ်) ဆောင်ရွက်ခဲ့ရာ ထိုအခမ်းအနားကိုလည်း မှတ်တမ်းတင်ရိုက်ကူးခဲ့ပါသည်။

(၃) (၇.၃.၂၀၁၂) တပေါင်းလပြည့်နေ့၊ နံနက်(၉း၃၀)နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးစီး ဦးဆောင်ပြုမှုဖြင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့မှ ဆောင်ရွက်ခဲ့သော နှစ် – ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော် အောင်မြင်ပြီးမြောက်ခြင်းအထိမ်းအမှတ်ရေစက်ချအနုမောဒနာမဟာမင်္ဂလာအခမ်းအနားနှင့်ရွှေတိဂုံစေတီတော် နှစ် – ၂၆၀၀ ပြည့် အထိမ်းအမှတ်အနေဖြင့် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီး (၁၀)ပါးအနက်မှ ထေရ်ကြီးဝါကြီး ဆရာတော်အရှင်သူမြတ်(၃)ပါးတို့အား "သိင်္ဂုတ္တရ ပဝရသီရိ မဟာဓမ္မရာဇာ" ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆရာတော်တစ်ပါးလျှင် နဝကမ္မလှူဒါန်းငွေကျပ်(၁၀)သိန်းစီလှူဒါန်းသည့်အခမ်းအနား ကို မှတ်တမ်းတင်ရိုက်ကူးခဲ့ပါသည်။

(ပ) (၂၂.၂.၂၀၁၂)ရက်နေ့ ဖွင့်ပွဲအခမ်းအနားစတင်သည့်နေ့မှစ၍ ဌာနဆိုင်ရာအသင်းအဖွဲ့များ၊ ခြေခံပညာ ကျောင်းများ၊ မြို့နယ်အလိုက်ဝတ်အသင်းအဖွဲ့များမှ (၇.၃.၂၀၁၂)နေ့အထိအသံမစဲမဟာပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်သည့် အခမ်းအနားကိုလည်းကောင်း၊ (၂၂.၂.၂၀၁၂ နေ့မှ ၇.၃.၂၀၁၂)နေ့အထိ ၁၅ – ရက်တိုင်တိုင် အရှေ့ဘက် အာဇာနည်လမ်းရှိ တပ်မတော်ဓမ္မာရုံတွင် အများပြည်သူတို့ နားကြားနိုင်စေရန် နိုင်ငံတော်ဓမ္မကထိက ဆရာတော်ကြီးများ၏ ထေရဝါဒတရားအလှူပေးပွဲ (ဓမ္မသဘင်)အခမ်းအနားများကိုလည်းကောင်း မှတ်တမ်း တင်ရိုက်ကူးခဲ့ပါသည်။

(ဏ) ပျော်ပွဲရွှင်ပွဲများအား မှတ်တမ်းတင်ရိုက်ကူးရာ၌ အရှေ့ဘက် ထန်းပင်ကုန်းကွင်း၌ကျင်းပသည့် အငြိမ့် သဘင်များ၊ ယဉ်ကျေးမှုကဇာတ်များ၊ ခေတ္တရာကွင်း၌ ကျင်းပသည့်မော်ကွန်းရုပ်ရှင်ပြသခြင်း၊ မြန်မာ့ရိုးရာ ခြင်း

www.dhammadownload.com



အလှခတ်ပညာရှင်များအား ဖိတ်ခေါ်၍ခြင်းအလှခတ်ခြင်းများကိုလည်း မှတ်တမ်းတင်ရိုက်ကူးခဲ့ပါသည်။ ညစဉ်ညတိုင်း အာဇာနည်လမ်းတလျှောက်လမ်းဘေးဝဲယာရှိ ပွဲဈေးတန်းများ ခင်းကျင်းရောင်းချခြင်းများကိုလည်း မှတ်တမ်းတင်ရိုက်ကူးခဲ့ပါသည်။ အနောက်ဘက်ကားကွင်း၌ ကျင်းပသည့် အငြိမ့်၊ ဂီတ၊ ရွှေတိဂုံသမိုင်းပြဇာတ်များ ဖျော်ဖြေတင်ဆက်မှုများကို ရိုက်ကူးမှတ်တမ်းတင်ခြင်း၊ ညစဉ်လျှပ်စစ်မီးရောင်စုံများ ထွန်းညှိပူဇော်ထားမှုများ၊ ပန်းအလှပြုပြင်ထားမှုများကိုလည်း မှတ်တမ်းတင်ရိုက်ကူးခဲ့ပါသည်။

(တ) နှစ်(၂၆၀၀)ပြည့်ဗုဒ္ဓဇယန္တီပွဲတော်အထိမ်းအမှတ်အခမ်းအနားများသို့ကြွရောက်လာသည့်ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ကြွရောက်လာသည့်ဧည့်သည်တော်များ၊ အလှူရှင်များအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခြင်းတို့ကိုလည်း မှတ်တမ်းတင် ရိုက်ကူးခဲ့ပါသည်။

(ထ) နှစ်၂၆၀၀ပြည့်ဗုဒ္ဓဇယန္တီပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပုံများကို နောင်လာနောင်သားများသိရှိနိုင်ရန်နှင့် မှတ်တမ်းများကျန်ရှိစေရေးအတွက် ပွဲတော်ကာလ လှုပ်ရှားဆောင်ရွက်ခဲ့ပုံများကို ဗွီဒီယိုခွေဖြင့် ဖြန့်ဖြူးခြင်းနှင့် ဗဟိုကော်မတီဦးဆောင်မှုဖြင့် လုပ်ငန်းပြီးစီးကြောင်းအစီရင်ခံစာစာအုပ်ကိုချုပ်ပြီး အများပြည်သူတို့ သိရှိနိုင်ရန် ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆက်လက်တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ငွေသုံးစွဲမှုအခြေအနေ

၄။ ပြန်ကြားရေးနှင့်မှတ်တမ်းပြုစုရေးဆပ်ကော်မတီသည် အသုံးစရိတ်ငွေပေါင်း ကျပ် ၂၄,၆၈၂,၂၅၀/ - (ကျပ်နှစ်ရာ လေးဆယ့်ခြောက်သိန်းရှစ်သောင်းနှစ်ထောင့်နှစ်ရာ့ငါးဆယ်တိတိ)ကို ကျခံသုံးစွဲခဲ့ပါသည်။

## နိဂုံး

၅။ လေးဆူဓါတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အထွဋ်အခေါင် ကျက်သရေဆောင် စေတီတော်တစ်ဆူ ဖြစ်တော်မူသည်သာမက ဗုဒ္ဓသာသနာသမိုင်းတွင် ထင်ရှားကျော်ကြားသော သာသနိကအဆောက်အအုံတစ်ခုဖြစ်ပါသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဗိသုကာလက်ရာ ပြောင်မြောက်မှုကို ကမ္ဘာ့နိုင်ငံအသီးသီးမှ ခရီးသွားဧည့်သည်များက အသိအမှတ်ပြု ချီးကျူးကြပြီး နိုင်ငံခြားသားဧည့်သည်များ စဉ်ဆက်မပြတ်လာရောက်ဖူးမြော်ကြည်ညိုကြသည့် စေတီတော်တစ်ဆူလည်း ဖြစ်ပါသည်။ ယခုနှစ် နှစ် - ၂၆၀၀ ပြည့် ဗုဒ္ဓဇယန္တီပွဲတော်ကြီးကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးစီးဦးဆောင်မှုဖြင့် ဂေါပကအဖွဲ့ကကြီးမှူး၍ ခမ်းနားစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ထိုသို့ကျင်းပနိုင်ရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ခဲ့ကြသော အာဏာပိုင်အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ စေတနာရှင် အလှူရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဝန်ထမ်းများ၏ လုပ်အားဒါနပြုပုံများကို နောင်လာနောင်သားများ သိရှိဝမ်းမြောက်ဂုဏ်ယူနိုင်ကြစေရန်နှင့် သမိုင်းမှတ်တမ်းကျန်ရှိစေရန်အလို့ငှာ ပြန်ကြားရေးနှင့် မှတ်တမ်းပြုစုရေးဆပ်ကော်မတီ အစီရင်ခံစာကို ပြုစုရေးသား မှတ်တမ်းတင်အပ်ပါသည်။

မှတ်တမ်းတင်သူ

ညိုညိုဝင်း
အတွင်းရေးမှူးဌာန
ပြန်ကြားရေးနှင့်မှတ်တမ်းပြုစုရေးဆပ်ကော်မတီ

www.dhammadownload.com




ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲ ဆုရဓာတ်ပုံရွေးချယ်စဉ်။




ရွှေတိဂုံစေတီတော်
နှစ် ၂၆၀၀ ပြည့် အထိမ်းအမှတ်
လက်ဆောင်ပစ္စည်းများ ရောင်းချစဉ်။



www.dhammadownload.com



# ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀) ပြည့် ဗုဒ္ဓပူဇနီယပွဲတော်
## ပြန်ကြားရေးနှင့် မှတ်တမ်းပြုစုရေးဆပ်ကော်မတီ
## အထိမ်းအမှတ် ပြိုင်ပွဲများ၊ ဆုအမျိုးအစားများနှင့် ဆုချီးမြှင့်ငွေသုံးစွဲမှု အခြေအနေ

| စဉ် | ပြိုင်ပွဲအမျိုးအစား | ဆုချီးမြှင့်ငွေ |
|---|---|---|
| ၁။ | ဆုချီးမြှင့်ပွဲအတွက် အသုံးစရိတ်များ | |
| | - အထိမ်းအမှတ်(Logo)(ပထမ) | ၁၀,၀၀၀၀၀/- |
| | - ဓာတ်ပုံပြိုင်ပွဲ (၂ - မျိုး) | ၃၆,၀၀၀၀၀/- |
| | ( ပထမ + ဒုတိယ + တတိယ + နှစ်သိမ့်ဆု(၃)ဆု) | |
| | (၇၀၀၀၀၀/- + ၅၀၀၀၀၀/- + ၃၀၀၀၀၀/- + ၃၀၀၀၀၀/- ) | |
| ၂။ | - ပန်းချီပြိုင်ပွဲ - ပညာရှင် | ၁၅,၀၀၀၀၀/- |
| | ( ပထမ + ဒုတိယ + တတိယ ) | |
| | (၇၀၀၀၀၀/- + ၅၀၀၀၀၀/- + ၃၀၀၀၀၀/-) | |
| | - ပန်းချီပြိုင်ပွဲ - ပညာသင် | ၂,၃၀၀၀၀/- |
| | ( ပထမ + ဒုတိယ + တတိယ ) | |
| | (၁၀၀၀၀၀/- + ၈၀၀၀၀/- + ၅၀၀၀၀/-) | |
| ၃။ | - စာစီစာကုံးပြိုင်ပွဲ - အထက်တန်းအဆင့် | ၁၅,၀၀၀၀၀/- |
| | ( ပထမ + ဒုတိယ + တတိယ ) | |
| | (၇၀၀၀၀၀/- + ၅၀၀၀၀၀/- + ၃၀၀၀၀၀/-) | |
| | - စာစီစာကုံးပြိုင်ပွဲ - အလယ်တန်းအဆင့် | ၁၅,၀၀၀၀၀/- |
| | ( ပထမ + ဒုတိယ + တတိယ ) | |
| | (၇၀၀၀၀၀/- + ၅၀၀၀၀၀/- + ၃၀၀၀၀၀/-) | |
| ၄။ | - ရွှေတိဂုံတစ်နှစ်တာ ဆောင်းပါးပြိုင်ပွဲ | ၁,၈၀၀၀၀/- |
| | ( ပထမ + ဒုတိယ + တတိယ) | |
| | (၁၀၀၀၀၀/- + ၅၀၀၀၀/ + ၃၀၀၀၀/-) | |

www.dhammadownload.com



## ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော်
## ပြန်ကြားရေးနှင့် မှတ်တမ်းပြုစုရေးဆပ်ကော်မတီ
## အထိမ်းအမှတ် ပြိုင်ပွဲဆုရရှိသူများ စာရင်း

| စဉ် | ဆုရရှိသူများ | ဆုချီးမြှင့်ငွေ |
|---|---|---|
| ၁။ | အထိမ်းအမှတ်တံဆိပ်တော် (Logo)ပြိုင်ပွဲ | |
| | - မောင်ထွန်းထွန်းဝင်း(ပထမ) | ၁၀,၀၀၀၀၀/- |
| ၂။ | "ကြည်ညိုဖွယ်အစုံ နှစ် - ၂၆၀၀ပြည့် ရွှေတိဂုံ" ဓါတ်ပုံပြိုင်ပွဲ | ၃၆,၀၀၀၀၀/- |
| | - ဦးစိန်ငွေ (ပထမ) | |
| | - ကိုဖြိုးသက်ပိုင် (ဒုတိယ) | |
| | - ဦးသီဟ (တတိယ) | |
| | - ဦးထွန်းထွန်းနိုင် (နှစ်သိမ့်) | |
| | - ကိုဇေယျာမင်း (နှစ်သိမ့်) | |
| | - ဦးဇေအောင်(ချယ်ရီဇေအောင်) (နှစ်သိမ့်) | |
| | "ဆယ်ပွင့်ပန်းတို့ လန်းဆန်းဝေဖြာ နှစ် - ၂၆၀၀ပြည့် ရွှေတိဂုံမှာ" ဓါတ်ပုံပြိုင်ပွဲ | ၃၆,၀၀၀၀၀/- |
| | - မလှဲ့နွယ်ဇော်မင်း (ပထမ) | |
| | - ကိုဝေကြည်မိုး (ရန်ကုန်တက္ကသိုလ်) (ဒုတိယ) | |
| | - ဦးငွေဝင်း(ရမ်းဗြဲ) (တတိယ) | |
| | - ဦးဇော်လှိုင် (နှစ်သိမ့် - ၁) | |
| | - ဦးထွန်းအောင် (မြန်မာစာ)(နှစ်သိမ့် - ၂) | |
| | - ဦးမျိုးမြင့်အောင်(သိပ္ပံ) (နှစ်သိမ့် - ၃) | |
| ၃။ | ပန်းချီပြိုင်ပွဲ - ပညာရှင်အဆင့် | ၁၅,၀၀၀၀၀/- |
| | - ဦးသော်သော်တင့် (ပထမ) | |
| | - ဦးဝင်းတင့် (ဒုတိယ) | |
| | - ဦးဝင်းနိုင်ဦး (တတိယ) | |
| | - ဦးကျော်မြင့်နိုင် (အထူး) | |
| | - ဦးသင်းမြတ်(ခ)ဦးလှမြင့် (အထူး) | |
| | - ဦးဇော်ဝင်း (အထူး) | |

www.dhammadownload.com



| စဉ် | ဆုရရှိသူများ | ဆုချီးမြှင့်ငွေ |
|---|---|---|
| | ပန်းချီပြိုင်ပွဲ - ပညာသင် | ၂,၃၀၀၀၀/ - |
| | - မစိမ့်သဇ္ဈာညွန့် (ပထမ) | |
| | - မခင်စုစုဟန် (ဒုတိယ) | |
| | - မောင်သန့်စင်ထိုက် (တတိယ) | |
| ၄။ | စာစီစာကုံးပြိုင်ပွဲ - အထက်တန်းအဆင့် | ၁၅,၀၀၀၀၀/ - |
| | - မဝတ်ရည်မိုး (ပထမ) | |
| | - မလှဲ့လှဲ့မြင့် (ဒုတိယ) | |
| | - မသန့်ဇင်ထက် (တတိယ) | |
| | စာစီစာကုံးပြိုင်ပွဲ - အလယ်တန်းအဆင့် | ၁၅,၀၀၀၀၀/ - |
| | - မအိန္ဒြာကျော်စော (ပထမ) | |
| | - မောင်ညီရဲရင့်စိုး (ဒုတိယ) | |
| | - မမေသကြံ့နှ် (တတိယ) | |
| ၅။ | ရွှေတိဂုံတစ်နစ်တာ ဆောင်းပါးပြိုင်ပွဲ | ၁,၈၀၀၀၀/ - |
| | - ဦးနိုင်ဝင်းအောင် (ပထမ) | |
| | - ဦးအောင်စိုး (ဒုတိယ) | |
| | - ဦးဝင်းအောင် (တတိယ) | |

www.dhammadownload.com



# ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀) ပြည့် ဗုဒ္ဓပူဇနိယပွဲတော် လုံခြုံရေး၊ မီးဘေးကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆပ်ကော်မတီ၏ လုပ်ငန်းအစီရင်ခံစာ

## နိဒါန်း

၁။ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်ကာလ မဟာသက္ကရာဇ် (၁၀၃) ခုနှစ် တပေါင်းလတွင် တည်ထားခဲ့ခြင်းဖြစ်၍ သာသနာတော်သက္ကရာဇ် ၂၅၅၅ - ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၇၃ - ခုနှစ်၊ တပေါင်းလ၊ ခရစ်သက္ကရာဇ် ၂၀၁၂ - ခုနှစ်၊ မတ်လတွင် နှစ်ပေါင်း(၂၆၀၀)ပြည့်မြောက်ခဲ့ပါသည်။ ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀) ပြည့်အထိမ်းအမှတ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို သာသနာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြပ်မတ်မှုဖြင့် ဘာသာရေးအနှစ်သာရပြည့်ဝစွာဖြင့် အောက်ပါအတိုင်းခမ်းနားသိုက်မြိုက်စွာ ကျင်းပပူဇော်ခဲ့ပါသည် -

(က) ၁၁.၂.၂၀၁၂ ရက်မှ ၂၁.၂.၂၀၁၂ ရက်အထိ ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံ့တေးနှင့် ဗိုလ်တထောင်မြို့နယ်များရှိ ဆံတော်ကြိုစေတီများသို့ လှည့်လည်၍အပူဇော်ခံခြင်း။

(ခ) ၂၂.၂.၂၀၁၂ ရက်နေ့ (၀၉း၀၀)နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲကျင်းပခြင်း၊ ဌာနအသင်းအဖွဲ့အသီးသီးမှ လူပုဂ္ဂိုလ်များမှ ဓမ္မဒေသနာတော်များ ရွတ်ဆိုပူဇော်ပွဲကျင်းပခြင်း၊ အထက်ပစ္စယာနှင့်ရင်ပြင်ရှိစေတီပုထိုးစောင်းတန်းများနှင့် ဝတ္တကမြေအတွင်းရှိပန်းခြံများတွင် ရောင်စုံမီးများထွန်းညှိပူဇော်ခြင်း၊ ပန်းပေါင်း (၅၄၀၀၀၀) ကပ်လှူပူဇော်ခြင်း။

(ဂ) ၂၅.၂.၂၀၁၂ ရက် (၀၇း၀၀)နာရီတွင် ရင်ပြင်တော်နှင့်အထက်ပစ္စယာတို့၌ သံဃာတော်(၂၆၀၀)ပါးဖြင့် ဗုဒ္ဓဘိသေကအနေကဇာတင်ပြီး စောင်းတန်းတစ်ခုလျှင် သံဃာတော်(၆၅၀)ပါးအား ဆွမ်းဆန်တော်များလောင်းလှူခြင်း။

(ဃ) ၂၂.၂.၂၀၀၁၂ မှ ၇.၃.၂၀၁၂ ရက်ထိ (၁၅)ရက်တိုင်တိုင် တပ်မတော်ဓမ္မာရုံတွင် ဓမ္မကထိက ဆရာတော်ကြီးများက တရားဒေသနာတော်များ ဟောကြားခြင်း။

(င) ၂၂.၂.၂၀၁၂ မှ ၇.၃.၂၀၁၂ ရက်ထိ (၁၅)တိုင်တိုင် ထန်းပင်ကုန်းကွင်း၊ ခေတ္တရာကွင်းနှင့်အနောက်ဘက်ကားဝင်းများတွင် အငြိမ့်၊ ပြဇာတ်၊ ရုပ်ရှင်၊ ခြင်းဝိုင်းများ ကျင်းပဖျော်ဖြေခြင်း၊ အလယ်ပစ္စယာတွင် နိဗ္ဗာန်ဈေးများဖွင့်လှစ်လှူဒါန်းခြင်း။

(စ) ၇.၃.၂၀၁၂ လပြည့်နေ့နံနက် (၀၅း၀၀)နာရီအချိန်တွင် ရင်ပြင်တော်အောင်မြေ၌ ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲ ကျင်းပခြင်းနှင့် (၀၉း၃၀)အချိန်တွင် ရေစက်ချပွဲကျင်းပခြင်း၊ ညနေ(၇)နာရီတွင် ကောင်းမှုအလှူရှင်များနှင့် ပြိုင်ပွဲတွင်ဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများချီးမြှင့်ခြင်း။

## လုံခြုံရေး၊ မီးဘေးကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆပ်ကော်မတီဖွဲ့စည်းခြင်း

၂။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်ခဲ့ပါသည် -

| | | | |
|---|---|---|---|
| (က) | ဗိုလ်မှူးကြီးတင်ဝင်း | (တိုင်းဒေသကြီးဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ) | ဥက္ကဋ္ဌ |
| (ခ) | ဦးသိန်းလင်း | (ဂေါပကအဖွဲ့ဝင်) | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ရဲမှူးကြီးအောင်ဒိုင်း | (တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး) | အဖွဲ့ဝင် |
| (ဃ) | ဒုတိယရဲမှူးကြီးသက်လွင် | (ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး) | အဖွဲ့ဝင် |
| (င) | ဦးကြည်ဝင်း | (တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး) | အဖွဲ့ဝင် |
| (စ) | ဒေါက်တာလှမြင့် | (ဦးစီးမှူး၊ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန) | အဖွဲ့ဝင် |

www.dhammadownload.com



| | | | |
|---|---|---|---|
| (ဆ) | ဦးကျော်စိန်ဝင်း | (ညွှန်ကြားရေးမှူး၊ သာသနာရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (ဇ) | ဦးကျော်သူဇော် | (အုပ်ချုပ်ရေးမှူး၊ အနောက်ပိုင်းခရိုင်ထွေအုပ်) | အဖွဲ့ဝင် |
| (ဈ) | ဒေါ်အုန်းအုန်းထွေး | (ဌာနမှူး၊ အုပ်ချုပ်ရေးဌာန) | အဖွဲ့ဝင် |
| (ည) | ဦးမောင်မောင် | (ဒု-ဌာနမှူး၊ လုံခြုံမီးသတ်ဌာန) | အဖွဲ့ဝင် |
| (ဋ) | ဦးမြင့်ဦး | (ဒု-ဌာနမှူး၊ မီးသတ်ဌာနခွဲ) | အဖွဲ့ဝင် |
| (ဌ) | ဦးမောင်မောင်လတ် | (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး) | အဖွဲ့ဝင် |
| (ဍ) | ဦးကျော်ဦး | (အုပ်ချုပ်ရေးမှူး၊ အနောက်ပိုင်းခရိုင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ) | အဖွဲ့ဝင် |
| (ဎ) | ရဲမှူးချုပ်သူရဘိုနီ | (ရဲတပ်ရင်းများကွပ်ကဲရေးမှူး) | အတွင်းရေးမှူး |
| (ဏ) | ဦးထွန်းအောင်ငွေ | (ဒု-ရုံးအဖွဲ့မှူး၊ ဂေါပကအဖွဲ့ရုံး) | တွဲဘက်အတွင်းရေးမှူး |

## လုပ်ငန်းခွဲဝေဆောင်ရွက်ခဲ့မှုများ

၃။ လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လုံခြုံ မီးသတ်အင်အား (၂၆၇) ဦး၊ မိတ်ဖက်အင်အားအဖြစ် ရဲတပ်ရင်းများမှ(၁၂၇)ဦး၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှ (၁၈၁)ဦး၊ ဒဂုံနှင့်ဗဟန်းမြို့နယ်များမှ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် အရံမီးသတ်တပ်ဖွဲ့ဝင် များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များဖြင့် အောက်ပါအတိုင်း အပိုင်း(၈)ပိုင်းခွဲ၍ ဆောင်ရွက်ခဲ့ပါသည် -

(က) အပိုင်း(၁) ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲလုံခြုံရေး

၂၂.၂.၂၀၁၂ ရက်နေ့ဖွင့်ပွဲအခမ်းအနားနှင့်နေ့စဉ်ပဋ္ဌာန်းဒေသနာတော်များရွတ်ဆိုပွဲ၊ ၇.၃.၂၀၁၂ ရက်နေ့ ရေစက်ချပွဲ၊ ဆုချီးမြှင့်ပွဲများကျင်းပရာ ရင်ပြင်တော်နှင့် ချမ်းသာကြီးတန်ဆောင်းပတ်လည် လုံခြုံရေးကို ရင်ပြင်တော်တပ်ခွဲမှူးနှင့်နောင်ရိုးရဲအရံတပ်ခွဲတို့မှ တာဝန်ယူစောင့်ရှောက်ခဲ့ပါသည်။

(ခ) အပိုင်း(၂) တရားပွဲလုံခြုံရေး

၂၂.၂.၂၀၁၂ ရက်မှ ၇.၃.၂၀၁၂ ရက်ထိ တပ်မတော်ဓမ္မာရုံကြီးတွင် ကျင်းပပြုလုပ်ခဲ့သောတရားပွဲ လုံခြုံရေးအတွက် ဒုဌာနမှူးဦးမောင်မောင် ဦးစီး၊ လုံခြုံမီးသတ်အင်အား ၁၅ ဦး၊ လမ်းမတော်ရဲစခန်းမှ (၁+၆)ဦး၊ ရဲတပ်ရင်း(၅)မှ ၅ဦး၊ နောင်ရိုးရဲအရံ တပ်ခွဲမှ ၁ + ၂၃ဦးဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

(ဂ) အပိုင်း(၃) ပျော်ပွဲရွှင်ပွဲ၊ ပွဲခင်းဈေးတန်းများလုံခြုံရေး

လုံခြုံရေးနှင့်ပြန်ကြားရေးရုံး(၃)ရုံးဖွင့်၍ အနီးကပ်အောက်ပါအတိုင်း လုံခြုံရေးဆောင်ရွက်ခဲ့ ပါသည် -

(၁) လုံခြုံရေးနှင့်ပြန်ကြားရေးရုံး ၁။

အရှေ့ကားကွင်း(ဓါတ်လှေကားအနီး)တွင် ထားရှိခဲ့ပြီး ဒုဌာနမှူးဦးမောင်မောင်၊ ခွဲမှူး တင်အောင်မိုး + လုံခြုံမီးသတ် ၁၅ဦး၊ ရဲတပ်ရင်း ၃၅ဦး၊ ကျောက်တံတားရဲစခန်းမှ ၁ + ၆ ဦးနှင့် ရုပ်ရှင်၊ ခြင်းလုံးဖျော်ဖြေပွဲ လုံခြုံရေးကို ဆောင်ရွက်ခဲ့ပါသည်။

(၂) လုံခြုံရေးနှင့်ပြန်ကြားရေးရုံး ၂။

အနောက်ဘက်ကားဝင်းတွင်ထားရှိပြီး ဒု-ဌာနမှူးဦးမြင့်ဦး၊ ခွဲမှူးကြည်ဆွေဦးစီး + လုံခြုံ မီးသတ် ၁၅ဦး၊ ရဲတပ်ရင်း ၃၅ဦး၊ ကြည့်မြင်တိုင် ရဲစခန်းမှ ၁ + ၆ ဦးတို့ဖြင့် အငြိမ့်ပွဲခင်းလုံခြုံရေးကို ဆောင်ရွက်ခဲ့ပါသည်။

www.dhammadownload.com



(၃) **လုံခြုံရေးနှင့်ပြန်ကြားရေးရုံး ၃၊**

အရှေ့ဘက်ထန်းပင်ကုန်းကွင်းတွင်ထားရှိပြီး ဌာနခွဲမှူးဦးအေးကြည်ဦးစီး + လုံခြုံမီးသတ် ၁၅ဦး၊ လှိုင်၊ ကျောက်တံတား၊ ကြည့်မြင်တိုင်ရဲစခန်းမှ ၃ + ၁၂ဦး၊ ရဲတပ်ရင်းမှ ၂၀ ဦးတို့ဖြင့် ရပ်သေး၊ အငြိမ့်ပွဲခင်းများလုံခြုံရေးကို ဆောင်ရွက်ခဲ့ပါသည်၊

(၄) **အာဇာနည်လမ်းတစ်လျှောက်လုံခြုံရေး၊**

လုံခြုံရေးနှင့်ပြန်ကြားရေးရုံးများမှ ထုတ်နှုတ်လှည့်ကင်းများ၊ ဗဟန်း၊ ဆိပ်ကမ်း၊ မရမ်းကုန်း၊ လှိုင်မြို့နယ်ရဲစခန်းများမှ ၄ + ၂၀ဦး၊ ရဲတပ်ရင်း ၂၀ဦးတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်၊

(၅) **ကားကွင်း ၄ကွင်း မော်တော်ယာဉ်များလုံခြုံရေး၊**

ဗဟန်း၊ ဆိပ်ကမ်း၊ မရမ်းကုန်း၊ လှိုင်ရဲစခန်းများမှ ၄ + ၁၆ဦး၊ လုံခြုံမီးသတ် မူလကင်းများမှ လုံခြုံရေးဆောင်ရွက်ခဲ့ပါသည်၊

(၆) **ခါးပိုက်နှိုက်ဖမ်းဆီးရေး၊**

ပွဲတော်ကာလအတွင်း ခါးပိုက်နှိုက်ဖမ်းဆီးရေးကို ရန်ကုန်တိုင်းအနောက်ပိုင်းခရိုင် ဒုစရိုက်နှိမ်နင်းရေးမှ ၁ + ၁၈ ဦးဖြင့် ဆောင်ရွက်ခဲ့ပါသည်၊

(၇) **သံဃာရေးရာဆောင်ရွက်ရေး၊**

တိုင်းသံဃနာယကဆရာတော်မှစီစဉ်ပေးသောစောင့်ရှောက်ရေးသံဃာ (၁၀)ပါးသည် ဦးစံချိန်ပိဋကတ်တိုက်တွင် သီတင်းသုံးကာသံဃာရေးရာများကို ဖြေရှင်းဆောင်ရွက်ခဲ့ပါသည်၊

(ဃ) အပိုင်း(၄) ဗုဒ္ဓါဘိသေကအနေကဇာတင်၊ ဆွမ်းဆန်တော်လောင်းလှူပွဲလုံခြုံရေး

၂၅.၂.၂၀၁၂ ရက် (၀၇း၀၀)နာရီတွင် ပြုလုပ်သော ၎င်းအနေကဇာတင်နှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ဓါတ်လှေကားနှင့်စောင်းတန်းတာဝန်ကျ လုံ/မီးနှင့် ရတရအင်အားများမှ လုံခြုံရေးဆောင်ရွက်ခဲ့ပါသည်၊

(င) အပိုင်း(၅) သိင်္ဂုတ္တရဉယျာဉ်လုံခြုံရေး

အောက်ပစ္စယာတပ်ခွဲ ရတရမှအင်အားများအပြင် သိင်္ဂုတ္တရဝန်ထမ်းများဖြင့် လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေး၊ သန့်ရှင်းရေးကိစ္စများကို ဆောင်ရွက်ခဲ့ပါသည်၊

(စ) အပိုင်း(၆) မီးဘေးကာကွယ်ရေး

မီးသတ်ဌာနခွဲမှဝန်ထမ်း(၆၀)ဦး၊ မီးသတ်စက်(၈)လုံး၊ မီးသတ်ဆေးဗူး(၄၀)လုံးတို့အားပွဲတော်ကာလတစ်လျှောက် ဖြန့်ခွဲဆောင်ရွက်ခဲ့ပြီး စမ်းချောင်းမီးသတ်စခန်းမှ ဗ/၁၄၅၄၊ တာမွေမီးသတ်စခန်းမှ ဏ/၅၈၅၁ မီးသတ်ယာဉ်ကြီး(၂)စီးအား အသင့်ထားရှိဆောင်ရွက်ခဲ့ပါသည်၊ ရေပြင်အသက်ကယ်အဖွဲ့ နစ်ဖွဲ့ကိုလည်း ရှင်ဉပဂုတ္တကန်တွင် ထားရှိခဲ့ပါသည်၊

(ဆ) အပိုင်း(၇) ကျန်းမာရေးစောင့်ရှောက်မှု

ပွဲတော်ကာလအတွင်း လုံခြုံပြန်ကြားရုံးခန်းများတွင် ကြက်ခြေနီတပ်ဖွဲ့ဝင်များအပြင် ကျန်းမာရေးဝန်ထမ်းများကိုပါ ထားရှိဆောင်ရွက်ခဲ့ပါသည်၊ အစားအသောက်များ စစ်ဆေးခြင်း၊ လိုအပ်သောနေရာများတွင် ထုံးဖနီးဆေးဖျန်းခြင်းလုပ်ငန်းများကို နေ့စဉ်လုပ်ဆောင်ခဲ့ပါသည်၊ အမှိုက်နှင့်အညစ်အကြေးသိမ်းဆည်းခြင်းလုပ်ငန်းများကို စည်ပင်သာယာအဖွဲ့နှင့်ပူးပေါင်းကာ နေ့စဉ်ဆောင်ရွက်ခဲ့ပါသည်၊ ပွဲတော်များကျင်းပနေစဉ်အတွင်း အာရှတော်ဝင်ဆေးရုံမိသားစုမှ ရင်ပြင်တော်တနင်္ဂနွေထောင့်တွင် ဆေးခန်းဖွင့်လှစ် ကုသိုလ်ပြုခဲ့ပါသည်၊

www.dhammadownload.com



ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်၊ ဗုဒ္ဓပူဇနိယပွဲတော်

လုံခြုံရေးနှင့် မီးဘေးကာကွယ်ရေး ညှိနှိုင်းအစည်းအဝေး။



လုံခြုံရေးကွပ်ကဲမှုရုံး။



www.dhammadownload.com



(ဈ) အပိုင်း(၈) ဆံတော်ကြိုစေတီများသို့ လှည့်လည်အပူဇော်ခံစဉ်လုံခြုံရေး။

၁၀.၂.၂၀၁၂ ရက်မှ ၂၁.၂.၂၀၁၂ ရက်နေ့အထိ လှည့်လည်အပူဇော်ခံစဉ်ကာလအတွင်း ခွဲမှူး တင်အောင်မိုးဦးစီး ၁၂ဦး၊ ရဲတပ်ရင်းမှ ၁၀ဦးတို့ဖြင့် အနီးကပ်လုံခြုံရေးများကို ဆောင်ရွက်ခဲ့ပါသည်။

## လုံခြုံရေး၊ မီးဘေးကာကွယ်ရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုဆပ်ကော်မတီ သုံးစွဲကုန်ကျမှု

၄။ အောက်ပါအတိုင်းဖြစ်ပါသည် -

| | | | |
|---|---|---|---|
| (က) | မီးသတ်ဆေးဘူး ၄၀ လုံး | ၆၀၀,၀၀၀ ကျပ် | |
| (ခ) | လုံခြုံရေးလက်ပတ် | ၂၀,၀၀၀ ကျပ် | |
| (ဂ) | ယာဉ်ဝင်ခွင့်ကဒ် | ၈၀,၀၀၀ ကျပ် | |
| (ဃ) | မိုင်းရာစက် ၁၀ လက် | ၃၀၀,၀၀၀ ကျပ် | |
| (င) | ပလပ်စတစ်ကုလားထိုင်(လက်တန်းမပါ) ၅၉လုံး | ၂၇၁,၄၀၀ ကျပ် | (သို့လှောင်အပ်ပြီး) |
| (စ) | ပလပ်စတစ်ကုလားထိုင်(လက်တန်းပါ) ၁၅ လုံး | ၁၁၂,၅၀၀ ကျပ် | |
| (ဆ) | သတိပေးဗီနိုင်းများ ပြုလုပ်ခြင်း | ၂၀၁,၂၅၀ ကျပ် | |
| (ဇ) | သံစားပွဲ ၁၂ လုံး | ၂၆၄,၀၀၀ ကျပ် | (သို့လှောင်အပ်ပြီး) |
| (ဈ) | လုံခြုံမီးသတ်ဝန်ထမ်း ၂၆၇ ဦး ထောက်ပံ့စရိတ် | ၄၀၀,၅၀၀ ကျပ် | |
| (ည) | ဗဟန်းကြက်ခြေနီ ၂၀ ဦး | ၂၇၀,၀၀၀ ကျပ် | |
| (ဋ) | ရဲတပ်ရင်း(၅)မှ ၁၂၆ ဦး | ၁,၈၉၀,၀၀၀ ကျပ် | |
| (ဌ) | စမအ(၉၀၅)မှ ၆ ဦး | ၉၀,၀၀၀ ကျပ် | |
| (ဍ) | SB ၃ ဦး | ၃၉,၀၀၀ ကျပ် | |
| (ဎ) | သူနာပြု၊ ဒဂုံကျန်းမာရေး | ၆၀,၀၀၀ ကျပ် | |
| (ဏ) | စည်ပင်သာယာအမှိုက်သိမ်းခြင်း | ၄၀၂,၅၀၀ ကျပ် | |
| (တ) | စောင့်ရှောက်ရေးသံဃာ(၁၀)ပါး ဆွမ်းနှင့်အသုံးအဆောင် | ၈၉၇,၅၀၀ ကျပ် | |
| (ထ) | ဖုန်း(၂)လုံးနှင့်ကြိုးတပ်ဆင်ခြင်း | ၁၄၄,၀၀၀ ကျပ် | (သို့လှောင်အပ်ပြီး) |
| (ဒ) | ထုံး၊ ဖနီး | ၁၅၉,၃၀၀ ကျပ် | |
| (ဓ) | မီးသတ်တပ်ဖွဲ့ဝင်များထောက်ပံ့ | ၂၇၀,၀၀၀ ကျပ် | |
| (န) | အရံမီးသတ် ၂၀ ဦး | ၃၀၀,၀၀၀ ကျပ် | |
| (ပ) | ယာဉ်ထိန်းရဲ ၄၅ ဦး | ၆၇၅,၀၀၀ ကျပ် | |
| (ဖ) | ရဲဒေသ(၃) ၂၆ ဦး၊ တိုင်းရဲတပ်ဖွဲ့အနောက်ပိုင်းခရိုင် ၁၈၁ ဦး | ၃,၁၀၅,၀၀၀ ကျပ် | |
| | စုစုပေါင်း | ၁၄,၁၅၆,၄၅၀ ကျပ် | |

၅။ ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့်ပွဲတော်အား အာဇာနည်လမ်းတစ်လျှောက်နှင့် စေတီတော်ပရိဝုဏ်အတွင်း ၂၂.၂.၂၀၁၂ ရက်မှ ၈.၃.၂၀၁၂ နံနက်အထိ ကျင်းပခဲ့ပါသည်။ ပွဲတော်ကာလအတွင်း ဖြစ်ပေါ်ခဲ့သော ထူးခြားဖြစ်စဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ၂၄.၂.၂၀၁၂ ရက် ည ၁၁း၀၀ အချိန် အရှေ့ဘက်ပွဲဈေးတန်း အာဇာနည်လမ်းတွင် သံဃာသုံးပါးသည် ဘုရားဖူးများကိုနောက်ပြောင်ခြင်း၊ အလှူခံခြင်းများပြုလုပ်နေသဖြင့် မူလဆယ်တောင်ပြည့်ကျောင်းမှ စောင့်ရှောက်ရေးသံဃာများမှ ခေါ်ယူစစ်ဆေးသတိပေးဆုံးမကာ ခံဝန်လက်မှတ်ရေးထိုး ပြန်လည်စေလွှတ်ပေးခဲ့ပါသည်။

www.dhammadownload.com



(ခ) ၂၅.၂.၂၀၁၂ ရက် ၀၀း၁၀ အချိန် အရှေ့စောင်းတန်းတံခါးများ ပိတ်ချိန်တွင် မောင်ဝင်းနိုင် (၂၀)နှစ်နှင့် မောင်သန်းနိုင်(၂၀)နှစ်တို့နှစ်ဦးသည် အရက်မူးယစ်လျက်စောင်းတန်းလုံခြုံရေးများအားခါတ်ပုံရိုက်ခြင်း၊ ဘုရားတံခါးဖွင့်ရန် ငွေမည်မျှပေးရမည်လဲဟု ပြောသဖြင့် တာဝန်ကျများမှဖမ်းဆီးခေါ်ဆောင်၍ လုံခြုံရေးရုံးမှတဆင့် ဒဂုံမြို့နယ်ရဲစခန်းသို့ လွှဲပြောင်းအပ်နှံခဲ့ပါသည်။

(ဂ) ၂၅.၂.၂၀၁၂ ရက် ၂၁း၀၀ အချိန်တွင် ခေတ္တရာကားဝင်းရှိ ခြင်းကွင်း၌ နိုင်ငံခြားအမျိုးသမီးတစ်ဦးနှင့် အတူတွေ့ရှိရသော သံဃာတစ်ဦးအားစစ်ဆေးရာ အရက်သေစာသောက်ထားသည်ကိုတွေ့ရသဖြင့် စောင့်ရှောက်ရေးသံဃာတော်များမှ သတိပေးဆုံးမကာ ခံဝန်ရေးထိုးစေခဲ့ပါသည်။

(ဃ) ၂၇.၂.၂၀၁၂ရက်(၀၈း၀၀)အချိန်ရင်ပြင်တော်တွင်အလှူခံနေသည့်သံဃာတစ်ပါးနှင့်ယောဂီတစ်ဦးအား စောင့်ရှောက်ရေးသံဃာများမှ သတိပေးဆုံးမ ခံဝန်ရေးထိုးပြန်လည်စေလွှတ်ပေးခဲ့ပါသည်။

(င) ၂၈.၂.၂၀၁၂ ရက် (၁၀း၃၀)အချိန်တွင် အနောက်ဘက်ကားဝင်း အောင်မင်းခေါင်စေတီအနီး မိတ်ဆွေသစ်အသားကင်ဆိုင်ရှိ Gas ဗူးအသေး ပေါက်ခဲ့သော်လည်း လူထိခိုက်မှုမရှိခဲ့ပါ။

(စ) ၂၈.၂.၂၀၁၂ ရက် (၂၃း၀၀)အချိန် ရင်ပြင်တော်တနင်္ဂနွေထောင့် ဓမ္မစေတီဘုရားအနီး လိင်စင်မဲ့ စကားပြန်လုပ်နေသည့်သံဃာတစ်ဦးအားစောင့်ရှောက်ရေးသံဃာများမှတွေ့ရှိစစ်ဆေးပြီးလူဝတ်လဲကာ ဒဂုံရဲစခန်းသို့လွှဲပြောင်းပို့ဆောင်ခဲ့ပါသည်။

(ဆ) ၁.၃.၂၀၁၂ရက်နေ့ (၂၄း၀၀)အချိန် အနောက်ဘက်သိင်္ဂုတ္တရဥယျာဉ်မြောက်ဘက်ခြမ်းတွင် ထားရှိသည့် မိုးပျံလေပူပေါင်းအား ဖျက်ဆီးနေသော မောင်စိုးမိုးအောင်(၂၇)နှစ်အား ဖမ်းဆီးခေါ်ဆောင်ကာ ဒဂုံရဲစခန်းသို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

(ဇ) ၇.၃.၂၀၁၂ ရက်နေ့ (၀၆း၀၀)အချိန် ရင်ပြင်တော်ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်းအနီးတွင် အရက်သေစာသောက်စားထားသူ မောင်မင်းကိုကို(၃၂)နှစ်အား ဆုံးမခံဝန်ထိုးကာ ပြန်လည်စေလွှတ်ပေးခဲ့ပါသည်။

(ဈ) ပွဲတော်ကာလအတွင်းရင်ပြင်တော်နှင့် အောက်ကားဝင်းပြန်ကြားရေးရုံးခန်းများမှ လူကွဲသော ဘုရားဖူး လူကြီး(၃၆)ဦး၊ ကလေး(၆၃)ဦးအား ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

နိဂုံး

၆။ ဆပ်ကော်မတီအဖွဲ့ဝင်များဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှဝန်ထမ်းများသည် ကျရာတာဝန်ကို ကျေပွန်စွာ ညီညီညွတ်ညွတ်ထမ်းဆောင်ခဲ့ကြသဖြင့် ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့်ပွဲတော်ကြီး အားရာဇဝတ်မှုခင်းကင်းရှင်းစွာဖြင့် စည်ကားသိုက်မြိုက်စွာ ဆင်နွှဲနိုင်ခဲ့ခြင်းဖြစ်ပါသည်။

ဒုတိယဥက္ကဋ္ဌ
လုံခြုံရေး၊ မီးဘေးကာကွယ်ရေးနှင့်
ကျန်းမာစောင့်ရှောက်မှု ဆပ်ကော်မတီ

စာအမှတ်၊
ရက်စွဲ၊
ဖြန့်ဝေခြင်း

- ဥက္ကဋ္ဌ၊ ပွဲတော်ကျင်းပရေးဗဟိုကော်မတီ
- ဥက္ကဋ္ဌ၊ လုံခြုံရေး၊ မီးဘေးကာကွယ်ရေးနှင့် ကျန်းမာစောင့်ရှောက်မှု ဆပ်ကော်မတီ
- အဖွဲ့ဝင်များအားလုံး၊ လုံခြုံရေး၊ မီးဘေးကာကွယ်ရေးနှင့်ကျန်းမာစောင့်ရှောက်မှု ဆပ်ကော်မတီ
- ရုံးလက်ခံ
- မျှောစာတွဲ

www.dhammadownload.com



# ရွှေတိဂုံစေတီတော်
# နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော်
# ဘဏ္ဍာရေးဆပ်ကော်မတီ
# လုပ်ငန်းပြီးဆုံးကြောင်း အစီရင်ခံစာ

## နိဒါန်း

၁။ မဟာသက္ကရာဇ်(၁၀၃)ခုနှစ်တွင် စတင်တည်ထားပူဇော်ခဲ့သော လေးဆူဓါတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ယခုအခါ သာသနာတော်နှစ်(၂၅၅၅)ခုတွင် နှစ်ပေါင်း(၂၆၀၀)ပြည့်မြောက်ခဲ့သဖြင့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးအား ယခုနှစ်(၁၃၇၃)ခုနှစ် တပေါင်းလဆန်း(၁)ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ (၂၂.၂.၂၀၁၂)မှ(၇.၃.၂၀၁၂)နေ့အထိ (၁၅)ရက်တိုင်တိုင် (၂၆၀၀)ပြည့်အထိမ်းအမှတ်အဖြစ် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ယင်းသို့ ကျင်းပပြုလုပ်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဗဟိုကော်မတီအပါအဝင် ဆပ်ကော်မတီ (၁၀)ခု ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရာ ဘဏ္ဍာရေးဆပ်ကော်မတီလည်း အပါအဝင်ဖြစ်ပါသည်။ ယခုအခါ ဘဏ္ဍာရေးဆပ်ကော်မတီ၏ လုပ်ငန်းရပ်များ အောင်မြင်စွာ ဆောင်ရွက်ပြီးစီးပြီဖြစ်ပါသဖြင့် လုပ်ငန်းပြီးဆုံးကြောင်း အစီရင်ခံစာအား ရေးသားတင်ပြရခြင်းဖြစ်ပါသည်။

## ဘဏ္ဍာရေးဆပ်ကော်မတီဖွဲ့စည်းခြင်း

၂။ ဘဏ္ဍာရေးဆပ်ကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်ပါသည် -

| | | | |
|---|---|---|---|
| (က) | ဦးစံလင်း | ဂေါပကအဖွဲ့ဝင် | ဥက္ကဋ္ဌ |
| (ခ) | ဦးစိုင်းသော်ဝင်း | ခရိုင်အုပ်ချုပ်ရေးမှူး | ဒု-ဥက္ကဋ္ဌ |
| (ဂ) | ဦးသန်းထိုက် | ဌာနမှူး (စီမံ)<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဃ) | ဦးရွှေဝင်း | သာသနာရေးမှူး | အဖွဲ့ဝင် |
| (င) | ဦးကျော်ယဉ် | ဘာသာရေးအကျိုးဆောင်အဖွဲ့ | အဖွဲ့ဝင် |
| (စ) | ဦးဟန်တင် | ဒု-ဌာနမှူး၊ ဘဏ္ဍာရေးဌာန<br>ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး | အဖွဲ့ဝင် |
| (ဆ) | ဒေါ်ဝင်းဝင်းနိုင် | ဌာနမှူး၊ ဘဏ္ဍာရေးဌာန<br>ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး | အတွင်းရေးမှူး |

## ဆောင်ရွက်ခဲ့သောလုပ်ငန်းများ

၃။ ဘဏ္ဍာရေးဆပ်ကော်မတီသည် အဓိကတာဝန်ဖြစ်သော ပွဲတော်ဆိုင်ရာ အလှူတော်ငွေများ ရရှိနိုင်ရေးအတွက် (၂၆၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော် အလှူခံဌာနအား (၁၄.၈.၂၀၁၁)နေ့မှစတင်ပြီး ရင်ပြင်တော် စနေထောင့်တွင် ဖွင့်လှစ်ထားရှိ၍ နေ့စဉ်ဘာသာရေး ဝေယျာဝစ္စအကျိုးဆောင်အဖွဲ့မှ တာဝန်ချထားပေးသော ဘာသာရေးအသင်းများက အလှူခံပေးခဲ့ပါသည်။

(၁၄.၈.၂၀၁၁)ရက်နေ့မှ (၇.၃.၂၀၁၂)နေ့အထိ၊ အလှူခံရက်ပေါင်း(၂၀၆)ရက်အတွင်း၊ အလှူခံငွေပေါင်း (၂၀၅၂၄၁၈၂၅/-)(ကျပ်နှစ်ထောင့်ငါးဆယ်နှစ်သိန်းလေးသောင်းတစ်ထောင့်ရှစ်ရာနှစ်ဆယ့်ငါးကျပ်တိတိ)ရရှိခဲ့ပါသည်။ (၁)ရက်လျှင် ပျမ်းမျှ (၉၉၆၃၂၀/-)(ကျပ်ကိုးသိန်းကိုးသောင်းခြောက်ထောင့် သုံးရာနှစ်ဆယ်)ခန့် ရဟန်းရှင်လူပြည်သူများမှ လှူဒါန်းပါဝင်ခဲ့ကြောင်း သာဓုအနုမောဒနာခေါ်ဆိုနိုင်ရန် တင်ပြအပ်ပါသည်။

www.dhammadownload.com



ရွှေတိဂုံစေတီတော်၌ ယခင် ၁၉၃၁ - ခုနှစ်က တင်လှူပူဇော်ခဲ့ပြီး ယခုပြတိုက်၌ပြသထားသော စိန်ဖူးတော်၊ ငှက်မြတ်နားတော်အပါအဝင် ရွှေတိဂုံစေတီတော်၏ ကြည်ညိုဖွယ်မှတ်တမ်းဓါတ်ပုံများအား ရွှေတိဂုံစေတီတော်၏ သမိုင်းဝင်ဆံတော်ကြိုစေတီတော် (၉)ဆူတည်ရှိရာ ရန်ကုန်တိုင်းအတွင်းရှိ ကွမ်းခြံကုန်းမြို့နယ်၊ ကော့မှူးမြို့နယ်၊ တွံတေးမြို့နယ်များနှင့် ဗိုလ်တထောင်စေတီတည်ရှိရာ ဆိပ်ကမ်းမြို့နယ်များသို့ လှည့်လည်ပင့်ဆောင်အပူဇော်ခံရာတွင် ဘဏ္ဍာရေးဆပ်ကော်မတီသည် လှည့်လည်ပူဇော်ပွဲကျင်းပရေးဆပ်ကော်မတီနှင့် ပေါင်းစပ်၍ (၁၀.၂.၂၀၁၂)မှ (၂၀.၂.၂၀၁၂)အထိ ဒေသခံပြည်သူများမှ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ စေတနာသဒ္ဓါအရ လှူဒါန်းနိုင်ရေးအတွက် အလှူခံဌာနဖွင့်လှစ်ဆောင်ရွက်ပြီး၊ အလှူခံပုံးများချထား၍အလှူခံခြင်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။

ဘဏ္ဍာရေးဆပ်ကော်မတီသည် လှည့်လည်ပူဇော်ပွဲတွင် လိုက်ပါဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ ဝန်ထမ်းများအား ရုံးအမိန့်စာအမှတ် (၃၇/၂၀၁၂)ဖြင့် တာဝန်ပေးအပ်ခဲ့ပါသည်။

| | | | |
|---|---|---|---|
| (က) | ဦးဟန်တင် | ဒု - ဌာနမှူး | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးတင်စိန် | ကြီးကြပ်ရေးမှူး | အဖွဲ့ဝင် |
| (ဂ) | ဦးဝင်းအောင် | ငွေကိုင်(တ) | အဖွဲ့ဝင် |
| (ဃ) | ဦးမြိုးသန့်ထက် | ငွေကိုင်(တ) | အဖွဲ့ဝင် |

တာဝန်ပေးအပ်ခြင်းခံရသည့်အဖွဲ့သည် စိတ်တူကိုယ်တူ စည်းလုံးညီညွတ်စွာဖြင့် အလှူခံအဖွဲ့ဖွဲ့စည်းခြင်း၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံးမှသုံးသော (၂၆၀၀)ပြည့် အလှူခံပြေစာဖြတ်ပိုင်းများဖြင့် ရွှေတိဂုံစေတီတော် ဘာသာရေးအသင်းများမှ အသင်းတစ်သင်းဖြစ်သော မေတ္တာပါရမီအသင်းအား တာဝန်ပေးအပ်၍ စနစ်တကျကောက်ခံစေခဲ့ပါသည်၊ အလှူခံပုံးများအားလည်း သေချာစွာစစ်ဆေးခြင်း၊ စနစ်တကျသိမ်းဆည်းခြင်း၊ အလှူခံပုံးများတွင် ငွေများဖြည့်ပါက ဂေါပကအဖွဲ့ရုံး ငွေရေဌာနသို့ ပြန်လည်ပေးပို့ခြင်းကို စနစ်တကျပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

ပြေစာဖြတ်ပိုင်းအရ အလှူခံရရှိငွေစာရင်းအား အောက်ဖော်ပြပါအတိုင်း တင်ပြအပ်ပါသည် -

| | | | |
|---|---|---|---|
| ၁၀.၂.၂၀၁၂ | ဘုရားကြီး | (ကွမ်းခြံကုန်းမြို့နယ်) | ၂၃၃၆၇၀/ - |
| ၁၁.၂.၂၀၁၂ | ညောင်ငူ | (ကွမ်းခြံကုန်းမြို့နယ်) | ၁၇၂၄၀၀/ - |
| ၁၂.၂.၂၀၁၂ | အင်္ဂလုံး | (ကွမ်းခြံကုန်းမြို့နယ်) | ၄၁၇၅၀/ - |
| ၁၃.၂.၂၀၁၂ | ဆပုဂံ | (ကော့မှူးမြို့နယ်) | ၆၆၂၀၀/ - |
| ၁၄.၂.၂၀၁၂ | တရုတ်ကုန်း | (ကော့မှူးမြို့နယ်) | ၃၅၉၀၀/ - |
| ၁၅.၂.၂၀၁၂ | တဂူခြံ | (ကော့မှူးမြို့နယ်) | ၇၆၃၅၀/ - |
| ၁၆.၂.၂၀၁၂ | လက်ခိုက် | (ကော့မှူးမြို့နယ်) | ၇၂၅၅၀/ - |
| ၁၇.၂.၂၀၁၂ | ကော့မှူး | (ကော့မှူးမြို့နယ်) | ၂၄၇၈၂၀/ - |
| ၁၈.၂.၂၀၁၂ | ဘုရားကြီး | (တွံတေးမြို့နယ်) | ၁၉၂၆၀၀/ - |
| ၁၉.၂.၂၀၁၂ | ကဘင်း | (တွံတေးမြို့နယ်) | ၂၇၆၀၀/ - |
| ၂၀.၂.၂၀၁၂ | ဗိုလ်တထောင် | (ရန်ကုန်ဆိပ်ကမ်းမြို့နယ်) | ၁၈၄၂၀၀/ - |

(၁၀.၂.၂၀၁၂)ရက်မှ (၂၀.၂.၂၀၁၂)ရက်နေ့အထိ အလှူခံ(ဘောက်ချာ)များဖြင့်ကောက်ခံရရှိငွေမှာ ၁၃၆၉၀၄၀/ - (ကျပ်တစ်ဆယ့်သုံးသိန်းခြောက်သောင်းကိုးထောင်လေးဆယ်တိတိ)ဖြစ်ပါသည်။

အလှူခံများချထားအလှူခံခြင်း

| | | | | |
|---|---|---|---|---|
| (၁) | ၁၂.၂.၂၀၁၂ | ပထမအကြိမ် | ကျပ် | ၁၈၆၄၀၀၀/ - |
| (၂) | ၁၉.၂.၂၀၁၂ | ဒုတိယအကြိမ် | ကျပ် | ၁၇၀၆၇၁၅/ - |
| (၃) | ၂၁.၂.၂၀၁၂ | တတိယအကြိမ် | ကျပ် | ၅၀၆၈၁၁၅/ - |

www.dhammadownload.com



စုစုပေါင်းအလှူခံပုံးများမှရငွေများမှာကျပ်၈၆၃၈၈၃၀/- (ကျပ်ရှစ်ဆယ့်ခြောက်သိန်းသုံးသောင်းရှစ်ထောင့်ရှစ်ရာသုံးဆယ်)တိတိဖြစ်ပါသည်။

| | |
|---|---|
| အလှူခံပုံးများမှရရှိငွေ | = ၈၆၃၈၈၃၀/- |
| အလှူခံ(ဖြတ်ပိုင်း)မှရရှိငွေ | = ၁၃၆၉၀၄၀/- |
| စုစုပေါင်း | =၁၀၀၀၇၈၇၀/- |

တပေါင်းလဆန်း(၁)ရက် (၂၂.၂.၂၀၁၂)မှ တပေါင်းလပြည့်နေ့ (၇.၃.၂၀၁၂)နေ့အထိ ရွှေတိဂုံစေတီတော် တောင်ဘက် တပ်မတော်ဓမ္မာရုံတွင်ကျင်းပသော ရွှေတိဂုံစေတီတော်(၂၆၀၀)ပြည့် အထိမ်းအမှတ် ထေရဝါဒတရား အလှူပေးပွဲတွင် တရားပွဲကျင်းပရေးကော်မတီနှင့်ပေါင်းစပ်၍ ဘဏ္ဍာရေးဆပ်ကော်မတီမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါသည်။ နေ့စဉ်တရားပွဲကျင်းပရာတွင် ရဟန်းရှင်လူပြည်သူများမှလှူဒါန်းသော အလှူတော်ငွေများအား တရားဟော ဆရာတော်ကြီးများသို့ အောက်ပါအတိုင်း လှူဒါန်းနိုင်ခဲ့ပါသည်။

| | | | | |
|---|---|---|---|---|
| ၁။ | ၂၂.၂.၂၀၁၂ | ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ<br>ဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ | ကျပ် | ၂၃၈၄၀၅၀/- |
| ၂။ | ၂၃.၂.၂၀၁၂ | ဘဒ္ဒန္တနာရဒါဘိဝံသ<br>(လှရတနာဆရာတော်) | ကျပ် | ၃၀၁၃၃၅၀/- |
| ၃။ | ၂၄.၂.၂၀၁၂ | ဘဒ္ဒန္တဂုဏိတာဘိဝံသ<br>တွဲဖက်အကျိုးတော်ဆောင် | ကျပ် | ၂၁၇၂၆၅၀/- |
| ၄။ | ၂၅.၂.၂၀၁၂ | ဘဒ္ဒန္တသီရိန္ဒာဘိဝံသ<br>(ယောဆရာတော်) | ကျပ် | ၄၁၆၈၄၅၀/- |
| ၅။ | ၂၆.၂.၂၀၁၂ | ဘဒ္ဒန္တဂုဏာလင်္ကာရ<br>သာသနဓဇဓမ္မာစရိယ | ကျပ် | ၂၂၅၃၁၅၀/- |
| ၆။ | ၂၇.၂.၂၀၁၂ | ဘဒ္ဒန္တကုန္တက<br>(ညောင်ကန်အေးဆရာတော်) | ကျပ် | ၂၀၆၂၁၁၅/- |
| ၇။ | ၂၈.၂.၂၀၁၂ | လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ<br>(ကလေးဝတောရဆရာတော်) | ကျပ် | ၁၉၇၅၄၀၀/- |
| ၈။ | ၂၉.၂.၂၀၁၂ | လယ်တီဘဒ္ဒန္တစန္ဒာဝရ<br>ဂန္ထဝါစကဓမ္မကထိက | ကျပ် | ၂၅၀၁၉၅၀/- |
| ၉။ | ၁.၃.၂၀၁၂ | ဘဒ္ဒန္တကုန္တက (ဘိုကလေးဆရာတော်)<br>ဓမ္မကထိကဗဟုဇနဟိတရေ | ကျပ် | ၂၀၇၃၉၃၀/- |
| ၁၀။ | ၂.၃.၂၀၁၂ | ဘဒ္ဒန္တနာဂိတ<br>နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် | ကျပ် | ၂၃၅၆၄၅၀/- |
| ၁၁။ | ၃.၃.၂၀၁၂ | ဘဒ္ဒန္တကေသရ(ဓမ္မာစရိယ) | ကျပ် | ၂၂၃၅၄၀၀/- |
| ၁၂။ | ၄.၃.၂၀၁၂ | ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ<br>(သီတဂူဆရာတော်) | ကျပ် | ၁၀၄၅၂၆၀၀/- |
| ၁၃။ | ၅.၃.၂၀၁၂ | ဘဒ္ဒန္တကောဏ္ဍည<br>သာသနဓဇဓမ္မာစရိယ | ကျပ် | ၂၂၄၈၀၅၀/- |

www.dhammadownload.com



| | | | | |
|---|---|---|---|---|
| ၁၄။ | ၆.၃.၂၀၁၂ | ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ (ပါမောက္ခချုပ်ဆရာတော်) | ကျပ် | ၇၆၇၆၄၀၀/- |
| ၁၅။ | ၇.၃.၂၀၁၂ | ဘဒ္ဒန္တဇနကာဘိဝံသ (ချမ်းမြေ့ဆရာတော်) | ကျပ် | ၃၇၉၄၀၀၀/- |

၂၆၀၀ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် ရဟန်းရှင်လူပြည်သူအပေါင်းတို့မှ စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းကြသော အလှူတော်ငွေများစာရင်းအား သာဓုအနုမောဒနာခေါ်ဆိုနိုင်ရန် တင်ပြ ရမည်ဆိုပါက

| | | | |
|---|---|---|---|
| (က) | ၁၄.၈.၂၀၁၁ မှ ၇.၃.၂၀၁၂ ထိ ဘာသာရေးအသင်းများအလှူခံဌာနမှ အလှူခံရရှိငွေပေါင်း | ကျပ် | ၂၀၅၂၄၁၈၂၅/- |
| (ခ) | ၁၄.၈.၂၀၁၁ မှ ၁၂.၃.၂၀၁၂ ထိ အလှူခံဌာနတွင် လှူဒါန်းငွေများ | ကျပ် | ၅၃၅၇၄၀၆၁/- |
| (ဂ) | ၁၇.၈.၂၀၁၁ မှ ၇.၃.၂၀၁၂ ထိ ငွေရှေ့ဌာနမှ အလှူရငွေ | ကျပ် | ၃၅၄၁၃၃၅/- |
| (ဃ) | ၁၄.၁၀.၂၀၁၁ မှ ၂.၃.၂၀၁၂ ထိ မဟာပဋ္ဌာန်းစာအုပ် အလှူရငွေ | ကျပ် | ၂၃၉၈၀၅၀/- |
| (င) | ၇.၁၀.၂၀၁၁ မှ ၁၂.၃.၂၀၁၂ ထိ တရားပွဲမတည်လှူဒါန်းငွေ | ကျပ် | ၂၄၈၂၅၃၂၅/- |
| (စ) | ၁၅.၂.၂၀၁၂ မှ ၇.၃.၂၀၁၂ ထိ ပန်းပင်ရောင်း အလှူခံဌာနမှရငွေ | ကျပ် | ၄၂၇၁၅၂၀၀/- |
| (ဆ) | ၁၁.၂.၂၀၁၂ မှ ၇.၃.၂၀၁၂ ထိ မဟာပဋ္ဌာန်းအလှူခံမှရငွေ | ကျပ် | ၄၅၇၁၂၈၅၀/- |
| (ဇ) | ၁၂.၂.၂၀၁၂ မှ ၁၀.၃.၂၀၁၂ ထိ မဟာပဋ္ဌာန်းအလှူခံပုံးမှရငွေ | ကျပ် | ၆၅၆၆၃၈၂၀/- |
| (ဈ) | ၁၂.၂.၂၀၁၂ မှ ၂၀.၂.၂၀၁၂ ထိ ဆံတော်ကြိုလှည့်လည်ပွဲမှ အလှူရငွေ | ကျပ် | ၁၃၆၉၀၄၀/- |
| (ည) | ၁၂.၂.၂၀၁၂ မှ ၂၁.၂.၂၀၁၂ ထိ ဆံတော်ကြိုလှည့်လည်ပွဲ အလှူခံပုံးမှရငွေ | ကျပ် | ၈၆၃၈၈၃၀/- |
| (ဋ) | ၉.၃.၂၀၁၂ စိန်ဖူး၊ ငှက်မြတ်နား အလှူခံပုံးမှရငွေ | ကျပ် | ၃၇၈၇၀၅၀/- |
| | ၉.၃.၂၀၁၂ စိန်ဖူးတော်၊ ငှက်မြတ်နားတော် မှန်ကျောင်းဆောင်အတွင်းမှ ရငွေ | ကျပ် | ၂၇၉၆၆၈၆/- |
| (ဌ) | ၂၂.၂.၂၀၁၂ နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်လည်ပွဲမှ အလှူတော်ရငွေ | ကျပ် | ၁၀၆၁၁၀၀/- |
| (ဍ) | ၂၂.၂.၂၀၁၂ နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်လည်ပွဲ အလှူခံဖလား(၅)လုံးမှ ရရှိအလှူတော်ငွေ | ကျပ် | ၂၀၀၇၅၀/- |
| | အရပ်ရပ်အလှူတော်ရငွေပေါင်း | ကျပ် | ၄၆၁၅၂၅၉၂၂/- |

ဖြစ်ကြောင်းတင်ပြအစီရင်ခံအပ်ပါသည်။

www.dhammadownload.com



ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လမ်းညွှန် ဦးဆောင်မှုဖြင့် ဗဟိုကော်မတီအပါအဝင် လုပ်ငန်းကော်မတီ(၁၀)ရပ်ဖွဲ့စည်း ဆောင်ရွက် ခဲ့ပါသည်။ ယင်းသို့ဆောင်ရွက်ခဲ့သော ကော်မတီအလိုက် လိုအပ်သောကိစ္စရပ်များတွင် သုံးစွဲကုန်ကျငွေများရှိခဲ့ပါသည်။ သုံးစွဲကုန်ကျငွေများမှာ စိစစ်၍ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲခဲ့ခြင်းဖြစ်ပြီး အရပ်ရပ်အသုံးစရိတ်ငွေပေါင်း (၁၇.၈.၂၀၁၁ မှ ၂၀.၃.၂၀၁၂)ထိ ရောက်ရှိလာသော စာရင်းများအရ အကြမ်းမျဉ်းအားဖြင့် (၁၂၄၆၂၄၅၂၅၆)ဖြစ်ပါသည်။

(စာရင်းများအတိအကျစိစစ်/စစ်ဆေးပြီးပါက ပြောင်းလွဲမှု အနည်းအကျဉ်းရှိနိုင်ပါသည်)

နိဂုံး

ရွှေတိဂုံစေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ခဲ့သည့် (၂၆၀၀)ပြည့်မြောက်သည့်နှစ်တွင် မကြုံစဖူးထူးကဲစွာ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာပူဇာများဖြင့် ရဟန်းရှင်လူပြည်သူများက အားရရွှင်လန်းတက်ကြွ သောစိတ်ရင်းစေတနာဖြင့် ကျရာ အခန်းကဏ္ဍမှ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြသောကြောင့် (၂၆၀၀) ပြည့်ပွဲတော်ကြီး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ခြင်း ဖြစ်ပါသည်။

ဘဏ္ဍာရေးဆပ်ကော်မတီအနေဖြင့် မိမိတို့၏ တာဝန်ဝတ္တရားများကို ကုသိုလ်သဒ္ဓါတရားပြည့်ဝစွာဖြင့် ဆောင်ရွက်ခဲ့ကြခြင်း၊ အခြားသောဆပ်ကော်မတီများနှင့်ပေါင်းစပ်၍ ကုသိုလ်ယူဆောင်ရွက်ခဲ့ခြင်းများအား သမိုင်းမှတ်တမ်းတင်စေသောငှာ ရေးသားပြုစုတင်ပြလိုက်ရပါသည်။

(ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု)

အတွင်းရေးမှူး
ဘဏ္ဍာရေးဆပ်ကော်မတီ
နှစ် (၂၆၀၀) ပြည့်ပွဲတော်

www.dhammadownload.com

# နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယတခေါင်းပွဲတော် အလှူတော်ရငွေနှင့် အသုံးစရိတ်ရှင်းတမ်း (၁၄.၈.၂၀၁၁ မှ ၁၄.၅.၂၀၁၂ အထိ)

| စဉ် | အကြောင်းအရာ | | အလှူတော်ရငွေ | စဉ် | အကြောင်းအရာ | | အသုံးစရိတ် |
|---|---|---|---|---|---|---|---|
| ၁ | အလှူတော်ရငွေစုစုပေါင်း | | ၆၁၂၆၁၆၇၂၂ | ၁ | အလှူတော်အသုံးစရိတ်စုစုပေါင်း | | ၉၂၇၃၀၆၂၁၀ |
| (က) | (၁၄.၈.၂၀၁၁ မှ ၇.၃.၂၀၁၂)ထိ အသင်းမှအလှူရငွေ | ၂၀၅၂၄၁၈၂၅ | | (က) | အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ | ၈၅၆၆၇၂၇၃ | |
| (ခ) | (၁၄.၈.၂၀၁၁ မှ ၁၂.၃.၂၀၁၂)ထိ အလှူခံဌာနမှရငွေ | ၅၃၅၇၄၀၆၁ | | (ခ) | ပြန်ကြား/မှတ်တမ်းဆပ်ကော်မတီ | ၁၄၆၈၂၂၅၀ | |
| (ဂ) | (၁၇.၈.၂၀၁၁ မှ ၇.၃.၂၀၁၂)ထိ ငွေရေးဌာနမှရငွေ | ၃၅၄၁၃၃၅ | | (ဂ) | ပျော်ပွဲရွှင်ပွဲကျင်းပရေးဆပ်ကော်မတီ | ၆၉၁၂၁၂၅၀ | |
| (ဃ) | (၁၄.၁၀.၂၀၁၁ မှ ၂.၃.၂၀၁၂)ထိ မဟာပဋ္ဌာန်းစာအုပ်ရငွေ | ၂၃၉၈၀၅၀ | | (ဃ) | လက်ဆောင်ပစ္စည်းဝယ်ယူရေးဆပ်ကော်မတီ | ၁၀၉၃၀၀၈၁၅ | |
| (င) | (၇.၁၀.၂၀၁၁ မှ ၁၂.၃.၂၀၁၂)ထိ တရားပွဲမတည်အလှူငွေ | ၂၄၈၂၅၃၂၅ | | (င) | ဘဏ္ဍာရေးဆပ်ကော်မတီ | ၂၁၀၁၀၀၀ | |
| (စ) | (၁၈.၁၀.၂၀၁၁ မှ ၇.၃.၂၀၁၂)ထိ လက်ဆောင်ပစ္စည်းရငွေ | ၁၄၉၇၈၀၉၅၀ | | (စ) | လှည့်လည်ပူဇော်ပွဲကျင်းပရေးဆပ်ကော်မတီ | ၇၆၅၉၉၆၀ | |
| (ဆ) | (၁၅.၂.၂၀၁၂ မှ ၇.၃.၂၀၁၂)ထိ ပန်းပင်အရောင်းဌာနမှရငွေ | ၄၂၇၁၅၂၀၀ | | (ဆ) | ဆွမ်းဆပ်ကပ်ရေးနှင့် ဓမ္မဒေသနာတော်ရွတ်ဆို | ၅၈၇၇၈၉၄၂ | |
| | | | | | ပူဇော်ရေးဆပ်ကော်မတီ | | |
| (ဇ) | (၁၁.၂.၂၀၁၂ မှ ၇.၃.၂၀၁၂)ထိ မဟာပဋ္ဌာန်းဌာနအလိုက်ရငွေ | ၄၅၇၁၂၈၅၀ | | (ဇ) | ဗုဒ္ဓဘိသေကအနေကဇာတင်ပွဲနှင့် ဆွမ်းဆန် | ၃၇၂၇၀၇၉၈၀ | |
| (ဈ) | (၁၂.၂.၂၀၁၂ မှ ၁၀.၃.၂၀၁၂)ထိ မဟာပဋ္ဌာန်းအလှူခံပုံးရငွေ | ၆၅၆၆၃၈၂၀ | | | တော်လောင်းလှူပွဲဆပ်ကော်မတီ | | |
| (ည) | (၁၃.၂.၂၀၁၂ မှ ၁၃.၃.၂၀၁၂)ထိ ဆံတော်ကြိုလက်ဆောင် | ၁၃၀၉၈၅၀ | | (ဈ) | ပန်းပေါင်း(၈၄၀၀၀)ပူဇော်ပွဲ | ၂၈၀၃၀၄၀၀ | |
| | ပစ္စည်းရောင်းရငွေ | | | (ည) | လျှပ်စစ်မီးရောင်စုံပူဇော်ပွဲ | ၁၈၃၄၅၈၈၅ | |
| (ဋ) | (၁၂.၂.၂၀၁၂ မှ ၂၀.၂.၂၀၁၂)ထိ ဆံတော်ကြိုအလှူရငွေ | ၁၃၆၉၀၄၀ | | (ဋ) | အထွေထွေ | ၂၉၅၆၈၆၄၅ | |
| (ဌ) | (၁၂.၂.၂၀၁၂ မှ ၂၁.၂.၂၀၁၂)ထိ ဆံတော်ကြိုအလှူခံပုံးရငွေ | ၈၆၃၈၈၃၀ | | (ဌ) | လုံခြုံရေး၊မီးဘေးကာကွယ်ရေးနှင့် ကျန်းမာရေး | ၁၄၁၅၆၄၅၀ | |
| (ဍ) | (၉.၃.၂၀၁၂)စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ မှန်ကျောင်းအတွင်း | ၂၇၉၆၆၈၆ | | | စောင့်ရှောက်မှုဆပ်ကော်မတီ | | |
| | ရငွေ | | | (ဍ) | တရားပွဲကျင်းပရေးဆပ်ကော်မတီ | ၄၈၂၄၅၆၀ | |
| (ဎ) | (၉.၃.၂၀၁၂)စိန်ဖူးတော်၊ ငှက်မြတ်နားတော်ရငွေ | ၃၇၈၇၀၅၀ | | | | | |
| (ဏ) | (၂၂.၂.၂၀၁၂)နှစ်ကျိုပ်ရှစ်ဆူဘုရားလှည့်လည်ပွဲမှရငွေ | ၁၀၆၁၁၀၀ | | | | | |
| (တ) | (၂၂.၂.၂၀၁၂) ဖလားပိုက်(၅)လုံးမှ ရရှိသောအလှူရငွေ | ၂၀၀၇၅၀ | | | | | |
| | စုစုပေါင်း | | ၆၁၂၆၁၆၇၂၂ | | | | ၉၂၇၃၀၆၂၁၀ |
| | အလှူတော်ရငွေထက်ပိုသုံးငွေ | | (-)၃၁၄၆၈၉၄၈၈ | | | | |
| | စုစုပေါင်း | | ၉၂၇၃၀၆၂၁၀ | | စုစုပေါင်း | | ၉၂၇၃၀၆၂၁၀ |

ဥက္ကဋ္ဌ (ဂေါပက - ဘဏ္ဍာ)
ဘဏ္ဍာရေးဆပ်ကော်မတီ

ဒေါ်ဝင်းဝင်းနိုင်
ဌာနမှူး(ဘဏ္ဍာ)

www.dhammadownload.com



# ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀) ပြည့်ဗုဒ္ဓပူဇနိယပွဲတော် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၏ အစီရင်ခံစာ

နိဒါန်း

၁။ မဟာသက္ကရာဇ်(၁၀၃)ခုနှစ်တွင် စတင်တည်ထားပူဇော်ခဲ့သော လေးဆူဓါတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ နှစ် (၂၆၀၀)ပြည့်အထိမ်းအမှတ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးအား (၂၂.၂.၂၀၁၂)ရက်နေ့မှ (၇.၃.၂၀၁၂)ရက်နေ့အထိ၊ မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း(၁)ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ ခမ်းနားထည်ဝါစည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ပြီးစီးခဲ့ပါသည်။

၂။ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများထံ ဩဝါဒခံယူပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ပွဲတော်ကျင်းပရေးဗဟိုကော်မတီနှင့် ဆပ်ကော်မတီ(၉)ခုအား စနစ်တကျဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီတွင် အောက်ပါပုဂ္ဂိုလ်များဖြင့် ပါဝင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ကြပါသည် -

| | | | |
|---|---|---|---|
| (၁) | ဦးမောင်ပိ | ဂေါပကအဖွဲ့ဝင် | ဥက္ကဋ္ဌ |
| (၂) | ဦးကျော်သူဇော် | ခရိုင်အုပ်ချုပ်ရေးမှူး၊ ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဒု-ဥက္ကဋ္ဌ |
| (၃) | ဦးသိန်းဆိုင် | အင်ဂျင်နီယာမှူးကြီး တိုင်းဒေသကြီးပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၄) | ဦးအောင်နိုင်မြင့် | ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန(တောင်ပိုင်း) | အဖွဲ့ဝင် |
| (၅) | ဦးအေးဝင်း | လျှပ်စစ်ဝေယျာဝစ္စအကျိုးဆောင်အဖွဲ့ | အဖွဲ့ဝင် |
| (၆) | ဦးတိုးအောင် | တွဲဘက်အတွင်းရေးမှူး ရန်ကုန်မြို့တော် လျှပ်စစ်ဓါတ်အားပေးရေးအဖွဲ့ | အဖွဲ့ဝင် |
| (၇) | ဦးဇော်သိန်း | မြို့နယ်ဒုတိယဦးစီးမှူး ကွမ်းခြံကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးမင်းမင်း | မြို့နယ်ဒုတိယဦးစီးမှူး ကော့မှူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဦးနန္ဒအောင် | မြို့နယ်ဒုတိယဦးစီးမှူး တွံတေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဦးခင်မောင်ဦး | မြို့နယ်ဒုတိယဦးစီးမှူး ဗိုလ်တစ်ထောင်မြို့နယ် အထွေထွေဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဦးမင်းအောင် | ဌာနခွဲမှူး(လုပ်ငန်း) | အဖွဲ့ဝင် |
| (၁၂) | ဦးမောင်အေး | ဌာနခွဲမှူး(လုပ်ငန်း) | အဖွဲ့ဝင် |
| (၁၃) | ဦးလှကြိုင် | ရွှေတိဂုံဘက်စုံဆောက်လုပ်ရေး | အဖွဲ့ဝင် |
| (၁၄) | ဒေါ်အုန်းအုန်းထွေး | ဌာနမှူး(အုပ်ချုပ်ရေး) | အဖွဲ့ဝင် |
| (၁၅) | ဒေါ်မြမြဝင်း | ဌာနမှူး(လုပ်ငန်းဌာန) | အတွင်းရေးမှူး |

တို့ပါဝင်ပါသည်။

www.dhammadownload.com



## အစည်းအဝေးများကျင်းပခြင်း

၃။ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၏အစည်းအဝေးကို(၁၅.၁၁.၂၀၁၁)ရက် အင်္ဂါနေ့မွန်းလွဲ (၁း၀၀) နာရီတွင် ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်းတွင် ကျင်းပခဲ့ပါသည်။

၄။ ရွှေတိဂုံစေတီတော်နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပူဇနီယပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီသည် မိမိကော်မတီ၏တာဝန်များကို ထမ်းဆောင်ရသည့်အပြင် အခြားသောဆပ်ကော်မတီ၏ လိုအပ်ချက်များကိုလည်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခဲ့ရပါသဖြင့် ဆောင်ရွက်ချက်များအား အောက်ပါအတိုင်း အစီရင်ခံအပ်ပါသည်။

(က) ဖေဖော်ဝါရီလ(၁၀)ရက်နေ့မှ ဖေဖော်ဝါရီလ(၂၁)ရက်နေ့အထိ ဆံတော်ကြိုစေတီဒေသများအတွက် ဆောင်ရွက်ချက်များ

(၁) ဆံတော်ကြိုစေတီများတွင် ယခင်ကတင်လှူပူဇော်ခဲ့သော စိန်ဖူးတော်၊ ဌက်မြတ်နားတော်၊ ရွှေသင်္ကန်းတော်များနှင့် ရွှေစေတီတော်တို့အား အပူဇော်ခံနိုင်ရန်အတွက် မဏ္ဍပ်များဆောက်လုပ်ပေးခြင်း၊ မြန်မာမှုအထပ်သားများပန်းများ တပ်ဆင်ပေးခြင်း၊ ရွှေပြောင်းပေးခြင်းနှင့် ဖျက်သိမ်းပေးခြင်းလုပ်ငန်းများကို အောက်ပါအတိုင်းဆောင်ရွက်ပေးခဲ့ရပါသည် -

- ဆံတော်ကြိုစေတီအမှတ်(၁)တည်ရှိရာ ကွမ်းခြံကုန်းမြို့နယ် ကျိုက်ဒေးကနောင်စေတီ (ညောင်ငူရွာ)တွင် အလှူခံမဏ္ဍပ်၊ လက်ဆောင်ပစ္စည်းအရောင်းမဏ္ဍပ်၊ ဧည့်ခံမဏ္ဍပ်များ ဆောက်လုပ်ပေးခဲ့ရပါသည်။ အပူဇော်ခံရန်အတွက် ယင်းစေတီ၏ အရှေ့ဘက်စောင်းတန်းတွင် အပူဇော်ခံပါသည်။
- ဆံတော်ကြိုစေတီ အမှတ်(၂)တည်ရှိရာ ကွမ်းခြံကုန်းမြို့နယ် ကျိုက်အံခလွန်းစေတီ (အင်းဂလုံကျေးရွာ)တွင်အလှူခံမဏ္ဍပ်၊ လက်ဆောင်ပစ္စည်း အရောင်းမဏ္ဍပ်၊ ဧည့်ခံမဏ္ဍပ်များဆောက်လုပ်ပေးခဲ့ရပါသည်။ ၎င်းစေတီ၏မြောက်ဘက်အာရုံခံတန်ဆောင်းတွင် အပူဇော်ခံပါသည်။
- ဆံတော်ကြိုစေတီအမှတ်(၃)တည်ရှိရာ ကော့မှူးမြို့ ဆပုဂံစေတီတော် (ဆပုဂံ) ရွာတွင် အလှူခံမဏ္ဍပ်၊ လက်ဆောင်ပစ္စည်းအရောင်းမဏ္ဍပ်နှင့် အပူဇော်ခံမဏ္ဍပ်များ ဆောက်လုပ်ပေးခဲ့ရပါသည်။
- ဆံတော်ကြိုစေတီအမှတ်(၄)တည်ရှိရာ ကော့မှူးမြို့နယ် ကျိုက်တန်နိုးနွတ်စေတီတော် (တရုတ်ကုန်းကျေး)ရွာတွင် အလှူခံမဏ္ဍပ်၊ လက်ဆောင်ပစ္စည်းအရောင်းမဏ္ဍပ်၊ ဧည့်ခံမဏ္ဍပ်၊ အပူဇော်ခံမဏ္ဍပ်နှင့် ဓါတ်ပုံပြခန်းများ ဆောက်လုပ်ပေးခဲ့ရပါသည်။
- ဆံတော်ကြိုစေတီအမှတ်(၅)တည်ရှိရာ ကော့မှူးမြို့နယ် ကျိုက်တန်နိုးထွတ်စေတီတော် (တကူခြံ)တွင်အလှူခံမဏ္ဍပ်၊ လက်ဆောင်ပစ္စည်းအရောင်းမဏ္ဍပ်၊ ဧည့်ခံမဏ္ဍပ်၊ အပူဇော်ခံမဏ္ဍပ်များ ဆောက်လုပ်ပေးခဲ့ရပါသည်။
- ဆံတော်ကြိုစေတီ အမှတ်(၆)တည်ရှိရာ ကော့မှူးမြို့နယ် ကျိုက်မွန်ထိုစေတီတော် (လက်စိုက်ရွာ)တွင်အလှူခံမဏ္ဍပ်၊ လက်ဆောင်ပစ္စည်းအရောင်းမဏ္ဍပ်နှင့် ဧည့်ခံမဏ္ဍပ်များ ဆောက်လုပ်ပေးခဲ့ရပါသည်။
- ဆံတော်ကြိုစေတီ အမှတ်(၇)တည်ရှိရာ ကော့မှူးမြို့နယ် ကျိုက်ကော့မှူးစေတီတော်(တောရကျောင်း)တွင် အလှူခံမဏ္ဍပ်၊ လက်ဆောင်ပစ္စည်းအရောင်းမဏ္ဍပ်နှင့် ဧည့်ခံမဏ္ဍပ်များ ဆောက်လုပ်ပေးခဲ့ရပါသည်။ အပူဇော်ခံရန်အတွက် ရင်ပြင်တော်ရိုတ်ဆောင်းများ၌ အပူဇော်ခံပါသည်။

www.dhammadownload.com



ဗုဒ္ဓပူဇနိယပွဲတော် မုခ်ဦးများ ရွှေတိဂုံဘုရားလမ်းမှ အာဇာနည်လမ်းသို့ အဝင်မုခ်ဦး။



ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်
ဗုဒ္ဓပူဇနိယပွဲတော် မုခ်ဦးများ။
(အာဇာနည်လမ်း)





ထေရဝါဒတရားအလှူပေးပွဲမုခ်ဦး။

www.dhammadownload.com



- ဆံတော်ကြိုစေတီ အမှတ်(၈)တည်ရှိရာ တွံတေးမြို့နယ် ဖလက်ကြီးစေတီတော်တွင် ရင်ပြင်အလှူခံမဏ္ဍပ်၊ လက်ဆောင်ပစ္စည်း အရောင်းမဏ္ဍပ်နှင့် ဧည့်ခံမဏ္ဍပ်များ ဆောက်လုပ်ပေးခဲ့ရပါသည်။ အပူဇော်ခံရန်အတွက် ရင်ပြင်တော်ရှိတန်ဆောင်းများ၌ အပူဇော်ခံပါသည်။
- ဆံတော်ကြိုစေတီ အမှတ်(၉)တည်ရှိရာ တွံတေးမြို့နယ် ကျိုက်ကေသာစေတီတော်(ကဘင်းရွာ)တွင်အလှူခံမဏ္ဍပ်၊ လက်ဆောင်ပစ္စည်းအရောင်းမဏ္ဍပ်နှင့်ဧည့်ခံမဏ္ဍပ်များ ဆောက်လုပ်ပေးခဲ့ရပါသည်။ အပူဇော်ခံရန်အတွက် အဂ်ါထောင့်တန်ဆောင်းတွင် အပူဇော်ခံပါသည်။

(၂) ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် လှည့်လည်ပူဇော်ပွဲအတွက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေသင်္ကန်းတော်များနှင့် ရွှေစေတီတော်များအား ပင့်ဆောင်မည့် မော်တော်ယာဉ်များအားအမာခံသံဖရိန်တပ်ဆင်ခြင်း၊ အမာခံသံဖရိန်ပေါ်တွင် ငါးထပ်သားများခင်းပေးခြင်း၊ ကရဝိတ်ဖောင်တော်တပ်ဆင်နိုင်ရန်အတွက်အမာခံဖရိန်များတပ်ဆင်ပေးခြင်း၊ ရွှေစေတီအောက်ခံအမာခံဖရိန်နှင့်မှန်ကျောင်းဆောင်တစ်ခုပြုလုပ်ပေးခြင်းများဆောင်ရွက်ရသည့်အပြင် ရွှေပြားသင်္ကန်းတော် အမာခံဖရိန်များတပ်ဆင်ပေးခြင်း၊ လှည့်လည်ပူဇော်ခံ ကရဝိတ်ဖောင်တော်အတွက် လိုအပ်သောအမာခံဖရိန်များနှင့် မြန်မာမှုအမာခံဖရိန်များအား လှည့်လည်အပူဇော်ခံချိန်တွင် အခက်အခဲမဖြစ်စေရန် စနစ်တကျစီစဉ်ဆောင်ရွက်ပေးခဲ့ရပါသည်။

(၃) ဆံတော်ကြိုစေတီများတွင် လှည့်လည်အပူဇော်ခံရာတွင် အဆင်ပြေမှုရှိစေရန်၊ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်နှင့် ဖျက်သိမ်းခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရန် အတွက် လုပ်ငန်းဌာနမှ မှတ်ပုံတင်ကန်ထရိုက်ဦးကျော်သူရ ခေါင်းဆောင်သော ကျွမ်းကျင်လုပ်သား (၁၆)ဦးတို့အား လိုက်ပါဆောင်ရွက်ရန်တာဝန်ပေးခဲ့ပါသည်။

(ခ) ဖေဖော်ဝါရီလ(၂၂)ရက်နေ့မှမတ်လ(၇)နေ့အထိရွှေတိဂုံစေတီတော်နှစ်(၂၆၀၀)ပြည့်ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပနိုင်ရန်အတွက် ဆောင်ရွက်ချက်များ

(၁) အလှူခံမဏ္ဍပ်များတည်ဆောက်ခြင်း

ရင်ပြင်တော်စနေထောင့်တွင် ရွှေတိဂုံစေတီတော်နှစ်(၂၆၀၀)ပြည့်ဗုဒ္ဓပူဇနီယပွဲတော် အထူးအလှူခံမဏ္ဍပ်အားကြိုတင်ဆောက်လုပ်ပေးခဲ့ရပါသည်။ ပွဲတော်အကြိုလုပ်ငန်းများပေါင်းစပ်ဆောင်ရွက်နိုင်ရန်နှင့် ပွဲတော်အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ အရောင်းဆိုင်(၂)ဆိုင်အတွက် ရင်ပြင်တော်ဗုဒ္ဓဟူးထောင့်နှင့် ရာဟုထောင့်တို့တွင် အသင့်ပြုလုပ်ထားသော ယာယီသံရုံးမဏ္ဍပ်များအား နေရာချထားခြင်း၊ လက်ဆောင်ပစ္စည်းများချိတ်ဆွဲနိုင်ရန်ဘုတ်များ ပြုလုပ်ပေးခြင်း၊ နဖူးစီးဆိုင်းဘုတ်များ ပြုလုပ်တပ်ဆင်ပေးခြင်း၊ လက်ဆောင်ပစ္စည်းများ ယာယီသိမ်းဆည်းနိုင်ရန်အတွက် (၄'×၄'×၄')ငါးထပ်သားသေတ္တာကြီး(၃)လုံးကိုလည်းပြုလုပ်ပေးခဲ့ရပါသည်။ ထို့အပြင် (၂၆၀၀)ပြည့်ပွဲတော် ကာလအတွင်း ရင်ပြင်တော်ရှိစေတီများ၊ တန်ဆောင်းများတွင် ရောင်စုံလျှပ်စစ်မီးများ ထွန်းညှိပူဇော်နိုင်ရန်အတွက် လျှပ်စစ်မီးအလှူခံကောင်တာ ဖွင့်လှစ်နိုင်ရန်အတွက် ရင်ပြင်တော်တနင်္ဂနွေထောင့်တွင်ယာယီသံရုံးမဏ္ဍပ်အား စီစဉ်ဆောင်ရွက်ပေးခြင်း၊ ပစ္စည်းများသိမ်းဆည်းနိုင်ရန်အတွက် (၄'×၄'×၄') ငါးထပ်သား

www.dhammadownload.com



သေတ္တာ(၁)လုံးပြုလုပ်ပေးခဲ့ရပါသည်။ ထို့ပြင် ပန်းပေါင်း(၅၄၀၀၀)အပူဇော်ခံ နိုင်ရန်အတွက် ရင်ပြင်တော်မြောက်ဘက် ဒေါ်ဒဂုံခင်ခင်လေးတန်ဆောင်းနှင့် တောင်ဘက်ကားကွင်းထိပ်တွင် ပန်းအလှူခံဌာနများကိုလည်း ယာယီသံရုံးမဏ္ဍပ်များဖြင့် နဖူးစီးဆိုင်းဘုတ်များ၊ မြန်မာမှုတိုင်ဖုံး များဖြင့်ပြုလုပ်ဆောင်ရွက်ပေးခဲ့ပါသည်။

(၂) ကြော်ငြာဘုတ်များ၊ ဗွီနိုင်းဆိုင်းဘုတ်များပြုလုပ်ခြင်း

တပေါင်းပွဲတော်အထိမ်းအမှတ် နတ်ပျော်ရုပ်များပါဝင်သော နဖူးစီးဆိုင်းဘုတ်များ၊ ပွဲတော်ကျင်းပသည့် အခမ်းအနားဆိုင်ရာ နဖူးစီးဆိုင်းဘုတ်များပြုလုပ်၍ စောင်းတန်း(၄)သွယ် တွင် တပ်ဆင်ခြင်း၊ လှည့်လည်ရေးဆိုင်းဘုတ်များ၊ ပွဲခင်းများအနှံ့ သတိပေးဆိုင်းဘုတ်များ ပြု လုပ်နေရာချထားခြင်းများ ဆောင်ရွက်ပေးခဲ့ရပါသည်။ ထို့အပြင်စေတီတော်ကြီး၏အထက် ပစ္စယံရှိအရံစေတီနှင့် မုခ်ဦးစေတီများ၊ ဆီမီးခုံစေတီများနှင့် မြေစိုက်စေတီများတွင် မီးအလှူရှင် ဗွီနိုင်းဆိုင်းဘုတ်များ ပြုလုပ်ချိတ်ဆွဲတပ်ဆင်ခြင်းများ ဆောင်ရွက်ပေးခဲ့ရပါသည်။

(၃) မုခ်ဦးကြီး(၃)ခုဆောက်လုပ်ခြင်း

အာဇာနည်လမ်းပေါ်တွင်တောင်ဘက်ထိပ်၌ (အလျား၂၆' × အမြင့်၂၂')ရှိမုခ်ဦးကြီးအား တောသစ်ဖြင့် အမာခံဖရိန်ပြုလုပ်ပြီး အထပ်သားဖြင့် ပန်းချီရေးဆွဲ၍လည်းကောင်း၊ ရွှေတိဂုံ ပုံတူစေတီငယ်၊ ဥက္ကလာပမင်းကြီးရုပ်ထု၊ ကုန်သည်ညီနောင်ရုပ်တုများကိုမြန်မာမှုရုပ်လုံးရုပ်ကြွ ပြုလုပ်၍တပ်ဆင်ထားပါသည်။

အာဇာနည်လမ်းအရှေ့ဘက်မုခ်နှင့် မြောက်ဘက်မုခ်ကြားတွင် (အလျား ၅၇' × အမြင့်၂၂')ရှိသော တောသစ်ဖြင့် အမာခံဖရိန်ပြုလုပ်ပြီး အထပ်သားဖြင့် ပန်းချီရေးဆွဲ၍ လည်းကောင်း၊ ရွှေတိဂုံပုံတူစေတီငယ်၊ ဥက္ကလာပမင်းကြီးရုပ်ထု၊ ကုန်သည်ညီနောင်ရုပ်တုများ ကိုမြန်မာမှုရုပ်လုံးရုပ်ကြွပြုလုပ်၍တပ်ဆင်ထားသော မုခ်ဦးကြီးတစ်ခုကိုလည်း တည်ဆောက် ခဲ့ပါသည်။

အနောက်ဘက်ကားကွင်းအဝင်/အထွက်နေရာတွင် (အလျား၃၈' × အမြင့်၂၂') ရှိသော တောသစ်ဖြင့်အမာခံဖရိန်ပြုလုပ်ပြီးအထပ်သားဖြင့်ပန်းချီရေးဆွဲ၍လည်းကောင်း၊ ရွှေတိဂုံပုံတူ စေတီငယ်၊ ဥက္ကလာပမင်းကြီးရုပ်ထု၊ ကုန်သည်ညီနောင်ရုပ်တုများကို မြန်မာမှုရုပ်လုံးရုပ်ကြွပြု လုပ်၍ တပ်ဆင်ထားသော မုခ်ဦးကြီးတစ်ခုကို တည်ဆောက်ခဲ့ရပါသည်။

(၄) တရားပွဲကျင်းပသည့်တပ်မတော်ဓမ္မာရုံနှင့် ပတ်ဝန်းကျင်ပြင်ဆင်မွမ်းမံမှု လုပ်ငန်းများ

(၁၅)ရက်တိုင်တိုင် တရားပွဲကျင်းပမည့် တပ်မတော်ဓမ္မာရုံကြီးအတွင်းတွင် ရေဘက် ဆိုင်ရာနှင့် လျှပ်စစ်မီးဆိုင်ရာများ ဖြည့်စွက်ပြုပြင်ဆက်သွယ်တပ်ဆင်ခြင်း၊ အဝင်ဂိတ်ဝတွင် တရားပွဲမုခ်ဦးမဏ္ဍပ်အား ခမ်းနားထယ်ဝါစွာဆောက်လုပ်ပေးခြင်း၊ ဆရာတော်ကြီးများ၏ဓါတ် ပုံပါ ဗွီနိုင်းဆိုင်းဘုတ်များ ပြုလုပ်တပ်ဆင်ခြင်း၊ LED လျှပ်စစ်ဆိုင်းဘုတ်ကြီး ချိတ်ဆွဲတပ်ဆင် ခြင်း၊ အညွှန်းဆိုင်းဘုတ်များ၊ သာသနာ့အလံတိုင်များ ပြုလုပ်တပ်ဆင်ခြင်း၊ လုံလောက်သော အလင်းရောင်ရရှိစေရန် လျှပ်စစ်မီးများ ဆက်သွယ်တပ်ဆင်ခြင်း၊ တရားပွဲအထူးအလှူခံဌာန ဖွင့်လှစ်နိုင်ရန် ယာယီမဏ္ဍပ်နှင့် နဖူးစီးဆိုင်းဘုတ်များ ပြုလုပ်/တပ်ဆင်/နေရာချထားခြင်း၊ ဓမ္မာရုံအတွင်းတရားပွဲလာပရိတ်သတ်များအတွက် ကော်ဇော်များနှင့် ပလပ်စတစ် ကုလားထိုင် များ ခင်းကျင်းပြင်ဆင်ခြင်း လုပ်ငန်းများဆောင်ရွက်ပေးခဲ့ရပါသည်။

www.dhammadownload.com



**(၅) ချမ်းသာကြီးတန်ဆောင်းအတွင်းတွင်အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ရန်ရတနာယရစ်အိမ်တော်နှင့် နှစ်ကျိတ်ရှစ်ဆူဘုရားများပင့်ဆောင်ပူဇော်မည့် သံဃာစင်နှင့်တကွ လိုအပ်သည်များ ပြုပြင်မွမ်းမံခြင်း**

ရတနာယရစ်အိမ်တော်နှင့် ချမ်းသာကြီးတန်ဆောင်းရှိ သံဃာစင်တို့အား ပိုမိုထည်ဝါစွာဖြစ်စေရန် မူလသွပ်ပန်းဖြင့် ပြုလုပ်ထားခြင်းအစား စတီးရွှေ Gold Steel အသုံးပြု၍မြန်မာမှုကနုတ်ပန်းများဖြင့်ပြန်လည်အလှဆင်ပြုပြင်တပ်ဆင်ခြင်း၊ နှစ်ကျိပ်ရှစ်ဆူဘုရားများပင့်ဆောင်ပူဇော်မည့် ဝေါယာဉ်(၂၈)ခု အသစ်ပြုလုပ်ခြင်း၊နှစ်ကျိပ်ရှစ်ဆူဘုရားများနှင့် သစ်သီး၊ ဆွမ်း၊ ပန်း၊ ရေချမ်းများ၊ ပဌာန်းရေဘူးများ တင်လှူမည့်စင်များပြုလုပ်ခြင်း၊ ပန်းအလှဆင်ခြင်း၊ ကော်ဇောများ ခင်းကျင်းပြင်ဆင်ခြင်း၊ ဦးဘိုးသောင်းတန်ဆောင်းအတွင်း ပဌာန်းရေအိုးစင်များအား ဘုရားဖူးများသောက်နိုင်ရန်အတွက်ခင်းကျင်းနေရာချထားခြင်း၊ အသံချဲ့စက်ဆိုင်ရာ၊ လျှပ်စစ်မီးဆိုင်ရာများ ရေဘက်ဆိုင်ရာများ ဆက်သွယ်တပ်ဆင်ခြင်း၊ နဖူးစီးဆိုင်းဘုတ်များ လှည့်လည်ရေးဆိုင်းဘုတ်များ ပြုလုပ်ဆောင်ရွက်ရပါသည်။

**(၆) ရင်ပြင်တော်ရာဟုထောင့်အောင်မြေတွင် ဗုဒ္ဓပူဇနိယပွဲတော်ဗဟိုမဏ္ဍပ်ကြီးနှင့်သံဃာစင် ဆောက်လုပ်ခြင်းနှင့် လိုအပ်သည်များပြုပြင်မွမ်းမံခြင်း**

ဗဟိုမဏ္ဍပ်ပြုလုပ်မည့်နေရာတွင်(၂၀'×၁၅'×၁၂') အရွယ်သံမဏ္ဍပ် (၁၇) ခုအား တာပေါ်လင်အမိုးအသုံးပြု၍ တွန်းရွှေ့နိုင်သည့်ဘီးလုံးများဖြင့် ကြိုတင်ဆောက်လုပ်ထားရှိကာ စုစုပေါင်း (၉၀'×၉၀')ပတ်လည်ဧရိယာအတွင်း အချိန်နှင့်တပြေးညီနေရာချတပ်ဆင်ခြင်း၊ မြန်မာမှုသွပ်ပန်းများတပ်ဆင်ထားသော ကတ္တီပါတိုင်တိုင်လုံးများဖြင့် မဏ္ဍပ်အလှဆင်ခြင်း၊ ကတ္တီပါပိတ်စပေါ်တွင် ရွှေရောင်ဖော့စာလုံးဖြင့် ခမ်းနားထည်ဝါမှုရှိစွာ နဖူးစီးဆိုင်းဘုတ်ပြုလုပ်တပ်ဆင်ခြင်း၊ဗဟိုမဏ္ဍပ်၏ခေါင်းရင်းဘက်တွင်သံဃာစင်အဖြစ်(၅၀'×၁၂'×၂')နစ်ဆင့်သစ်သားခုံနှင့် နောက်ခံအထပ်သားနံရံအကာပြုလုပ်တပ်ဆင်ခြင်း၊ သက်ဆိုင်ရာအခမ်းအနားဆိုင်းဘုတ်များပြုလုပ်ချိတ်ဆွဲခြင်း၊ အလှပန်းများချိတ်ဆွဲခြင်း၊ လျှပ်စစ်မီးများ၊ အသံချဲ့စက်များဆက်သွယ်ခြင်း၊ ကော်ဇောများ ခင်းကျင်းပြင်ဆင်ခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

**(၇) ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားနှင့် ဆွမ်းဆန်တော်လောင်းလှူရေး အခမ်းအနားအတွက် ဆောင်ရွက်ရသောလုပ်ငန်းများ**

(၂၅.၂.၂၀၁၂)နေ့တွင်ကျင်းပသည့် ဗုဒ္ဓါဘိသေကအနေကဇာတင် အခမ်းအနားနှင့်သံဃာတော်(၂၆၀၀)ပါးအား ဆွမ်းဆန်တော်လောင်းလှူသည့် အခမ်းအနားအတွက် အများပြည်သူအလှူရှင်များ ဆွမ်းလောင်းလှူနိုင်ရန် (၆'×၂'×၂'၆') အရွယ်သစ်သားခုံများ (၃၈၀)လုံးအား အထပ်သားမျက်နှာပြင်ရိုက်၍ ဆေးသုတ်ခြင်းအပါအဝင်အသစ်ပြုလုပ်ခြင်း၊ ယခင်ရှိပြီး ဆွမ်းတော်တင်ခုံအဟောင်းများ ပြန်လည်ဆေးသုတ်မွမ်းမံခြင်း၊ စောင်းတန်း(၄)သွယ်တွင် နေရာချထားခြင်း၊ လုပ်ငန်းပြီးဆုံးပါကပြန်လည်သိမ်းဆည်းခြင်း၊ ဘယ်ရီဂိတ်သံပန်းအကာများ နေရာချ ကာရံ၍ သံဃာတော်လျှောက်လမ်းများ ပြုလုပ်ပေးခြင်း၊ ဆွမ်းဆန်တော်လောင်းလှူရေးအဖွဲ့ဝင် ကပ္ပိယများအတွက် လက်ပတ်နှင့် ပီနံအိတ်များ ထုတ်ယူနိုင်ရန် လမ်းညွှန်ဆိုင်းဘုတ်များ ရေးသားနေရာချထားခြင်း၊ စောင်းတန်း (၄) သွယ်အမည်စာတန်းပါ (အင်္ဂလိပ်/မြန်မာဖြင့်) ဗွီနိုင်းဆိုင်းဘုတ်များ ပြုလုပ်ချိတ်ဆွဲထားခြင်း၊ အသံချဲ့စက်ဆိုင်ရာလုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရပါသည်။

www.dhammadownload.com



(၈) လျှပ်စစ်လုပ်ငန်းများဆောင်ရွက်ခြင်း

ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့်ပွဲတော် အခမ်းအနားကြီးတွင် လိုအပ်သော တစ်ကုန်းတော်လုံးရှိ သာသနိကအဆောက်အဦးများ၊ စေတီရံများ၊ ဓါတ်လှေကားများတွင် ရောင်စုံမီးများတွန်းညှိခြင်း၊ လျှပ်စစ်မိန်းများ၊ ဆားဗစ်လိုင်းများ၊ လျှပ်စစ်မီးပိုက်များသွယ်တန်းခြင်း၊ ပျော်ပွဲရွှင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ လုပ်ငန်းလိုအပ်ချက်အရ မူလအလင်းရောင်ဖြင့် မလုံလောက်သောကြောင့် လိုအပ်သောနေရာများတွင် ယာယီလျှပ်စစ်မီးများ သွယ်တန်းခြင်း၊ ပွဲတော်ကာလအတွင်း မီးမပျက်စေရန်နှင့် ကုန်းတော်တစ်ခုလုံးမီးပိတ်/ဖွင့်ခြင်းတို့နှင့် ယာယီငှားရမ်းအသုံးပြုထားသော အရံမီးစက်များကိုင်တွယ်ထိန်းသိမ်းခြင်းတို့အား ရွှေတိဂုံစေတီတော် လျှပ်စစ်ဝေယျာဝစ္စ အကျိုးဆောင်အဖွဲ့၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓါတ်အားပေးရေးအဖွဲ့နှင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး၊ လုပ်ငန်းဌာန (လျှပ်စစ်ဌာနခွဲ) အဖွဲ့တို့ဖြင့်စုပေါင်းညှိနှိုင်း၍ ဆောင်ရွက်ခဲ့ကြပါသည်။

လျှပ်စစ်အသုံးပြုမှုမှာ ဘုရားကြီးဝင်းအတွင်းရှိ Transformer (၄)ခုဖြစ်သော (အရှေ့ဘက်စေတ္တရာကွင်းရှိ 500KVA၊ မြောက်ဘက် 300KVA၊ အနောက်ဘက် 500KVA၊ သိင်္ဂုတ္တရကွင်း 300KVA တို့မှလည်းကောင်း၊ Y.E.S.B မှ ငှားရမ်းသော အရံမီးစက်ကြီး(၃)ခုဖြစ်သော (စေတ္တရာကွင်းရှိ Substation တွင် 500KVA၊ မီးစက်(၁) လုံး၊ ထန်းပင်ကုန်းကွင်းတွင် 500 KVA မီးစက်(၁)လုံး အနောက်ဘက်တွင် Substation တွင် 300KVA၊ မီးစက်(၁)လုံးနှင့် တရားပွဲကျင်းပသည့် တပ်မတော်ဓမ္မာရုံတွင် ပြင်ပမှငှားရမ်း၍ 25KVA၊ မီးစက်(၁)လုံးတို့ဖြင့် တပ်ဆင်အသုံးပြုခဲ့ပါသည်။

ထို့ပြင် ထန်းပင်ကုန်းကွင်းအတွက် ရန်ကုန်မြို့တော် လျှပ်စစ်ဓါတ်အားပေးရေးအဖွဲ့ (ဒဂုံမြို့နယ်)တွင် 25KW ယာယီမီတာလျှောက်ထားပြီး လျှပ်စစ်ရယူ အသုံးပြုခဲ့ပါသည်။

(၉) ဓာတ်ပုံပြခန်းဆောက်လုပ်ခြင်း

ရင်ပြင်တော်အလယ်ပစ္စယာ ရာဟုထောင့်ရှိပုံတော်စေတီဝင်းအတွင်းတွင်ဓါတ်ပုံပြခန်းကျင်းပပြုလုပ်ရန်အတွက် ၈'×၄'အထပ်သား Show Board (၉၆)ခုနှင့် ၈'×၂'ဘုတ် (၄၂)ခု အသစ် ပြုလုပ်ခြင်း၊ (ဆေးသုတ်ခြင်းအပါအဝင်)၊ ယာယီမဏ္ဍပ်အမိုးအား တာပေါ်လင်စဖြင့် မိုးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရပါသည်။

(၁၀) ယာယီသန့်စင်ခန်းများဆောက်လုပ်ခြင်း၊ Mobile သန့်စင်ခန်းငှားရမ်းသုံးစွဲခြင်းနှင့် မိလ္လာကန်များ စုတ်ထုတ်ခြင်းလုပ်ငန်းရပ်များ

ရွှေတိဂုံစေတီတော် အလယ်ပစ္စယာပတ်လမ်း (အရှေ့ဘက်၊ တောင်ဘက်နှင့် အနောက်ဘက်)တို့တွင် ယာယီသန့်စင်ခန်း စုစုပေါင်း(၁၀၅)ခန်းအား ဂေါပကအဖွဲ့ရုံး လုပ်ငန်းဌာန၏ ကြီးကြပ်မှုဖြင့် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီအသုံးစရိတ်မှ ကျခံဆောက်လုပ်ခြင်း၊ လိုအပ်သောရေဘက်ဆိုင်ရာနှင့် မိလ္လာပိုက်လိုင်းဆိုင်ရာ ဆက်သွယ်တပ်ဆင်ခြင်း၊ လျှပ်စစ်မီးလိုင်းနှင့် မီးချောင်းများ ဆက်သွယ်တပ်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ပွဲခင်းများရှိသည့် အောက်ပစ္စယာထန်းပင်ကုန်းကွင်း၊ စေတ္တရာကွင်း၊ အုန်းပင်ကုန်းကွင်း၊ အနောက်ဘက်ကားကွင်းတို့တွင် ယာယီသန့်စင်ခန်း စုစုပေါင်း(၉၀) ခန်းအား ကန်ထရိုက်တစ်ဦးမှ ၄င်း၏အစီအစဉ်ဖြင့် ကိုယ်တိုင်ကျခံ ဆောက်လုပ်စေခဲ့ပါသည်။

ရင်ပြင်တော်ပေါ်တွင်ယာယီ Mobile သန့်စင်ခန်း(၁၀)လုံးအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (ရေနှင့်သန့်ရှင်းရေးဌာန)မှ ကုသိုလ်ယူ၍ ငှားရမ်းသုံးစွဲခဲ့ပါသည်။ လိုအပ်သောရေဘက်ဆိုင်ရာ၊ မိလ္လာပိုက်လိုင်းဆိုင်ရာများအား ဆပ်ကော်မတီအသုံးစရိတ်ဖြင့် ဆက်သွယ်တပ်ဆင်ခြင်း ဆောင်ရွက်ခဲ့ပါသည်။

www.dhammadownload.com



(၁၁) အထွေထွေလုပ်ငန်းများဆောင်ရွက်ခြင်း

အကြိုလှည့်လည်ပူဇော်ပွဲနေ့တွင် နဖူးစီးဆိုင်းဘုတ်များ ရေးဆွဲပြုလုပ်တပ်ဆင်ခြင်း၊ အခမ်းအနားဝန်းကျင်ပြုပြင်မွမ်းမံခြင်းနှင့် ခင်းကျင်းပြင်ဆင်ခြင်း၊ ပန်းစေတီ (၁) ဆူအား သံချောင်းလုံးဖြင့် ၁၅'အမြင့်တည်ဆောက်ပေးခြင်း၊ ကားလမ်းဘေးရှိစတုတ္ထမဟာရံတံတိုင်းတစ်ပတ်လုံးပေါ်တွင် သာသနာ့အလံ(၃'× ၂') အလံပေါင်း (၂၅၀)အား ဝါးယားများ၌ ဆေးဖြူသုတ်၍ စိုက်ထူပေးခြင်း၊ (ပွဲတော်အခမ်းအနားပြီးပါက ဖြုတ်/သိမ်းခြင်းအပါအဝင်)၊ ပွဲခင်းကွပ်ကဲရေးရုံး(၃)နေရာ ပြင်ဆင်နေရာချထားခြင်း၊ ပွဲခင်းလုံခြုံရေး ကြော်ငြာဆိုင်းဘုတ်များ၊ သတိပေးဆိုင်းဘုတ်များ ပြုလုပ်ပေးခြင်း၊ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကတ်တိုင် (၆၀)ခုနှင့် မီးချိတ်မီး၊ မီးကတ်စင်(၁၀)ခု ပြုလုပ်ပေးခြင်း၊ ရုပ်ရှင်ပြစက်၏ စက်ခန်း (၂၀'× ၁၀'× ၁၀')ဆောက်လုပ်ပေးခြင်းနှင့် ရုပ်ရှင်ပိတ်ကားဘောင် အမာခံသံဖရိန် ပြုလုပ်ပေးခြင်း၊ ဝတ်ရွတ်ပူဇော်ပွဲကျင်းပသည့် တန်ဆောင်းများတွင် နဖူးစီးဆိုင်းဘုတ်များပြုလုပ်တပ်ဆင်ပေးခြင်း၊ ဆွမ်းဆက်ကပ်သည့်မဏ္ဍာရုံအချို့အား ဆေးသုတ်မွမ်းမံခြင်း၊ ရေစက်မော်တာများပြုပြင်ပေးခြင်း၊ ရေတိုင်ကီများချထားခြင်း၊ရေပိုက်လိုင်းများဆက်သွယ်ပေးခြင်း၊ ပွဲတော်တလျှောက်လုံး အခမ်းအနားကျင်းပသည့်နေရာများတွင် သံပန်းဘယ်ရီကိတ်အကာများဖြင့် လိုအပ်သလိုကာရံ ချထားခြင်း၊ ရွှေ့ပြောင်းသိမ်းဆည်းခြင်းများ ဆောင်ရွက်ပေးခဲ့ရပါသည်။

## ကြိုတင်ငွေများထုတ်ယူသုံးစွဲခြင်း

၅။ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီအနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် ကြိုတင်ငွေများအား (၄)ကြိမ်ထုတ်ယူသုံးစွဲ၍ဆောင်ရွက်ခဲ့ရာ ကုန်ကျငွေမှာစုစုပေါင်း (၄၁၀၃၈၈၁၁/ -) (ကျပ်လေးရာတစ်ဆယ်သိန်းသုံးသောင်းရှစ်ထောင်ရှစ်ရာတစ်ဆယ့်တစ်တိတိ)ဖြစ်ပါသည်။

### ကြိုတင်ငွေထုတ်ယူသုံးစွဲမှုဇယား

| စဉ် | အကြောင်းအရာ | ထုတ်ယူငွေ | သုံးစွဲငွေ |
|---|---|---|---|
| ၁။ | ပထမအကြိမ်ကြိုတင်ငွေထုတ်ယူခြင်း | ၂,၀၀၀,၀၀၀/ - | ၁,၉၉၈,၃၀၀/ - |
| ၂။ | ဒုတိယအကြိမ်ကြိုတင်ငွေထုတ်ယူခြင်း | ၈,၀၀၀,၀၀၀/ - | ၇,၉၀၁,၈၀၀/ - |
| ၃။ | တတိယအကြိမ်ကြိုတင်ငွေထုတ်ယူခြင်း | ၁၀,၀၀၀,၀၀၀/ - | ၉,၉၇၁,၅၉၄/ - |
| ၄။ | စတုတ္ထအကြိမ်ကြိုတင်ငွေထုတ်ယူခြင်း | ၁၅,၀၀၀,၀၀၀/ - | ၂၁,၁၆၇,၁၁၇/ - |
| | စုစုပေါင်း | ၃၅,၀၀၀,၀၀၀/ - | ၄၁,၀၃၈,၈၁၁/ - |

## ခါချုပ်ချုပ်ဆို၍ဆောင်ရွက်သောလုပ်ငန်းရပ်များ

၆။ ရွှေတိဂုံစေတီတော်နှစ်(၂၆၀၀)ပြည့်ပွဲတော်ကြီးစည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန်အတွက် ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်၊ တောင်ဘက်မုခ်၊ အာဇာနည်လမ်းပေါ်ရှိ အရှေ့ဘက်မုခ်နှင့် မြောက်ဘက်မုခ်ကြားတွင် မုခ်ဦးကြီး (၃) ခုအား မြန်မာမှုများ၊ ရုပ်လုံးရုပ်ကြွများဖြင့် အလှဆင်၍ တည်ဆောက်ပေးခဲ့ရာ ကုန်ကျတန်ဘိုးမှာ အနောက်ဘက်မုခ်ဦးအတွက် -၁၄၄၀၈၀၀၀/ -၊တောင်ဘက်မုခ်ဦးအတွက် -၄၂၇၆၇၀၀/ -နှင့်အရှေ့ဘက်နှင့်မြောက်ဘက်ကြားမုခ်ဦးအတွက် -၆၀၈၄၄၀၀/ -ဖြစ်ပြီး မုခ်ဦး(၃)ခု တည်ဆောက်ခြင်းအတွက် ကုန်ကျစရိတ်မှာ စုစုပေါင်း -၂၄၇၆၉၁၀၀/ -(ကျပ်နှစ်ရာလေးဆယ့်ခုနစ်သိန်းခြောက် သောင်းကိုးထောင်တစ်ရာတိတိ)ဖြစ်ပါသည်။

www.dhammadownload.com



ရွှေတိဂုံစေတီတော်နှစ်(၂၆၀၀)ပြည့်ဗုဒ္ဓပူဇနီယပွဲတော်တွင်အလှူရှင်များမှလှူဒါန်းထားသောရောင်စုံလျှပ်စစ်မီးများ ထွန်းညှိပူဇော်ခြင်းအတွက် လုပ်အားခ - ၇၄၀၅၀၀၀/ - (ကျပ်ခုနစ်ဆယ့်လေးသိန်း ငါးထောင်တိတိ) အား အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ အသုံးစရိတ်မှကျခံသုံးစွဲခဲ့ပါသည်။

သို့ဖြစ်ပါ၍ရွှေတိဂုံစေတီတော်နှစ်(၂၆၀၀)ပြည့်ပွဲတော်တွင် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၏ အသုံးစရိတ်စုစုပေါင်းမှာ - ၇၃၂၁၂၉၁၁/ - (ကျပ်ခုနစ်ရာသုံးဆယ့်နှစ်သိန်းတစ်သောင်းနှစ် ထောင်ကိုးရာတစ်ဆယ့်တစ်တိတိ) ဖြစ်ပါသည်။

## မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း

၇။ ရွှေတိဂုံစေတီတော်နှစ်(၂၆၀၀)ပြည့် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီအဖွဲ့ဝင်များ မှတ်တမ်းဓါတ်ပုံကို (၁၅.၃.၂၀၁၂)ရက်ကြာသပတေးနေ့နံနက်(၁၀)နာရီတွင်ရေးဟောင်းဗုဒ္ဓရုပ်ပွားများတန်ဆောင်းတွင်ရိုက်ခဲ့ပြီးဖြစ်ပါသည်။

## ဆယ်တင်ပစ္စည်းများအပ်နှံခြင်း

၈။ ပွဲတော်အခမ်းအနားပြီးဆုံးပြီဖြစ်သဖြင့် အောက်ဖော်ပြပါအခမ်းအနားဆိုင်ရာပစ္စည်းများနှင့် ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများအား စနစ်တကျဖျက်သိမ်းရှင်းလင်းခြင်းနှင့် ဗဟိုသိုလှောင်ဌာနသို့ ပြန်လည်အပ်နှံခြင်း ဆောင်ရွက်ပါသည်။ ဗဟိုသိုလှောင်ဌာနသို့အပ်နှံသော ဆယ်တင်ပစ္စည်းများမှာ -

(၁) သာသနာ့အလံများ

(၂) ကွပ်ကဲရေးရုံး၊တရားပွဲအလှူခံမဏ္ဍပ်သုံး ထီးရွက်ပုံအမိုးများ၊

(၃) လှည့်လည်အပူဇော်ခံမဏ္ဍပ်သုံးဝါးယားနှင့်တာပေါ်လင်စများ၊

(၄) လှည့်လည်အပူဇော်ခံယာဉ်မှဖျက်သိမ်းရရှိသောသစ်သားထည်များ၊အထပ်သားများ၊

(၅) ဆွမ်းလောင်းခုံများ၊

(၆) ဓါတ်ပုံပြခန်းသစ်သား Show Board များနှင့်တာပေါ်လင်စများ၊

(၇) ကားလမ်းမုခ်ဦးများဖျက်သိမ်းခြင်းမှရရှိသောသစ်သားထည်များ၊အထပ်သားများ၊

(၈) ဗဟိုမဏ္ဍပ်ကြီးအတွက်တည်ဆောက်ထားသော သံမဏ္ဍပ်များ (သံပိုက်လုံးများ၊ သံဘီးများနှင့် တာပေါ်လင်စများ)အစသဖြင့် ဖြစ်ပါသည်။

ဆောင်ရွက်မှုများအတွက် သာဓုအနုမောဒနာခေါ်ဆိုနိုင်ရန် အစီရင်ခံတင်ပြအပ်ပါသည်။

## နိဂုံး

၉။ ဤသို့ဖြင့် ရွှေတိဂုံစေတီတော်နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးခမ်းနားထည်ဝါ၊ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီမှ လုပ်ငန်းများအား အချိန်နှင့်တပြေးညီ ဆောင်ရွက်မှုများအတွက် သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

ဒေါ်မြမြဝင်း
အတွင်းရေးမှူး
အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ

www.dhammadownload.com



# နိဂုံး

လေးဆူဓါတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား စတင်တည်ထားပူဇော်ခဲ့သည်မှာ နှစ်ပေါင်း ၂၆၀၀ ပြည့်မြောက်ခဲ့လေပြီ၊ ရှေးယခင်သမိုင်းအစဉ်အဆက်တစ်လျှောက် ရဟန္တာ၊ သံဃာတော်အရှင်မြတ်များသည် မင်းဘုရင်အ ဆက်ဆက်တို့၏ပစ္စယာနုဂ္ဂဟကို ခံယူကာ ဗုဒ္ဓမြတ်စွာသာသနာတော်ကို ထိန်းသိမ်းစောင့်ရှာက်ခဲ့ကြပါသည်။ ထိုနည်းတူစွာ ဗုဒ္ဓမြတ်စွာသာသနာတော်၏အထိမ်းအမှတ် အလံတံခွန်ဖြစ်သော ရွှေတိဂုံစေတီတော်မြတ်ကြီးအား တိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များက ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်မှာ နှစ်ပေါင်း ၂၆၀၀ ပြည့်မြောက်ခဲ့ပြီး ဖြစ်ပေသည်။ သို့ဖြစ်၍ ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဘာသာရေးအနှစ်သာရပြည့်ဝစွာဖြင့် ကျင်းပခဲ့ပြီးဖြစ်ပါသည်။

လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ခန့်ကပေါ်ထွန်းခဲ့၊ ဗုဒ္ဓမြတ်စွာသာသနာတော်အား မျက်မှောက်ကာလတိုင်အောင် ရဟန္တာ၊ သံဃာတော် အရှင်သူမြတ်များက ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် မိမိတို့သည် ဗုဒ္ဓသာသနာတော်နှင့်ဆုံဆည်းကာ မြတ်ဗုဒ္ဓ၏အဆုံးအမ ဒေသနာတော်များအား လိုက်နာကျင့်ကြံပွားများနိုင်သော အကျိုးတရားများရရှိခဲ့ကြပါသည်။ အလားတူစွာလွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ကပင် စတင်တည်ထားပူဇော်ခဲ့သော ဗုဒ္ဓသာသနာ့သမိုင်းမှတ်တိုင်ဖြစ်သည့် ရွှေတိဂုံစေတီတော်များမြတ်ကြီးအား မြန်မာတိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များက ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသဖြင့် မျက်မှောက်ကာလတွင် ဖူးတွေ့ပူဇော်ခွင့်ရရှိကြပါသည်။

ရှေးယခင်အဆက်ဆက်သော မင်းဘုရင်များသည်လည်းကောင်း၊ ရဟန္တာ၊ သံဃာတော်အရှင်မြတ်များသည်လည်းကောင်း၊ ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားပြည်သူများသည်လည်းကောင်း ဗုဒ္ဓမြတ်စွာသာသနာတော် တည်တံ့စည်ပင်ပြန့်ပွားစေရန် ရွှေတိဂုံစေတီတော်မြတ်ကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်ခံ့စေရန် ထိန်းသိမ်းစောင့်ရှောက်ကာ မျက်မှောက်ကာလသို့ရောက်သည်အထိ သယ်ဆောင်၍ လွှဲပြောင်းပေးအပ်ခြင်းဖြင့် သမိုင်းပေးတာဝန် ကျေပွန်ခဲ့ကြလေပြီ၊ မိမိတို့လက်ထက်တွင် ရွှေတိဂုံစေတီတော်၌ ဗုဒ္ဓမြတ်စွာသာသနာတော် စည်ပင်ပြန့်ပွားထွန်းကားရေးလုပ်ငန်းများနှင့် ရွှေတိဂုံစေတီတော်မြတ်ကြီး အဓွန့်ရှည်တည်တံ့ခိုင်ခံ့စေရန်အစွမ်းဆောင်နိုင်ဆုံး ကြိုးပမ်းအားထုတ်ခဲ့ကြပါသည်။ နောင်လာနောင်သားများ ဗုဒ္ဓဘာသာဝင် မျိုးဆက်သစ်များထံသို့လက်ဆင့်ကမ်းသာသနာ့အမွေအနေဖြင့် ထပ်ဆင့်၍လွှဲပြောင်းပေးရမည်ဖြစ်ပါသည်။

ကံကောင်းထောက်မသောကြောင့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သက်တမ်းတော် နှစ်ပေါင်း ၂၆၀၀ ပြည့်မြောက်သောကာလနှင့် ကြုံကြိုက်တိုက်ဆိုင်သဖြင့် ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ကျင်းပပူဇော်ခွင့်ရရှိခဲ့ပါသည်။ ထို့ပြင်သာမက နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်မှုအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို စတင်ကူးပြောင်းသောကာလနှင့်လည်း တိုက်ဆိုင်သောကြောင့် အများပြည်သူတို့၏ ဆန္ဒဖြင့် ရွေးကောက်တင်မြောက်သော တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ရွှေတိဂုံစေတီတော် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးကို ခမ်းနားသိုက်မြိုက်စွာကျင်းပနိုင်ရန် ဦးဆောင်ဦးရွက်ပြုကာ ဌာနဆိုင်ရာအသီးသီး၏ အုပ်ချုပ်ရေး အဖွဲ့အစည်းအသီးသီးတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင်သာမက သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ရွှေတိဂုံစေတီတော်၌ စဉ်ဆက်မပြတ် ဦးစီးဦးဆောင်ပြုခဲ့သူဖြစ်သည့်အလျောက် ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်ပွဲတော်ကာလအတွင်း၌ မကြာခဏ ကြွရောက်လမ်းညွှန်ကာ ဦးဆောင်ဦးရွက်ပြုခဲ့ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့သည် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူကာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ဦးဆောင် လမ်းညွှန်မှုဖြင့်လည်းကောင်း၊ ဌာနဆိုင်ရာအသီးသီးတို့၏ပေါင်းစပ်ကူညီမှုဖြင့်လည်းကောင်း၊ ရွှေတိဂုံစေတီတော် ဘာသာရေးအသင်းအဖွဲ့များနှင့် ဂေါပကအဖွဲ့ရုံးဝန်ထမ်းများ၏ လုပ်အားဒါန၊ ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူများ၏ အလှူဒါနစသည်များဖြင့် ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးအား ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာဟုဆိုအပ်သော ပူဇော်ခြင်းအမျိုးမျိုးတို့ဖြင့် အားပါးတရဝမ်းပန်းတသာ ကျင်းပပူဇော်ခဲ့ပါသည်။

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးသည် ကြုံတောင့်ကြုံခဲ ထူးကဲလှသော ရာပြည့်ပွဲတော်

www.dhammadownload.com



ကြီးဖြစ်သောကြောင့်ပွဲတော်ကြီးအား ခမ်းနားသိုက်မြိုက်စွာကျင်းပခဲ့ရုံမျှသာမက ပွဲတော်ကျင်းပခဲ့သည်ကိုနောင်လာနောင်သားမျိုးဆက်သစ်လူငယ်များ အမှတ်ရစေရန်အတွက် နှစ် ၂၆၀၀ ပြည့် အထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကြီးတစ်ခုနှင့် ရွှေတိဂုံစေတီတော်သို့ အနောက်ဘက်ဦးဝိစာရလမ်းမှအဝင်/အထွက် လမ်းပေါ်၌ မုခ်ဦးဆောင်ကြီး(၂)ခုကို တည်ဆောက်ခဲ့ပါသည်။

နှစ် ၂၆၀၀ ပြည့် ကမ္ပည်းကျောက်စာတိုင်တွင် မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ ပါဠိဘာသာ၊ သက္ကရိုက်ဘာသာစသည့် ဘာသာလေးမျိုးဖြင့် ကမ္ပည်းမော်ကွန်း ရေးထိုးထားခဲ့ပါသည်။ ရွှေတိဂုံစေတီတော် နှစ်၂၆၀၀ပြည့်အထိမ်းအမှတ်မုခ်ဦးဆောင်များတွင် ရွှေတိဂုံစေတီတော် သမိုင်းပုံရိပ်များထင်ဟပ်စေရန် ရွှေတိဂုံစေတီတော်ပုံတော်နှင့် စောင်းတန်းများကိုလည်းကောင်း၊ မူလဒါယကာ ဥက္ကလာပမင်းကြီးရုပ်တု၊ တပုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်များ၏ ရုပ်တုများကိုလည်းကောင်း ထည့်သွင်းတည်ဆောက်ထားပါသည်။

ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ ပြည့်ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဂေါပကအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဂေါပကအဖွဲ့ရုံးဝန်ထမ်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ စေတနာရှင်အလှူရှင်များတို့က မွန်မြတ်ထက်သန်သော သဒ္ဓါတရားဖြင့်ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။ ကံကောင်းထောက်မစွာဖြင့် ကြုံကြိုက်ခဲလှသော ရွှေတိဂုံစေတီတော် နှစ်၂၆၀၀ ပြည့်ပွဲတော်ကြီး၌ ဆောင်ရွက်ခဲ့ကြသော ကောင်းမှုကုသိုလ်များအား တွေ့မြင်ကြားသိရသူအပေါင်း နှစ်ထောင်းအားရ ပီတိသောမနဿဖြစ်စေရန် နောင်လာနောင်သား မျိုးဆက်သစ်လူငယ်များ တွေ့မြင်အားကျ ဗဟုသုတရစေရန် ရွှေတိဂုံစေတီတော်သမိုင်းတွင် မော်ကွန်းတင်အပ်ပါသည်။ ဤရွှေတိဂုံစေတီတော် နှစ်၂၆၀၀ ပြည့်ပွဲတော်ကြီးတွင် ကျွန်ုပ်တို့၏ပြုခဲ့သမျှသော ကုသိုလ်ပုညအဖို့ဘာဂကို (၃၁) ဘုံကျင်လည်ကုန်သော လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်း ဝမ်းမြောက်နမော်သာဓုခေါ်ဆိုနိုင်ကြပါစေကုန်သတည်း။

www.dhammadownload.com



# နောက်ဆက်တွဲစာရင်းများ

www.dhammadownload.com



(က)

# ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ပန်းပင်ပေါင်း (၅၄၀၀၀၀)ပူဇော်ပွဲနှင့် ဆံတော်ကြွစေတီများသို့ စတင်လှည့်လည်အပူဇော်ခံပွဲ အခမ်းအနားအစီအစဉ်

| | | |
|---|---|---|
| ကျင်းပသည့်နေ့ | - | ၁၀-၂-၂၀၁၂ (သောကြာနေ့) |
| ကျင်းပသည့်နေရာ | - | ရွှေတိဂုံစေတီတော် သိဂ္ဂုတ္တရဉယျာဉ် |

ပထမပိုင်း

* တက်ရောက်လာသော အကြီးအကဲများသည် ပန်းစေတီအနီး၌ ပန်းစေတီသို့မျက်နှာမူပြီး အသင့်နေရာယူရန်ဖြစ်ပါသည်။
* လူကြီးမင်းများ၏နောက် အနည်းငယ်ရွှေ့ပြီး အခြားပရိသတ်အားလုံး အသင့်နေရာယူရန် ဖြစ်ပါသည်။

၁။ နမောတဿ (၃)ကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ခြင်း။

၂။ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဒေါက်တာတင်သိန်းလွင်မှ အခမ်းအနား ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားခြင်း။

၃။ ဗုဒ္ဓပူဇနီယ အာမိသပူဇာအနေဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးပွင့်ဝေဆာလှပနေသောပန်းများ ဆက်ကပ်လှူဒါန်းခြင်း။

၄။ အခမ်းအနားသို့ တက်ရောက်လာသော အကြီးအကဲများမှ ပန်းများဖြင့် တည်ဆောက်စိုက်ပျိုးထားသော မင်္ဂလာပန်းစေတီ၌ ပန်းပင်များစိုက်ပျိုးပူဇော်ခြင်း၊ ပန်းစေတီအား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ပေးခြင်း။

ဒုတိယပိုင်း

* ဆံတော်ကြွစေတီတည်ရှိရာဒေသများသို့ လှည့်လည်အပူဇော်ခံမည့် ယာဉ်ကြီးများအား အခမ်းအနား ကျင်းပမည့် မင်္ဂလာနေရာသို့ ပြောင်းရွှေ့ရပ်နားရန်ဖြစ်ပါသည်။
* ယာဉ်တန်းရှိရာသို့ မျက်နှာမူကာ အကြီးအကဲများနှင့် ဧည့်ပရိသတ်များက အသင့်နေရာယူလျက် လက်အုပ်ချီထားရန်ဖြစ်ပါသည်။

၅။ ပရိသတ်များမှ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များ ရွတ်ဆိုပွားများခြင်း။

၆။ ဦးဆောင်သူအကြီးအကဲများက ရွှေတိဂုံစေတီတော်၏ကိုယ်စား ကိုယ်ပွားတော်ဖြစ်သော ရွှေသားပုံတူစေတီအား အမွှေးနံ့သာရေများ ပက်ဖျန်းပူဇော်ခြင်း။

၇။ ဆံတော်ကြွစေတီများသို့စတင်လှည့်လည်ခြင်းအခမ်းအနားအား အကြီးအကဲများက ရွှေကြိုးဖြတ်၍ဖွင့်လှစ်ခြင်း။

၈။ မင်္ဂလာစည်တော်အဖွဲ့က ဦးဆောင်ကာ လှည့်လည်အပူဇော်ခံရေးယာဉ်တန်း စတင်ထွက်ခွာခြင်း။

၉။ လှည့်လည်အပူဇော်ခံရေးယာဉ်တန်း စတင်ထွက်ခွာ၍ မင်္ဂလာမုခ်ဦးအဝ ရောက်ရှိချိန်တွင် "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားရုပ်သိမ်းခြင်း။

www.dhammadownload.com



(၁)

## ရွှေတိဂုံစေတီတော် နှစ်–၂၆၀၀ပြည့် ဗုဒ္ဓပူဇနိယပွဲတော် ပန်းပေါင်း ၅၄၀၀၀၀ စိုက်ပျိုးပူဇော်ပွဲ ဖွင့်ပွဲနှင့် ဆံတော်ကြိုစေတီများသို့ လှည့်လည်ပူဇော်ပွဲအခမ်းအနားတွင် ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဒေါက်တာတင်သိန်းလွင် ပြောကြားအပ်သော အဖွင့်မင်္ဂလာစကား

ကြွရောက်လာကြသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးနှင့်တကွ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်လူကြီးများ၊ ဂေါပကအဖွဲ့ရုံးဝန်ထမ်းများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဧည့်ပရိသတ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ မင်္ဂလာနှုတ်ခွန်းဆက်သအပ်ပါတယ်။

မဟာသက္ကရာဇ် ၁၀၃ – ခုနှစ်မှာမြတ်စွာဘုရားဟာမြန်မာနိုင်ငံသားတပုဿနှင့်ဘလ္လိကကုန်သည်ညီနောင်တို့အား မိမိတို့နေရပ်ဌာနေတွင် ထာဝရကိုးကွယ်နိုင်ရန် ချီးမြှင့်ပေးသနားတော်မူခဲ့သော ဆံတော်များနှင့် ရှေးရှေးပွင့်တော်မူပြီးသော ဘုရား သုံးဆူတို့၏ပရိဘောဂအသုံးအဆောင်များကို ဌာပနာပြုတည်ထားကိုးကွယ်တော်မူခဲ့သည့် လေးဆူဓါတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးဟာ ယခုကောဇာသက္ကရာဇ်၁၃၇၃ – ခုနှစ်မှာ သက်တမ်းကာလအားဖြင့် နှစ်(၂၆၀၀)ပြည့်မြောက်ပြီဖြစ်ပါတယ်။

ရွှေတိဂုံစေတီတော်မြတ်ကြီးရဲ့(၂၆၀၀)သော သက်တမ်းတော်ကို သတိပြုအမှတ်ရနိုင်စေရန်၊ ဗုဒ္ဓ၏အဆုံးအမ ဒေသနာတော်များကို မမေ့မပျောက် စောင့်ရှောက်နိုင်စေရန်တို့ကို ရည်မှန်းထားကာ ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် အထိမ်းအမှတ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ဦးဆောင်ကာ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ကကြီးမှူးပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ပူဇော်သွားမှာဖြစ်ပါတယ်။

ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပပြုလုပ်ရာမှာလည်း ရွှေတိဂုံစေတီတော်ကြီးအား သံဃာတော်အပါး ၂၆၀၀ တို့က ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူခြင်း၊ ရဟန်းရှင်လူအများပြည်သူများက ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ အမွှေးနံ့သာတို့ဖြင့် ဆက်ကပ်လှူဒါန်းခြင်း၊ ရွှေတိဂုံစေတီတော်ကြီးနှင့် အရံစေတီငယ်များပါမကျန် လျှပ်စစ်မီးမောင်းများဖြင့် ပူဇော်ခြင်း သာမက ဇရပ်တန်ဆောင်း၊ စောင်းတန်းများနှင့် သစ်ပင်၊ ပန်းပင်၊ ဥယျာဉ်များကိုလည်း လျှပ်စစ်မီးရောင်စုံများဖြင့် လှပဝေဆာစွာ ထွန်းညှိပူဇော်ခြင်းဟူသော ဗုဒ္ဓပူဇာ၊

သံဃာတော်အရှင်သူမြတ်များက ပွဲတော်ကာလအတွင်း ဓမ္မဒေသနာတော်များ ဟောကြားတော်မူခြင်း၊ အဘိဓမ္မာ မဟာပဋ္ဌာန်းဒေသနာတော်ကို ၁၅ – ရက်တိုင်တိုင် အသံမစဲရွတ်ဖတ်ပူဇော်ခြင်း၊ လူတန်းစားအလွှာအသီးသီးတို့က ဓမ္မဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း ဓမ္မပူဇာ၊

သံဃာတော်အပါး ၂၆၀၀ တို့အားအရက်ဆွမ်းဆက်ကပ်၍ ဆွမ်းဆန်တော်များ လောင်းလှူခြင်းဟူသော သံဃပူဇာ အစရှိသော ပူဇော်ခြင်းအမျိုးမျိုးတို့ဖြင့် ဘာသာရေးအနှစ်သာရရှိရှိ ကျင်းပပြုလုပ်ပူဇော်သွားမှာဖြစ်ပါတယ်။

ဗုဒ္ဓပူဇနိယပွဲတော်ကြီး၏အစီအစဉ်ပေါင်းများစွာအနက် ပွဲတော်ကျင်းပသော ကာလအတွင်း ရွှေတိဂုံစေတီတော် ရင်ပြင်နှင့်တကွ သိင်္ဂုတ္တရကုန်းတော်ကြီးတစ်ခုလုံးတွင် ပန်းပေါင်းများစွာ ဖူးပွင့်ဝေဆာနေစေ ရန် အပွင့်ပွင့်နေသော ပန်းပင် ပေါင်းများစွာ စိုက်ပျိုးပူဇော်သော ကုသိုလ်ပြုပွဲ အစီအစဉ်တစ်ခုကိုလည်း ထည့်သွင်းစီစဉ်ထားရှိပါသည်။ ပန်းစိုက်ပျိုးသူ၊ ပန်းရောင်းချသူ၊ ပန်းဝါသနာရှင်၊ ပန်းပညာရှင်များသာမက ပန်းအလှူရှင်ပေါင်းများစွာတို့၏ မွန်မြတ်ထက်သန်သော သဒ္ဓါတရားကြောင့် အပွင့်ပွင့်နေသော ပန်းပင်ပေါင်း ၅၄၀၀၀၀ စိုက်ပျိုးနိုင်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ ပန်းတို့ဖြင့် စိုက်ပျိုးစီမံသော ပန်းစေတီကို ထူးခြားဆန်းပြားစွာ ပူဇော်မှာဖြစ်ပါတယ်။

ယနေ့ကျင်းပတဲ့ အခမ်းအနားမှာ အပိုင်းနှစ်ပိုင်းကို တစ်ဆက်တစ်စပ်တည်း ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ပထမပိုင်းအနေနဲ့ ရွှေတိဂုံစေတီရင်ပြင်တော်နှင့် သိင်္ဂုတ္တရကုန်းတော်ကြီးတစ်ခုလုံးမှာ ဖူးပွင့်ဝေဆာရှင်သန်နေသော

www.dhammadownload.com



ပန်းပင်ပေါင်း ၅၄၀၀၀၀ တို့ဖြင့် မြတ်ဗုဒ္ဓကို ဆက်ကပ်လှူဒါန်းတဲ့ အစီအစဉ်ကို ပထမဦးစွာ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒုတိယပိုင်းမှာ ရွှေတိဂုံစေတီတော်၏ ရွှေသားပုံတူစေတီနှင့် အင်္ဂါရပ် အစိတ်အပိုင်းတော်များဖြစ်ကြတဲ့ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေပြားသင်္ကန်းတော်များအား ဆံတော်ကြိုစေတီများသို့ စတင်လှည့်လည်ခြင်း အခမ်းအနားတို့ကို ကျင်းပသွားမှာဖြစ်ပါတယ်။

ဒုတိယပိုင်းအနေဖြင့် ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်အကြိုအဖြစ် တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ကို မြတ်ဗုဒ္ဓချီးမြှင့်လိုက်တဲ့ ဆံတော်မြတ်များအား ပင့်ဆောင်လာရာ လမ်းတစ်လျှောက်ရှိ ဆံတော်ကိုကြိုဆိုရာဒေသများ၌ တည်ထားပူဇော်ခဲ့တဲ့ ဆံတော်ကြိုစေတီများတည်ရှိရာအရပ်များသို့ ရွှေတိဂုံစေတီတော်၏ ကြီးမြတ်သောဂုဏ်တော်များ လွှမ်းခြုံပျံ့နှံ့မှုရှိစေရန်၊ မိမိတို့ဒေသတွင် ဆံတော်ကြိုစေတီများ တည်ရှိသည်ကို သတိပြုဂုဏ်ယူပြီး သာသနာတော်ကြီးကို ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်နှင့် ရွှေတိဂုံ စေတီတော် နှစ် ၂၆၀၀ပြည့်ပွဲတော်ကိုအမှီပြုကာ ဒေသခံပြည်သူများအနေဖြင့် ရွှေတိဂုံစေတီတော်၏ရွှေသားပုံတူစေတီတော်နှင့် အင်္ဂါရပ်အစိတ်အပိုင်းတော်များဖြစ်သော စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေသင်္ကန်းတော်များကို အနီးကပ်ဖူးတွေ့ပူဇော်ရခြင်းဖြင့် ကုသိုလ်တရားများ တိုးပွားရရှိနိုင်စေရန် ရည်ရွယ်ချက်များဖြင့် လှည့်လည်အပူဇော်ခံတဲ့အစီအစဉ်ကို တစ်ဆက်တစ်စပ်တည်း ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေအားဖြင့် "ပစ္စုပ္ပန်သံသရာ၊ နှစ်ဖြာအကျိုး၊ ပွားတိုးစေတတ်၊ ကုသိုလ်မြတ်ကို၊ နှောင့်နှေးကြန့်ကြာ၊ မရှိပါဘဲ၊ လျင်စွာခဏ၊ ပြုလုပ်ကြလော့" ဆိုတဲ့ ဗုဒ္ဓဩဝါဒဒေသနာတော်ကို ဦးထိပ်ရွက်ပန်ဆင်၍ ကုသိုလ်တရားများ တိုးပွားရရှိနိုင်ရန်အတွက် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ဗုဒ္ဓပူဇနီယပွဲတော်အကြိုမင်္ဂလာအခမ်းအနားများစတင်ကျင်းပသွားကြပြီး မဟာကုသိုလ်တော်များ အရယူကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

www.dhammadownload.com



(ဂ)

# ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားအစီအစဉ်

| | | |
|---|---|---|
| ကျင်းပသည့်နေ့ရက် | - | ၂၂.၂.၂၀၁၂ (ဗုဒ္ဓဟူးနေ့) |
| ကျင်းပသည့်အချိန် | - | နံနက်(၀၉:၀၀)နာရီ |
| ကျင်းပသည့်နေရာ | - | ရွှေတိဂုံစေတီရင်ပြင်တော် ရာဟုထောင့် |

## အောင်မြေဗဟိုမဏ္ဍပ်နှင့် မဟာပဋ္ဌာန်းမဏ္ဍပ်

အခမ်းအနားမှူး - ဦးဝင်းကြိုင်(ရုံးအဖွဲ့မှူး)

၁။ "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ခြင်း။

၂။ ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ဂေါပကအဖွဲ့အလှည့်ကျ သဘာပတိ ဒေါက်တာတင်သိန်းလွင်က အဖွင့်မင်္ဂလာစကား ဖတ်ကြားလျှောက်ထားခြင်း။

၃။ မြတ်စွာဘုရားအား ပင့်ပန်လျှောက်ထားခြင်း။

၄။ သဘင်အနုပညာရှင် မန္တလေးသိန်းဇော်က ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးဆိုင်ရာ ဖေယျမင်္ဂလာ ကေဗိုဒ်ရတုဖြင့် ပူဇော်ခြင်း။

၅။ ကုသိုလ်တော်အတူပြုရန် နတ်ပြဟ္မာများအား ဖိတ်ကြားခြင်း။

၆။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဖန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အရှင်သူမြတ်ထံမှငါးပါးသီလ ခံယူဆောက်တည်ခြင်း။

၇။ မြတ်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်ရောင်မြတ်တန်ဆောင်ကို လေးမြတ်ကော်ရော် ပူဇော်သောအားဖြင့် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ)၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပွဲတော်ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဒေါက်တာမြင့်သိန်း တို့က ဆီမီးအလင်းတိုင်များ ထွန်းညှိပူဇော်ကာ ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးအား စတင်ဖွင့်လှစ်ခြင်း။(ထိုအချိန်တွင် မင်္ဂလာစည်တော်အဖွဲ့က အောင်စည်အောင်မောင်းများ တီးမှုတ်ခြင်း၊ ကုန်း တော်တစ်ခုလုံးရှိ ကြေးစည်၊ ခေါင်းလောင်း၊ မောင်း၊ မင်္ဂလာစည်တော် စသည်များအား ကိုးချက်စီ တီးခတ်ရ ပါမည်။)

၈။ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း။

၉။ ဗဟိုမဏ္ဍပ်မှ ဦးဆောင်သံဃာတော်များ၊ ဧည့်သည်တော်ပရိသတ်များ၊ အခြားအာရုံခံမှန်ဦးတန်ဆောင်းများ၌ အသင့်နေရာယူထားကြသော သံဃာတော်၊ သီလရှင်၊ ဥပါသကာ၊ ဥပါသိကာမ အစရှိသော ပရိသတ်အမျိုး (၄) ပါးတို့က မဟာပဋ္ဌာန်း ပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသတို့အား သံပြိုင်ရွတ်ဖတ်ပူဇော်ခြင်း ။

၁၀။ ရတနာယရစ်အိမ်၌ သီတင်းသုံးလျက်ရှိသော ပဋ္ဌာနဘာဏကသံဃာတော်မှဆက်လက်၍ မဟာပဋ္ဌာန်းဒေသနာတော် များ အသံမစဲ ရွတ်ဖတ်ပူဇော်ခြင်း။

၁၁။ ဦးဆောင်သံဃာတော်(၃၆)ပါးတို့အား ဥပါသကာများက နေ့ဆွမ်းဘုန်းပေးရန် ဗဟိုမဏ္ဍပ်မှ ဆွမ်းစားဆောင် ထီးတော်ရုံတန်ဆောင်းသို့ ပင့်ဆောင်ခြင်း။

၁၂။ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခြင်း၊ အကြီးအကဲများအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခြင်း။

www.dhammadownload.com



(ယ)

# ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးဖွင့်ပွဲအခမ်းအနားတွင် ပွဲတော်ကျင်းပရေးဗဟိုကော်မတီကိုယ်စား ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဒါယကာတင်သိန်းလွင် ဖတ်ကြားလျှောက်ထားသော 'ဗုဒ္ဓပူဇနီယ အဖွင့်မင်္ဂလာစကားလျှောက်ထားလွှာ'

နေ့စွဲ၊ ၂၂.၂.၂၀၁၂

ခြေတော်အစုံကိုဦးခိုက်၍ရှိသေလေးမြတ်စွာလျှောက်ထားအပ်ပါသည်ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ ဘုရား...။

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးဖွင့်ပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃာ့မဟာနာယက ဥက္ကဋ္ဌအမှူးပြုသော သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ ရွှေတိဂုံစေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်မည့် သံဃာတော်များအစရှိသော အရှင်သူမြတ်အပေါင်းတို့ကို အသက်ရှည်စွာ အနာကင်းလျက် ကိုယ်ရောစိတ်ပါ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဂါရဝတရားရှေ့ထား၍ ဦးစွာပဏာမ ဆုတောင်းပတ္ထနာပြုအပ်ပါသည် အရှင်သူမြတ်တို့ဘုရား . . .။

လေးဆူဓါတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးအား မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် မဟာသက္ကရာဇ် (၁၀၃) ခုနှစ်တွင် စတင်တည်ထားပူဇော်ခဲ့ရာ ယခုသာသနာတော်နှစ်(၂၅၅၅)၊ ကောဇာသက္ကရာဇ်(၁၃၇၃)ခုနှစ် တပေါင်းလတွင် နှစ်ပေါင်း ၂၆၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်သောကြောင့် ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်ပွဲတော်ကြီးကို ယခင်နှစ်များကနှင့်မတူဘဲ ရာပြည့်ပွဲတော်ကြီးအနေဖြင့် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာဟုဆိုအပ်သော ပူဇော်ခြင်း အမျိုးမျိုးတို့ကို ဘာသာရေးအနှစ်သာရပြည့်ဝစွာဖြင့် ကျင်းပပူဇော်မှာ ဖြစ်ပါသည်ဘုရား . . .။

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် မြတ်ဗုဒ္ဓသာသနာတော်၏ ဥဒ္ဒေါင်အလံတံခွန်ဖြစ်သည်သာမက ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ကျက်သရေဆောင် ပုံရိပ်ဖြစ်သောကြောင့် နိုင်ငံတော်အစိုးရအစဉ်အဆက်ကပင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ရာ ယခုရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ပြည့်ပွဲတော်ကြီးသည် မျက်မှောက်ကာလ နိုင်ငံတော်အစိုးရ၏ သာသနာရေးဆိုင်ရာ ဆောင်ရွက်မှုကဏ္ဍတစ်ခုဖြစ်ပါသည် ဘုရား။ သို့ဖြစ်ပါ၍ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကထာများနှင့်အညီ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က ဦးဆောင်ဦးရွက်ပြုကာ ဗုဒ္ဓဘာသာနွယ်ဝင်သူတော်စင်အပေါင်းတို့၏ ပေါင်းစုကာ ပြုအပ်သော ကုသိုလ်ပွဲကြီး အနေဖြင့် ကျင်းပပူဇော်မည် ဖြစ်ပါသည်ဘုရား. . . .။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သက်တမ်းတော်နှစ်ပေါင်း ၂၆၀၀ပြည့်မြောက်ခဲ့သည်ကို အကြောင်းခံပြီး မြတ်ဗုဒ္ဓ၏ အဆုံးအမဒေသနာတော်များနှင့် မြတ်ဗုဒ္ဓ၏ ကျေးဇူးဂုဏ်တော်များကို သတိပြုအမှတ်ရစေရန် ဗုဒ္ဓပူဇာအနေဖြင့် အများပြည်သူတို့က ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပွဲတော်ကာလတလျှောက်လုံး ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ နံ့သာများ ဆက်ကပ်လှူဒါန်းခြင်း၊ ကုန်းတော်ကြီးတစ်ခုလုံးတွင် အပွင့်ပွင့်ပန်းပင်ပေါင်း (၅၄၀၀၀၀) ကျော် စိုက်ပျိုးပူဇော်ခြင်း၊ စေတီရံများ၊ ရုပ်ပွားဆင်းတုတော်များ၊ ဇရပ်တန်ဆောင်းများနှင့် သစ်ပင်ကြီးငယ်များတွင် လျှပ်စစ်မီးရောင်စုံများ ထွန်းညှိပူဇော်ခြင်း၊ (၂၅.၂.၂၀၁၂)ရက်နေ့တွင်သံဃာတော် ၂၆၀၀ပါးတို့ဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီးကိုဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း စသည်တို့ဖြင့် အားပါးတရပူဇော်ကာ ဗုဒ္ဓပူဇနီယမင်္ဂလာပြုကြမည် ဖြစ်ပါသည် ဘုရား . . .။

ဓမ္မပူဇာအနေဖြင့် ယနေ့တပေါင်းလဆန်း(၁)ရက်မှ တပေါင်းလပြည့်နေ့အထိ (၁၅)ရက်တိုင်တိုင် ဓမ္မကထိက ဆရာတော်ကြီးများက ဓမ္မဒေသနာတော်များ ဟောကြားကာ ထေရဝါဒတရားအလှူပွဲကျင်းပလျက် အများပြည်သူတို့ မှတ်သားနာယူရန် စီမံထားပါသည် ဘုရား . . .။

www.dhammadownload.com



အထူးသဖြင့် ဘုရားရှင်တိုင်း နှစ်သက်မြတ်နိုးတော်မူပြီး သာသနာတော်၏ တံတိုင်းခံတပ်ဖြစ်သော မဟာပဋ္ဌာန်းဒေသနာတော်မကွယ်မပျောက်စေရန် ထိန်းသိမ်းသောအားဖြင့်ယနေ့ကျင်းပသော ဖွင့်ပွဲအခမ်းအနား၌သံဃာတော်(၂၆၀)ပါး၊သီလရှင်(၂၆၀)ပါး၊ ဥပါသကာ(၂၆၀)ဦး၊ ဥပါသိကာမ(၂၆၀)ဦး စသော မြတ်ဗုဒ္ဓ၏ ပရိသတ်အမျိုးလေးပါး အပါအဝင်ပရိသတ်အားလုံးတို့က မဟာပဋ္ဌာန်းပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသတို့အား အထက်ဘဝဂ် အောက်အဝီစိတိုင်အောင်ကြားသိမှတ်သားနာယူနိုင်ရန် စုပေါင်းရွတ်ဖတ်ပူဇော်ကာ ဗုဒ္ဓပူဇနီယပွဲတော်ကြီးအား ဖွင့်လှစ်မည်ဖြစ်ပါသည် ဘုရား ...။ ပွဲတော်စတင်ဖွင့်လှစ်သည်မှ ပြီးဆုံးသည်အထိ နေ့စဉ် သံဃာတော် (၁၂) ပါးစီတို့က အသံမစဲ မဟာပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်မည် ဖြစ်ပါသည် ဘုရား . . .။

ထိုမျှသာမက လူထုလူတန်းစားအလွှာအသီးသီးတို့က ရွှေတိဂုံစေတီတော်ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် ပါဝင်ဆင်နွှဲကုသိုလ်ပြုသောအားဖြင့် မြို့နယ်အလိုက်၊ ရပ်ကွက်အလိုက်၊ ကျောင်းများ၊ စက်ရုံ၊ အလုပ်ရုံများ စသည်တို့၏ဘာသာရေးအသင်း၊ ဝတ်အသင်းများကလည်း ရွှေတိဂုံစေတီတော်ရင်ပြင်၌ မဟာပဋ္ဌာန်းကျမ်းမြတ်အပါအဝင် ဓမ္မဒေသနာတော်များ စုပေါင်းရွတ်ဆိုပူဇော်ကာ ဓမ္မပူဇနီယမင်္ဂလာတော်များ ဆောင်ရွက်ကြမည်ဖြစ်ပါသည် ဘုရား . . .။

သံဃာ့ပူဇာအနေဖြင့် လာမည့် ၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း (၄)ရက် စနေနေ့တွင် သံဃာတော် (၂၆၀၀) ပါးဖြင့်ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီးနောက် ထိုသံဃာတော်(၂၆၀၀)ပါးတို့ကို စောင်းတန်းလေးသွယ်မှ ပြန်လည်ကြွရောက်စေကာ အများပြည်သူတို့က ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည် ဘုရား . . .။

ပွဲတော်ကာလတစ်လျှောက်လုံး ရတနာ(၃)ပါးတို့အား ပူဇော်ခြင်းအမျိုးမျိုးတို့ဖြင့် ပူဇော်ရာ၌ ပြည်တွင်းပြည်ပမှ ဗုဒ္ဓဘာသာနွယ်ဝင်သူတော်စင်များ ပေါင်းစပ်ပါဝင်ကုသိုလ်ပြုနိုင်စေရန် ကြိုတင်စည်းရုံးလှုံ့ဆော်သောအားဖြင့် ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်အထိမ်းအမှတ် တံဆိပ်တော်ရေးဆွဲပြိုင်ပွဲ၊ ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဓါတ်ပုံပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲများ စီစဉ်ကျင်းပပေးခဲ့သည်သာမက ရွှေတိဂုံစေတီတော်ဆိုင်ရာ စာတမ်းဖတ်ပွဲများလည်း ကျင်းပပေးခဲ့ပါသည် ဘုရား ...။ ထိုမျှသာမက ပွဲတော်ကာလတစ်လျှောက်လုံးတွင် ဓါတ်ပုံပြပွဲ၊ ပန်းချီပြပွဲများကိုလည်း ခင်းကျင်းပြသထားမည် ဖြစ်ပါသည်ဘုရား ...။

အထူးသဖြင့် ရွှေတိဂုံစေတီတော်၌ ထည့်သွင်းဌာပနာရန် ဂေါတမဗုဒ္ဓမြတ်စွာဘုရားကိုယ်တော်တိုင် တပုဿနှင့်ဘလ္လိကကုန်သည်ညီနောင်တို့အား ချီးမြှင့်တော်မူသော ဆံတော်မြတ်ရှစ်ဆူအား အနောက်မဇ္ဈိမဒေသမှ ဒဂုံဥက္ကလာပသို့သယ်ဆောင်ရာ လမ်းတစ်လျှောက်၌ ဆံတော်မြတ်ကို ကြိုဆိုဖူးမြော်သော ဒေသများတွင် ဆံတော်ကြို စေတီများကို တည်ထားပူဇော်ခဲ့ကြောင်း သမိုင်းအထောက်အထားများအရ ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင်ဆံတော်ကြိုစေတီများ တည်ရှိရာဒေသများသို့ ရွှေတိဂုံစေတီတော်၏ကြီးမြတ်သော တန်ခိုးဂုဏ်တော်များ လွှမ်းခြုံပျံ့နှံ့စေပြီးဒေသခံပြည်သူများသည် ဗုဒ္ဓသာသနာဝင် ရွှေတိဂုံဆံတော်ရှင်သမိုင်းတွင် မိမိတို့ဒေသများလည်း ပါဝင်ကြောင်း သတိပြုအမှတ်ရစေရန် ကောင်းမြတ်သောစေတနာဖြင့် ရွှေတိဂုံစေတီတော်၏ကိုယ်စားကိုယ်ပွားတော်အနေဖြင့် ရွှေသားပုံတူစေတီတော်၊ ရွှေတိဂုံစေတီတော်၏ ရှေးဟောင်းစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေပြားသင်္ကန်းတော်များအား လှည့်လည်အပူဇော်ခံသော အစီအစဉ်ကိုလည်း ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါသည် ဘုရား . . .။

ထိုပွဲတော်ကာလအတွင်း၌ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာ ဟုဆိုအပ်သော ပူဇော်ခြင်းအမျိုးမျိုးတို့ဖြင့် ပူဇော်ခြင်းသာမက ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ ရိုးရာဓလေ့အတိုင်း ဘုရားဖူးလာပြည်သူများ အပန်းဖြေလေ့လာနိုင်ရန် ရွှေတိဂုံသမိုင်းပြဇာတ်၊ ဗုဒ္ဓဝင်ဖွားတော်မူခန်း၊ ရာမယဏဇာတ်၊ ခြင်းလုံးအလှခတ်ပွဲ၊ ပဒေသာကပွဲ၊ အငြိမ့်အစရှိသည်များဖြင့်လည်းဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပါသည် ဘုရား . . .။

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်ဗုဒ္ဓပူဇနီယပွဲတော်ကြီးသည် ၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် အောင်မြင်ပြီးမြောက်မည်ဖြစ်သောကြောင့် ပွဲတော်ကြီးအောင်မြင်ခြင်း အထိမ်းအမှတ်အနေဖြင့် ပွဲတော်အကြိုကာလမှ စတင်ကာပွဲတော်ပြီးမြောက်သည်အထိ ကာယစွမ်းအား၊ ဉာဏစွမ်းအား၊ ဓနစွမ်းအားတို့ဖြင့် အဖက်ဖက်မှ ပါဝင်ကုသိုလ်ပြုခဲ့ကြသောကောင်းမှုကုသိုလ်အဖို့အစုစုတို့အား ၃၁ ဘုံသားတို့ကိုမျှဝေခံစားစေရန် ရေစက်ချ အနုမောဒနာ အခမ်းအနားကျင်းပမည်

www.dhammadownload.com



ဖြစ်ပါသည်ဘုရား. . .။

နိဂုံးချုပ်အားဖြင့် ဘုရားတပည့်တော်လျှောက်ထားလိုသည်မှာ ရွှေတိဂုံစေတီတော်၏ သက်တမ်းတော်နှစ်ပေါင်း ၂၆၀၀ ပြည့်မြောက်ခဲ့သည်ကို အကြောင်းပြုကာ ခေတ်အဆက်ဆက်ကပင် မြတ်ဗုဒ္ဓဒေသနာတော်အား ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသူများ၊ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသူများ၏ကျေးဇူးတော်၊ ဂုဏ်တော်များကို အမှတ်ရစေကာ ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ ပြည့်ပွဲမှသည် ရွှေတိဂုံစေတီတော်မြတ်ကြီး နှင့်အတူမြတ်ဗုဒ္ဓသာသနာတော် နောင်နှစ်ပေါင်းများစွာ တည်တံ့ခိုင်ခံ့စေရန် မွန်မြတ်ထက်သန်သော စေတနာဖြင့် ပါဝင်ဆောင်ရွက်ကြသူများအားလုံး လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးပွါးတိုးကြစေခြင်းငှါ ဗုဒ္ဓ၊ ဓမ္မ၊ သံဃပူဇနိယ အနှစ်သာရများစွာပါရှိသော ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီး ကျင်းပသွားမည်ဖြစ်ပါကြောင်း ဗုဒ္ဓပူဇနိယအဖွင့်မင်္ဂလာစကား လျှောက်ထားပါသည် အရှင်သူမြတ်တို့ဘုရား. . .။

www.dhammadownload.com



(င)

## ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော် လျှပ်စစ်မီးရောင်စုံ ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပွဲတော်ကျင်းပရေး ဗဟိုကော်မတီကိုယ်စား ဂေါပကအဖွဲ့ဝင် ဦးသိန်းလင်း ပြောကြားသော အဖွင့်မင်္ဂလာစကား

၂၂.၂.၂၀၁၂

ယနေ့အခမ်းအနားသို့ ကြွရောက်တော်မူလာကြကုန်သော စေတနာရှင်၊ ပညာရှင်၊ ကုသိုလ်ရှင်များနှင့်တကွ ဂေါပကအဖွဲ့ဝင်လူကြီးမင်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့ရုံးဝန်ထမ်းများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ၊ ကျန်းမာချမ်းသာပါစေလို့ ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ် . . .။

ကျွန်တော်ကတော့ ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ပျော်ပွဲ၊ ရွှင်ပွဲ ကျင်းပရေးနှင့် လုံခြုံရေး ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးသိန်းလင်းဖြစ်ပါတယ်။ ယခုလို မင်္ဂလာရှိတဲ့ အခမ်းအနားကြီးမှာ အဖွင့် မင်္ဂလာစကားပြောကြားခွင့်ရတဲ့အတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိပါတယ် . . .

ယနေ့ ၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း (၁) ရက်နေ့ နံနက်မှာ ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါသည် . . .။

ဗုဒ္ဓပူဇနိယပွဲတော်ကြီးမှာ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာ ဆိုအပ်သော ပူဇော်ခြင်းအမျိုးမျိုးတို့ဖြင့် ပူဇော်ရာ၌ အပိုင်း ကဏ္ဍတစ်ခုအနေဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့်တကွ အရံစေတီများ၊ ရုပ်ပွါးဆင်းတုတော်များ၊ တန်ဆောင်းဇရပ်များ၊ စောင်းတန်းများနှင့် ဥယျာဉ်တော်အတွင်းရှိ သစ်ပင်ပန်းပင်များကို လျှပ်စစ်မီးရောင်စုံများထွန်းညှိကာ အာမိသပူဇာအနေဖြင့် ပူဇော်ရန်စီမံထားရှိပါတယ်။ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့က အရောင်အသွေးစုံ လှပဆန်းကျယ်သော ဒီပဇလလို့ အမည်ရတဲ့ လျှပ်စစ်မီးရောင်စုံများဖြင့် ပူဇော်ခြင်းကြောင့် ဉာဏ်ပညာထက်မြက်ခြင်း၊ အလင်းဓာတ်ရရှိစေခြင်းဆိုတဲ့ ကောင်းကျိုးတရားများရှိစေမှာ ဖြစ်ပါတယ် .... လျှပ်စစ်မီးရောင်စုံ လှူဒါန်းသူ အလှူရှင်များက သဒ္ဓါစွာဂါရဝအနေဖြင့် မိမိတို့ကိုယ်တိုင် မီးဖွင့်ပူဇော်တဲ့ သဘောဖြစ်စေရန် လျှပ်စစ်မီးရောင်စုံပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကြီး ကျင်းပခြင်းဖြစ်ပါတယ် .....။

မီးရောင်စုံပူဇော်ပွဲဖွင့်ပွဲနှင့်အတူ ပွဲတော်အကြိုနိုးဆော်လှုပ်ရှားမှုအနေဖြင့် ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်ပွဲတော်ဆိုင်ရာ ပြိုင်ပွဲများမှာ ပါဝင်ပူဇော်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို ဂုဏ်ပြုချီးမြှင့်တဲ့ပွဲကိုလည်း တဆက်တည်း ကျင်းပသွားမှာ ဖြစ်ပါတယ် . . .။

ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ ပြည့်အထိမ်းအမှတ် Logo ရေးဆွဲပြိုင်ပွဲမှာ ပြိုင်ပွဲဝင်ပေါင်း (၉၁) ဦးက Logo တံဆိပ်ပေါင်း (၁၆၅) ခု ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အကောင်းဆုံး ပထမဆုတစ်ဆု ချီးမြှင့်မှာ ဖြစ်ပါတယ် . . .။

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် စာစီစာကုံးပြိုင်ပွဲကို အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်ရယ်လို့ (၂) မျိုးခွဲကာ ယှဉ်ပြိုင်စေခဲ့ပြီး အမှတ်(၃)အခြေခံပညာဦးစီးဌာနက ကုသိုလ်ပြုစိစစ်ရွေးချယ်ပေးခဲ့ပါတယ်။ ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဓါတ်ပုံပြိုင်ပွဲမှာ "ကြည်ညိုဖွယ်အစုံစုံ နှစ် ၂၆၀၀ပြည့် ရွှေတိဂုံ" အမည်ဖြင့် ခေါင်းစဉ်တစ်မျိုး၊ "ဆယ်ပွင့်ပန်းတို့ လန်းဆန်းဝေဆာ နှစ် ၂၆၀၀ ပြည့် ရွှေတိဂုံမှာ" အမည်ဖြင့် ခေါင်းစဉ်တစ်မျိုး၊ ခေါင်းစဉ် (၂) မျိုး သတ်မှတ်ယှဉ်ပြိုင်စေခဲ့ပြီး ဂေါပကအဖွဲ့က ဆုအဆင့်ဆင့်ကိုရွေးချယ်၍ ပထမ၊ ဒုတိယ၊ တတိယဆုများအပြင် နှစ်သိမ့်ဆု (၃) ဆုပါ ချီးမြှင့်မှာဖြစ်ပါတယ် . . .။

အလားတူ ပန်းချီပြိုင်ပွဲကို "နှစ် ၂၆၀၀ပြည့် ရွှေတိဂုံ" ခေါင်းစဉ်ဖြင့် အထက်တန်းအဆင့်နှင့် ပညာရှင်အဆင့် (၂) မျိုးခွဲပြီး ယှဉ်ပြိုင်စေကာ မြန်မာနိုင်ငံပန်းပညာရှင်အစည်းအရုံးမှ ဆုများရွေးချယ်ပေးခဲ့ပါတယ် . . .။

www.dhammadownload.com



ထိုမျှသာမက ရွှေတိဂုံစေတီတော်တွင် အနီးကပ်ကုသိုလ်ပြုနေကြသော ဘာသာရေးအသင်းအဖွဲ့များနှင့် ဂေါပကအဖွဲ့ရုံးဝန်ထမ်းများသာ ကန့်သတ်ပြီး ၂၀၁၁ ခုနှစ်အတွင်း ရွှေတိဂုံစေတီတော်တွင် ဆောင်ရွက်သော ကုသိုလ်တော်လုပ်ငန်းများကို "ရွှေတိဂုံမှာ တစ်နှစ်တာ" အမည်ဖြင့် ရေးသားစေခဲ့ကာ သတင်းဆောင်းပါးကိုလည်း ယှဉ်ပြိုင်ရေးသားစေခဲ့ပါတယ် . . .။

ဒီပြိုင်ပွဲအသီးသီးကို ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်ပွဲတော် အကြိုလှုပ်ရှားမှုအနေဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် အများပြည်သူတို့၏ နလုံးအိမ်မှာ ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ ပြည့်ဆိုတဲ့အသိနဲ့ သတိများ ပြန့်ပွားစေအောင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ် . . .။

ယနေ့ကျင်းပတဲ့ လျှပ်စစ်မီးရောင်စုံပူဇော်ပွဲဖွင့်ပွဲမှာ ကြိုတင်ပြင်ဆင်လှူဒါန်းခဲ့ကြတဲ့ အလှူရှင်များ၊ ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ ပြည့် အထိမ်းအမှတ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ပညာရှင်များ၊ ကြီးကြပ်အကဲဖြတ် အမှတ်ပေးခဲ့သော ပညာရှင်များနှင့် ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသူအားလုံး၊ မိမိတို့ ဆောင်ရွက်ခဲ့ကြသည့် မွန်မြတ်သော စေတနာ၊ ထက်သန်သော သဒ္ဓါတရားတို့ကြောင့် ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်ပွဲတော်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဗုဒ္ဓသာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း၊ လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးတိုးပွါးဆောင်ရွက်ပြီး နိဗ္ဗာန်တိုင်အောင် မျက်မှောက်ပြုနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ် ခင်ဗျား . . .။

www.dhammadownload.com



# ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်
# ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ
# အခမ်းအနားအစီအစဉ်

[၁၃၇၃ခုနှစ်၊ တပေါင်းလဆန်း(၈)ရက်၊ ၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီလ(၂၉)ရက်၊ ဗုဒ္ဓဟူးနေ့]

၁။ (ဝ၆:၄၅)နာရီအချိန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝှမ်းလုံးမှ ဦးဆောင်ဆရာတော်များဖြစ်တော်မူကြသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ ရွှေတိဂုံစေတီတော်အထက်ပစ္စယံနှင့် သတ်မှတ်နေရာအသီးသီးသို့ ရောက်ရှိတော်မူခြင်း။

၂။ (ဝ၆:၅၀) နာရီအချိန် ဆရာတော်ကြီးများအား တံခွန်၊ ကုက္ကား၊ မုလေးပွါးများ ဆက်ကပ်ခြင်း။

၃။ (ဝ၇:ဝဝ) နာရီအချိန် အထက်ပစ္စယံအင်္ဂါထောင့်မှ သံဃာတော်များကဦးဆောင်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်သဘင် ဆင်ယင်တော်မူခြင်း။

(က) “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ခြင်း။

(ခ) ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူခြင်း ။

(ဂ) ဆရာတော်သံဃာတော်အရှင်သူမြတ်တို့က သမ္ဗုဒ္ဓေမှ အစပြု၍မေတ္တာသုတ်ပရိတ်တော်၊ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များနှင့် ပုဗ္ဗဏှသုတ်ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူခြင်း ။

(ဃ) အခမ်းအနားကို “ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု” သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းခြင်း။

(င) (ဝ၇:၂၀)နာရီအချိန် ကြွရောက်တော်မူလာကြကုန်သော ဆရာတော်ကြီးများက ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ျာရစ်တစ်ပတ် လှည့်လည်ဖူးမြော်ကြည်ညို၍ ဆွမ်းဆန်တော်များ အလှူခံကြွရောက်တော်မူကြခြင်း။

www.dhammadownload.com



(ဆ)

# ရွှေတိဂုံစေတီတော်
# နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်
# ရေစက်ချအနုမောဒနာ မဟာမင်္ဂလာအခမ်းအနားနှင့်
# ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်း အခမ်းအနား

| | | |
|---|---|---|
| ကျင်းပမည့်နေ့ | - | ၇.၃.၂၀၁၂ (တပေါင်းလပြည့်နေ့) |
| ကျင်းပမည့်အချိန် | - | နံနက်(၀၉း၀၀)နာရီ |
| ကျင်းပမည့်နေရာ | - | အောင်မြေဗဟိုမဏ္ဍပ် |
| အခမ်းအနားမှူး | - | ဦးဝင်းကြိုင်(ရုံးအဖွဲ့မှူး) |

၁။ နမောတဿ(၃)ကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ခြင်း ။

၂။ ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးအောင်မြင်ပြီးမြောက်ကြောင်း ဇယမင်္ဂလာ၊ အနုမောဒနာနှင့် ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်အထိမ်းအမှတ်ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းဆိုင်ရာ ထောမနာစာတမ်းအား ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိဂေါပကအဖွဲ့ဝင် ဦးစိန်ဝင်းအောင် က ဖတ်ကြားလျှောက်ထားခြင်း။

၃။ သဘင်အနုပညာရှင်မန္တလေးသိန်းဇော်က ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးအောင်မြင်ပြီးမြောက်ခြင်းဆိုင်ရာ ဇယမင်္ဂလာ ဧကပိုဒ်ရတုဖြင့် ပူဇော်ခြင်း ။

၄။ ပရိသတ်အပေါင်းတို့က ခြောက်ထပ်ကြီး သီဟိုဠ်ကျောင်းတိုက်ဆရာတော်အရှင်သူမြတ်တို့ထံမှ နဝင်္ဂသီလခံယူဆောက်တည်ခြင်း ။

၅။ ဆရာတော်ကြီးများက မေတ္တသုတ်ပရိတ်တော်များ ရွတ်ပွားချီးမြှင့်ခြင်း ။

၆။ သိင်္ဂုတ္တရ ပဝရသိရီ မဟာဓမ္မရာဇာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း။

(က) ဆရာတော်ကြီးများအား ပူဇော်ခံပလ္လင်များသို့ ပင့်ဆောင်ခြင်း။

(ခ) ဆရာတော်ကြီး တစ်ပါးစီ၏ ထေရုပ္ပတ္တိဖတ်ကြားခြင်း။

(ဂ) ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်း။

(ဃ) လှူဖွယ်ဝတ္ထုနှင့် ဆွမ်း၊ သင်္ကန်း၊ ကျောင်းဆေး ပစ္စည်းလေးပါးအလို့ငှါ နဝကမ္မအလှူတော်ငွေများကပ္ပိယဒါယကာမှတဆင့် လွှဲအပ်လှူဒါန်းခြင်း။

၇။ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း။

၈။ မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက်ဆရာတော်ထံမှ ရေစက်ချ အနုမောဒနာတရားနာကြားပြီး ရေစက်ချအမျှပေးဝေခြင်း ။

၉။ ပွဲတော်စတင်ကျင်းပစဉ် ကုသိုလ်တော်အတူပြုရန် ဖိတ်ကြားခဲ့သော နတ်ပြဟ္မာများအား ဂါထာပါး၍ ပြန်ပို့ခြင်း။

၁၀။ ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီး အောင်မြင်ပြီးမြောက်ကြောင်း အောင်ဩဘာစာဖတ်ကြားခြင်း ။

၁၁။ "ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး အခမ်းအနားရုပ်သိမ်းခြင်း ။

www.dhammadownload.com



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
# ရန်ကုန်တိုင်းဒေသကြီး
# သိင်္ဂုတ္တရတုန်းတော် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး
# နှစ်ပေါင်း ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ်
# ဘွဲ့တံဆိပ်တော်

ပရိယတ္တိဝိသာရဒဂုဏ်၊ ပဋိပတ္တိနိယတာစရဂုဏ်၊
စိရပဗ္ဗဇိတဂုဏ်၊ သံဃဂရု သံဃပရိဏာယကဂုဏ်၊ မဟာထေရဂုဏ်တို့နှင့်
ပြည့်စုံတော်မူသော ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊
မြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်၏ ပဓာနနာယက၊
ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ သက်တော်ရှည်ဆရာတော်

**ဘဒ္ဒန္တနန္ဒာဘာသမထေရ်မြတ်** အား

## "သိင်္ဂုတ္တရ ပဒေသိက ဓောဓမ္မဓရာဇ"

ဘွဲ့ပုံလက်မှတ်ကို ဆက်ကပ်ပူဇော်အပ်ပါသည်။

အလှူ့ဥက္ကဋ္ဌသဘာပတိ
ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့
သာသနာတော်နှစ် ၂၅၅၅
ကောဇာသက္ကရာဇ် ၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၇-၃-၂၀၁၂)

www.dhammadownload.com



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
# ရန်ကုန်တိုင်းဒေသကြီး
# သိင်္ဂုတ္တရတုန်းတော် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး
# နှစ်ပေါင်း ၂၆၀၀ ပြည့် ပူဇနီယပွဲတော်အထိမ်းအမှတ်
# ဘွဲ့တံဆိပ်တော်

ပရိယတ္တိဝိသာရဒဂုဏ်၊ ပဋိပတ္တိနိယတာစရဂုဏ်၊
စိရပဗ္ဗဇိတဂုဏ်၊ သံဃဂရု သံဃပရိဏာယကဂုဏ်၊ မဟာထေရဂုဏ်တို့နှင့်
ပြည့်စုံတော်မူသော ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊
ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်း၏ ပဓာနနာယက၊
ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဩဝါဒါစရိယ သက်တော်ရှည်ဆရာတော်
**ဘဒ္ဒန္တသောဘဏမထေရ်မြတ်** အား

## “သိင်္ဂုတ္တရ ပဝရသီရိ ဓောဓမ္မရာဇ”

ဘွဲ့ပုံလက်မှတ်ကို ဆက်ကပ်ပူဇော်အပ်ပါသည်။

အလှူ့ဒါယကာ ဘာဘာပတိ
ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့
သာသနာတော်နှစ် ၂၅၅၅
ကောဇာသက္ကရာဇ် ၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်နေ (၇-၃-၂၀၁၂)

www.dhammadownload.com



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
# ရန်ကုန်တိုင်းဒေသကြီး
# သိင်္ဂုတ္တရကုန်းတော် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး
# နှစ်ပေါင်း ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ်
# ဘွဲ့တံဆိပ်တော်

ပရိယတ္တိဝိသာရဒဂုဏ်၊ ပဋိပတ္တိနိယတာစရဂုဏ်၊
စိရပဗ္ဗဇိတဂုဏ်၊ သံဃဂရု သံဃပရိဏာယကဂုဏ်၊ မဟာထေရဂုဏ်တို့နှင့်
ပြည့်စုံတော်မူသော ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊
မြသိန်းတန်ကျောင်းတိုက်၏ ပဓာနနာယက၊
ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ သက်တော်ရှည်ဆရာတော်

**ဘဒ္ဒန္တသောဘနမထေရ်မြတ်** အား

## "သိင်္ဂုတ္တရ ပဝရသိရီ ဓမ္မာစရိယ"

ဘွဲ့ပုံလက်မှတ်ကို ဆက်ကပ်ပူဇော်အပ်ပါသည်။

အလှည့်ကျသဘာပတိ
ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့
သာသနာတော်နှစ် ၂၅၅၅
ကောဇာသက္ကရာဇ် ၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်နေ (၇-၃-၂၀၁၂)

www.dhammadownload.com



(၅)

## ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီး အောင်မြင်စွာပြီးမြောက်ခြင်း ရေစက်ချအနုမောဒနာ မဟာမင်္ဂလာအခမ်းအနားနှင့် နှစ် ၂၆၀၀ ပြည့် အထိမ်းအမှတ် ရွှေတိဂုံစေတီတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားတွင် ပွဲတော်ကျင်းပရေး ဗဟိုကော်မတီကိုယ်စား ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့အလုပ်အမှုဆောင်ကျ သဘာပတိဂေါပကအဖွဲ့ဝင် ဒါယကာစိန်ဝင်းအောင် ဖတ်ကြားလျှောက်ထားသော

## ဧယျမင်္ဂလာဂုဏာဝိသေဒပူဇာ စာတမ်းလွှာ

နေ့စွဲ၊ ၇.၃.၂၀၁၂

ရွှေတိဂုံစေတီတော် နှစ်၂၆၀၀ပြည့်ဗုဒ္ဓပူဇနီယပွဲတော်အောင်မြင်ပြီးမြောက်ခြင်း ရေစက်ချအနုမောဒနာ မဟာမင်္ဂလာအခမ်းအနားနှင့် နှစ် ၂၆၀၀ ပြည့်အထိမ်းအမှတ် ရွှေတိဂုံစေတီတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြသော နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် စေတီယင်္ဂဏ ဩဝါဒါစရိယဆရာတော်ကြီးများ ကျန်းမာချမ်းသာစွာဖြင့် ဖူးမြော်ပူဇော်ခွင့်ရရှိသည့်အတွက် ပီတိသောမနဿဖြစ်ရပါကြောင်း ဦးစွာပထမဂါရဝပြု လျှောက်ထားပါသည် အရှင်သူမြတ်တို့ ဘုရား ........။

ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်အပေါင်းတို့၏လေးမြတ်ကော်ရော်ပူဇော်ဦးခိုက်ရာဖြစ်တော်မူပြီး ဘုရားရှင်လေးဆူတို့၏ ဓာတ်တော်၊ မွေတော်များ ကိန်းဝပ်စံပျော်တော်မူရာ ဗုဒ္ဓသာသနာတော်ဥဒ္ဒေါင်အလံတံခွန်ဖြစ်သည့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား စတင်တည်ထားပူဇော်ခဲ့သည်မှာ နှစ်ပေါင်း ၂၆၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်သောကြောင့် ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်များ၏ လမ်းညွှန်ဩဝါဒကိုခံယူပြီး သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည် ဘုရား ........။

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် တိုင်းရင်းသားဗုဒ္ဓဘာသာဝင်အားလုံးတို့၏ ကြည်ညိုအားထားရာ သာသနာ့မဏ္ဍိုင်ကြီးဖြစ်သည်သာမက ကမ္ဘာ့အံ့ဖွယ်တစ်ပါးဖြစ်သောကြောင့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သက်တမ်းတော်နှစ်ပေါင်း နှစ် ၂၆၀၀ ပြည့်မြောက်ခဲ့သည်ကို သတိပြုအမှတ်ရစေကာ ဗုဒ္ဓ၏ အဆုံးအမဒေသနာတော်များအား လိုက်နာကျင့်ကြံပွားများနိုင်စေရန် တနည်းအားဖြင့် ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် တိုင်းရင်းသား ဗုဒ္ဓဘာသာဝင်အားလုံး ပါဝင်ဆင်နွှဲနိုင်စေရန် အထိမ်းအမှတ်တံဆိပ်တော်ရေးဆွဲပြိုင်ပွဲ၊ ဓါတ်ပုံပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဆောင်းပါးရေးပြိုင်ပွဲ၊ စာတမ်းဖတ်ပွဲ စသည်များ ကျင်းပပေးကာ ဆုများချီးမြှင့်ခြင်း၊ နှစ် ၂၆၀၀ ပြည့်ပြက္ခဒိန်၊ ဓမ္မစာစောင်၊ နံရံကပ်ပိုစတာ၊ လက်ကမ်းစာစောင်များ ထုတ်ဝေခြင်း၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၊ မြန်မာ့ရုပ်မြင်သံကြား၊ ရေဒီယိုစသည်တို့မှ လှုံ့ဆော်ဖိတ်ခေါ်စည်းရုံးခဲ့ပါသည် ဘုရား ..........။

ပွဲတော်အကြိုကာလဖြစ်သော တပို့တွဲလပြည့်ကျော်(၄)ရက်မှ တပို့တွဲလကွယ်နေ့အထိ (၁၀) ရက်တိုင်တိုင် ဆံတော်ကြို့စေတီများတည်ရှိရာဒေသများသို့ ရွှေတိဂုံစေတီတော်၏စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေပြားသင်္ကန်းတော်၊ ရွှေတိဂုံစေတီတော်ကိုယ်စား ကိုယ်ပွါးတော်ဖြစ်သော ရွှေသားပုံတူစေတီတော်ကို လှည့်လည်ပူဇော်ခံသော အစီအစဉ်ကို ဆောင်ရွက်ခဲ့ပါသည် ဘုရား .........။

ထို့ပြင်သာမက ပွဲတော်ကာလအတွင်း၌ သိင်္ဂုတ္တရကုန်းတော်ကြီးတစ်ခုလုံးတွင် အပွင့်ပွင့်နေသော ပန်းပင်ပေါင်း ၅၄၀၀၀၀ကိုစိုက်ပျိုးပူဇော်ခြင်း၊ စေတီပုထိုးတန်ဆောင်းဇရပ်များ သစ်ပင်ပန်းပင်များ၌ လျှပ်စစ်မီးရောင်စုံများထွန်းညှိပူဇော်ခြင်းကိုလည်း စေတနာရှင် ဝါသနာရှင် ပညာရှင်များ၏ ပေါင်းစုသော သဒ္ဓါတရားဖြင့် ဆောင်ရွက်ခဲ့ပါသည် ဘုရား .........။

ပွဲတော်စတင်ကျင်းပသော တပေါင်းလဆန်း(၁)ရက်မှ တပေါင်းလပြည့်နေ့အထိ ညစဉ်ညတိုင်း ဓမ္မကထိကဆရာတော်ကြီးများက ထေရဝါဒတရားအလှူပွဲများ ကျင်းပ၍လည်းကောင်း၊ သံဃာတော်အရှင်သူမြတ်တို့က အသံမစဲမဟာပဋ္ဌာန်းပူဇော်၍လည်းကောင်း၊ အသင်းအဖွဲ့များက နေ့စဉ်ဓမ္မဒေသနာတော်များ ရွတ်ဆို၍လည်းကောင်း၊ ဘာသာရေး

www.dhammadownload.com



ဆိုင်ရာအနှစ်သာရပြည့်ဝစွာဖြင့် ဓမ္မပူဇာဖြင့် ပူဇော်ခဲ့ပါသည်။ ထိုမျှသာမက သံဃာတော် ၂၆၀၀ ပါးတို့ဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ကမ္ဘာအေးကုန်းမြေ၌ သံဃာဥသျှောင်အစည်းအဝေးကျင်းပသော နိုင်ငံတော်ဗဟိုဝန်ဆောင် ဆရာတော်ကြီး ၃၈၀ ပါးတို့ဖြင့်ဗုဒ္ဓါဘိသေကအနေကဇာတင်ကာ ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားများကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါသည် ဘုရား ..........။

နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ဘုရားဖူးပြည်သူများအပန်းတော်ပြေစေရန် ပျော်ပွဲရွှင်ပွဲများအနေဖြင့် အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ ရာမယနဇာတ်၊ ရုပ်သေး၊ ခြင်းအလှခတ်ပွဲစသည်များ စီစဉ်ဖြေဖျော်ခဲ့ပါသည် ဘုရား .........။

ကြုံတောင့်ကြုံခဲလှသော ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ ပြည့်ပွဲတော်ကြီး ကျင်းပသော ကာလအတွင်း၌ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာပူဇာဟု ဆိုအပ်သော ပူဇော်ခြင်းအမျိုးမျိုးတို့ဖြင့် အားပါးတရပူဇော်ခဲ့ကြပါသည် ဘုရား ..........။

အထူးသဖြင့်ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်ပွဲတော်စတင်ကျင်းပသော ၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း (၁) ရက် (၂၁.၂.၂၀၁၂) နေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ လင်ဂွန်း (စွယ်တော်တိုက်) ဘုရားကျောင်းထိန်းသိမ်းရေးအဖွဲ့တို့သည် ဗုဒ္ဓသာသနာတော်ဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာ တစ်ရပ်ကိုလက်မှတ်ရေးထိုးခြင်းဖြင့် ထေရဝါဒ ဗုဒ္ဓ သာသနာ ကမ္ဘာသို့ ပြန့်ပွားရေးအတွက် အခြေခံအုတ်မြစ်ချနိုင်ခဲ့ပါသည် ဘုရား ..........။

ထိုမျှသာမက ယနေ့ကျင်းပသော ဗုဒ္ဓပူဇနီယပွဲတော်အောင်ပွဲ (သို့) ရေစက်ချအနုမောဒနာအခမ်းအနားနှင့် ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ ပြည့် ပွဲတော်အထိမ်းအမှတ်အနေဖြင့် တပည့်တော်များ ဂေါပကအဖွဲ့အား ဗုဒ္ဓသာသနာတော်ဆိုင်ရာ ရွှေတိဂုံစေတီတော်ဆိုင်ရာ လုပ်ငန်းများ၌ မလွဲမမှားစေရန် မေတ္တာရှေ့ထား ကရုဏာပွားကာ စဉ်ဆက်မပြတ် ဦးဆောင်လမ်းညွှန်မှုပြုခဲ့ကြသော ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီး (၃) ပါးတို့အား သိင်္ဂုတ္တရပဝရသိရီ မဟာဓမ္မရာဇာဘွဲ့တံဆိပ်တော်ကြီးအား ဆက်ကပ်လှူဒါန်းပူဇော်မည် ဖြစ်ပါသည်ဘုရား ။

နှစ် ၂၆၀၀ ပြည့်ပွဲတော်ကြီးကို အကြောင်းပြုကာ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့်တကွ ဗုဒ္ဓမြတ်စွာသာသနာတော်အားထိန်းသိမ်းစောင့်ရှောက်သွားစေခြင်းအလို့ငှါ စဉ်ဆက်မပြတ် တွေးမြင်သတိရစေရန် ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ကမ္ဗည်းမော်ကွန်းကျောက်စာပါသော ရွှေတိဂုံစေတီတော် ပရိဂုဏ်သို့ အနောက်ဘက်မုခ်မှ အဝင်မုခ်ဦး ဆောင်ကြီးတစ်ခုကို မျက်မှောက်ကာလ၏ မြန်မာမှုအနုပညာလက်ရာများစွာဖြင့် တန်ဆာဆင်ကာ တည်ဆောက်လှူဒါန်းရန်လည်း စီမံထားပါသည် ဘုရား .......။

နိဂုံးချုပ်အားဖြင့် ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် တပည့်တော်များ ဂေါပကအဖွဲ့ကို ဦးဆောင်လမ်းညွှန်မှုပြုခဲ့သော သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ အကြီးအကဲများကိုလည်းကောင်း၊ မိမိတို့နှင့် ပူပေါင်းဆောင်ရွက်ခဲ့ကြသော အသိပညာရှင်၊ အတတ်ပညာရှင်၊ စေတနာရှင်၊ ဝါသနာရှင်များ ဘာသာရေးအသင်းအဖွဲ့များ၊ ဝန်ထမ်းများ အစရှိသည့် ကုသိုလ်ပြုဘက် အားလုံးကိုလည်းကောင်း၊ ရွှေတိဂုံစေတီတော်သမိုင်းတွင် မော်ကွန်းတင်၍ ဂုဏ်ပြုပါ သည် ဘုရား .........။

တပည့်တော်တို့ ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာတို့ဖြင့် စွမ်းအားရှိသမျှ အားပါးတရ ပူဇော်ကြရာ၌ အန္တပုထုဇဉ်များပီပီ ဘာသာသာသနာနှင့် မအပ်စပ်သော၊ အစဉ်အလာနှင့် မကိုက်ညီသော အလွဲအမှား တစ်စုံတစ်ရာတွေ့ရှိပါက သည်းခံခွင့်လွှတ်တော်မူပါရန်လည်း ခြေတော်အစုံဦးခိုက်၍ တောင်းပန်လျှောက်ထားပါသည် အရှင်သူမြတ်တို့ ဘုရား .........။

တပည့်တော်များ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအားထုတ်ပြုလုပ်ခဲ့သော ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးသည် အောင်မြင်စွာပြီးမြောက်အောင်မြင်ခဲ့ပြီဖြစ်ပါသောကြောင့် ကောင်းမှုကုသိုလ်အဖို့တို့အား ဝေနေယျသတ္တဝါအများတို့အား မျှဝေခံစားနိုင်စေရန် အနုမောဒနာတရားဟောကြားကာ ရေစက်သွန်းချအမျှပေးဝေပါရန် ဇယျမင်္ဂလာ စာတမ်းလွှာအား ဖတ်ကြားလျှောက်ထားပါသည် အရှင်သူမြတ်တို့ ဘုရား ..........။

www.dhammadownload.com



(ည)

# ရွှေတိဂုံစေတီတော်မြတ် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်အောင်ပွဲအခမ်းအနား၌ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပူဇော်အပ်သော မင်္ဂလာ ကေပိုဒ်ရတု

ရေး - စာဆိုရှင် နာဂကျော်ရှင် (သဒ္ဓမ္မမဏ္ဍိုင်ဆရာတော်) သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက်၊
၈/တောင် ရပ်ကွက်၊ သဃ်န်းကျွန်း၊ ရန်ကုန်။ ဖုန်း - ၀၉-၅၁၃၅၄၇၀
ဆို - မန္တလေးသိန်းဇော်



အောင်ကြောင်းမင်္ဂလာ . . . . .၊
မော်ကွန်းသာပိမ့်၊ ကောဇာသက္ကရာဇ်၊
၇၃ ခုနှစ်ဝယ်၊ ရွက်သစ်ဖူးချိန်၊ တပေါင်းမိန်၏၊ ပုဏ္ဏမီပြည့်ခါ၊
နေ့မဟာ၌၊ ကမ္ဘာ့စေတီယ၊ ဦးပထမဟု၊ ဖူးမဝနိုင်ကုန်၊
ရွှေတိဂုံအား၊ ပြည့်စုံထည်ဝါ၊ ခမ်းနားစွာဖြင့်၊ ခြောက်ရာစွန်းဘိ၊
နှစ်ထောင်ပြည့်၌၊ ပြည်၏ထိပ်တင်၊
ရဟန်းရှင်နှင့်၊ ပြည်လျှင်စိုးဘိ၊
သမ္မုတိဟု၊ ခေါ်သည့်ရာဇာ၊ ဦးဆောင်ပါ၍၊ ပူဇနီယပွဲတော်၊
ပြုပူဇော်ရှင့်၊ စေတီတော်မဟာ၊
ကိုးကွယ်ရာအား၊ ဗုဒ္ဓါဘိသိက်လျှင်၊
အနေကဇာတင်၍၊ ထို့ပြင်သံဃာ၊
နှစ်ထောင်ခြောက်ရာကို အသပြာတစ်သိန်းစီ၊
ပူဇော်သည်တည့်၊ တုသည့်ဒေဝီ၊
နိမ္မိတာသို့၊ လေးဖြာစောင်းတန်း၊ အုံ့မခန်းမှ၊ ကြွမြန်းရှိလော၊
ပင့်သံဃာတို့၊ မဟာဒါန၊ တန္တုလကို၊ အားရွှင်ပျော်၊
လှူပြီးသော်မှ၊ အပေါ်ဝတ၊ ဖြစ်ကုန်ကြ၍၊
သတ္တလောကာ၊ ပြိုင်ဘက်ကွာသည့်၊
မဟာဒါန၊ ကုသလကို၊ ရကြပါစေ၊
ပေးဝေဖို့၊ စိတ်စေညီတူ၊ အမျှယူသည် . . .
နတ်လူသာဓုခေါ်စေသော်ဝ . . .။

စာဆိုရှင် နာဂကျော်ရှင် (သဒ္ဓမ္မမဏ္ဍိုင်ဆရာတော်)

www.dhammadownload.com



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့ လင်ဂွမ်းဗုဒ္ဓစွယ်တော်တိုက်တို့အကြား နားလည်မှုစာချွန်လွှာ

၁။ ဤစာချွန်လွှာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွှေတိဂုံစေတီတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့ ဗုဒ္ဓစွယ်တော်တိုက်တို့အကြား နှစ်နိုင်ငံအပြန်အလှန်ရင်းနှီး ချစ်ခင်မှု တည်ဆောက်ခြင်းကို အတည်ပြုလက်မှတ်ရေးထိုးခြင်းဖြစ်ပါသည်။ အဆိုပါရင်းနှီးချစ်ခင်မှုအပေါ် မှုတည်ပြီး ဗုဒ္ဓတရားတော်များထွန်းကားပြန့်ပွားရေး၊ ဗုဒ္ဓသာသာပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆောင်ရွက်မှု လုပ်ငန်းများ တိုးတက်စေရေးတို့အတွက် ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ဗုဒ္ဓသာသနာတော်ကြီးအကျိုးအလို့ငှာအောက်ဖော်ပြပါဗုဒ္ဓသာသနာတော်ကိစ္စရပ်များ ဆောင်ရွက်ရေးကို ရွှေတိဂုံစေတီတော်နှင့် လင်ဂွမ်းဗုဒ္ဓစွယ်တော်တိုက်တို့မှ ပူးပေါင်း၍အကောင် အထည်ဖော်သွားကြရန် သဘောတူပါသည် -

(က) ဗုဒ္ဓဘာသာပညာရေးအတွက် ရွှေတိဂုံစေတီတော်နှင့် တရုတ်နိုင်ငံစွယ်တော်တိုက်တို့အကြားကျောင်းသားများအပြန်အလှန်လေ့လာရေးကို နှစ်ဘက်နိုင်ငံအစိုးရများရှိ သက်ဆိုင်ရာဌာနများ၏ ကူညီထောက်ပံ့မှုဖြင့် ဆောင်ရွက်ရန်။

(ခ) ရွှေတိဂုံစေတီတော်နှင့် တရုတ်နိုင်ငံ စွယ်တော်တိုက်တို့အကြား ရိုးရာယဉ်ကျေးမှု အကများနှင့် တီးမှုတ် ဖျော်ဖြေရေးအဖွဲ့များ အပြန်အလှန်လေ့လာရေးကို နှစ်ဘက် နိုင်ငံအစိုးရများရှိ သက်ဆိုင်ရာဌာနများ၏ ကူညီထောက်ပံ့မှုဖြင့် ဆောင်ရွက်ရန်။

(ဂ) နှစ်ဘက်နိုင်ငံအစိုးရများရှိ သက်ဆိုင်ရာဌာနများ၏ ကူညီထောက်ပံ့မှုဖြင့် ရွှေတိဂုံ စေတီတော်နှင့် တရုတ်နိုင်ငံ စွယ်တော်တိုက်တို့အကြား ဘုရားဖူးများ အပြန်အလှန် စေလွှတ်ရေးဆောင်ရွက်ရန်။

www.dhammadownload.com

(ယ) ရွှေတိဂုံစေတီတော်နှင့် တရုတ်နိုင်ငံ စွယ်တော်တိုက်တို့အကြား ဗုဒ္ဓတရားတော်များ ထွန်းကားပြန့်ပွားရေး၊ ကောင်းမှုကုသိုလ်များပြုလုပ်ရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးတို့နှင့် စပ်လျဉ်း၍ နှစ်ဘက်နှစ်နိုင်ငံအစိုးရများရှိ သက်ဆိုင်ရာဌာနများ၏ ကူညီထောက်ပံ့မှုဖြင့် သတင်းအချက်အလက်များ အပြန်အလှန်လဲလှယ်ရေး ဆောင်ရွက်ရန်။

(င) နှစ်ဘက်နိုင်ငံများရှိသက်ဆိုင်ရာဌာနများ၏ကူညီထောက်ပံ့မှုဖြင့်ရွှေတိဂုံစေတီတော်နှင့် လင်ဂွန်းဗုဒ္ဓစွယ်တော်တိုက်တို့မှ ဗုဒ္ဓဘာသာညီလာခံများနှင့်ပြပွဲများကို ပူးပေါင်းဆောင်ရွက်ရန်။

(စ) နားလည်မှုစာချွန်လွှာနှင့်စပ်လျဉ်း၍နှစ်ဦးနှစ်ဘက်ကြားကွဲပြားခြားနားမှုတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ချစ်ကြည်ရင်းနှီးစွာဖြင့် ဖြေရှင်းကြရေးဆောင်ရွက်ရန်။

ရွှေတိဂုံစေတီတော်နှင့် လင်ဂွန်းဗုဒ္ဓစွယ်တော်တိုက်တို့အကြား ရေးထိုးမည့် နားလည်မှုစာချွန်လွှာသည် ရွှေတိဂုံစေတီတော်ဂေါပကအကြီးအကဲနှင့် လင်ဂွန်းဗုဒ္ဓစွယ်တော်တိုက်အကြီးအကဲတို့က လက်မှတ်ရေးထိုးသည့်အချိန်မှစ၍ အာဏာသက်ဝင်မည်ဖြစ်ပါသည်။

ဤနားလည်မှုစာချွန်လွှာအား ဖြည့်စွက်ပြင်ဆင်လိုပါက နှစ်ဘက်နိုင်ငံ အဖွဲ့အစည်းများမှ သဘောတူညီရမည် ဖြစ်ပါသည်။

ဤနားလည်မှုစာချွန်လွှာအား တစ်ဖက်ဖက်အဖွဲ့အစည်းမှ ရပ်စဲလိုပါက အနည်းဆုံး ၆ လ ကြိုတင်၍ အကြောင်းကြားရမည် ဖြစ်ပါသည်။

(ဘဒ္ဒန္တနန္ဒောဘာသ)
(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
နိုင်ငံတော်သြဝါဒါစရိယဆရာတော်

釋常藏

(Ven. Chang Zang)
(ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်
ဆရာတော်)
လင်ဂွန်းဗုဒ္ဓစွယ်တော်တိုက်ဆရာတော်

www.dhammadownload.com



(၄)

လှည့်လည်အပူဇော်ခံရာတွင် လေ့လှော်ယိမ်းအဖွဲ့သီဆိုကရန်

ဦးအောင်သောင်း ရေးသား၍

နိုင်ငံကျော်တေးသံရှင် ရီရီသန့် သီဆိုသော

# ဖောင်တော်သံ

ယိုယီးလေး - ယီးလေးယို
ယီးလေးဆိုမှ - ယိုးလေးလွဲ။
ပူဇနီယ ခါတော်မီ
ဖောင်မင်းသိင်္ဂီ ချီတဲ့သဘင်ပွဲ။
မြတ်ဗုဒ္ဓရဲ့ သာသနာ
နှစ်ထောင့်ခြောက်ရာပြည့်ခဲ့ပြီပဲ။
သာသနာနှစ် နှစ်ထောင့်ခြောက်ရာ
ပြည့်ခဲ့သည်မှာ စေတီ့သက်တမ်း။
နှစ်တိုင်းကျင်းပ တပေါင်းမှာ
ပူဇနီယာ ထူးတဲ့သည်ပွဲ။
ထူးမြတ်ပွဲကြီး ကျင်းပခါ
ဖောင်တော်မဟာ ဝင်လို့ဆင်နွှဲ။
စေတီတော်မြတ်သမိုင်းမှာ
ကြည်နူးဖွယ်ရာ မှန်းစို့ လွမ်းစို့။



www.dhammadownload.com



# ဖောင်တော်သံ

လင်းလွန်းပင်စံ - -၊ ဝင်းရွှေစင်အမှန် - -၊ အရဟံရှင်တော်ဘုရားရယ်က၊ ပြည်ဘောင်တည်ထောင်ထားရန်ဖို့၊ ညက်သွားထင်လို့မြင်လို့၊ ဆံများသင်လို့ ငင်လို့၊ ကြည်ကြည်လင် - - ရွှင်ရွှင်လန်းတယ်လေး - - လှမ်း - - ယူကြအလာ - ဟော့လား ယောကျ်ား - - ဘာသားလေးလေ။

လှည်းကုန်သည်အမော် - -၊ လှမ်းစုံတူနော် - -၊ ညီနောင်နှစ်ဖော်သားရယ်တို့၊ မြင်မြော် ရှင်တော်ဘုရားထံမှ၊ ဆံများပန်ခဲ့ခံခဲ့၊ လှေလှော်သွားဆန်ခဲ့ပြန်ခဲ့၊ ဒဂုံစံဘုံပျံ မင်းရယ်လေး - - ဆင်း - ကြိုလိမ့်နော် - - ဟော့လား ယောကျ်ား - - ဘာသားလေးလေ။

အတိသဉ္ဇနာ ဥက္ကလာရွှေမြေ၊ ပင့်ဆောင်လာ စောမြတ်ဆံကေ ရေလမ်း တခိုမလေ ခြွေသန်းကြိုနေ၊ သပြေပန်း အညီတွေ ပြေချမ်းစိုစေ၊ လှေတော်ကပ်ချဉ်းလာတော့ ပြိုင်လျက်သာ ဆင်းလို့လာကြ၊ မင်းဘုရင်မယားကတော်၊ အတင်းရွှင်အားပျော်၊ နဖူးပြင်ကမ်းအပေါ်အထူးရွှင်လန်းသနော်၊ ကပ္ပဋ္ဌီတလျား တည်ထားစည်ပွားရန် ရည်ရော်၊ ယောကျ်ားမောင့် - - - လေးလေးဆွဲလိုက် - - -။

ဥက္ကလာရွှေပြည်၊ ဗုဒ္ဓါမွေသရီ - - -၊ မြေမဟီစေတီထူးကိုလ ရွှေပြည်ရွှေညီ ဖူးနိုင်ဖို့၊ နတ်မှူးဆော်လို့ဖန်လို့၊ ရွှင်မြူးပျော်လို့ညှံ့လို့ ပစ္စယံ လီလီဆင့်မယ်လေး၊ တင့်လှအောင် ကြံ - - - ဟေ ယောကျ်ားဘာသားလေးလေး - - -။

မင်းဥက္ကလာရှင် - - - သွင်းအုတ်လှော



www.dhammadownload.com



တင်၊ တိဂုံ ကုန်းပြင် အဖျားမှာလ၊ မွေ့သရီ စေတီ ဘုရားကိုဖြင့် ရှည်လျား တည်ဖို့ ရည်လို့၊ နတ်များ ကူလို့ညီလို့၊ တက်ညီ ညီ တက်ညီခင်းတယ်လေး - - - သွင်း - - သွင်း ဌာပနာ - - - ဟေလား ယောကျ်ား ဘသားလေးလေ့။

နတ်လူတို့စုံ၊ မြတ်ဘူမိဘုံ - - တိရွှေဂုံ ကုန်းမှာလ၊ ညီမြေခံ မှန်းပါလို့၊ အုတ်သားစီကြတည်ကြ၊ လုပ်အားစည်ကြ ညီကြ၊ မွေ့သရီ စေတီမြင့်တယ်လေး ဖြိုး - ဖြိုးတင့်ခဲ့ပြီ - - ဟေလား ယောကျ်ား ဘသားလေးလေ့။

စောပု ဇကရီ - -၊ ချောစု ရွှေညီ - - -။ ရွှေစေတီ ပုထိုးကိုလ၊ ဝေဟင်ဇွေခွင် မိုးစေဖို့၊ ထပ်တိုးခြံ့လို့ ငုံလို့၊ နတ်မျိုး စုံလို့ အုံလို့၊ သွင်တစ်ဖုံ ဆင်ပုံဆန်းတယ်လေး လျှမ်း - လျှမ်း တင့်စေ - - ဟေလား ယောကျ်ား ဘသားလေးလေ့

ကုန်းဘောင်နွယ်ဝင် - -၊ ဘုန်းရောင် ကြယ်စင် - - ပါရမီရှင် တစ်ပါးပါတဲ့၊ ဆင်ဖြူရှင် ဘုရားရယ်က၊ ထွတ်ဖျား ပြုခဲ့ယိုရွှဲ၊ မြတ်ဘုရား ကိုတဲ့ ကိုတဲ့။ ပိုမို - - မြင့် အောင်တင့်အောင်လေး တိုး - တိုးဆင့် တည်ထောင် ဟေလားယောကျ်ား ဘသားလေးလေ့ - - -

## သံချပ်

ယိုယီးလေ့ --- ယီလေးယို ယီးလေးဆိုမှ ယိုလာဆွဲ
ပျော်တော်ဆက်ဖို့ လှော်ယက်လာ တော်ထက်တော်ရာ ဆော်နှိုးဖို့ပဲ။
တိဂုံမြတ်မှ ဖောင်တော်ဆန် ရောင်တော်အလျှံ ထွန်းပဝင်းဝင်း။
ဖောင်တော်ပြာသာဒ် ပြိုးပြိုးပြောင် မိုးထိုးမယောင် ကြားလှမားလှ။
မြတ်ဗုဒ္ဓရဲ့ သာသနာ နှစ်ထောင်ခြောက်ရာသာခဲ့ပြီပဲ
သာသနာနှစ် နှစ်ထောင့်ခြောက်ရာ ပြည့်ခဲ့သည်မှာ စေတီသက်တမ်း
နှစ်ထောင်ကျော်လို့ ခြောက်ရာညီ တိဂုံစေတီ ရှည်ခဲ့သက်တမ်း
နှစ်ထောင့်ခြောက်ရာ တပေါင်းမှာ ပူဇနိယာ ကျင်းပတဲ့ပွဲ။
တို့အသင်းရဲ့ ရွှေဖောင်တော် ပြေဘောင်အကျော် လှော်ခဲ့ခတ်ခဲ့။
ပူဇနီယပွဲတော်မဟာ နွဲ့ပျော်ကာသာ ဖူးကြမြှူးကြ။
ပျော်လည်းပျော်လို့ မော်လည်းမော် တော်လည်းတော်အောင် ပွားကြများကြ။



www.dhammadownload.com



စောင့်စားမျှော်ကြ၊ မြေပေါ်မြေကျော် ဆွေတော်တွေနော်၊ ဘုရားပွဲမှာ အပျော်နွှဲဖို့၊ ဖော်ဆွဲကာခေါ်၊ ကေရှင်ပျော် ရွှေစင်တော်၊ ရွှေတိဂုံတော်၊ ဦးခိုက်ရောက်ရန် ဆော်ဖန်နှိုးခဲ့သနော်၊ အော်အော် - -အော်အော် မျှော်ကာ မှန်းလို့၊ လှမ်းခဲ့ မိတ်ဆွေတော်။ ဖေါင်တော်သားတို့ - - - လေးလေးဆွဲလိုက် - - -

မင်္ဂလမ်းညွှန်မယ့် ရွှေဖောင်မဟာချီလာပါပြီ၊ သာသနာ ဝါဝါဝင်းဖို့ ထွန်းလင်းကြစေရည် - - -၊ ဘုရားတကာ အများ တို့ ဖောင်တော်ပို့ဖြူသားတို့က၊ သဒ္ဓါတရားနဲ့ ဖိတ်ကြားလိုက်ပါသည်။ ဖောင်တော်သားတို့ - -လေးလေး ဆွဲလိုက်



# သံချပ်

ဩဝါဒါစရိယ မိန့်ကြားသည်
စိတ်ထားတည်ကြည် ကြိုးစားကြဖို့။
ဂေါပကအဖွဲ့ ဦးဆောင်ထွင်
အထူးအောင်မြင် တိုးတက်လျက်ပဲ။
ဂေါပကတို့ ဆောင်စီမံ
အောင်ပြီတန်တန် ခြင်းရာစုံပဲ။
ရွှေပြားသင်္ကန်း လွှမ်းခြုံပြီ
ဆန်းစုံဝေစည် ဝင်းလျက် လင်းလျက်။
ဆောက်အုံအများ စွင့်စွင့်မော်
ဝင့်ဝင့်ကျော်ကျော် ခံ့လို့သန့်လို့။
လေးဘက်စောင်းတန်း နတ်လမ်းအသွင်
ပြာသာဒ်ဆန်းထွင် ကြော့လို့မော့လို့။
ဝတ်အသင်းများ မြိုင်မြိုင်ဆိုင်
ပိုင်ပိုင်နိုင်နိုင် လုပ်ကြကိုင်ကြ။
ဘုရားဖူးများ မပြတ်စည်
ထက်ရပ်နတ်ပြည် ရော်ရည်မှန်းထင့်။
နိုင်ငံခြားသား ဧည့်သည်တော်
ကြည့်မိပြီနော် တအံ့တသြ။
မေးလို့မြန်းလို့ မဝနိုင်
မထနိုင်အောင် ကြည်ဖြူရှုစား။
ကမ္ဘာတစ်လွှား အံ့ဖွယ်ရာ
ဤစေတီမှာ ထူးကဲ့တစ်ပါး
တဖွဖွနဲ့ အံ့မကုန်
ခေါက်တုံ ခေါက်ပြန် လာဦးမတဲ့၊
မြန်နဂုဏ်ဆောင်တဲ့ ဤစေတီ
ကမ္ဘာတည်အောင် ထူစိုးထောင်စို့။

www.dhammadownload.com





# ဖောင်တော်သံ

သပ္ပါယ်တော်မူ - -၊ မြတ်စေတီတစ်ဆူ - - - ဇမ္ဗူတစ်မူ - - ခြားအောင်ပါ့၊ မတူတစ်လူကြွားတာမို့၊ တစ်လွှားကမ္ဘာ အနံ့ ဖြာဆန့် ထင်ရှား သာပျံ့သာပျံ့ ခြေဆန့် လာ ရှုမြင်မောဖွယ်လေး အံ့သြ - အံ့သြကြမကုန် - - ဟော့လား၊ ယောကျ်ား ဘာသားလေ့ - - -

## သံချပ်

ရွှေဖောင်တော်ကြီး လော်ခတ်လာ
ဤရပ်ဤရွာ ဖူးကြဖို့ပဲ။
တက်တူးတက်ပြန့် တက်ခံ့ဆင်
တက်ပျံ့ယဉ်ယဉ် လွှဲလို့ဝဲလို့။
ရွှေဖောင်ပျိုတို့ တက်ရေးငင်
လက်ကွေး လက်ငင် ဖင်ယော်ပျံ့ဝဲ။
တက်လှဆင်လို့ တက်လှင်
တက်ကြွရှင်ရှင် ယိမ်းသွင်တနဲ။
ကိန္နရီမ - - က တဲ့ဟန်
ကြွကြွပျံ့ပျံ့ ညွတ်ညွတ်နွဲ့နွဲ့။
တက်လှင်လို့ တက်ပျံ့လူ
တက်ကိုင်ပျိုဖြူ လက်ချီလက်ချ။
ဆင်းတိုင်းလှလို့ သတိုင်းယဉ်
လော်ခတ်ဟန်သွင် ဟသ်ာပျံ့ဝဲ
လူလှစိတ်လှ နှစ်ဝဖြူ
ကျမတို့မူ ဗုဒ္ဓရိပ်မှီး။
ရွှေဖောင်ပျိုတို့ ပြန်တော့မယ်
ကျန်ရော့ မောင်မယ် နှုတ်ဆက်ပါရဲ့။
ဘုရားဖူးဖို့ ကြွဲခဲ့သော်
တိဂုံတောင်ပေါ် ကြွခဲ့ မြန်းခဲ့။
မပင်ပန်းဖို့ ရေချမ်းစင်
ရှင်လန်းစေချင် တည်ထားလျက်ပဲ။
စိတ်လှသူတို့ စေတနာ
ဝေနေများစွာ အေးဖို့ချမ်းဖို့။

တက်ပျံ့ကိုင်၊ လက်ဟန်ကိုပြင်၊ ထက်ခွင်ငှက်သွင် သလားသလိုပ့ါ၊ တက်ယဉ်လက်ယဉ် ကစားမယ်ပါ့၊ လက်သွား ချီကြ ညီကြ၊ ချိုတေး စီကြ သီကြ၊ ပျော်မည်လေ ပျော်ကြလေ၊ ပျော်ကြမော်ကြလော်ကြလေ၊ ငှက်စင်ရော်ကလေးရယ်တို့ ကော့တောင်ပံကွေးသလိုပ့ါ၊ ယိုလေလေ ယီးလေလေ ယိုလေ့ ယီးလေ့လေ၊ ပိုင်ပါ့မလားလေ၊ ပိုင်တယ်လေ့ နိုင်တယ် ဟော့၊ မြိုင်မြိုင်လေ လှမ်းမယ်လေး လွှမ်း - လွှမ်းကျန်ရစ်စေ - - ဟေလားယောကျ်ား ဘာသား လေးလေ့ - - -

www.dhammadownload.com



ဖောင်တော်မြတ်ရဲ့ စေတနာ ဝေနေများစွာ အေးချမ်းစေဖို့။
အေးချမ်းသာလို့ ဘေးကြမ်းကွာ ပြည်အမတာ တက်ဖို့ မှန်းစို့။
စေတီမြတ်က ထင်ရှားညွှန် တရားအမွန် သိကြစေသား။
တရားသိလို့ အားဖြည့်ကြံ ပွားသည့် လမ်းမှန် ဘာဝနာစခန်း
မေ့မေ့လျော့လျော့ ပေါ့ဆနေ မျောကြမလေး သံသရာဝဲ။
ဝဲဂယက်မှ လွှဲထွက်သော် ကျွန်းမြတ်သောင်ခေါ် မြတ်နိဗ္ဗူပဲ။
နိဗ္ဗူလှမ်းဖို့ ရည်မှန်းသော် ဤနန်းဖောင်ပေါ် တွဲလို့လိုက်ခဲ့။
ဖောင်တော်ကြီးက ဆန်ခဲ့သနော် ကျန်တဲ့အဖော် အမီလိုက်ခဲ့။

မြတ်ရွှေတိဂုံ၊ ကျက်သရေဂုဏ်ရောင်၊ တိုင်းလကျာ ထွန်းတောက် နေတန်ဆောင်၊ ဆောင်ကွန်း အထွေထွေ ပြောင်းရွှန်းတဝေဝေ၊ လျှံမောင်းအရောင်တွေ၊ တန်ဆောင်း အခြွေရွေ၊ ရှိသေဝပ်စင်းလာခ၊ ရင်တွင်းမှာ အေးမြပါလိမ့်၊ တေးဘူမကာ တစ်လျှောက်လေ၊ ဘေးဟူရာရာ ပျောက်မလေ၊ အေးအမတာ မြောက်ဖွေ၊ မနေးမကြာရောက်စေ၊ တစ်ထောက်ခိုမနား၊ ဟိုတစ်ဖျား၊ တို့များဆောင်ယူမလေ - - - ယိုလားလေ ယီးလေး ဆွဲလိုက်

ရွှေပုံကြီးအလား တောက်ပြောင်ကာ၊ အထက်ထွက်ဖျားထိ ရွှေစင်ဝါ၊ ငှက်မြတ် နားက ရတနာဖြာ၊ နေရောင်ခြည်မှာ စင်းပပတဲ့၊ လင်းလှလှလို့၊ ဆင်းပသာ ဒမို့၊ အထင်းမြင်ရတဲ့၊ ဘုရားမြင့် တောင်ပမာ။

ဖိနပ်တော်အပြည့် စေတီရံဖြာဖြာ၊ နတ်ပြဟ္မာသိကြားတို့ဖူးမျှော်ကာ၊ ပစ္စယာဖောင်းတို့ဆင်ယင်ရာ၊ ကြာအလှန်ပျံ ထပ်ဆင့်ထားသမို့၊ မြတ်တင်ကြွားလို့၊ ရပ်ရှစ်ပါးထက်၊ အရပ်မြင့်မားတဲ့၊ ဘုရားမြတ် တောင်ပမာ။

မြန်မာအများ ကြွားသင့်ရာ၊ အရဟံဘုရား သနား ချင့်စာ၊ သွားပင့်ရ ဆံ -



www.dhammadownload.com





ကေ - သာ၊ စစ်အမှန် မွေတော်ဓါတ်ကို၊ လေ့လော့်ခတ်လို့
နံ့အပ်ဌာပနာ၊ ဒါယကာ သူမြတ်များ တည် ထား စေတီမဟာ။

ကျွန်ဘဝဝဲ မွဲကြခါ၊ လွန်စွာပဲ အသဲကနာ၊ တွဲကြရ
စေတီယံမှာ၊ နယ်ချဲ့ရန် တော်လှန်ကြဖို့၊ ဆော်ဖန်ခဲ့ကြ စစ်ပွဲ
မိဌာန်ရာ၊ စံပမာ မှန်စွာပဲ သမိုင်းမှတ်ရစ်စရာ။

ကမ္ဘာတစ်ဝှမ်းလွှမ်းတဲ့အရာ၊ မျှော်ကာမှန်းလွမ်းတဲ့ခါ၊
လှမ်းခဲ့ကြ ပြည်အဖြာ ဖြာ၊ ကမ္ဘာတစ်ခွင် စာတင်လောက်လို့
ဝင်ရောက်ခဲ့ တင်လျှောက်သီချင်ရာ၊ သဒ္ဓါ စွာ သူတို့လဲ ယူစွဲ
သဲမြတ်ညှာ။

နိုင်ငံခြားခရီးသွားတွေ၊ ဒိုင်ခံထား
မငြိးနားနေ၊ ကြီးမားလှ ရင်ပြင်ပြေပြေ၊ ကြည်
ညို့ဖွယ်သပ္ပါယ်လွန်းလို့၊ တကယ်မွှန်းတဲ့မော်ကွန်း
တင်လာဝေ၊ ရွှေဂပေဟ နောင်ခါလဲ အမြဲဆက်ဖြစ်စေ။

ဘုံပျံဖောင်နန်း ချီလို့လာ ဒီမြို့ရပ်ရွာ နိုးကြားစေဖို့။
နိဗ္ဗာန်သောင်မြို့ ဆောင်ဖို့ရည် ဖောင်ပျို့မြဒီ ဖိတ်ကြားပါရဲ့။
မြတ်ရာထားတဲ့ ရွှေဒဂုံ ဓါတ်များမွေစုံ ကိန်းဝပ်လျက်ပဲ။
သာသနာနှစ် ငါးထောင်တိုင် ကြွားယောင်ရွှေစိုင်တည်စေ့စည်စေ့။
ဒို့စေတီကြီး ဖြိုးမြင့်ဆောင် မိုးထိုးမယောင် စွင့်လှတင့်လှ။
ရွှေသားစစ်စစ် သပ္ပါယ်ရုံ မြတ်ရွှေတိဂုံ ဖူးလို့မဝ။
စေတီရံများ ပတ်ဝန်းရံ မြတ်ပန်းအစုံ ခြုံသည့်အလား
ရင်ပြင်တစ်ပြန့် ရှင်းသန့်စင် မြန်းကြွလူရှင် စိတ်ကြည်လင်စိမ့်။
ကမ္ဘာတစ်လွှား ခရီးသွားတွေ မငြီးအားပေ တအံ့တဩ။
ကမ္ဘာအနှံ့ အံ့ချီးရာ မြတ်ကြီးမဟာကျော်တစ်ပါးတဲ့
ကျော်တစ်ပါးမို့ မော်ကြွားချင် တရားနှင့်ယှဉ် သိုသိပ်ကြစို့။

www.dhammadownload.com



ရွှေတိဂုံစေတီတော်
နှစ် – ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ကာလအတွင်း
နိုင်ငံကျော် ဂီတပညာရှင် ဘိုကလေးတင့်အောင် ရေးသားပူဇော်သော

## ဓမ္မတေး

* Int: သာသနာထွန်းသည် ကျွန်းမြတ်ဇမ္ဗူဒီ
သာကီနွယ်ဖွား အများကိုယ်စီ သူတော်စင်တို့သည် ဗုဒ္ဓဘာသာပီပီ
သုံးပါးသရဏဂုံ ယုံယုံကြည်ကြည် ဒါနအတူပေးလှူကြမည်
သီလတရားအားထားသည် ဘာဝနာအရေးတွေးဆသည်
ထင်ရှားသော သာဓက ပြချင်သည် - - - - - - - - -
ဘုရားပုထိုးစေတီတော်များသည် အထက်အောက်မြန်မာပြည်
အမြင်အားဖြင့်ထင်ရှားစွာပတည်

Cho: ထူးခြားသည် ဦးချမည် ထူးလှသည်

ÄÄ သိင်္ဂုတ္တရမြေဝသုန် ရွှေတိဂုံစေတီ တန်ခိုးတော်အနန္တပြည့်ဝသည်
တည်တော်မူခဲ့သည် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီ
ကမ္ဘာတော်တည် ကမ္ဘာကျော်သည် ဗုဒ္ဓဘာသာဖွံ့ဖြိုးအောင်
ရည်ဆောင်မှန်းဆ အလင်းရောင်ကိုပြနေ

Repeat: *, **



www.dhammadownload.com



ရွှေတိဂုံ ဘုရားပွဲတော်ကြီး နီးလာပြီ ရွှေတိဂုံ ဘုရားပွဲတော်ကြီး နီးခဲ့ပြီ
(မကြာမီ ကျင်းပပါတော့မည်)၂
အကျိုးမြော် နိုးဆော်သည် အကျိုးမြော် နိုးဆော်ပါရသည် - - - - - - - -

ဒီနှစ်ဝယ်တကယ်ထူးသည် ၂၆၀၀ ပြည့်ရှင် ပြည့်ရှင်
ပြည့်မှီဒီပွဲ ဆင်နွှဲကြမည် ယှဉ်တွဲကြသည် အသွင်လည်းလှသည်
သဏ္ဍာရာဇ်မဟာ ၁၀၃ မှာတည် ရှင်တော်မြတ်ဘုရားပွင့်ပါသည်
တဖုဿနှင့် ဘလ္လိကနောင်ညီ ဆံတော်ရှစ်ဆူပင့်ယူတည်ထား ဘုရားမြတ်သည်
အသရေစုံညီ ရွှေတိဂုံစေတီ ခြေတော်ရင်းဆီ ပွဲတော်ဦးထောက်မနားလာကြသည် - - - - - - - -

စကြာ၀ဠာတိုက်တစ်သောင်း ရိုက်ခြောင်းတုန်ဟီးအသံကြီးပေါ်လာသည်
စကားအဖွင့် အများအဖြင့် နားအစွင့်စေသည်
လောကတလွှား တရားနဲ့အညီ ဂေါတမဘုရားပွင့်မည်
ယုံယုံကြည်ကြည် စုံစုံညီညီ သကြားနတ် ဖြပ္ပာ
အပါးကပ်ခါ ဖူးမြော်လေတော့သည်
ပွင့်ဖူးစအခါမှီ အခွင့်ထူးရလာပါသည်
တဖုဿနှင့် ဘလ္လိကနောင်နှင့်ညီ
ဆံတော်ရှစ်ဆူ ပင့်ယူတည်ထား
တည်ထားကိုးကွယ်သည်



www.dhammadownload.com



(ပ)

# ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်
# အောင်မြင်ပြီးမြောက်ခြင်း ရေစက်ချအနုမောဒနာ
# မဟာမင်္ဂလာအခမ်းအနား၌
# ရွတ်ဖတ်ပူဇော်သော အောင်သြဘာစာတမ်း


ရေးသားပူဇော်သူ - လှရတနာဆရာတော် ဘဒ္ဒန္တနာဒရ

ရွတ်ဖတ်ပူဇော်သူ - ရုံးအဖွဲ့မှူး၊ ဦးဝင်းကြိုင်


**သိဒ္ဓိတ္ထ ဘော ဗုဒ္ဓသဘာ၊ ဝတ္ထုတ္တယေဟိ ဘူသိတာ။**

**ပုညေန သုဘသက်ပွါ၊ သီဃံ သိဇ္ဈန္တု ပါဏိနံ။**

**ဘော** - တရားချစ်ခင်၊ စိတ်ကောင်းဝင်သည့် အို - - - - သူတော်စင်အပေါင်းတို့၊

- ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ရေစက်ချအနုမောဒနာ မဟာမင်္ဂလာ အခမ်းအနားသို့ ကြွရောက်တော်မူလာကြကုန်သော သူတော်ကောင်းအပေါင်းတို့ - - - -။

**ဝတ္ထုတ္တယေဟိ** - ကမ္ဘာထက်မြေ၊ ကနက်ဖွေတွင်၊ ကျက်သရေမြင့်ကြွယ်၊ ဂုဏ်ပေါင်းထည်၍၊ တင့်တယ်ဆူဆူ၊ ဂုဏ်ပေါင်းယူသည့်၊ လေးဆူဓါတ်ပုံ၊ ရွှေတိဂုံအား၊ ကြည်ယုံမှန်းကာ၊ ဆွမ်းပန်းရေချမ်း၊ ဆီမီးနံ့သာ၊ ဆက်ကပ်လှူဒါန်းခြင်း၊ ဗုဒ္ဓပူဇာ မင်္ဂလာ။

- သံဃာတော် (၂၆၀၀)ပါးတို့ဖြင့် ဗုဒ္ဓါဘိသေကအနေကဇာသဘင်၊ တင်လှူပူဇော်ရခြင်း၊ ဗုဒ္ဓပူဇာမင်္ဂလာ။

- စေတီပုထိုး၊ တန်ဆောင်ဇရပ်၊ ဂူပြသာဒ်နှင့် စောင်းတန်းလှေကား၊ သစ်ပင်များမကျန် လျှပ်စစ်မီးရောင်စုံ၊ အဖုံဖုံဝေလျှမ်း၊ ဆင်မြန်းဝေဆာ၊ ပူဇော်ရခြင်း၊ ဗုဒ္ဓပူဇာမင်္ဂလာ။

- သိင်္ဂုတ္တရကုန်းတော်တစ်ဝှမ်း၊ အပွင့်ပန်းပေါင်း (၅၄၀၀၀၀)ကျော် စိုက်ပျိုးပူဇော်ရသော အာမိသဒါန၊ ဗုဒ္ဓပူဇနီယမင်္ဂလာ။

- နိုင်ငံ့ကျက်သရေ၊ ဂုဏ်ပေါင်းဝေဆာ၊ ရေမြေအထု၊ နိုင်းတုမရ၊ ဂုဏ်ပေါင်းခသည့်၊ ထေရအကျော်၊ ဆရာတော်တို့၊ ဟောဖော်ညွှန်ကြား၊ တစ်ဆယ့်ငါးရက်တိုင်တိုင်၊ မြိုင်ဆိုင်စွာပေးလှူရသည့်၊ ထေရဝါဒ၊ ဓမ္မပူဇာမင်္ဂလာ။

- အသံမစဲမဟာပဋ္ဌာန်းပွဲကို၊ ဆင်နွှဲကျင်းပပူဇော်ရခြင်း၊ ဓမ္မပူဇာ မင်္ဂလာ။

- ဗုဒ္ဓမြတ်စွာ သာသနာကို၊ ရောင်ဝါနေလ၊ ထွန်းတောက်ပအောင်၊ နေ့ညမအား၊ လွန်ကြိုးစားသည့်၊ ၂၆၀၀ ပါး၊ အများသံဃာ၊ မြောက်များစွာတို့အား၊ လေးဖြာပစ္စယ၊ အဝဝဖြင့်၊ ကျနပင့်ယူ၊ စိတ်ကြည်ဖြူ၍၊ အလှူဒါန၊ ဆွမ်းဆန် တော်လောင်းလှူရသည့်၊ သံဃပူဇာမင်္ဂလာ။

- သိင်္ဂုတ္တရဂုဏ်ရောင်၊ ထွန်းလင်းပြောင်အောင်၊ စွမ်းဆောင်ကြိုးပမ်း၊ ဦးဆောင်လမ်းပြ၊ ဩဝါဒါစရိယ၊ ထေရအကျော်၊ ဆရာတော်တို့အား၊ သိင်္ဂုတ္တပဝရသီရိ မဟာဓမ္မရာဇာ၊ ဘွဲ့တော်မဟာ ဆက်ကပ်လှူဒါန်းခြင်း၊ သံဃာပူဇာတို့ဖြင့်၊

**ဘူသိတာ** - ကြီးကျယ်မှန်းထား၊ ဆန်းဆန်းပြားပြား၊ ခမ်းနားကြီးကျယ်၊ အသွယ်သွယ်ဖြင့်၊ စိတ်ဝယ်ပျော်ပျော်၊ မှန်းကာမျှော်၍၊ ပူဇော်ကြရာ၊ ရတနတ္တယပူဇာ၊ အဖြာဖြာကို၊ တန်ဆာဆင်ယင်၊ စီအစဉ်ဖြင့်၊ ပြင်ဆင်ကျင်းပအပ်သော၊

www.dhammadownload.com



- ဗုဒ္ဓသဘာ၊ နှစ်ပေါင်းများလှစ်၊ တွက်ရေစစ်သော်၊ နှစ် နှစ်ထောင့်ခြောက်ရာ၊ ကြုံသည့်ခါဝယ်၊ ပူဇာသွယ်သွယ်၊ လွန်ဆန်းကြယ်၍၊ အံ့ဖွယ်သီးသီး၊ ရွှေတိဂုံစေတီတော်ကြီး၏၊ အံ့ချီးဖွယ်ရာ၊ ဤပွဲတော် မဟာသည်ကား၊

သိဋ္ဌိတ္ထဘော - တိုင်းကြီးဒေသ၊ အစိုးရက၊ ဦးဆောင်လမ်းပြ၊ ချီးပပူဇော်ကြရာ၊ ရောက်ငြားသာသနာ၊ နှစ်ထောင့်ငါးရာ၊ ငါးဆယ့်ငါးနှစ်၊ လူတို့ဝေါဟာ၊ ကောဇာသက္ကရာဇ်၊ ၁၃၇၃ ခုနှစ်၊ တွက်စစ်မာသ၊ တပေါင်းလပြည့်၊ ဆင်မင်းနေ့တွင်၊ နိဂုံးကမွှတ်၊ အဆုံးသတ်၍၊ အောင်မြင်ပြီးမြောက်၊ ဆုံးခန်းတိုင်ရောက်ခဲ့လေပြီ၊

ပုဒ္ဒေသ - မြန်မာ့တိုင်းခွင်၊ သမိုင်းတွင်သည့်၊ နှိုင်းယှဉ်စရာ၊ ဂုဏ်ပေါင်းဖြာလျက်၊ သာသနထက် ကောင်းကင်၌၊ စက်ဒေါင်းယှဉ်နေတန္နန်းကဲ့သို့၊ ရွှေဘုန်းတော်လက်ဝေ၊ ကျက်သရေမြင့်မားကာ၊ ထင်ရှားစွာ တည်ရှိပါသော၊ လေးဆူမြတ်ပုံ၊ ရွှေတိဂုံကို၊ အာရုံထင်ထင်၊ စိတ်အစဉ်ဝယ်၊ ကြည်လင်ပျော်ပျော်၊ ကောင်းကျိုး မျှော်ကာ၊ ပူဇော်နှစ်ပေါင်း၊ ၂၆၀၀ - ပြည့်သည့်အခါ၌၊ ကောင်းစွာကျင်းပ၊ ဗုဒ္ဓပူဇနီယ၊ ပွဲသဘင်နွှဲဆင်ကာ ပါဝင်ကုသိုလ်ပြုကြရသည့်၊ မဟာ့မဟာ ကုသိုလ်ကံစေတနာကြောင့်၊

ပါဏိနံ - သတ္တဝါအပေါင်း၊ သူတော်ကောင်းတို့၏

- ယနေ့ကြွလာ၊ ဆွေသဟာ အပေါင်းတို့၏

သုဘာသက်ပွါ - ကုသိုလ်ယှဉ်တောင်း၊ အကြံအစည်ကောင်းဟူသမျှသည်၊

သီဃံ သိဇ္ဈန္တု - မကြာမတင်၊ လျင်လျင်မြန်မြန်၊ စိတ်အကြံမြောက်၊ အဓိဋ္ဌာန်ပေါက်အောင်၊ ပြီးမြောက်အောင်မြင်ကြပါစေကုန်သတည်း။

ယနေ့ကစ၊ ဗုဒ္ဓမြတ်စွာ သာသနာသည် ကမ္ဘာ့ကမ္ဘာ၊ တည်ပါစေကြောင်း၊ နှစ်ထောင်းအားရ၊ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝှမ်း ဘေးဥပါဒ်အန္တရာယ်၊ မကျမရောက်၊ ကင်းကွယ်ပပျောက်၍၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်နိုင်ကြပါစေကုန်သတည်း။

ဤဗုဒ္ဓပူဇနီယပွဲသဘင်၊ နွှဲဆင်ကြရာ၌၊ ပါဝင်ကြသူ၊ ရှင်လူအများတို့၏၊ မွန်မြတ်သော စေတနာ၊ ထက်သန်သော သဒ္ဓါအဟုန်ကြောင့်၊ ဝသုန်မြေမိုး၊ ရိုက်ချိုးမည်ဟီး၊ အောင်စည်တီးလျက်၊ အောင်ခြင်းကြီး အောင်မြင်ရသည်ကို၊ လာသမျှလူဗိုလ်၊ ပရိသတ်ထိုထိုတို့၊ ရွှန်းစိုစွာ ဝမ်းဆီထိသကဲ့သို့၊ လွှမ်းပီတိ မနောဖြာပြီးလျှင်၊ သြဘာသ၊ ဟစ်ကြွေးကြစေကုန်သတည်း။

www.dhammadownload.com



(ဃ)

# ရွှေတိဂုံစေတီတော် နှစ်–၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ကမ္ပည်းမော်ကွန်း

## ဓေယျတု သဗ္ဗမင်္ဂလံ

ရွှေတိဂုံစေတီတော်မြတ်ကြီးကို မဟာသက္ကရာဇ် (၁၀၃) ခုနှစ်တွင် စတင်တည်ထားပူဇော်ခဲ့ရာ သာသနာတော် နှစ် ၂၅၅၅၊ ကောဇာသက္ကရာဇ် ၁၃၇၃ ခုနှစ်တွင် နှစ်ပေါင်း ၂၆၀၀ပြည့်မြောက်ခဲ့ပါသည်။ ရွှေတိဂုံစေတီတော် နှစ် – ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးအား ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်များ၏ လမ်းညွှန်ဩဝါဒကိုခံယူပြီး သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ဦးဆောင်မှုဖြင့် ၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း (၁)ရက် (၂၂.၂.၂၀၁၂)နေ့အထိမှ တပေါင်း လပြည့်(၇.၃.၂၀၁၂)နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည် ...။

ပွဲတော်အကြိုကာလတွင် ရွှေတိဂုံစေတီတော်ကြီး၌ တင်လှူပူဇော်ခဲ့သော စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေပြားသင်္ကန်းတော်နှင့် ရွှေသားပုံတူစေတီတော်တို့အား ဆံတော်ကြိုစေတီများတည်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ ကော့မှူးမြို့နယ်၊ တွံ့တေးမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်များသို့ လှည့်လည်ပူဇော်ခံခဲ့ပါသည်။

ပွဲတော်ကာလတစ်လျှောက်လုံး စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူခြင်း၊ ပန်းပင်ပေါင်း ၅၄၀၀၀၀ စိုက်ပျိုးပူဇော်ခြင်း၊ လျှပ်စစ်မီးရောင်စုံများ ထွန်းညှိပူဇော်ခြင်း၊ သံဃာတော် ၂၆၀၀ ပါးဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း အစရှိသော ဗုဒ္ဓပူဇာ၊

သံဃာတော်အရှင်သူမြတ်များက အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဓမ္မကထိကဆရာတော်ကြီးများက (၁၅)ရက်တိုင်တိုင် ဓမ္မဒေသနာတော် ဟောကြားကျင်းပချီးမြှင့်ခြင်း အစရှိသော ဓမ္မပူဇာ။

သံဃာတော်အရှင်သူမြတ်များအား နေ့စဉ်ဆွမ်းဆက်ကပ်ခြင်း၊ ဆွမ်းဆန်တော်လောင်းလှူခြင်း၊ ဩဝါဒါစရိယ ဆရာတော်ကြီး (၃) ပါးတို့အား “သိင်္ဂုတ္တရပဝရ သိရီမဟာဓမ္မရာဇာ” ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်း အစရှိသော သံဃာ့ပူဇာတို့ဖြင့် ရတနာ(၃)ပါးကို အားပါးတရပူဇော်ခဲ့ကြပါသည်။

ထိုမျှသာမက ပွဲတော်ကာလအတွင်း၌ ဗုဒ္ဓသာသနာတော်စည်ပင်ပြန့်ပွါးထွန်းကားရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ရန်အလို့ငှါ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ လင်ဂွန်း (စွယ်တော်တိုက်) ဘုရားကျောင်း ထိန်းသိမ်းရေးအဖွဲ့တို့ နားလည်မှုစာချွန်လွှာ တစ်ရပ်ကိုလက်မှတ်ရေးထိုးကာ ဗုဒ္ဓသာသနာ ကမ္ဘာသို့ပြန့်ပွါးရေးအတွက် အခြေခံအုတ်မြစ်ချခဲ့ပါသည်။

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်ပွဲတော်ကြီးကိုအကြောင်းပြုကာ နောင်လာနောင်သားများသည် ဗုဒ္ဓမြတ်စွာသာသနာတော်နှင့် ရွှေတိဂုံစေတီတော်ကြီးအား စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် အထိမ်းအမှတ်အနေဖြင့် ဤမုခ်ဦးဆောင်ကြီးကို တည်ဆောက်ပါသည်။

ဤကဲ့သို့ ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်ပွဲတော်ကြီး၌ ပါဝင်ဆောင်ရွက်ခဲ့ကြသူအပေါင်းတို့၏ ကောင်းမှုကုသိုလ်အဖို့အစုကြောင့် ခေမာသောင်ကမ်းနိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်ကြပါစေကုန်သတည်း။

ဤကုသိုလ်အပေါင်းအစုတို့ကို ဝေနေယျသတ္တဝါအများတို့အား အမျှပေးဝေပါသည်။ ဝမ်းမြောက်နမော်သာဓုခေါ် ဆိုနိုင်ကြစေရန် ကမ္ပည်းမော်ကွန်းရေးထိုးပါသည်။

“နတ်လူ့သာဓုခေါ်စေသောဝ်”

www.dhammadownload.com



## Buddha Pujã on the 2,600th Anniversary of the Shwedagon Pagoda

Jeyatu Sabba Mingalan;

The Shwedagon Pagoda was built in 103 Mahã Sakkaraj (BC 600), so in 2555 sãsana Era and now 1373 Myanmar Era, it had stood for 2600 years. The Buddha Pujaniya Festival to mark the 2600th anniversary of the Shwedagon was held on a magnificent scale from the 1st waxing of Tapaung 1373 ME (22.2.2012) to the full moon of Tapaung 1373 ME (7.3.2012), under the blessed direction of the Ovãdãcariya Sayataws of the Shwedagon Pagoda and the leadership of the Union Minister for the Ministery of Religious Affairs, and the Government of Yangon Region.

During the festival, the diamond bud and the vane of the umbrella, the gold plates to coat the pagoda, the gold replica of the great pagoda, that have been offered to the Shwedagon pagoda, were borne on motor vehicles making rounds to welcoming pagoda at Kungyangon, Kawmhu, Twante and Botahtaung townships.

In the course of the festival, the Buddha Pujã with offering of food, flowers, water, growing 540,000 flowers, kindling colourful electric lights, reciting the verse anekajãti samsãram by 2,600 members of the Sangha.

The Dhama Pujã with non-stop recital of Mahã Palthãmã by members of the Sangha, lectures of Dhamadesana by well-known Sayataws for 15 days.

The Sangha Pujã with offering of daily meals and food rations to the members of Sangha and conferring the honorary title Singuttara Pavara Siri Mahã Dhamma raja to the three Ovãdãcariya Sayataws. These three pujã to the three jewels were accomplished.

In the course of the festival, to perpetuate co-operation in the propagation of the Buddha sãsana, the Shwedagon Pagoda Trusteeship committee and the Linguan Tooth Relic Temple Trusteeship Beijing, exchanged memorandum of understanding thus laying foundation for propagation of the Buddha's sãsana world-wide.

In connection with the 2600th anniversary festival of the Shwedagon Pagoda, in order that the coming generations may continue with efforts to protect the Buddha's religion and the Shwedagon Pagoda, this gateways has been built as a memorial to the 2600th anniversary celebrations. By virtue of the meritorious deeds of the participants in the 2600th anniversary festival of the Shwedagon Pagoda, may all beings be able to ascend to the peaceful Palace of Nibbãnã; We share our accumulated merits to all living beings. This inscription is written so they may rejoice and say Sãdhu aloud.

"May men and gods(nats) say Sãdhu!."

www.dhammadownload.com



# ရွှေတိဂုံစေတိယဿ ဒွိသဟဿ ဆသတိမေ ဝဿေ
# ဗုဒ္ဓပူဇနီယုဿဝေ လိခိတထုတိဝါဒကေဗ္ဗကထာ
# ဓေယျတု သဗ္ဗ မင်္ဂလံ

ရွှေတိဂုံမဟာစေတိယဝရံမဟာသကရာဇေကောသတိမေတတိယဝဿေ အာရဘိတွာ ပတိဋ္ဌာပေတွာ ပူဇိတံ၊ ဣဒါနိ သာသနဝဿေ ဒွိသဟဿ - ပဉ္စသတ ပဉ္စပဏ္ဏာသမေ ဝဿေ ဂေါစာသကရာဇေ ကောသဟဿ - တိသတ - သတ္တတိမေ တတိယဝဿေ ဒွိသဟဿ - ဆသတဝဿာနိ ပရိပုဏ္ဏာနိ။

ရွှေတိဂုံ မဟာစေတိယဝရဿ ဒွိသဟဿ - ဆ - သတိမေ ဝဿသ္မိံ ဗုဒ္ဓပူဇနီယမဟုဿဝံ ရွှေတိဂုံစေတိယဩဝါဒါစရိယမဟာထေရာနံ ဝိနာယက ဘာဝေန ဩဝါဒံ သမ္ပဋိစ္ဆိတွာ သာသနဋ္ဌာနန္တရ ရဋ္ဌသမူဟ မဟာမစ္စဿ စ ရန်ကုန် ရဋ္ဌမဟာဒေသက္ကဿရသမိတိယာ စ ပဓာနဘာဝေန ဧကသဟဿ - တိသတ - သတ္တတိမေ တတိယဝဿေ ဖဂ္ဂုဏသုက္ကပက္ခေ ပဌမဒိဝသတော (၂၂.၂.၂၀၁၂) ပဋ္ဌာယ ယာဝ ဖဂ္ဂုဏမာသ ပုဏ္ဏမိဒိဝသံ (၇.၃.၂၀၁၂) နာနာပူဇာဟိ နာနာ ဝတ္ထူဟိ ပူဇယိံသု။

ပုရေ ပူဇုဿဝကာလေ ရွှေတိဂုံမဟာစေတိယဝရသ္မိံ အာရောပိတ ပူဇိတံ ဝဇိရမကုဋံ စ ဝရသကုဏနိလီတံ ပူဇံ စ သုဝဏ္ဏပဋ္ဋိဝရံ စ ရွှေတိဂုံသဒိသသုဝဏ္ဏ စေတိယံ စ ကောသဓာတုအာဂမနကာလေ ပစ္စုဂ္ဂမနစေတိယာနံ ဌိတဌာနံ ရန်ကုန် တိုင်းမဟာဒေသဿ အဗ္ဘန္တရေ ကွမ်းခြံကုန်းနဂရံ စ ကော့မှူးနဂရံ စ တွံတေးနဂရံ စ ဗိုလ်တထောင် နဂရံ စ ဝိစရိတွာ ဒေသီယပုဂ္ဂလာနံ ပူဇာပေသုံ။

ပူဇနီယုဿဝကာလံ မဟာစေတိယဝရဿ ပိဏ္ဍပါတ - ပုပ္ဖ - ပါနီယာနံ ဒါနံ စ၊ တရုဏပုပ္ဖရုက္ခာနံ ပဉ္စလက္ခ - စတုနဟုတရုက္ခာနံ ရောပနပူဇံ စ ဝိဇ္ဇုပဒီပနာနာ ဝဏ္ဏေဟိ ပဒီပပူဇံ စ ဒွိသဟဿ ဆသတဘိက္ခူနံ ဗုဒ္ဓါဘိသေက အနေကဇာတိ အာရောပနာဒိ သဒ္ဓိံ ဗုဒ္ဓပူဇံ စ ပူဇယိံသု။

ဘိက္ခုသံဃမဟာထေရာနံ နိရန္တရံ မဟာပဋ္ဌာနဘာဏနပူဇံ စ ဓမ္မကထိက မဟာထေရာနံ ပန္နရသ ဒိဝသာနိ ဓမ္မဒေသနာသဒ္ဓိံ ဓမ္မာနုဂ္ဂဟ ဓမ္မပူဇံ စ ပူဇယိံသု။

www.dhammadownload.com



ဘိက္ခုသံဃမဟာထေရာနံဒိဝသေဒိဝသေပိဏ္ဍပါတဒါနံစပိဏ္ဍပါတတဏ္ဍု လဒါနံစ တိဏ္ဏံ ဩဝါဒါစရိယ မဟာထေရာနံ "သိင်္ဂုတ္တရပဝရသိရီမဟာ ဓမ္မရာဇာ" မဟာနမလဉ္ဆန ဥပနာမနဉ္စ ဝေမာဒီသံဃ ပူဇံစ ပူဇယိံသု။ ဝေမာဒီဟိ ပူဇာဟိ တိဏ္ဏံ ရတနာနံ ဗလဝစေတနာယ ပူဇယိံသု။

ပုနစပရံပူဇနီယဿဝကာလဿအဗ္ဘန္တရေဗုဒ္ဓသာသနဿဝိရူဠှကမ္မေသု သမဝါယမတ္တာယ ရွှေတိဂုံစေတိယ ဂေါပကေန စိနသမ္မတရာဇရဋ္ဌေ ပေကျင်းနဂရေ လင်ကွမ်း (ဒန္တဓာတု) ဝိဟာရရက္ခကာ သမာနုဉ္ဉာ ပေါတ္ထကေသု လိခိတွာ ဗုဒ္ဓသာသနဿ ကပ္ပေသု ဝိရူဠှတ္တာယ မူလက္ကဋ္ဌကသဒိသံ သမာနုဉ္ဉံ အကံသု။

ရွှေတိဂုံစေတိယဿဒွိသဟဿ - ဆသတဝဿပရိပုဏ္ဏကာလေပူဇဿဝံအာရဗ္ဘပဋ္ဌမိကာပုဂ္ဂလာဝရဗုဒ္ဓသာသနဿစရွှေတိဂုံမဟာစေတိယဿစနိရန္တရံ ဂေါပနရက္ခဏတ္တာယ ရွှေတိဂုံစေတိယဿ ဒွိသဟဿ ဆ - သတဝဿ ပရိပုဏ္ဏ သင်္ကေတဘာဝေန ဣမံ မဟာပမုခဝိဟာရံ အကံသု။

ဣစ္စေဝံ ရွှေတိဂုံစေတိယဿ ဒွိသဟဿ ဆ - သတ ဝဿကာလေ ပူဇနီယုဿဝေ ဝါယမန္တာ ဣမာယ ကုသလစေတနာယ ခေမံ နိဗ္ဗာနပါရံ ပါပုဏန္တု။

ဣမေသံ ကုသလာနံ ဘာဂံ ဝေနေယျသတ္တာနံ သမံ ဘာဇေမ၊ သာဓု သာဓူတိ အနုမောဒိတုံ အယံ ထုတိဝါဒကဗ္ဗ ကထာ လိခိတာ။

ဒေဝမနုဿာ အနုမောဒန္တု။

သိင်္ဂုတ္တ ဘော ဗုဒ္ဓသဘာ၊ ဝတ္ထုတ္တယေဟိ ဘူသိတာ။
ပုညေန သုဘာသင်္ကပ္ပါ၊ သီဃံ သိဇ္ဈန္တု ပါဏိနံ။

ပရိယတ္တိသာသနာဟိတဓမ္မာစရိယဝံသကောတိ၊ ရဋ္ဌသာရ သိရီ ပဝရ ဓမ္မာစရိယပါဠိသိရောမဏီတိ၊ B.A က္ကတိ၊ Phd က္ကတိ၊ တိပိဋကပါဠိမရမ္မာ ဘိဓာန ဂန္ထကာရကောတိ၊ အဘိဓဇမဟာရဋ္ဌဂုရုတိ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကောတိ၊ ဥက္ကဋ္ဌမဟာရဋ္ဌသံဃမဟာနာယကသမိတီတိ၊ ဗန်မော်ဆရာတော်တိ စ၊ ဝိဿုတေန ဘဒ္ဒန္တကုမာရာဘိဝံသေန မဟာ ထေရေန လိခိတာ အယံကထာ။

www.dhammadownload.com

## श्वेडगोन् महाचैत्य 2600 शताब्दिः परिपूर्णवर्षे बुद्धपूजन महोत्सवः

# शिलालेखः

।। भवतु सर्व मंगलम् ।।

श्वेडगोन् महाचैत्यस्य (स्वर्णमहामेरु मन्दिरस्य) निर्माणं परिपूजनञ्च 103 महाशक्रराज वर्षे समारम्भः। 2555 बुद्धशासनवर्षे तदनुसारं 1373 तमे म्रम्मवर्षे अस्य श्वेडगोन् महाचैत्यस्य 2600 वर्षाणि परिपूर्णानि। लोके ख्यातः अस्य श्वेडगोन् महाचैत्य नामाभिधानस्य, 2600 शताब्दिः परिपूर्णपावनावसरे अवादाचार्य-मार्गदर्शक महाभागानां निदेशानुसारेण, राष्ट्रीय धार्मिक मन्त्रालयस्य मन्त्री महोदय एवं यांगोन् प्रान्तीय शासनस्य नेतृत्वानुसारेण फाल्गुन शुक्लपक्ष प्रतिपदा तिथि तदनुसारं 22 - 2 - 2012 तः फाल्गुन पूर्णिमा 7 - 3 - 2012 पर्यन्तं बुद्धपूजन महोत्सवः लक्षाधिकैः जनेभ्यः समायोजित आसीत्।

समायोजितः महोत्सव काले विभिन्न-दानवस्तुभिः भगवानबुद्ध सहितं श्वेडगोन् चैत्यस्य परिपूजनं, 540000 वृक्षारोपणं, विद्युद्दीपैः परिपूजनं, 2600 बौद्धभिक्खुभिः बुद्धाभिषेकार्चनादिभिः बुद्धपूजनं, त्रिपिटक-शास्त्र परायणं, धर्मोपदेशादिभिः धर्मपूजनं, प्रतिदिनं भिक्खुभिः दानं, अवादाचार्य - मार्गदर्शक मण्डलस्य त्रयाणां भिक्खूनां "संगुत्तरप्रवर श्रीमहाधर्मराजा" उपाधिभिः समालंकरणादिभिः संघपूजनादिभिः "त्रिरत्नानां" पूजनं समायोजितम्।

महोत्सवस्य कालाभ्यन्तरे बुद्धशासनस्य प्रसारार्थ चीनदेशस्थ "बुद्धदन्त चैत्य" एवं श्वेडगोन् चैत्य प्रबन्ध समितिभ्यां परस्परं सहयोगार्थ अनुबन्धः संजातः।

श्वेडगोन् महाचैत्यस्य 2600 शताब्दिवर्षे समायोजितः कार्यक्रमस्य संक्षिप्त विवरणानि लोकाभिज्ञानाय बुद्धशासन सहितं श्वेडगोन् महाचैत्यस्य संरक्षणार्थ इदं शिलालेखं स्थाप्यते।

श्वेडगोन् महाचैत्यस्य 2600 शताब्दिवर्षे समायोजित कार्यक्रमे सम्मिलितः सहभागीजनेभ्यश्च शुभाकांक्षादिभिः साधुवादं विज्ञापयन्ति।

सर्वस्तरतु दुर्गाणि, सर्वे भद्राणि पश्यतु।<br>
सर्वधामानवाप्नोति, सर्वः सर्वत्र नन्दतु।।

www.dhammadownload.com



(တ)

# ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် အထိမ်းအမှတ်
# စာတမ်းဖတ်ပွဲအခမ်းအနား
# (၂၁.၂.၂၀၀၂)
# အခမ်းအနားအစီအစဉ်

၁။ သဘာပတိအား နေရာယူရန်ဖိတ်ကြားခြင်း။

၂။ သဘာပတိကြီး၏ ခွင့်ပြုချက်အရ အခမ်းအနားကို နမောတဿ(၃)ကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ခြင်း။

၃။ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က စာတမ်းဖတ်ပွဲကျင်းပရခြင်းအကြောင်းပြောကြားခြင်း (ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ)

၄။ သဘာပတိ နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဆရာကြီးဦးအုံ့မောင် (မဟာဝိဇ္ဇာ - ဘုံဘေ)က အဖွင့်အမှာစကားပြောကြားခြင်း။

၅။ စာတမ်းဖတ်ကြားခြင်း အစီအစဉ်စတင်ခြင်း။
သဘာပတိက "စဉ့်ကူးမင်းခေါင်းလောင်းတော်ကမ္ပည်းစာတမ်း" စာတမ်းဖတ်ကြားမည့်စာတမ်းရှင် သမိုင်းပညာရှင် မဟာသဒ္ဓမ္မဇောတိကဓဇ၊ စည်သူဆရာကြီးဒေါက်တာခင်မောင်ညွန့်ကို ပရိသတ်နှင့် မိတ်ဆက်ပေးခြင်းနှင့် စာတမ်းဖတ်ကြားရန် ဖိတ်ခေါ်ခြင်း။

၆။ စာတမ်းရှင် ဆရာကြီး ဒေါက်တာခင်မောင်ညွန့်က စာတမ်းဖတ်ကြားခြင်း။

၇။ စာတမ်းနှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်း။

၈။ သဘာပတိက "ခေတ်ပြိုင်မှတ်တမ်းများကပြောသော မြတ်ဘုရားရွှေတိဂုံ" စာတမ်းဖတ်ကြားမည့် စာတမ်းရှင် မြန်မာနိုင်ငံသမိုင်းကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဆရာကြီးဒေါက်တာတိုးလှကို ပရိသတ်နှင့် မိတ်ဆက်ပေးခြင်းနှင့် စာတမ်းဖတ်ကြားရန် ဖိတ်ခေါ်ခြင်း။

၉။ စာတမ်းရှင်ဆရာကြီး ဒေါက်တာတိုးလှက စာတမ်းဖတ်ကြားခြင်း။

၁၀။ စာတမ်းနှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်း။

၁၁။ သဘာပတိက "မွေစေတီကျောက်စာပါ ရွှေတိဂုံစေတီတော်မြတ်သမိုင်း" စာတမ်းဖတ်ကြားမည့် စာတမ်းရှင် မြန်မာနိုင်ငံသမိုင်းကော်မရှင် အတွင်းရေးမှူး ဆရာကြီးဒေါက်တာကျော်ဝင်းကို ပရိသတ်နှင့် မိတ်ဆက်ပေးခြင်းနှင့် စာတမ်းဖတ်ကြားရန် ဖိတ်ခေါ်ခြင်း။

၁၂။ စာတမ်းရှင်ဆရာကြီး ဒေါက်တာကျော်ဝင်းက စာတမ်းဖတ်ကြားခြင်း။

၁၃။ စာတမ်းနှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်း။

၁၄။ သဘာပတိက "ရွှေတိဂုံရင်ပြင်တော်ပေါ်ရှိ အနုပညာလက်ရာမြောက် တန်ဆောင်းများ" စာတမ်းဖတ်ကြားမည့် စာတမ်းရှင် ပဲခူးတက္ကသိုလ် သမိုင်းဌာန တွဲဖက်ပါမောက္ခ ဒေါက်တာစံပယ်ကို ပရိသတ်နှင့် မိတ်ဆက်ပေးခြင်းနှင့် စာတမ်းဖတ်ကြားရန် ဖိတ်ခေါ်ခြင်း။

၁၅။ စာတမ်းရှင် ဆရာမကြီးဒေါက်တာစံပယ်က စာတမ်းဖတ်ကြားခြင်း။

၁၆။ စာတမ်းနှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်း။

၁၇။ စာတမ်းရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခြင်း။

၁၈။ သဘာပတိက နိဂုံးချုပ်စကားပြောကြားခြင်း။

၁၉။ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" (၃)ကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခြင်း။

လှည့်လည်ပူဇော်ရာ၌ သုံးရန်ပြုလုပ်သော
ကရဝိတ်ယာဉ်ပုံစံ



www.dhammadownload.com

www.dhammadownload.com

## ရွှေသင်္ကန်းတော် ဝေါယာဉ်ပုံစံ




SIDE ELEVATION




FRONT ELEVATION

www.dhammadownload.com

# ငှက်မြတ်နားတော် ဝေါယာဉ်ပုံစံ




FRONT ELEVATION




SIDE ELEVATION